
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စောညို

မြင်းကဝိ နှင့် ကျားကြီးရာဇာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၉၀၀၆၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၄၄၀၆၀၄

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း၊ ရန်ကုန်၊


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံး၏ ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# ဓာညို၊



## မြိုင်ကေရိ
## နှင့်
## ကျားကြီးရာဇာ

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီတောလမ်းကို မဖြတ်လေနဲ့။

တချို့က တားမြစ်ကြသည်။

ဖြတ်မယ်ဆိုရင် အဖော်နဲ့သွား။

တချို့က သတိပေးကြသည်။

ဒါပေမဲ့ ...

ခုအခါမှာ ...

ဖြတ်လည်း ဖြတ်မိပြီ။ တစ်ကိုယ်တည်းလည်း ရှိနေမိသည်။

နောက်ဆက်တွဲ ဖြစ်ရပ်တို့က ဘာများ ပေဆော ပေါက်ဖွားလာကြဦးမှာလဲ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မင်းတွေ့တဲ့ကျားက ဘယ်လိုကျားလဲ။

ကျားပဲ ဘာကျားရှိဦးမှာလဲ ခင်ဗျာ၊ တိရစ္ဆာန်ကျားပေါ့။

မဟုတ်ဘူးကွ၊ သမန်းကျား ဖြစ်မှာပါ။

လူငယ်က ပြောသူလူကြီးကိုမျက်လုံးလှန်ကြည့်လိုက်သည်။

လာပြန်ပြီ သမန်းကျား။

ဤသမန်းကျားကို ပိန်းနဲ့ကုန်းမှာကတည်းက ကြားခဲ့သည်။

❀ ❀ ❀



ကျွန်တော့်ကို စိတ်ချမ်းပါဗျာ၊ ခင်ဗျားတို့အတွက် အန္တရာယ်မဖြစ်စေရပါဘူး၊ ကျွန်တော်ဟာ အရင်က ရာဇဝတ်ကောင် မဟုတ်တော့ပါဘူး၊ ပြီးခဲ့တာတွေကို ပြည်ဖုံးကားချလို့ မီးသဂြိုဟ် လိုက်ပြီးပြီပဲ၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ထူးထူး ကြောင့်လေ၊ ထူးထူးကြောင့်၊ ထူးထူးကို မိမဲ့ဖမဲ့ ကျွန်တော် မဖြစ်စေချင်ဘူး၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပဲ့ဘာ မိမဲ့ ဖမဲ့ နေခဲ့ရတော့ ထူးထူးကို ကိုယ်ချင်းစာတယ်၊ ခင်ဗျားတို့ ထောင်ကျသွားရင် ထူးထူး အတွက် ရိုးရိမ်တာပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းအသစ်တွင် ရာဇာထွန်း အိပ်လို့မပျော်။ ခေါင်းထဲမှာလည်း မကြည်မလင် ဖြစ်နေသည်။

အောင်ငွေးလွင်သည် သူ့အကြံ ပျက်ပြားသွားပြီမို့ အိမ်သို့ မလာရဲမှာ သေချာသည်။

သူ ထွက်လိမ့်မည်။

ရဲက သူ့အိမ်ကို စောင့်ကြည့်နေမည် ဆိုတာ။

သူ အထွက်လှဲမှာ သေချာသည်။

ရဲက သူ့ကို သိသေးသည် မဟုတ်ပါ။

တစ်ခုပဲ သူ့ကို တွေ့နိုင်စရာ နေရာရှိသည်။ မြို့ငါက လေးသချိုင်းမှ သုဘရာဇာ ဦးကျားကြီးဘက်သို့ သူသွားမည်။

မင်းမင်းထွန်းအား သူ သတ်ခဲ့ခြင်းကို ဦးကျားကြီး မြင်ပြီး သူ့ကို ငွေညှစ်ခဲ့သေးသည်ပဲ။

ဦးကျားကြီးအား အောင်ငွေးလွင် ချမ်းသာပေးလိမ့်မည် မထင်။

❦ ❦ ❦

BURMESE CLASSIC .com



## ( ၁ )

"ဒီတောလမ်းကို မဖြတ်သေနဲ့"

တချို့က တားမြစ်ကြသည်။

"ဖြတ်မယ်ဆိုရင် အဖော်နဲ့သွား"

တချို့က သတိပေးကြသည်။

ဒါပေမဲ့ ...

ခုအခါမှာ ...

ဖြတ်လည်း ဖြတ်မိပြီ။ တစ်ကိုယ်တည်းလည်း ရှိနေမိသည်။

နောက်ဆက်တွဲ ဖြစ်ရပ်တို့က ဘာများပေါ်ပေါက်လာကြဦးမှာလဲ။

တောအုပ်လမ်းမကြီး။

သစ်ပင်တွေကတော့ ကြီးမားသည်။

နေရာတကာတွင် မြင့်မြင့်မားမားနှင့် အကိုင်းချင်းယှက်၊ အခက်ချင်းဆက်ပြီး သူတို့ချည်းသာ မင်းမူနေကြသည်ဟု၍။

ကျွန်း၊ ပျဉ်းကတိုးနှင့် အင်တို့သည် ဤတောအုပ်၏ ထူထပ်ယှက်ဖွဲ့ကြွားစရာ၊ အကောင်အထည်ဖော်ရာ အပင်များဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



နေကစောင်းတော့ အမှောင်ရိပ်က ဆင့်လောင်းလာသည်အထဲ သွားရသည့်လမ်းကလည်း ကျယ်ကျယ်ဝန်းဝန်းမဟုတ်။

လှည်းတစ်စီးသာသာ သွားသာရုံ။

ဘေးကိုကြည့်။

သင်ပင်များ၏ခြေရင်းမှာ အဖော်အသင်းဖြစ်ပြီး ပေါက်နေကြတာက ဗီစပ်ပင်ရော၊ နဘူးပင်ရော ချုံတွေကို ဖြစ်လို့။

ဘာပဲဖြစ်ဖြစ် သွားရမှာကတော့ သွားရမှာပဲ။

ဒီတောလမ်းတွင် လက်ပံပင်ကြီးတစ်ပင် ရှိသည်။ ကြမ်းသည်ဟု ဆိုကြသည်။ လက်ပံပင်ကြီး၏ အကိုင်းတစ်ကိုင်းတွင် အမွေးအမျှင်ထူသော အကောင်ကြီးတစ်ကောင်က တစ်ခါတစ်ရံတွင် လျှာနီကြီး လိပ်ပတ်ပြီး တွဲလောင်းခိုပြသည်ဟု ပြောသူတွေက ပြောကြရဲ့။

ဒါတွေ ယုံတမ်းစကား။

ခေါက်။

အကြောက်တရားမရှိလို့ လူတွေစကား ဘေးချိတ်ထားပြီး မြန်းလာခဲ့တာ။

ဘာတွေ့မလဲ။

တွေ့စမ်းချင်သည်။ သူတို့ သတိပေးရအောင် တားမြစ်ရအောင် ဒီသတ္တဝါကောင်က ဘာများကြောက်စရာ ကောင်းနေလို့လဲ။

တွေ့ဖူးသူတွေက အသည်းငယ်အောင် လန့်ကြသည်။ လိပ်ပြာလွင့်မတတ် တုန်ကြသည်။ အသက်လုပြီး ပြေးကြရသူတွေလည်း ရှိသည်။

ဟင်း — တို့များတော့ ကြောက်လိမ့်မယ် မထင်နဲ့။



တစ်ပွဲတစ်လမ်း ချကြရအောင်။

စီးထားသော ရှူးဖိနပ်မှာ ဖုန်တွေကပ်ခိုလာသည်။ သိုင်းလွယ်ထားသော အမေရိကန် သားရေတု ဆင်ခြေထောက် အဝတ်ထည့်အိတ်ကို ပခုံးထက်မှာ လွယ်လာရသည်မို့ ပခုံးကြောတွေ နာစပြုလာသည်။

ကျန်ပခုံးတစ်ဖက်ပေါ်တွင် တွဲလောင်းချ တင်ထားသည်က တစ်တောင်ကျော်မျှရှိသော နှစ်ချောင်းဆက်ကြီးတုတ်။

သူ့မျက်လုံးတို့သည် ရှင်လှသည်။ ဖျတ်လတ်လှသည်။ နားတို့သည် အရာရာ၏အသံကို အာရုံသွင်း ဖြူနေမိသည်။

သူကား လူငယ်။

အသက်ကို ချင့်ကြည့်ပါမှ နှစ်ဆယ်ကျော်။

ခန္ဓာကိုယ်က ကျစ်လစ်သလောက် နွဲ့ပျောင်းသည်။ ပခုံးကားနှင့် ရင်အုပ်ကျယ်များကြောင့် ခန္ဓာကိုယ်၏ အနေအထား နွဲ့ပျောင်းမှုကို ရုတ်တရက် ရှာမတွေ့နိုင်။

အရပ်က ငါးပေဆယ်လက်မထက် အရပ်မြှူး။

သူ ဝတ်ထားသော ရှန်ပိုတက်ချင်းရုပ်နံ့သာရောင်နှင့် ခွင်းကြီး အပြားကြီး ခါးပတ်အောက်မှ ဖလဲဘောင်းဘီ မီးခိုးရောင်က သူ့ခန္ဓာကိုယ်ကို အချိုးအဆက် ကျခဲ့သည်။

လှပပျော့ပျောင်းသော ဆံနွယ်တို့သည် အခွေအလိပ်များဖြစ်ကာ လည်ကုပ်ပေါ်ကို ကျော်လွှားပြီး ပခုံးထက်မှာ ဝေ့ဝေ့ဖုံးနေသည်။

သူသည် ဒီတောလမ်းမှာ ခရီးသွားတစ်ယောက်။

သူ့လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်တော့ ငါးနာရီ ထိုးကာနီးနေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သည်ကာလတွင် သူက လက်ပံပင်ကြီးအောက်သို့ ရောက်နေသည်။

လက်ပံကိုင်းတို့သည် အထက်တွင် သွယ်ယှက်ကာ အရွက်တွေ ဝေဆာနေသည်။

နာမည်ကြီး လက်ပံပင်ကြီးကို သူ ဂရုစိုက်ကြည့်လိုက်သည်။

ပင်စည်က ယောက်ျားကြီးနှစ်ယောက်၏ လက်နှစ်ဖက်စာမိရုံလောက် ကြီးထွားတုတ်ခိုင်နေသည်။

အခေါက်တို့သည်ဖင် အပွေးတက်ကာ ညိုမည်းနေသည်။

အပေါ်ကို မော်လိုက်သည်။

အကိုင်းတွေက တုတ်ခိုင်ပြီး အသွင်အမျိုးမျိုး။

ကွေ့ကွေ့ကောက်ကောက်လည်း ရှိသည်။ ဖြောင့်ဖြောင့်တန်းတန်းလည်း ပါသည်။

သည်အပင်ကြီးအောက်သို့ ကျွဲနွားတွေတောင် မလာရဲဟု သူ ရောက်ခဲ့သည့်ရွာက ဆိုသည်။

ပိန်းနဲကုန်းရွာ။

ပိန်းနဲကုန်းရွာသည် သူလာသည့်ခရီး၏ စခန်းတစ်ထောက်သာ ဖြစ်သည်။

လက်ပံပင်ကြီး၏ အောက်ဆုံးကိုင်းက အထူးကြီးထွားတုတ်ခိုင်သည်။ ဆန့်ဆန့်ကြီးလည်း ထွက်နေသည်။

သည်အကိုင်းက တသီးတခြား။

ပိန်းနဲကုန်းကလူတွေပြောသည့် အမွေးစုတ်ဖွားသဘက်ကြီး တွဲလောင်းချပြသည် ဆိုသည်မှာ သည်အကိုင်းဖြစ်ဟန်တူရဲ့။



ဒါပေမဲ့ ...

သူကတော့ သစ်ကိုင်းကြီးကလွဲလို့ ဘာမှမမြင်။

ရွာသားတွေ အယူသည်း ပြောကြတာတွေလည်း စိတ်မဝင်စား။

ဘေးသို့ ကြည့်လိုက်သည်။

နတ်စင်လား၊ ဘာလား။

အမျိုးအမည် ခွဲခြားမရသော အဆောက်အအုံလေးတစ်ခုကို လက်ပံပင်၏ ပင်စည်ရင်းနှင့်ကပ်လျက် တွေ့ရသည်။

အမိုးက အင်ဖက်မိုး။

ဟောင်းတော့ ဟောင်းနေပြီ။

စင်က လေးတိုင်စင်။

အထက်မှာက မတ်တတ်ရပ်နေသော လူလိုလို၊ နတ်ရုပ်လိုလို အရုပ်တစ်ရုပ်။

ပါးစပ်ကလေးပြဲလို့။

သည်အရုပ်ကလည်း ဟောင်းနေပြီ။

သစ်သားစင်ပေါ်မှာ သူက အခန့်သား။

သူ့ရှေ့မှာက ငှက်ပျောဖီးတစ်ဖီး။

လတ်လတ်ဆတ်ဆတ်ကြီး။

ဤလက်ပံပင်တွင် ခရီးသွားတို့ ခရီးသွား ဟန်လွှဲဆင်မှုခေါ်သွားကြပုံ ရသည်။

တို့ဗမာတချို့ ခေတ်မမီသေး။

ခေတ်ဟောင်း အယူအဆ အခွေးအမြင်းတွေကို ဆက်ကိုင်ထားနေကြသေးပုံ ပေါ်သည်။

အပြစ်တော့ မတင်။

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာက လွဲလို့ ဘာများရှိခိုးရမတဲ့လဲ။

ဦးတိုက် ပူဇော်ရမတဲ့လဲ။

လုလင်ငယ်သည် သူ့အိတ်ကို ခုံးထက်မှ ဖြုတ်ချလိုက်သည်။

နှစ်ချောင်းဆက်တူတ်ကို နံတ်စင်အောက်မှာ ထောင်ထားလိုက်သည်။

"အင်း ... ကားတော့ မိကောင်းပါရဲ့"

သူက လက်ပတ်နာရီကို အပ်မကြည့်ပြီး ရေရွတ်လိုက်သည်။

သူ့မျက်နှာက တင်းမာသွားသည်။

နောက် ပြန်ပျော့ကျသွားသည်။

"ကျွန်တော့်ကို တစ်လုံး နှစ်လုံးလောက် မှုစားစမ်းပါဗျာ၊ ကျွန်တော် ဆာနေလို့"

စင်ပေါ်မှ နတ်ရုပ်လိုလို၊ လူလိုလို ရုပ်တုကို စပ်ဖြဲဖြဲပြောပြီး ငှက်ပျောဖီးမှ ငှက်ပျောသီးတစ်လုံးကို ဖြုတ်ယူလိုက်သည်။

အခွံနွှာပြီး ကိုက်စားလိုက်သည်။

တစ်ကိုက်၊ နှစ်ကိုက်။

သူ့ပါးစပ်ထဲမှာ နှစ်ကိုက်တည်းနှင့် ငှက်ပျောသီး ပျောက်သွားသည်။

"ဟော်ဒါရေ ... နောက်တစ်လုံး ကျေးဇူးပဲ"

သူက ဖြုတ်ပြန်သည်။

ပြောတော့သာ တစ်လုံး နှစ်လုံး။



သူ အစားရပ်လိုက်တော့ ဆယ့်ငါးလုံးလောက်ရှိသည့် ငှက်ပျောဖီးမှာ သုံးလုံးသာ ကျန်တော့သည်။

"ကျေးဇူးပါပဲ အပေါင်းအသင်းရယ်"

ပြုံးတုံ့တုံ့နှင့် ရုပ်တုကို ဆိုသည်။

"အပေါင်းအသင်းကို ကြည့်ရတာ ဒီအပင်ကို စောင့်နေတဲ့ ကင်းစောင့်နဲ့ တူပါရဲ့"

သူက ကျေးဇူးပါပဲ ဆိုပေမဲ့ သူ တကယ်ကျေးဇူးတင်နေသည်က ဤရုပ်တုကို ဂုသသွားသည့် ခရီးသွားကိုပဲ ဖြစ်သည်။

ဒီလူကြောင့် သူ့အစာအိမ်ထဲ ငှက်ပျောသီး သွပ်ရတာ။

သူ ဆက်လျှောက်လာသည်။

သည်တောကို သူ စိတ်ချမထား။

လာပြီ။

သူ မျှော်လင့်နေတာ။

လက်ပံပင်နှင့် ကိုက်အနည်းငယ် ကွာလာသည်နှင့် သူ့နားမှာ သဘာဝမကျသော အသံတစ်ခု ဝင်လာသည်။

ဘာသံရယ်လို့ တိတိပပ ခွဲခြားမရ။

လုလင်ငယ် ရပ်သွားသည်။ လာရာလမ်းသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

လှည်းလမ်းကြောင်းသည် ရှင်းလင်းနေသည်။ ခပ်လှမ်းလှမ်းတွင် လက်ပံပင်ကြီးက လေတိုးသဖြင့် အကိုင်းအခက်များ ယိမ်းထိုးစပြုနေသည်။

အသံက ရပ်သွားသည်။

သူ့စိတ်ထင်လား။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး။ သူ ကြားခဲ့ရတာ အမှန်။ သူ့မျက်လုံးများနှင့် နားက အင်မတန် ပါးလျှပ်သည်။

သူ့ဆရာ သင်ပေးခဲ့သလို လေ့ကျင့်ခဲ့ရတော့ မျက်လုံးနှင့် နားများက အရေးအကြောင်းဆိုလျှင် အင်မတန် အားကိုးရသည်။

သူ့နားထဲ လေတိုက်သံသာ ကြားနေရသည်။

ပြန်လည့်လျှောက်လာသည်။

ကြားရပြန်ပြီ။

သည်တစ်ခါတော့ အသံက အင်မတန် ညင်သာသည်။ အလေ့အကျင့်များသော သူ့နားမို့သာ ဤအသံကို ကြားရသည်။

ဘာသံရယ်လို့ သူ သိသည်။

ချွတ်နင်းလာသံ။ ခိုးကြောင်ခိုးဝှက် ချွတ်နင်းလာတဲ့အသံ။

အသံသည် သူနှင့် ဘေးတိုက်မကျတကျက ပေါ်လာသည်။

ညာဘက်က ...

ညာဘက်ရော ဘယ်ဘက်မှာပါ သစ်ပင်များနှင့် ချုံနွယ်များ ရောသွက်နေသည်။ လူတစ်ရပ်နီးပါးရှိသော ဝါးချုံပင်များကလည်း ရှိသည်။

လူငယ်သည် လျှင်မြန်လွန်းလှသည်။

ဝန်ထုပ်ဝန်ပိုး လွယ်ပိုးထားလျက်ကပင် သူ့ကိုယ်သည် ရှေ့သို့ ခြေလေးငါးလှမ်းစာမျှ ခုန်ပြီးဖြစ်သည်။

ပခုံးပေါ်မှာ တင်ထားသည့် နှစ်ချောင်းဆက် ကြိုးတပ်တုတ်ကလည်း လက်တစ်ဖက်ထဲမှာ အဆင်သင့်။

တစ်ချိန်တည်းမှာ ...



ဝုန်းခနဲ မာန်ဖီသံ။

ဝေါခနဲ ထိုးကျလာသည့် အရာ။

ဝါးချုံပင်တွေကြားမှ အနက်နှင့် အဝါစင်း ခန္ဓာကိုယ်ကြီးတစ်ခုက လျှပ်တစ်ပြက်အတွင်း ခုန်ထွက်လာသည်။

ချုံပင်တွေ ဘေးသို့ ရှဲခနဲ ယိမ်းထွက်သွား၏။

ဟယ် ... ကျားကြီး။

သူ့ရှေ့မှာ လေးဘက်ထောက် ဝပ်စင်းကျလာသည်။

တွေ့ပြီ။ လူတွေပြောတဲ့ သတ္တဝါကောင်ကြီး။

သူ့ကိုတွေ့လျှင် အသက်လုပြေးရပါသည်၊ ထိတ်လန့်တုတ်လှုပ်ရသည်လို့ လူတွေကဆိုသည့် သတ္တဝါကောင်ကြီး။

သူ့ပခုံးထက်မှ ဆင်ခြေထောက် အဝတ်ထည့်အိတ်ကို လူငယ်က ဖျတ်ခနဲ ခွာချလိုက်သည်။

ကျားကြီး၏ မျက်လုံးများက ဝင်းဝင်းတောက်နေသည်။

လူငယ်၏ မျက်လုံးတို့ကလည်း ဝင်းဝင်းပြောင်လာသည်။

ကျားကြီးက နှုတ်ခမ်းမွေး တလှုပ်လှုပ်နှင့် ပါးစပ်ကို ဖြဲကာ ဟိန်းလိုက်သည်။

ဝါကျင်ချွန်မြသော အစွယ်လေးချောင်းကို ဖျတ်ခနဲ တွေ့ရချိန်မှာ လူငယ်ပေါ်သို့ ခုန်အုပ်လိုက်သည်။

လူငယ်သည် သူ့နေရာမှာ မရှိတော့။

ဘေးသို့ မျဉ်းဖြောင့် ခုန်ထွက်သွားသည်။

မာန်အပြည့်နှင့် ဟင်းစားကောင်ကြီးက လူငယ်၏ရှုလရပ်တည်နေရာသို့ ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ... ဖြောင်း"

ကြိုးတပ်တုတ်ချက် နှစ်ချက်က ကျားကြီး၏ ခါးနှ
နံဘေးသို့ အရှိန်နှင့် ဖြတ်ကျသွားသည်။

ကျားမှာ အနာခံလိုက်ရသည်ကြောင့် ပိုဒေါထလာ
သည်။ မာန်သွင်းသံ တဝူးဝူး တဂဲဂဲ ပိုပြင်းလာသည်။ ပါးစပ်က
ပိုပြဲလာသည်။

သူ့ရှေ့ ခြေနှစ်ဖက်ကို လေထဲတွင်ယက်ပြီး ကုတ်
လိုက်သည်။

"ဟိတ် ..."

လူငယ်က သူ့ခြေဖနောင့်တစ်ဖက်ကို ဆောင့်ပစ်လိုက်
သည်။ အော်လိုက်သည်။

သူ့အော်သံသည် ကျားကြီး မာန်ဖီသည်ထက် ပိုပြင်း
ထန်သည် ထင်ရသည်။

ကျားက တုံ့ခနဲ ရပ်သွားသည်။ ရက်စက်ကြမ်းကြုတ်
သော မျက်နှာကြီးတွင် တွေဝေမှုတွေ ထင်းသွားသည်။

အလွယ်တကူ တိုက်မရသည့် ရန်သူ။

သူ့သားကောင်ဟု လွယ်လွယ်မှတ်မထားနိုင်တော့
သူက လေးဖက်ထောက်သွားရင်း ချောင်းနေသည်
လူငယ်က သူ့တစ်ဖက်တစ်ချက်တွင် တုတ်တစ်ချောင်း
စီ ကိုင်ထားသည်။

ရှေ့သို့ လွှားခနဲ ခုန်လိုက်သည်။

ကျားက နောက်သို့တွန့်သွားသည်။

ခဏပဲ။



မြန်လွန်းလှသည်။ မြေတွင် ရှေ့လက်နှစ်ဖက်ကို
အားယူထောက်၍ လူငယ်ပေါ်သို့ ခုန်လိုက်သည်။

လူငယ်၏ကိုယ်သည် အောက်သို့ ဝပ်စင်းကျသွားတော့
သည်။ ကျားလာရာဘက်သို့ မြေတွင် ကျွမ်းလိမ့်ထွက်သွားသည်။

ကျား၏ကိုယ်လုံးက သူ့ကိုယ်ပေါ်မှ လေထဲတွင်
လွှားခနဲ ခုန်ဝဲသွားသည်။

သူနှင့် ကျားသည် ပြိုင်တူလိုပင် မျက်နှာချင်းဆိုင်မိ
သွားသည်။

မအပ်မရာ ဒီကျားနဲ့မှ လာရင်ဆိုင်တိုးနေသေးသည်။

"ဝှီး"

လေထဲတွင် သူ၏ နှစ်ချောင်းဆက်တုတ်က ဝဲသွား
သည်။

ကျားက လျင်ပါဘိခြင်း။

နောက်သို့ယို၍ ရှေ့ဘယ်ခြေဖြင့် ဝဲကျလာသော
တုတ်ချောင်းကို ပုတ်ထုတ်ပစ်လိုက်သည်။

တုတ်က ညာရစ်မှ ဘယ်ရစ်သို့ ပြောင်းဝင်လာသည်။

အရှိန်ပြင်းပြင်း ဝင်လာသောတုတ်ကို ကျားက ညာ
ခြေဖြင့် ပြန်ပုတ်သည်။

တုတ်ကတပ်ထားသော သံကွင်းဆက်ကြိုး၏ အရှိန်
နှင့် တုပ်ယူလိုက်ခြင်းကို ခံရသဖြင့် ညာရစ်သို့ ပြန်ဝဲလာသည်။

"ဒေါင်း"

"ဝေါင်း"

သည်တစ်ခါတော့ ကျားနားသယ်ကို ထိထိမိမိကြီးကို
ဆော်ထည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျားမှာ နှာကျင့်စွာ ဒေါသကြီးစွာ အော်လိုက်သည်။ အော်သံက တောတစ်ခုလုံး ဟိန်းသွားသည် ထင်ရသည်။

တုတ်သမားက ဖျတ်ခနဲ တုတ်ကိုဆွဲယူပြီး သူ့ပ... လက်ပြင်နှင့် သံကြိုးဆက်တုတ်ကို ထိန်းလိုက်သည်။

ရန်သူကို ထင်သလို လုပ်မရမှန်း ကိုရွှေကျား သိသွားသည်။

နောက်သို့ ဆုတ်သွားသည်။

"ဟဲ့ ... ဟိန္ဒ"

အော်သံတစ်ခု။

လူငယ်ဆီမှ အော်သံမဟုတ်။

သေားသစ်ပင်တစ်ပင်နားမှ အော်သံ။

အော်သံက စူးသည်။ နွဲ့သည်။

ယောကျာ်းသံနှင့် ကွဲပြားပါဘိခြင်း။

ကြည့်စမ်းမယ်။

လူငယ်က နှစ်ချောင်းဆက်တုတ်ကို ကျောပြင်တွင် ကန့်လန့်ဖြတ် အဆင်သင့် ကိုင်ရင်း လှမ်းကြည့်သည်။

ကြက်သီးထ,သွားသည်။ ခေါင်းနားပန်းကြီးသွားသည်။

မမျှော်လင့်လိုက်တာ။

မိန်းကလေးတစ်ယောက်။

လှလိုက်တာ။ သစ်ပင်တစ်ပင်ရင်းမှာ ရပ်လို့။

သူ့ကိုမကြည့်။ ကျားကို ကြည့်နေသည်။

မိန်းမပျိုသည် သူ့လက်တွင်းမှ ကိုင်ထားသော အကျီ ယောင်းတစ်ထည်ကို ကျားရှေ့သို့ ပစ်ချလိုက်သည်။

ဆန်းပါဘိခြင်း။



မာန်ဖီကာ တဝူးဝူး တဝူးဝူး အသံမြည်နေတဲ့ကျား။

ခုတော့ မြေပေါ်မှာ အကျီကို နမ်းကြည့်ပြီး ငြိမ်ကျသွားသည်။

သည်နောက် မြေပေါ်က အကျီယောင်းကို ဆတ်ခနဲ ...ာက်ကိုက်လိုက်သည်။ သူ့ဆီမှ ဒေါသတွေ ပျောက်သွားသည်။

သူ့ရှေ့မှ လူငယ်ကိုတောင် ဂရုမစိုက်။

"ဟိန္ဒ ... လာ"

လူငယ်ကို မိန်းမပျိုက တစ်ချက်သာ ကြည့်လိုက်သည်။ သစ်ပင်များကြားသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။

ဟိန္ဒ ဆိုပါလား။

ဒါက ကျားအမည်ပဲ။ အကျီအဖြူကို ကိုက်ချီထားသော ဟိန္ဒဆိုသော ကျားကြီးက ဝါးချုံများကြားထဲသို့ လွှားခနဲ ...ဝင်သွားသည်။

လျှပ်ပြက်သည်နှယ် မြန်ဆန်းလှပါတကား။

လူငယ် ငိုင်နေခဲ့သည်။

တွေဝေသွားခဲ့သည်။ ဘာလုပ်ရမလဲ။

ရုတ်တရက်ဆိုတော့ ကျားရန်ထက်ဝင် မိန်းမပျို၏ ...ကာ ချုပ်ဖမ်းညို့ငင်နိုင်စွမ်း ရှိသွားခဲ့သည်။

သတိရလာတော့ ...

ဟယ် ... လှသံတွေ။

လှသံတွေက သူ ခရီးဆက်မည့် လမ်းကြောင်းတည့် ...ည့်မှ။

ပြန်လှည့်ကြည့်လိုက်သည်။

အသည်းထိတ်ရာ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ညာဘက်သို့ ကွေ့ချိုးသွားသော လမ်းကွေ့လေးရှိသည်။

ယင်းလမ်းကွေ့မှ လူလေးယောက်က မြင်ကွင်းမှာ ဘွားခနဲ။

သူတို့လက်တွေမှာ ဗလာချီမဟုတ်။

ဓားရှည်တွေ၊ လှံတွေနှင့်။

ကျားရန်ပြီးလို့ လူရန်က လာပြီလား။

ဓားပြလား။ သူပုန်လား။

တွေ့ကြရအောင်။

ရင်ဆိုင်ပြီးချဲဖို့ကို လူငယ်က ဦးလေးဟန်မတွေ့။

သူ့နံချပ်ကူသဏ္ဌာန် နှစ်ချောင်းဆက်တုတ်ကို လက်နှစ်ဖက်တွင် ထောင့်တန်းကိုင်ကာ ခြေကို ကြိုးတန်းလျှောက်ခင်းပြီး စောင့်နေသည်။

"အား ... အိုး ... ကျုပ်တို့လူကောင်းတွေပါ"

"ဟော့ ... ဟော့ ... မှားမှာယ်၊ တို့ မင်းရန်သူ မဟုတ်ဘူးကွ"

သူတို့တတွေက မဲမဲသဲသဲ။

ဝတ်ထားတာကတော့ ဓာတ်ရုပ်။

အသက်တွေက ကြီးလှပြီ။

သူ့ဦးလေး။ သူ့အဖေအရွယ်တွေ။

စိတ်မချ။

"ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ၊ ဘယ်ကလဲ"

"ကျားဟိန်းသံကြားလို့ မောင်ရင်လေးရေ့၊ တစ်ယောက်ယောက်တော့ ဒုက္ခရောက်ပြီဆိုပြီး ကျားကို သတ်ရအောင် ပြေးလာတာ"



ပြောသူက ပုဆိုးကို ခါင်းပေါင်း ပေါင်းထားသည်။ ကျီညစ်ပေပေ ရင်ဘတ်ဟပြနှင့်။

"ကျား ပြေးပြီ"

"မင်းနဲ့ သတ်ကြတာလား"

"ဟုတ်တယ်"

"ဟင်"

"အိုး"

"သောက်ကျိုးနည်း"

သူတို့ ထွက်တာက အသံအမျိုးမျိုး။

လူငယ်ကို ခြေဆုံး ခေါင်းဆုံး ကြည့်ကြသည်။ အကဲခတ်ကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသေးသည်။

လူငယ်က စိတ်ဝင်စားဟန်မပေါ်။ သူ့ဆင်ခြေထောက်အဝတ်ထည့်အိတ်ကို ကောက်လွယ်လိုက်သည်။

"မင်းတွေ့တဲ့ကျားက ဘယ်လိုကျားလဲ"

"ကျားပဲ ဘာကျားရှိဦးမှာလဲ ခင်ဗျ၊ တိရစ္ဆာန်ကျားပေါ့"

"မဟုတ်ဘူးကွ၊ သမန်ကျား ဖြစ်မှာပါ"

လူငယ်က ပြောသူလူကြီးကို မျက်လုံးလှန်ကြည့်လိုက်သည်။

လာပြန်ပြီ သမန်းကျား။

ဤသမန်းကျားကို ပိန်းနဲကုန်းမှာကတည်းက ကြားခဲ့သည်။ သည်ကျားအန္တရာယ်ကို ကြောက်ကြလို့ တောထဲ တစ်ယောက်တည်း မဖြတ်နဲ့ဟု သတိပေးခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖော်နဲ့သွားလို့လည်း အမှားကြားခံရသည်။

"သမန်းကျားဆိုတာ ဘာလဲ ဦးလေး"

"သမန်းကျား ဆိုတာ လူကဖြစ်တဲ့ ကျားပေါ့ကွ"

"လူကဖြစ်တာ၊ အာ ... မဟုတ်တာ၊ အေးလေ ... လူကဖြစ်ဖြစ် တိရစ္ဆာန်ကဖြစ်ဖြစ်၊ ကျွန်တော်နဲ့တော့ တစ်ချိတစ်မောင်း တွေ့ခဲ့ပြီးပြီပဲ"

လူငယ့် အသံက တိုးပေမင့် ကြားလောက်သည်။ ပြတ်သားသည်။

သူက ရှေ့သို့ ဆက်မလျှောက်သေးဘဲ မိန်းမပျို့နှင့် ကျားဝင်သွားရာကို လိုက်ကြည့်နေသေးသည်။

လူလေးယောက်က ကျားပြန်ထွက်လာပြီ အထင်နှင့် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

"သွားပါပြီ"

ဘာကို ရည်ရွယ်ပြောသည် မသိ။

ဒါပဲ ပြောလိုက်သည်။ ရှေ့သို့ ခေါင်းငိုက်စိုက်ကာ ထွက်လိုက်သည်။

"နေပါဦးကွယ့် မောင်ရင်လေးရဲ့"

ဦးကြီးတစ်ယောက်က စကားစသည်။ သွားတော့မည့် လူငယ်ခြေလှမ်းတွေက တုံ့သွား၏။

"မင်းက ဘယ်ကလဲ"

မဖြေချင်။ ဒါပေမဲ့ ရိုင်းရာကျမည်စိုးသည်။

ဖြေတော့လည်း ခပ်ပြတ်ပြတ်။

"သုံးဆယ့်တစ်ဘုံက"

"ဟော ... သုံးဆယ့်တစ်ဘုံက၊ ထူးလှချည်လား"



လူလေးယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်ကြပြန်သည်။

"မင်းက ဘယ်ကိုသွားမှာလဲ"

"သုံးဆယ့်တစ်ဘုံက တစ်နေရာကို"

"ဘယ်နေရာလဲ"

"မြို့တစ်မြို့ပဲ"

"မင်း နာမည်"

"မဟာဘုတ်တိုင်"

"ဟာ ... မောင်ရင်လေး၊ ကောင်းကောင်းပြောပါကွ၊ တို့ လူကြီးတွေ"

လူတစ်ယောက်က ဒေါသဖြစ်သွားသည်။ လက်ထဲမှ ဓားကို တင်းတင်းဆုပ်လိုက်သည်။

လူငယ်က နှုတ်ခမ်းပါး နီနီကလေးကို ပြုံးပစ်လိုက်သည်။

"ကျွန်တော် မနောက်ပါဘူး၊ မဟာဘုတ်တိုင်ထူပြီး ဗေဒင်တွက်ရင် သိုက်ဖွားတို့ ရာဇဖွားတို့၊ အထွန်းဖွားတို့ မပါဘူးလား၊ အဲဒီအထဲက ရာဇနဲ့ အထွန်းဖွားကို ဆက်စပ်တွေးကြည့်ပေါ့"

"မင်းက ပဟေဠိ လုပ်မနေစမ်းပါနဲ့"

"မောင်ရင့် နာမည်က ရာဇအထွန်းလား"

"မဟုတ်ဘူး၊ ရာဇာထွန်း"

ပြောပြီး လှည့်ထွက်သွားသည်။ လူလေးယောက်၏ မျက်လုံးများက သူ့ကို စူးစမ်းကြသည်။

ဦးနှောက်မှ မှန်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ရှေ့သို့လျှောက်လာသည်။ သူ့စိတ်ထဲမှာ ထူးနှင့် မိန်းမပျိုကို အာရုံမပျောက်နိုင်။

လမ်းကိုချိုးကွေ့လိုက်သည်။ မြင်လိုက်သည်။ ခပ်လှမ်းလှမ်းမှာ လှည်းတစ်စီး။

ခုနက လူလေးယောက်သည် ဤလှည်းပေါ်မှ ဖြစ်ရမည်။

သူ့အတွေး အမှန်သား။

သူက လှည်းနားတွင် ရပ်စောင့်နေခိုက် လူလေးယောက်က မားတကိုင်ကိုင် လုံတပြပြဖြင့် လှည်းနားရောက်လာကြသည်။

"ဒါ ဦးလေးတို့ လှည်းလား"

"အေး … ဟုတ်တယ်"

တစ်ယောက်က ဖြေသည်။ နတ်စင်မှာ ငှက်ပျောသီးတင်သွားကြတာ သူတို့သာ ဖြစ်ရချိမ့်မည်။

"ကျွန်တော် လိုက်ပါရစေ"

"ဘယ်ဖြစ်မလဲ၊ သုံးဆယ့်တစ်ဘုံက ဆိုတော့ အသူရကယ်ဘုံက ဖြစ်နေရင် ငါတို့အကျိုးနည်းနေပါမယ်၊ ပြီးတော့ မင်းက ဘယ်သွားလို့ ဘယ်လာမှန်း မသိတဲ့လူ"

လူငယ်က ပြုံးလိုက်သည်။ သူ့ပခုံးကျယ်ကို တွန့်လိုက်လျက် …

"ကျွန်တော် ပိုက်ဆံပေးပါ့မယ်"

"ဟော့ … ဟော့ … တို့ တောသားတွေကို မင်းတို့မြို့သားတွေက ငွေစကား လာမပြောနဲ့၊ တို့လည်း ခုခေတ်မှာ လက်ဖျားငွေသီးနေပါပြီကွ၊ ငွေဆိုတာ တို့ဆီက ဖြစ်တာပါကွာ"



ကျန်တစ်ယောက်က ဝင်ပြောသည်။

သူတို့နဲ့ စကားပြိုင်နေလို့ အပို။

အချိန်လင့်ရုံသာ။

လုပ်စရာကိစ္စက ကျန်နေသေးသည်။ လူနှစ်ယောက်ကို သတ်ရမဲ့ကိစ္စ။

သူက လှည်းကို ကျော်ဖြတ် လျှောက်သွားသည်။ ဦးကြီးလေးယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြန်သည်။

သူတို့အကြည့်က သဘောတူညီချက်ကို ပြိုင်တူယူလိုက်ကြသည့်ဟန်။

"ဟော့ … မောင်ရင်"

တစ်ယောက်က ခေါ်သည်။ လှည်းဦးကို ဖြတ်ထွက်သွားပြီးမှ လူငယ်က လှည့်ကြည့်လိုက်သည်။

"ကျွန်တော့်ကို ခေါ်တာလား"

"ဒီနားမှာ မင်းပဲ ရှိတာပဲကွ"

လူငယ်ကပြုံး၍ …

"ဘာလဲ၊ ခေါ်တော့မလား"

"စကားများမနေနဲ့ လှည်းပေါ်တက်၊ တို့က မြိုင်ကလေးကို သွားမှာ"

"ကျေးဇူးပဲ"

သူတို့ လှည်းထွက်လာကြစဉ် လူငယ်က စကားမစ။ လှည်းနောက်မြီးတွင် ခြေတွဲလောင်းချ ထိုင်လာသည်။

"မင်းနာမည်က ရာဇာထွန်းတဲ့လား"

"ဟုတ်ကဲ့ … စာလုံးပေါင်းပြဖို့ လိုပါသေးလား"

"မင်းဟာ စကားပြောတော့ တော်တော်ဘုကျတဲ့ကောင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုကျတာထက် တိကျတာပါ"

လူကြီးတစ်ယောက်က လှည်းမောင်းနေသည်။

ကျန်တစ်ယောက်က သူ့ပခုံးပေါ်မှ နှစ်ချောင်းဆက်တုတ်ကို လက်နှင့်ကိုင်ကြည့်သည်။

လက်ကိုင်တုတ်နှစ်ချောင်းမှာ ကျစ်လစ်မာကျောပြီး ဆေးနက်ရောင်ကို ပေါလစ်(ရှ်)တင်ထားသဖြင့် ချောမွတ်ပြောင်လက်နေသည်။

တုတ်၏ထိပ်နှစ်ဖက်မှာ နီကယ်ရောင်သံခွေနှင့် ပိတ်ထားသည်။

တုတ်နှစ်ချောင်းကို တစ်တောင်ခန့်ရှည်သော သံကြိုးဆက်ထားသည်။

သံကြိုး၏ အလယ်မှာက အကောင်းစား နိုင်လွန်ကြိုးရှည် နှစ်ချောင်း။

"ဒါက ဘာကြိုးလဲ"

"ဒါလား၊ ပလောင်သိုင်းတစ်မျိုးဖြစ်တဲ့ ခွန့်ဟောခတ်သိုင်းကိရိယာပါ"

"ခွန့်ဟောခတ် ဆိုတာ ဘာစကားလဲ"

"ပလောင် ဘာသာပါ၊ မကစားတတ်ရင် ကိုယ့်ကိုယ်ကိုယ်ပြန်ထိတတ်တဲ့ တုတ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်"

"မင်းတို့ သိုင်းသမား အခေါ်ကျတော့ကော"

"ကျွန်တော် သိုင်းသမား မဟုတ်ပါဘူး၊ ကိုယ်ခံပညာတစ်ရပ်အနေနဲ့ သင်ထားခဲ့တာပါ"

"တို့ဝတ္ထုတွေထဲမှာ ဖတ်ဖူးတဲ့ သိုင်းမျိုးတွေကော မတတ်ဘူးလား"



"ဟား ... ဦးလေးတို့ ဖတ်ထားတဲ့ သိုင်းဝတ္ထုတွေက အပေါစားတွေပါ၊ သိပ်အောက်တဲ့ ဝတ္ထုတွေပဲ၊ ဟောင်ကောင်က ဘိန်းစားပြီးရေးတဲ့ စာရေးဆရာတွေရဲ့ တရုတ်ဝတ္ထုတွေကို စီးပွားရေးသောင်းကျန်းသူတွေက ရေးတာပါ"

"မင်း သမန်းကျားနဲ့ ရင်ဆိုင်ခဲ့တယ်ပေါ့"

"သမန်းကျား ဆိုတာတော့ မသိဘူး ဦးလေးတို့ရေ၊ ကျွန်တော်တွေ့ခဲ့တာတော့ ကျားပဲ၊ ကျွန်တော်လည်း ကိုယ့်ဘေးကိုယ်လွတ်အောင် ရှောင်ရတော့ ဒီနှစ်ချောင်းဆက်တုတ်ကြိုးသိုင်းနဲ့ပဲ လွတ်အောင် ရုန်းခဲ့ရတာ"

"ဩော် ... နှစ်ချောင်းဆက် တုတ်ကြိုးသိုင်းတဲ့လား၊ ကြည့်ရအောင်"

ရာဇာထွန်းက လှမ်းပေးသည်။ သူတို့က အထူးအဆန်းလက်နက်ကိရိယာအဖြစ် ကြည့်ကြသည်။

"ဒါနဲ့ ကျား ပြေးရောလား"

တစ်ယောက်က မယုံနိုင်သည့် လေသံ။

"ကျားကတော့ မပြေးပါဘူး၊ ဒါပေမဲ့ _"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"မိန်းကလေး တစ်ယောက်က အဲဒီကျားကို ခေါ်သွားတယ်"

သူတို့သည် ရာဇာထွန်း စကားကြောင့် ပြူးကြောင်ကြောင် ကြည့်ကြသည်။

ရာဇာထွန်းက မျိုသိပ်မထားနိုင်။

တွေ့သမျှ ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း … မောင်ရင်လေး တွေ့လာတာတော့ အထူးအဆန်းပဲ၊ တစ်ယောက်မှ ဒါမျိုးမကြုံဖူးသေးဘူး၊ တွေ့တဲ့လူကတော့ ကျားပဲ တွေ့ဖူးဟာ"

"မိန်းကလေးဆိုတာ မင်းပြောမှပဲ"

"သမန်းကျား ဆိုတာ ဒါမျိုးဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုရင် သူတို့ ကျားဖြစ်ပြီး သူတို့အဝတ် ပြန်နမ်းရင် အနံ့မှတ်မိပြီး လူစိတ်ပြန်ဝင်လာသတဲ့"

သူတို့မှတ်ချက်က အမျိုးမျိုး။

"ကျွန်တော်တော့ မယုံဘူး"

"မင်းက ငယ်သေးတာပဲ"

"ကျွန်တော်တို့ ငယ်ပေမဲ့ ခေတ်က အယူအဆ တိုးတက်နေပြီ၊ ဦးနောက် မငယ်တော့ဘူး ဦးလေးရဲ့"

"မင်း တော်တော် စကားပြော လက်ပေါက်ကပ်တဲ့ ကောင်လေးပဲ"

"နေပါဦး၊ ဒီကျားက ဘာလုပ်လို့လဲ"

"ပိန်းနဲကုန်းနဲ့ မြိုင်ကလေးကားမှာ ထကြွနေတာ တစ်လလောက်ရှိနေပြီ၊ မြိုင်ကလေးကော ပိန်းနဲကုန်းကော ကျွဲသုံးလေးကောင်၊ နွားသုံးလေးကောင် ပါသွားတာ မနည်းတော့ဘူး"

"ကျားကို မနှိမ်ကြဘူးလား"

"နှိပ်ပါသောကော မောင်ရင်လေးရယ်၊ ကျား … တော ပျောက်သွားတယ်၊ ခြေရာခံလိုက်တော့ မြိုင်ကလေး သချိုင်းနား ရောက်သွားတယ်၊ အဲဒီနားကျတော့ ကျားခြေရာ လူခြေရာရော တွေ့လာရတယ်"



"ဘယ်ကလူလဲ"

"လူတွေကတော့ ပထမတော့ သူ့ကို ဂရုမထားမိဘူး၊ နောက်မှ ဂရုစိုက်လာမိကြတယ်၊ သူ့ကြည့်ရတာ အောက်လမ်းဆရာလိုလို၊ အရူးကြီးလိုလိုနဲ့ သချိုင်းထဲမှာပဲနေတယ်၊ သူ့ကို လူတွေက လူစင်စစ်က ကျားဖြစ်တဲ့ မှော်ဆရာလို့ ထင်နေကြတယ်၊ ဒါကြောင့် ဦးကျားကြီးလို့ ခေါ်တယ်၊ အမည်ရင်းတော့ မသိဘူး"

"ဟင်း … ဒဏ္ဍာရီစကားတွေပဲ"

အမှတ်မထင် လူငယ်က ဆိုမိသည်။ ပြောနေသူ လူကြီး၏ မျက်နှာက ရဲခနဲ အရောင်ပြောင်းသွားသည်။

ထောင်းခနဲ ဖြစ်လာတဲ့ဒေါသ။

"မင်းက ဘာလူပါးဝစကား ပြောတာလဲ၊ မင်းယုံရအောင် ငါတို့ ပြောနေတာ မဟုတ်ဘူး၊ မင်းမေးလို့ တို့ပြောနေတာ"

"ဪ … ဟုတ်ကဲ့ တောင်းပန်ပါတယ် ဦးလေးရယ်၊ ဦးလေးစကားကို ဒဏ္ဍာရီလို့ လှောင်လိုက်တာ မဟုတ်ပါဘူး"

"မင်းက ဘာပြောချင်တာလဲ"

"ကျွန်တော် ဆိုလိုတာက ဦးကျားကြီး ဆိုတဲ့လူကို သမန်းကျားအဖြစ် လက်ခံယုံကြည်တဲ့ လူတွေရဲ့စကားကို ဒဏ္ဍာရီစကားလို့ ဆိုလိုတာပါ"

သူတို့ စကားစ ပြတ်သွားသည်။

လှည်းလမ်းတွင် နွားခလောက်သံများနှင့် လှည်းဝင်ရိုး တအီအီ တကျွိကျွိ အသံများသာ မင်းမူနေသည်။

"ဦးလေးတို့က မြိုင်ကလေးကလား"

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် စကားလက်ဆုံကျမိသူကို လူငယ်က မေးမိသည်။

"မင်းအကြောင်းတော့ မပြောချင်ဘူး၊ တို့ကျတော့ မင်းက မေးလား စမ်းလား"

"ဆောရီး ... အဲ ... ကန်တော့ ခင်ဗျ"

"ဆောရီးဆိုလည်း ရပါတယ်ကွာ၊ တို့တောသားတွေ ဒီလောက် နလပိန်းတုံး မဟုတ်ပါဘူး၊ အင်္ဂလိပ်စာ အ,သုံးလုံးမတတ်ဘူးပေမဲ့ ပြောသံ ကြားဖူးနေပါတယ်"

အလို ... ဒီလူကြီး စကားမခေ။

ရာဇာထွန်း စိတ်ထဲ ကျိတ်ပြုံးမိသည်ပဲ။

"တို့က မြိုင်ကလေးကပါ"

"အခု ကျားကော တွေ့ဖူးသလား"

"တစ်ခါမှတော့ မတွေ့ဖူးသေးဘူး၊ တွေ့ဖူးတာတော့ ပိန်းနဲ့ ကုန်းနဲ့ မြိုင်ကလေးက တချို့လူတွေပဲ"

"သမန်းကျားလို့ ဘာလို့ ပြောနိုင်လဲ"

"ဇာဇာက ငါ ပြောခဲ့သလို လူတွေက တစ်ခါက ကိုသန်းမောင် နွားကို ကျားချီတော့ စွပ်ကြောင်းအတိုင်း လိုက်ကြတာပေါ့၊ စွပ်ကြောင်းက သချိုင်းထဲ ရောက်သွားတယ်၊ အဲဒီရောက်တော့ ကျားခြေရာက လူခြေရာတွေ ပြောင်းလာတယ်၊ ဆက်လိုက်တော့ နွားသေကြီးနားမှာ ငုတ်တုတ်ကြီး ထိုင်နေတဲ့ အရူးကြီးလိုလို၊ မှော်ဆရာလိုလို ဦးကျားကြီးကို တွေ့ရတာပဲ၊ ဒီတော့ လူတွေက သူ့ကိုဝိုင်းတော့ သူ့ပါးစပ်နဲ့ လက်မှာ နွားကသွေးတွေ ပေနေတာပဲကွ"

"ဝိုင်း မဆော်ဘူးလား"



"ဘယ်လိုလုပ် ဆော်မလဲ၊ နွားကို ဆွဲသွားတာက ကျား၊ တွေ့တော့ လူ၊ ဘာလုပ်ရမလဲ၊ ဒီအထဲ လူတွေကိုလည်း သူမြင်ရော လက်ညှိုးတထိုးထိုးနဲ့ ဘာတွေပြောမှန်းမသိ ပြောတယ်၊ မြေပြင်ကိုလည်း ကျွမ်းတစ်ပတ်ပစ်ပြီး သူ့လက်ထဲက ဇရာမသစ်သားတင်းဘုတ်ကြီးနဲ့ လိုက်တော့ လူတွေလည်း ပြေးကြတာပဲ"

"ဗလကောင်းတယ် ထင်တယ်"

"အရပ်က ခြောက်ပေနီးပါးကွာ၊ ကိုယ်လုံးကြီးကလည်း အယ်နေတာ"

လှည်းမောင်းသူက ဝင်ပြောသည်။

လှည်းလမ်းက ကျယ်လာသည်။ လူကြီးတစ်ယောက်က လက်ညှိုးထိုးပြသည်။

"အဲဒီ အချိုင်းဟာ မြိုင်ကလေး သချိုင်းပဲ၊ ကျားကြီးနေတာ ဒီသချိုင်းထဲမှာ"

လူငယ်က လှမ်းကြည့်သည်။

သစ်ပင်တွေ ပါးလာပြီမို့ ဝင်လုဆဲ နေရောင်အောက်မှာ အနိဋ္ဌာရုံ မြင်ကွင်းက မလှပ။

မှတ်တိုင်တွေ ထိုးထိုးထောင်ထောင်။

အုတ်ဂူတွေ မိုးမိုးမတ်မတ်။

မြေပုံက ခုံးခုံး။

"သချိုင်းကြည့်ရပုံထောက်တော့ မြိုင်ကလေးမှ မဟုတ်ဘဲ၊ မြိုင်ကြီးနဲ့ တူတယ်"

"ဟုတ်တာပေါ့ကွာ၊ အိမ်ခြေသုံးထောင်ကျော် ရှိတာပဲ၊ ဈေးမရှိလို့ပေါ့၊ ဈေးသာရှိရင် မြို့ပေါ့၊ ဒါပေမဲ့ မြို့နဲ့နီးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘွား၊ ကားနဲ့က တစ်နာရီခွဲပဲ စီးရတယ်၊ မြို့ကိုရောက်သွားနိုင်တယ်"

လွင်ငယ်၏ မျက်လုံးများက အရောင်တောက်လာတော့သည်။

ဟုတ်ပြီ။ မြို့ကို သွားချင်တာ။

သူ့အလုပ်က မြို့မှာပဲ ရှိသည်။

သွေးစွန်းသော အလုပ်တစ်ခုကို သူ မလုပ်ချင်ပေမဲ့ လုပ်ရမည်။

သူ့နှလုံးသားက တွေ့ခဲ့ရသည့်ကျားဏ်၏ နှလုံးသားထက်ပိုပြီး ကြမ်းကြုတ်လာဟန် ရှိသည်။

မျက်နှာက တင်းမာလာသည်။

မေးကြောများ ထောင်လာသည်။

သူ့အမူအရာကို သူနှင့်စကားပြောသူက မြင်တော့ အံ့အားသင့်သွားကြသည်။

လူရွယ်သည် လူချော။

သို့ပေမင့် ...

ခုအခါမှာ သူ့မျက်နှာက ကျားမျက်နှာထက် ကြောက်စရာ ကောင်းနေသည်။



## ၂

မြိုင်ကလေး။

ရိုးမနှင့်ဆက်နေသော တောအုပ်၏ တစ်ဖက်စွန်းမှာ ရှိသည့် ရွာ။

ကားလမ်းမကို တစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင် ထားသည်ပြီး အိမ်တွေ ဆောက်ထားသည်။

အုတ်ခံပျဉ်ထောင်နှင့် သွပ်မိုးပျဉ်ထောင်အိမ်တွေက နည်းလှ။

အိမ်ကြီးအိမ်ကောင်းတွေများသည်။

သည်ရွာကြီးမှာ နေကြသူတွေက တောင်သူဦးကြီးများပေမင့် ဆင်းရဲသည့် တောင်သူဦးကြီးက နည်းသည်။

ကြေးရေတတ် တောင်သူဦးကြီးတွေက များသည်။

စပါးနှင့် မြေပဲကို အားထားပြီး စိုက်ကြသူများဖြစ်သည်။ ရရှိလာသော စပါးနှင့် မြေပဲကို သူတို့နှင့်နီးကပ်သော အနီးရဇပါးဒိုင်နှင့် သမဝါယမသို့ ရောင်းချကြသူများ ဖြစ်သည်။

သည်ရွာတွင် ရေဒီယိုနှင့် ကက်ဆက် ထားနိုင်သော အိမ်များ မနည်းလှ။

www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုလတ်၊ စိန်ဝင်းထွန်း၊ ကံကော်တောမျိုးအောင် ဘိုဘိုဟန်၊ နွဲ့ယဉ်ဝင်း၊ နော်လီဇာတို့၏ သီချင်းများကို နားရည်ဝ နေသူများဖြစ်သည်။

ဒါပေမဲ့ သူတို့နှစ်သက်တာက စတီရီယိုတေးထက် စတီရီယိုဇာတ်လမ်းတွေ။

ခုပဲ နားထောင်ကြည့်။

အိမ်တစ်အိမ်မှ ဇာတ်လမ်းတစ်ပုဒ်ကို အကျယ်ကြီး လွှင့်နေသည်။

လွှင့်တဲ့ဇာတ်လမ်းကကော။

အိန္ဒိပြည်လုပ် ဇာတ်လမ်းကို မြန်မာ့နည်း မြန်မာ ဟန်နှင့် အတုယူလိုက်သည့် ရှိုးလေးဇာတ်လမ်း။

ကုလားသံတွေရော ဒေါသသံတွေပါ စုံနေသည်။

အနုပညာတဲ့ ...

ဟင်း။

မြို့သို့ထွက်လုဆဲဆဲ ဘောက်(စ်)ဝက်ဂင်ကားပေါ်တွင် ထိုင်ရင်း ရာဇာထွန်းက နှာခေါင်းရှုံ့သည်။

သူ့တွင် အဝတ်ထည့်အိတ်နှင့် ခွန့်ဟောခတ်ကို ပေါင်ပေါ်တင်ထားသည်။

နှစ်ချောင်းဆက် တုတ်ကြီးသိုင်းကို စပယ်ရှယ်ချုပ် ထားသော ပတ္တူအိတ်ထဲမှာ ထည့်ထားသောကြောင့် ဤရှည်မြော မြောပုံသဏ္ဌာန်ကို ဘာရယ်လို့ လူတွေမေးစရာမလို။

တောလမ်းမှာတော့ အန္တရာယ်ကို အလွယ်တကူရင် ရင်ဆိုင်နိုင်ဖို့ ပခုံးပေါ်မှာ ထားခဲ့သည်။

မြိုင်ကလေးက ဦးကြီးတစ်ယောက်ပြောတာ မှန်သည်



မြိုင်ကလေးနှင့် ဤမြို့ထဲသို့ ကားဘီးလိမ့်လာသည် မှာ တစ်နာရီခွဲပဲ ရှိသည်။

ညခုနစ်နာရီခွဲက သူ မြို့က ကားဂိတ်သို့ရောက်သည့် အချိန်။

ကားဂိတ်တွင် အခြားမြို့မှ ဝင်လာသော ကားသုံး၊ လေးစီးရှိသည်။ သူ စီးလာသောကားက လမ်းတွင် ဂိတ်သုံးဂိတ် ကို ကျော်လာရသည်။

သုံးဂိတ်လုံးမှာ ရှာဖွေရေးအဖွဲ့တွေနှင့်ချည်း။

ခု ဒီဂိတ်မှာလည်း လာတိုးနေပြန်ပြီ။

ရှာဖွေရေးအဖွဲ့။

သည်အဖွဲ့မှာ ထူးခြားသည်။ ရာဇာထွန်း ကျော်ဖြတ် လာသော ဂိတ်သုံးဂိတ်က ရှာဖွေရေးအဖွဲ့မှာ ရဲမပါ။

လက်ပတ်စည်း လုံခြုံရေးအဖွဲ့ဝင်များသာ ပါသည်။ ယခု ဂိတ်ကအဖွဲ့မှာ လက်နက်ကိုင်ရဲသားတွေ ပါနေသည်။

ဒါကပင် ရာဇာထွန်း အတွက် မလိုလား။

မြို့ထဲမှာက အဆောက်အအုံသစ်ကြီးတွေ။

ခံ့ထည်သော အိမ်တွေ တိုက်တွေနှင့် အပြည့်။

ရာဇာထွန်းတို့ မြို့ထဲသို့ စ,ဝင်လျှင် မြို့ပတ်လမ်းက နေဝင်ရသည်။

"ကားပေါ်က လူတွေအားလုံး အောက်ကိုဆင်းကြပါ၊ ကိုယ့် ပစ္စည်း ကိုယ်ယူပြီး ဟိုတဲထဲမှာ သွားစုနေကြပါခင်ဗျာ"

ရှာဖွေရေးအဖွဲ့မှ ခေါင်းဆောင်ငယ်တစ်ဦး ဖြစ်ဟန် တူသည်။ မနီးမဝေးက တဲရှည်ကြီးတစ်လုံးကို ကားအောင်းမှ လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းတို့ ဖောက်(စ်)ဝက်ဂင် ပေါင်မုန့်ပုံ ကားရှည်ထဲတွင် လူဆယ့်လေးယောက်ပါသည်။ မြိုင်ကလေးကချည်း မဟုတ်။

မြိုင်ကလေးနှင့် နီးစပ်သော ဒေသမှလည်း ပါသည်။ မြိုင်ကလေးသည် မှောင်ခိုလမ်း၏ တစ်စိတ်တစ်ဒေသအပိုင်း ဖြစ်သည်။

"တို့ကို ရှာလို့ ဘာထူးမှာလဲ၊ တို့က လယ်စိုက်စားတဲ့လူ၊ မှောင်ခိုမှ မဟုတ်တာ"

အရှာအဖွေ ခံလိုဟန်မတူ။

အသက်လေးဆယ်ကျော် လူကြီးတစ်ယောက်က ကွမ်းဝါးနေရင်းမှ မကျေမနပ်သံ ဖွင့်လိုက်၏။

"သူတို့လည်း ဝတ္တရားအရ ရှာရတာပဲပေါ့၊ ဆင်းပေးလိုက်ကြတာ အကောင်းဆုံးပဲ"

အားလူတစ်ယောက်က ဆိုသည်။

ရာဇာထွန်းသည် ကားနားသို့ ကပ်လာသော လက်နက်ကိုင်ရဲသားနှစ်ယောက်နှင့် ရှာဖွေရေးခေါင်းဆောင်ငယ်ကို ကြည့်သည်။

ဘာလုပ်ရမလဲ။

သူ့ဦးနှောက်ကို အလုပ်ပေးသည်။ ကားတံခါးက ပွင့်သွားသည်။ လူတွေက ကိုယ့်ပစ္စည်း ကိုယ်ယူပြီး ဆင်းကြသည်။

ရာဇာထွန်းက သူတို့နှင့်ရောပြီး ဆင်းသည်။

တဲတန်းရှည်ဘက်သို့ လူတွေက လှမ်းသွားချိန်မှာ ရာဇာထွန်းက ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။



သူတို့သည် ကားလမ်းမကြီး၏ဘေးတွင် ရှိနေကြသည်။ ကားလမ်းမကြီး၏ ရှေ့မှာက လမ်းသွယ်ကလေးတွေ။

ကားလမ်းမပေါ်မှာ လူနှင့်ကားများ ရှုပ်ထွေးနေသည်။ နေ့က ရဲသားနှင့် ခေါင်းဆောင်ငယ်က လိုက်မလာ။

သူတို့က ကားကို ရှာကြလိမ့်မည်။

ရာဇာထွန်းသည် ရဲနှင့် ရင်မဆိုင်လို။ သူ့ရင်က ခုန်နေသလိုလို။

ဘေးသို့ လှစ်ခနဲ ဆင်းလိုက်သည်။ မှောင်ရိပ်ခိုပြီး ရှာဖွေရေး အဆောက်အအုံဘေးမှ လစ်ထွက်သွားနိုင်ဖို့ အရေးကြီးသည်။

ခရီးသည်များမှာ အရောရော အထွေးထွေးမို့ ရာဇာထွန်း ဘေးဖဲ့ထွက်လိုက်သည်ကို သတိမထားမိခဲ့။

ရာဇာထွန်းက တပိုတပါး သွားသလိုလိုနှင့် တဲဘက်ကို မသွားဘဲနှင့် ချက်နှာချင်းဆိုင် အဆောက်အအုံဘက်သို့ ကပ်သွားသည်။

အဆောက်အအုံနားမှာက မှောင်ရိပ်ပေးနေတဲ့ သစ်ပင်တွေ။

ရာဇာထွန်းက နောက်သို့ လှည့်ကြည့်လိုက်သည်။ ရှာဖွေရေးခေါင်းဆောင်ငယ်သည် ရာဇာထွန်း သွားရာကို အမှတ်မထင် လိုက်ကြည့်နေသည်။

"ဟိုမိတ်ဆွေ ဘယ်သွားမှာလဲ"

"အပေါ့သွားမလို့"

"တဲဘေးမှာသွားပါ၊ အဲဒီမှာ အပေါ့သွားဖို့ နေရာလုပ်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ငယ်က လှမ်းပြောနေသည်။ ရာဇာထွန်း စိတ်တိုသွားသည်။ ခုမှ မေးလား မြန်းလားနဲ့ တာဝန်ကျေနေလိုက်ကြတာ။

ရာဇာထွန်း နားမထောင်။

မကြားဟန်ဆောင်ကာ သစ်ပင်ရိပ်များ အောက်သို့ ဆက်လျှောက်သွားသည်။

"ဟေ့လူ ... ပြောနေတာ မကြားဘူးလား"

ပြောလိုက်သူအသံက မာကျောသည်။ ရာဇာထွန်း ခပ်သုတ်သုတ် လျှောက်ပစ်လိုက်၏။

ရိပ်မိသွားပြီ။

"လိုက်ကြဗျာ၊ ဒီကောင်လစ်ပြီ"

ရဲသားနှစ်ယောက်ကို ယင်းလူက လှမ်းပြောသည်။

ရှာဖွေရေးမှာ သူတို့ချည်းမဟုတ်။

အခြားလူများနှင့် ရဲများလည်း ရှိသည်။ တဒင်္ဂမှာ လူတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။

မိမိနောက်ကို သူတို့လိုက်လာကြပြီပဲ။

ရာဇာထွန်း ခြေကုန်သုတ်တော့သည်။

သစ်ပင်ရိပ်တွေအောက်မှ အဆောက်အအုံ ဘေးက လမ်းကြားထဲသို့ လှစ်ခနဲ ဝင်လိုက်သည်။ လမ်းကြားထဲမှာ မှောင်နေသည်။

နောက်မှ ခြေသံများကလည်း တဝုန်းဝုန်း တဒိုင်းဒိုင်း။ အလွတ်မပေး။

"ဟေ့ကောင် ... ရပ်ရင်ရပ်၊ မရပ်ရင် ပစ်လိုက်မနော်"

သူတို့ တကယ်မပစ်။



ခြောက်လိုက်မှန်းတော့ သိသည်။ ရာဇာထွန်းက ဒါ
တွေနောက်ကျနေပြီ။

ဘယ်ရပ်လိမ့်မလဲ။

သူတို့ခြောက်ကာမှ ခြေတွေကို ပိုအားစိုက်လိုက်သည်။ သူ့ကိုယ်က ပေါ့သည်။ လေ့ကျင့်ပြီးသားလည်း ရှိသည်။

နောက်မှ လိုက်လာသူများက မမီသေး။ လက်နှိပ်ဓာတ်မီးရောင် တစ်ခုက သူ့ကိုယ်ပေါ်သို့ ကျလာသည်။

ဤအတွင်း ညာဘက်မှာ ထွက်လမ်းကလေး ချိုးထားသည်။ သူက ညာဘက်သို့ ကွေ့လိုက်သည်။

လမ်းသွယ်လေး တစ်ခုပေါ်သို့ ရောက်သွားသည်။

ဒီရောက်မှ သူ ပိုပြီးပြေးကောင်းသည်။ လမ်းမပေါ်မှာ လူရှင်းနေသည်။

သူနှင့် ရဲများ အတော်ဝေးကွာသွားသည်။

သူ့ပါးစပ်မှာ ဟောဟဲလိုက်လာသည်။ လည်ချောင်းမှာ ခြောက်ဆို့လာသည်။

နောက်သို့ လှည့်ကြည့်သည်။ လိုက်လာကြသူများက မလျှော့။

ဝေးတော့ ဝေးနေပြီ။ ဒီလိုချည်း ပြေးနေလို့ လွတ်ပါ့မလား။ သူတို့ ပြေးသံလွှားသံတွေကြောင့် အိမ်အချို့မှာ လူအနည်းအကျဉ်း ထွက်ကြည့်ကြသည်။

ညာဘက်မှာပဲ လမ်းသွယ်းကလေး တစ်ခုကလည်း ထွပြန်သည်။

သူရောက်နေရာမြို့ကို သူ မကျွမ်း။

ဒါပေမဲ့ ...

www.burmeseclassic.com

ဒီဘက်မှာ အိမ်ကြီးအိမ်ကောင်းတွေ များနေသည်။ ကိုယ့်ဝင်း ကိုယ့်ခြံနှင့် နေသူများ ဖြစ်ကြသည်။

အထက်လွှာရပ်ကွက် ဖြစ်ချိမ့်မည်။

အထက်လွှာ ဆိုသူများကို သူ မကြောက်။

ကိုယ်နှင့်မဆိုင်လျှင် ကိုယ့်ဟာကိုယ် နေကြသူများ ဖြစ်ကြသည်။

သူ့ကို ဘယ်သူကမှ လူစွမ်းကောင်းလုပ်၍ ဖမ်းပေးဆီးပေးမည် မဟုတ်။

သူက ညာဘက်သို့ ချိုးအကွေ့မှာ နောက်မှလိုက်လာသူ ရဲသားများနှင့် မျက်ခြေပြတ်သွားသည်။

အခွင့်ကောင်း။

ဒါ ... အခွင့်ကောင်း။

ပုန်းခိုနားနေစရာကို သူ ရှာသည်။

တွေ့ပြီ။

ဟောဒီမှာ ခြံကျယ်ကြီးတစ်ခု။

အဲ ... ဝင်းတံခါးလည်း ပွင့်လို့။

ရာဇာထွန်းက လျင်သည်။ ဝင်းတံခါးကို ကျော်ဖြတ်လိုက်တော့သည်။

ဝင်းတံခါးကို အသာစေ့လိုက်သည်။ အတွင်းသို့ မျှော်လိုက်သည်။

ခံ့ထည်လှပသော နိုင်ငံခြား ကော့တိတ်(ချ်)ပုံစံ အိမ်အဆောက်အအုံတစ်ခု။

သူက ယင်းအိမ်ဘက်သို့ ပြေးသွားသည်။ အိမ်ထဲတွင် မီးလင်းနေသည်။ လူသံသူသံ မကြားရ။



ကော့တိတ်(ချ်)တစ်ထပ်အိမ်ကလေး၏ အိမ်ရှေ့တံခါးက မဟာတဟာလေး ပွင့်နေသည်။ သူ့ခြေသံကို လုံအောင်ထိန်းလိုက်သည်။

တံခါးဝနားသို့ ကပ်သွားသည်။

အတွင်းသို့ ချောင်းကြည့်လိုက်သည်။

လူမတွေ့။

အဖိုးတန် ခေတ်မီ အိမ်ထောင်ပရိဘောဂများသာ တွေ့မြင်နေရသည်။

တံခါးရွက်ကို အသာတွန်းဖွင့်ပြီး ဝင်လိုက်သည်။ တစ်အိမ်လုံး ငြိမ်ချက်သား ကောင်းနေသည်။ သူက အထဲသို့ ခြေလှမ်းလိုက်သည်။

အထဲမှာက ပေါ်လစ်ရောင် တောက်ပြောင်နေသော ကြမ်းခင်းတုံး ခင်းထားသည့် ကြမ်းပြင်ကို တွေ့နေရသည်။

သူ ရှရှကလေး လှမ်းလိုက်သည်။ လျှပ်တစ်ပြက်အတွင်း ကိုယ်ရောင်ဖျောက်နိုင်လျှင် သိပ်ကောင်းမှာပဲ။

မျက်လုံးတို့က ပုန်းခိုရာကို ရှာသည်။

စန္ဒရားကြီးတစ်လုံးကို တွေ့ရသည်။ အိမ်နံရံနှင့် လူတစ်ကိုယ်ဝင်သာလောက်သည့် နေရာမှာ ချထားသည်။

ရာဇာထွန်းက သည်နေရာသို့ ရောက်သွားသည်။ စန္ဒရားနောက်သို့ပဲ ခွေးတိုးသလို တိုးလိုက်သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

တစ်ခါတစ်ရံ ကြက်တိုးသံ ကြားရသည်။ ကြွက်တစ်ကောင်၏ ဖြတ်ပြေးသံက အတွင်းခန်းထဲမှ ပေါ်လာသည်။

အားလုံး ဆိတ်ငြိမ်နေသည်။

www.burmeseclassic.com



အပြင်ဘက်မှ အတွင်းသို့ဝင်လာမည့် ရဲမျှား၏ ခြေသံတို့ကို နားစွင့်နေသည်။

အချိန်က တဖြည်းဖြည်း တိုးလာသည်။ ထူးခြားချက်က ပေါ်မလာ။

ဒါပေမဲ့ သူ စိတ်မချ။

စိတ်ထင် ဆယ်မိနစ်လောက် ရှိမည်။

သူ ထလိုက်သည်။ အသာကလေး ကိုယ်ကိုကြွထလိုက်ခြင်း ဖြစ်သည်။ သည်အခိုက် ...

"ဂျောင်း"

"အမယ်လေး ... အမေ့"

ဂျောင်းခနဲ အသံတစ်ခုက ငြိမ်သက်သောအိမ်ကို လွှမ်းထွက်သွားသည်။ ရာဇာထွန်း၏ ရင်ထဲမှာ သိမ့်ခနဲ ခုန်သွားခိုက် လွှတ်ခနဲ အော်လိုက်သော အသံတစ်သံက သူ့စိတ်ကို ခါထွက်သွားစေသည်။

သူ့တစ်ကိုယ်လုံးရှိ အကြောများ ရပ်ဆိုင်းသွားသလို ဖြစ်သည်။

အသံပေါ်လာရာက အတွင်းဘက်က။

ရာဇာထွန်း ငြိမ်သည်မှာ စက္ကန့်လောက်ပဲ။

သူ့ကိုယ်က သွက်လက်စွာ လှုပ်ရှားသွားသည်။

ဖက်ဖူးနှရောင် နိုင်လွန်ခန်းဆည်းကို လက်နှင့်တိမ်းဖယ်လိုက်သည်။

အထဲက လှသွားလမ်းကလေးမှာ မီးလင်းလို့။

အခန်းကျယ်ကြီးကို ဖြတ်သန်းသွားသည်။

တစ်ဖက်သို့ ကွေ့လိုက်သည်။



အိပ်ခန်းဟု ထင်ရသော အခန်းသုံးခန်းနှင့် ထမင်းစားခန်းဟု ထင်ရသော အခန်းတစ်ခန်းကို ဖြတ်လိုက်သည်။

မီးဖိုခန်းထဲ ရောက်လာသည်။

တွေ့ပါပြီ အသံရှင်ကို။

အသက်နှစ်ဆယ်ကျော်။ သူနှင့်ရွယ်တူ။

မိန်းကလေး။

ဆံနွယ်တို့က အခွေလိုက် အလိပ်လိုက် ပခုံးပေါ်မှာ ဖြာကျနေသည်။ ခေါင်းငုံ့ပြီး တစ်ခုခုကို ကြိုးစား အားထုတ်နေသည်။

ရာဇာထွန်းမှာ တုံ့ခနဲ ရပ်သွားသည်။ သူ့ကို မော့ကြည့်လိုက်သော မိန်းမပျိုမှာ မျက်နှာလေး ဖြူသွားသည်။

"အမယ်လေး"

မတိုးမကျယ်အော်၍ သူမလက်ထဲမှ ပစ္စည်းကို ပစ်ချလိုက်တော့သည်။

ရာဇာထွန်းက လိုက်ကြည့်သည်။ ဒီပစ္စည်းက စပရိန်တပ် ကြွက်ထောင်ချောက်။

ချောင်းခနဲ မြည်သံသည် ကြွက်ထောင်ချောက်မှ သံညပ်က စပရိန်သော့ချက်မှ ပြုတ်ထွက်သွားခြင်း ဖြစ်ဟန်တူသည်။

"ရှင် ... ရှင်"

"ထပ်မအော်လိုက်ပါနဲ့ဗျာ၊ ကျွန်တော် လူကောင်းပါ"

ရာဇာထွန်းက အသံတိုးတိုးလေးနှင့် ဆိုသည်။ မျက်နှာက တည်ငြိမ်လှသည်။ မိန်းမပျိုကို အန္တရာယ် ပြုလိုဟန်မတူ။ ဒါကို မချောလေးက နားလည်သည်။

"ရှင် ... ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တဲ့ မိန်းကလေး။ လှကဲခတ် နားလည်လွယ်လိုက်တာ။

"ကျွန်တော်က ဒီမြို့ကို တစ်ခါမှ မလာဘူးတဲ့လူပါ။ အခု ဒီမြို့ကို အရောက်မှာ ရဲက မသင်္ကာဘူးဆိုပြီး ကားပေါ်က အဆင်းမှာ စစ်ဆေးပြီး ဖမ်းမယ်လုပ်လို့ ထွက်ပြေးလာတာပါ။ ကျွန်တော် လူကောင်းပါ"

မိန်းကလေးထ,လာသည်။ ဖော့စောင်း ဂျင်းရှပ်လက်ရှည်ကိုဝတ်၍ အင်္ကျီလက်များကို တံတောင်နားမှာ ခေါက်ထားသည်။ ဆဲဗင်အေး(စ်) အနီရောင်ဘောင်းဘီကို ဝတ်ထားသည်။

ဖောင်းကြွသော ရင်နှစ်မွှာနှင့် ခါးသိမ်သိမ်သည် ပြည့်ဖြိုးဖွင့်ကားသော ပေါင်တံနှင့် တင်သားစိုင်တို့ကို အလှပေါ်လွင်စေသည်။

တောင့်လိုက်တဲ့ မိန်းကလေး။

အချိုးအဆက် ကျလိုက်တာလည်း ပန်းပုရုပ်ကလေးအလား။

မျက်နှာကလေးကလည်း လှသည်။ မျက်လုံးများနှင့် နှုတ်ခမ်းတို့က ယောကျ်ားတကာကို ဖိတ်ခေါ်ပြီး စိတ်ညွှတ်နူးလောက်အောင် အလှတန်ဆာ ဆင်နေသည်။

"အပြင်ကို ထွက်ပါ"

"ဟုတ်ကဲ့ နားထောင်ပါတယ်၊ အိမ်ထဲ ရောက်,ရောက်ချင်း အသံကြားလို့ ဝင်လာတာ"

ပစ္စုပ္ပန်မှာ ရာဇာထွန်း၏ စကားများမှာ မှန်မှန်ကန်ကန် ရှိလှသည်မဟုတ်။



သူ့စကားကို မိန်းကလေး ယုံဖို့ မယုံဖို့ ရာဇာထွန်း စိတ်မပူပင်။ လတ်တလောမှာ ပူညံပူညံ မဖြစ်ဖို့ အဓိက။

"ကြွက်တွေက အိမ်ထဲမှာ သောင်းကျန်းလွန်းတယ်၊ သူတို့ကို ကြောင်နဲ့နှိမ်လို့ မလွယ်ဘူး"

"ခုခေတ်မှာ ကြွက်ကကြောင်ကို ကြောက်တာ မဟုတ်ပါဘူး၊ ကာလကြီးပြောင်းပြန် ဖြစ်နေပြီ"

"ရှင် အပြင်ထွက်ပါ"

"အေးဗျာ … ခင်ဗျား စကားအတိုင်းပါပဲ"

ရာဇာထွန်းက ပြောပြီး ကိုယ်ကို လှည့်ထွက်လိုက်သည်။

အိုး … ဒါက ဘာသဘောလဲ။

လူတစ်ယောက်ရယ်၊ မီးဖိုခန်းဝမှာ ပိတ်ရပ်လို့။ ကိုယ်လုံး ကိုယ်ထည် ကြီးမားသည်။ ညာလက်တစ်ဖက်ကို အဝတ်စနှင့် သိုင်းလွယ်ထားပြီး ဘယ်လက်မှာက …

ဒီဘက်လက်ကို ရာဇာထွန်း စိုက်ကြည့်နေမိသည်။

သံမဏိရောင်တောက်နေသော ပွိုင့်သရီးတူး နယူးသိ(စ်) အော်တိုမက်တစ် ပစ္စတိုတစ်လက်က သူ့ဘယ်လက်ထဲမှာ။

"အပြင်မထွက်နဲ့ဦးလေ"

သူ့အသံက တည်ငြိမ်လွန်းသည်။ နှုတ်ခမ်းထက်မှာ ခဲ့ချောင်းမျှရှိသော နှုတ်ခမ်းမွေးလေးက ကြည့်ကောင်းနေသည်။

ရာဇာထွန်းကလည်း ခပ်အေးအေး။

"အပေါင်းအသင်း ဒီအိမ်ကလား"

"အေး … ဒီအိမ်ကပဲ၊ ဒါ ငါ့နှမ"

www.burmeseclassic.com

www.burmeseclassic.com



“နှစ်ယောက်လုံးကို သိရတာ ဝမ်းသာစရာပဲ၊ ကျွန်တော်က ရာဇာထွန်း၊ ဒီမြို့ကို အလည်လာတာ၊ ရဲ မသင်္ကာတာနဲ့ လိုက်လို့ ထွက်ပြေးရတာ”

“မင်း ဒီခြံထဲ ဝင်လာတာ ခြံပြင်မှာကတည်းက ငါ တွေ့ခဲ့ပြီးသား၊ ခြံပြင်က သစ်ပင်တစ်ပင်အောက်မှာ ငါရပ်နေခဲ့တယ်”

ညံ့လိုက်တာ။ မိမိ မျက်လုံးတွေ တကယ်ညံ့။ ရန်သူတောင် မမြင်ခဲ့ပါလား။

သို့တစေ ခုလိုအချိန်မှာ သူ့ကို မိမိက ရန်သူလို့ သဘောထားနေမိပါမှ မဟာချွတ်ယွင်းချက်ပဲပေါ့။

“ကျွန်တော် အန္တရာယ်ပြုဖို့ ဝင်လာခဲ့တာ မဟုတ်ပါဘူး”

“မင်းရုပ် မင်းရည်နဲ့ မင်းပြောပုံ ဆိုပုံတွေကို ငါ ယုံကြည်ပါတယ်”

သူ့သေနတ်က ကြမ်းပြင်သို့ စိုက်ကျသွားသည်။ သေနတ်ကိုင်လက်ကို ဘေးမှာတွဲလောင်းချထားလိုက်၏။

“အိမ်ထဲကို ရဲတွေ ဝင်မယ်လုပ်တော့ ငါကပဲ ခြံဝက ဆီးတားပြီး ဒီခြံထဲ ဘယ်သူမှ ဝင်မလာပါဘူးဆိုလို့ ပြန်လှည့်ထွက်သွားကြလေရဲ့”

“ဟုတ်လား၊ ကျေးဇူး ကုဋေကုဋာပဲ အစ်ကိုရေ့”

ပိုမိုရင်းနှီးအောင် အစ်ကိုလို့ ပြောင်းလဲခေါ်လိုက်သည်။

အစ်ကိုခေါ်ရလို့ မိမိဘက်က အမှတ်မလျော့။

သူက မိမိထက် လူလုံးလူဖန်ရော အသက်ရောကြီးသည်။ ရှိလျှင် သုံးဆယ်ကျော်ထက် မအောက်။



ပြီးတော့ ... သူ့မှာက နှမနဲ့။

“ငါ့ကို အစ်ကိုမခေါ်နဲ့၊ ငါ့မှာ အဖေအမေ ပေးထားတဲ့ နာမည်ရှိတယ်၊ အောင်ဒွေးလွင်”

သူကလည်း အစ်ကိုခေါ်ခံချင်ပုံ မရ။ နှမကိုရင်းပြီး တစ်ဖက်က အစ်ကိုခေါ်သည်ကို ရှုံ့မည့်ပုံ ပေါ်နေသလို။

“ကျွန်တော် သွားပါရစေ”

“မင်းက လာလည်တယ်ဆိုတော့ ဘယ်သူ့ဆီ သွားမှာလဲ”

“ဒီမြို့က ဗိုလ်ချုပ်လမ်းမှာ စိန်ရွှေရတနာကုန်သည်။ ကိုမင်းလှိုင်နဲ့ မကလျာလှိုင်တို့က ကျွန်တော့်မိတ်ဆွေတွေပါ”

“သူတို့ကို တို့ မသိဘူး၊ မင်း သွားရင်တော့ ခွင့်ပြုလိုက်မယ်”

မိန်းမပျိုသည် သူမအစ်ကို အောင်ဒွေးလွင်နှင့် ရာဇာထွန်းတို့ အချီအချ စကားလုံးတွေ ပြန့်ကျဲနေခြင်းကို ငေးနေသည်။

“ကျွန်တော် သွားလိုက်ပါဦးမယ်”

မိန်းမပျိုဘက်သို့ ရာဇာထွန်း လှည့်နှုတ်ဆက်လိုက်သည်။ မိန်းမပျိုတွင် ဘယ်လိုမှ မထူးခြား။

ရာဇာထွန်း လှည့်ထွက်ခဲ့သည်။

သူ့နောက်သို့ ခြံထဲထွက်လာမိသည်အထိ ဘယ်သူမှ လိုက်လာကြ။

သည်ကနေ့မှာ ပန်းကလေးနှစ်ပွင့်နှင့် တိုးခဲ့ရသည်။

ပထမ တစ်ပွင့်။

တောအုပ်ထဲက ဒေဝစ္ဆရာ။

ဒုတိယ တစ်ပွင့်။

ဤအိမ်ကြီးထဲမှ ယမင်းသူဇာ။

www.burmeseclassic.com

www.burmeseclassic.com



နံ့သာမြိုင် တည်းခိုခန်း။

နံ့သာမြိုင်တည်းခိုခန်းက မြို့လယ်ကောင်မှာ ထင်ရှားသည်။ ကြီးမားသော အဆောက်အအုံတစ်ခု ဖြစ်သည်။

တည်းခိုခန်း ဆိုပေမင့် ဟိုတယ်နှင့် ရောနေသည်။ အောက်ဆုံးထပ်က ဟိုတယ်။

အထက်ထပ် နှစ်ထပ်လုံးက တည်းခိုခန်းတွေချည်းပဲ ဖြစ်သည်။

အဲ ... ဈေးတော့ကြီးသည်။

လေအေးပေးစက်နှင့် စပရိန်မွေ့ရာများ ပေးထားရုံမက အခန်းထဲမှာ ဆက်တီတစ်စုံတောင် ထားပေးနိုင်သည်။

သည်တည်းခိုခန်းရိပ်သာကိုမှ ရာဇာထွန်း ဝင်တည်းခဲ့သည်။

အခန်းတစ်ခန်းကို သူ ယူလိုက်သည်။

သူ လုပ်စရာရှိသည်ကို နောက်တစ်နေ့တွင် အလျင်အမြန် လုပ်ခဲ့သည်။

စိန်ရွှေရတနာကုန်သည် ကိုမင်းလှိုင်နှင့် ကလျာလှိုင်ဆိုသော အမည်ကို မြို့တောင်ဘက် ပွဲစားတန်းဈေးမှာ စုံစမ်းသည်။

ပွဲစားတန်းဈေးမှာ ကျယ်ပြောသည်။

လိုချင်တာ ရသည်။ ငွေသာ အဓိက။

ပွဲစားတန်းဈေးရုံထဲမှာ ရတနာဆိုင်တန်းတွေ ဖွင့်ထားသည်။



ကိုမင်းလှိုင်နှင့် ကလျာလှိုင်သည် ဤဈေးရုံက ရတနာဆိုင်တွင်မရှိ။

ရတနာဆိုင်များတွင် ဝင်စုံစမ်းတော့ သဲလွန်စ ရလာသည်။ မြို့မြောက်ဘက်က မနသိဒ္ဓိလမ်းတွင် ဆိုင်ဖွင့်ထားကြောင်း စုံစမ်းသိခဲ့ရသည်။

သူက တက္ကစီနှင့် မနသိဒ္ဓိလမ်းဘက်ကို ထွက်လာခဲ့သည်။

"လှိုင်"စိန်ရွှေရတနာဆိုင်ကို တွေ့ရသည်။ ဆိုင်ကတိုက်ဆိုင်။

အတော်ကြီးပွားနေကြပါကလား။

ဆိုင်ရှေ့က ဆိုင်းဘုတ်ကို ကားပေါ်မှ ဆင်းဆင်းချင်း မော့ကြည့်ပြီး ရာဇာထွန်း မျက်နှာမဲ့ပစ်လိုက်၏။

သူ့မျက်နှာပြင်က ပြောင်းလဲလာသည်။

တည်ငြိမ်သော အမူအရာမှ တင်းမာသော အမူအရာသို့ တစ်မုဟုတ်ချင်း ပြောင်းသွားသည်။

သူက လောကအပြင်ဘက်သို့ ပို့ရမည့် စာရင်းထဲရှိ လူနှစ်ယောက်၏ နေရာသို့ ရောက်လာပါပကောဟု စဉ်းစားမိလာသည်။

မျက်နှာက ပြန်တည်ငြိမ်သွားသည်။

ဆိုင်ထဲသို့ ဝင်လာသည်။ ဆိုင်ထဲမှာ ခင်းကျင်းထားသော ရွှေထည်ပစ္စည်းများကို လိုက်လံကြည့်၏။

ဆိုင်တွင်းမှာ အလုပ်သမား သုံးယောက်တည်း။

ရုံးခန်းကို တွေ့ရသည်။

"အထဲမှာ ဘယ်သူရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ထံမှာ စုံစမ်းသည်။

"သူဌေးနဲ့ သူဌေးကတော် ရှိတယ်"

အင်း ... သူဌေးနဲ့ သူဌေးကတော်လို့တောင် အခေါ်ခံနေကြရပါကလား။

"ကျွန်တော် ရောင်းစရာပစ္စည်း ရှိတယ်၊ ဝင်တွေ့လို့ ရပါမလား"

"ပစ္စည်းရှိရင် ကျွန်တော့်ကို ပေးပါ၊ ကျွန်တော် ပြပေးပါမယ်"

ရတနာပစ္စည်းများ ပြထားသော မှန်ရှိုးကေ့(စ်)နောက်မှ လူရွယ်ကို ရာဇာထွန်းက ခေါင်းယမ်းပြသည်။

"ကျွန်တော်ကိုယ်တိုင် ဝင်တွေ့မှ ဖြစ်မယ်"

"သွားပါ"

သူဝင်တွေ့သည်။ သူ့တွင်ရှိသော ကျောက်စီလက်ကောက်တစ်ရန်ကို ပြသည်။ သူ့စိတ်ထဲ ရောင်းဖို့ကို မရည်ရွယ်။

ဦးမင်းလှိုင်သည် ဘယ်လိုပုံစံ။

ဒေါ်ကလျာလှိုင်သည် ဘယ်သို့သော အရွယ်။

ဒါတွေကို သိချင်ပြီး လူကို မှတ်မိစေဖို့ ဝင်ခဲ့ခြင်းဖြစ်သည်။

ဦးမင်းလှိုင်က အသက်လေးဆယ်နီးပါး။

ဆံပင်တိုတို၊ ကတုံးဆံတောက်၊ မိုက်ရွှဲရွှဲ၊ အသားညိုညို၊ ဆေးပြင်းလိပ် သောက်တတ်သည်။

ကလျာလှိုင်။

သူကတော့ ဦးမင်းလှိုင်နှင့် အသက်ကွာသည်။ ဆယ်နှစ်လောက် ကွာသည်ဟု ခန့်မှန်းရသည်။



ရှိလှ နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုး။

လှသည်။ မျက်နှာက ပြုံးနေသည်။ သည်အပြုံး၏နောက်ကွယ်မှာ အဆိပ်ခိုးတွေ ဝေနေသည်ဟု ရာဇာထွန်း ထင်သည်။

ဈေးကိုမတည့်အောင်ပြောတော့ အရောင်းအဝယ်ဖြစ်ဖို့ မလွယ်။

လက်ဝတ်လက်စား ဆိုသည်က ကိုယ်ကဝယ်တော့အသာပေးရ၍ ပြန်ရောင်းတော့ အနာခံရသည်။

ဦးမင်းလှိုင်က လက်ကောက်ကို မှန်ဘီလူးနှင့် အသေအချာ စစ်ဆေးသည်။ ကျောက်ကောင်းမှန်းလည်း သိသည်။

ဒါပေမဲ့ ပေးတဲ့ဈေးက နည်းနည်းရယ်။

နှိမ်လိုက်မှန်း ရာဇာထွန်း သိသည်ပေါ့။

"ဟုတ်ကဲ့၊ ကျွန်တော် တခြားနေရာလည်း ပြကြည့်ပါဦးမယ်၊ ဈေးချင်းတူရင်တော့ ပြန်လာခဲ့မယ်"

"အဲဒီလိုဆိုရင်တော့ ကျွန်တော် ဝယ်မှာမဟုတ်ဘူး၊ လက်ဖျားပုပ်သွားမယ်"

ဈေးကွက်မှ ရောင်းပြီးမှ ပြန်ဝင်လာခြင်းကို ကိုမင်းလှိုင် မနှစ်မြို့။

လက်ဖျားပုပ်သည်ဟု သူ ပြောလေ့ရှိသည်။ ဒါမျိုးတစ်ခံလျှင် ပြန်ရောင်းလျှင် ဈေးအ,သည်ဟု သူ ယူဆသည်။

"ဒါဖြင့်လည်း ခွင့်ပြုပါဦး"

လူနှစ်ယောက်လုံးကို သူ့စိတ်ထဲ ထေးမှတ်ထားသည်။ သူ့စိတ်ထဲမှာ အလွယ်တကူ စာရင်းရှင်းနိုင်လိမ့်မည်ဟု မမှတ်။

ကိုမင်းလှိုင်က လူဝပေမင့် ကိုယ်က လမ်းကြိုလမ်းကြားလေးလေးလံလံ မဟုတ်။ သူ့ပုံက ဖျတ်လတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလျာလှိုင်ကကော။

ကလျာလှိုင်ကလည်း ပါးနပ်သည့်ပုံပဲ။

သူ ပြန်ထွက်လာတော့ ရှီးကေ့(စ်)ကောင်တာမှ လူတ ပြုံး၍ ...

"နေရာကျရဲ့လား"

"မကျပါဘူးဗျာ၊ ခင်ဗျားတို့ဆရာက အတော်ဈေးနှိမ်တဲ့လူ"

"သူ့ဆီရောက်ရင်တော့ သူ့သဘောကျ ဈေးပေးတာပဲ"

"သူ ဘယ်မှာနေသလဲ"

"ဘာဖြစ်လို့လဲ"

"အပြင်မှာ လိုက်စပ်လို့ ဟန်မကျရင် သူ့ဆီပဲ လာပြန်ထု ရမှာ"

"ဒါဆိုရင်တော့ သူ လက်မခံဘူးထင်တယ်"

"ပြောမှာသာ ပြောပါဗျာ၊ ကျွန်တော် ထပ်ကြိုးစားကြည့်မယ်"

"ဒီကို လာခဲ့ပေါ့ မိတ်ဆွေ"

"ဒီမှာဆိုရင် လာရတာ မကောင်းဘူးဗျ"

"ဒါဖြင့်လည်း ပြောလိုက်မယ် ရတနာသီရိလမ်း ခြံနံပါတ် ဆယ့်ခြောက်"

"ရတနာသီရိလမ်းက ဘယ်မှာလဲ"

"ဆင်ဝင်းရပ်ကွက်"

ဆင်ဝင်းရပ်ကွက်က ဘယ်မှာမှန်း မသိ။ ဒီအရပ်မှာတော့ မိမိက ငအူ။

သို့သော် သူက မှင်သေသည်။ ခေါင်းညိတ်ပြီး သူ လိုတာလေးတွေ မသိမသာ စုံစမ်းလိုက်သည်။



သည်ညနေ ငါးနာရီကျော်တွင် သူက တက္ကစီကား တစ်စီးနှင့် ဆင်ဝင်းရပ်ကွက်သို့လာသည်။

ဆင်ဝင်းရပ်ကွက်လို့ သူ သိသည်မဟုတ်။

တက္ကစီသမားက သိနေခြင်း ဖြစ်သည်။

သူ့စိတ်ထဲမှာ အကွက်ဆွဲနေသည်။ လင်မယားနှစ်ယောက်လုံးကို အိမ်ထဲမှာပဲ အပျောက်စာရင်းရှင်းလိုက်မည်။

စာရင်းမရှင်းမီလေးမှာ အတိတ်ကာလက အဖြစ်ကလေးကို ပြောလိုက်ပါဦးမည်။

သည်လင်မယားကို သူ မုန်းသည်။ ရွံသည်။ သတ်ချင်သည်။

သူတို့ကို စာရင်းရှင်းဖို့ ရပ်ဝေးက ဒုက္ခခံပြီး စုံစမ်းလာလိုက်ရတာ။

ကားကို ဆင်ဝင်းရပ်ကွက်က တစ်နေရာမှာ ရပ်နိုင်းသည်။

ကားသမားကို ငွေချေ၍ လျှောက်လာသည်။ လူသတ်ရမည် ဆိုတော့ လက်တွေက အေးစက်နေသလိုလို။

ရင်ထဲ အသည်းထဲမှာ ပူစပ်ပူလောင်။

အလုပ်လုပ်လို့ ဖြစ်ပါ့မလား။ တကယ်ဆို ရဲဆေးလေးတင်လာဖို့ လိုသည်။

လက်တွင်းမှာ ပတ္တူအိတ်နှင့် ကိုင်ထားသော ခွန့် သောခတ်နှစ်ချောင်းဆက်တုတ်ကို ခပ်တင်းတင်း ကိုင်လိုက်သည်။

သည်ကိရိယာလည်း လူသတ်လက်နက်အဖြစ် ပြောင်းလဲဦးတော့မှာပဲ။

ဒါကို သူ မလိုလား။

www.burmeseclassic.com

www.burmeseclassic.com



မလိုလားသည့်တိုင်အောင် လူတစ်ယောက် အသက်ထွက်လောက်အောင် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ဖို့က သည်ကိရိယာပဲ ရှိသည်။

ဆင်ဝင်းရပ်ကွက် ဆိုတာက မြို့ပြင်နားမှာပဲ။ မြို့ပတ်လမ်းနှင့်ဆိုလျှင် တစ်မိုင်မရှိတရှိ။

လူနေအိမ်ခြေ နည်းသည်။

ကိုယ့်ဝင်းကိုယ့်ခြံနှင့် ပုဂ္ဂလိက နေကြသူတွေ ဖြစ်သည်။ ခြံတွေက ကျယ်သည်။

လမ်းမှာလည်း လူတွေက ခြောက်သည်။

ကိုယ့်အိမ်မှာ ဘာဖြစ်သည်ဆိုတာ လူတွေမသိလောက်အောင် တစ်ခြံနှင့်တစ်ခြံကလည်း ကွာနေသည်။

ဒါကို ရာဇာထွန်း သဲသောကျနေသည်။

အလုပ်ဖြစ်မှာပါကွယ်။ သင်းတို့လင်မယား မနက်ဖြန်ထွက်သည့်နေကို မြင်ကြရတော့မည် မဟုတ်။

ခြံတွေကို လျှောက်ကြည့်သည်။

တွေ့ပြီ။ ခြံနံပါတ် ဆယ့်ခြောက်။

ခြံနံပါတ်ဆယ့်ခြောက်သည် ကျယ်ပြန့်သော မြက်ခင်းပြင်လှလှ။

ပန်းလှလှကလေးများ ဝေဆာနေသောခြံ ဖြစ်သည်။

ယူကလစ်ပင်၊ ထင်းရှူးပင်နှင့် ကုက္ကိုပင်တို့ကလည်း ခြံထဲမှာ မြင့်မြင့်မားမား။

တိုက်ကလေးက တစ်ထပ်တိုက်။

ပေါ်တီကို အောက်မှာ ရှင်းနေသည်။ သူတို့လင်မယား ရောက်နေကြပြီလား။



သူတို့လင်မယား လာလျှင်တော့ ကားနှင့်လာမှာသေချာသည်။ အိမ်ဆောင်သို့ ရာဇာထွန်းက လှေ့လာသည်။

လူရိပ်လူယောင် မမြင်။

သူ ရောက်လာခြင်းကို လူသိစေဖို့ မလို။

အထဲမှာ ဘယ်သူတွေ ရှိကြမလဲ။

လူတစ်ရပ်စာနီးပါး ဖွင့်ထားသော ပြတင်းပေါက်၏အောင်ကို ကျော်ပြီး ကြည့်လိုက်သည်။

နေရှင်နယ်ရေဒီယိုကို ဖွင့်ထားသည်။ မြန်မာ့အသံမှ ဘဒယရှင်ဆေး တိုက်ကျွေးခန်းမှ ဈေးသည်ကြီးဆန်နီ၏ ဟာသသံများ လွှမ်းနေသည်။

လူရိပ်လူငွေ့ မရှိ။

လင်မယားနှစ်ယောက် ပြန်လာပုံ မပေါ်သေး။

အိမ်ဆောင်တွင် သူ့ကိုယ်ကို ကပ်လိုက်သည်။

သူ အိမ်နားမှ ခွာလိုက်သည်။ ဆက်စောင့်ရမလား။ နောက်တစ်ခေါက်မှ ပြန်လာရမလား။

သူ့ကိုယ်သူ ယတိပြတ် မဆုံးဖြတ်နိုင်။

သူ တွေဝေသွားသည်။ ဤတွေဝေခြင်းသည် သူ့အတွက် မှားယွင်းသော ချွတ်ယွင်းချက်မှန်း သိသည်။ သူ ကြာကြာမတွေဝေနိုင်။

သူ့အာရုံကြောတွေ နိုးကြားလာသော အကြောင်းပေါ်လာရသည်။

"ကယ်ကြပါတော် ... လာကြပါ ... အမယ်လေး"

စူးစူးရှရှ အော်သံတစ်ခုသည် ခြံဝမှ ထွက်ပေါ်လာသည်။ သူ့တစ်ကိုယ်လုံး တောင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော အော်သံ။

သူသည် ထိုက်အားမှ ခွာလိုက်သည်။

"ယောဒီမှာ ကလေးကို ဆွဲနေပါပြီ၊ အား ..."

အော်သံက ထပ်ထွက်လာသည်။ မိန်းမတစ်ဦး၏ အော်သံ။

သိပြီ။

ဘာရယ်လို့တော့ တိတိပပ မသိ။ သို့လင့်ကစား သူ့ကိုယ်သည် ပကတိ ပင်ကိုစိတ်၏ နိုင်းစေချက်ကြောင့် ခြံပြင်သို့ ပြေးထွက်လာသည်။

မတရားပါလား။

မတရားမှု တစ်ခုပဲ။ မျက်မြင်ကို တွေ့နေရသည်။

မိန်းမငယ်သည် ကလေးတစ်ယောက်ကို ဖက်ထားသည်။ ယောကျ်ားသုံးယောက်က မိန်းကလေးကို ရိုက်နှက်ဖယ်ရှားနေသည်။

အဓိပ္ပာယ်က မိန်းကလေးလက်မှ ကလေးကို အတင်းအဓမ္မလုနေကြခြင်း ဖြစ်သည်။

သူသည် အေးအေးဆေးဆေး ရပ်ကြည့်နေသည်။ သူလာတာက သူ့ကိစ္စနှင့်သူ။

ဤကိစ္စနှင့် သူ လားလားမှ မဆိုင်။ ပြီးတော့ ဒီ မိန်းကလေးနှင့် ကလေးကို သူ လုံးဝမသိ။

"ကယ်ပါ အစ်ကိုရယ် ... ကယ်ပါ၊ ထူးထူးကို သူတို့ ... သူတို့ ..."

မိန်းကလေးသည် ဝတ်စားပုံ မတောက်ပ။



"ခင်ဗျားတို့ ကျွန်တော့်ကို ဘာလုပ်တာလဲဗျ၊ လွှတ်ဗျ၊ လွှတ် ..."

လူတစ်ယောက်လက်ထဲ ကလေးပါ ပါသွားသည်။ အကျီကုပ်ပိုးမှ ဆွဲခေါ်ခံရခြင်းကြောင့် လေထဲ ယက်ကန်ယက်ကန် ဖြစ်နေသည်။

"ခွေး ... ခွေးတွေ"

ဆဲဆိုသံနှင့် မိန်းကလေးက ကလေးကို လိုက်လုသည်။

လက်ပြန်တစ်ချက် အပေးခံလိုက်ရသည်။

"အမေ့"

မိန်းကလေး ပုံလဲသွားသည်။ ရာဇာထွန်းသည် လှည့်ထွက်သွားရန် ဟန်ပြင်သည်။

"အစ်ကိုရယ် ကယ်ပါဦး"

ရာဇာထွန်းကို ဘယ်သူရယ်လို့ မသိ။ သို့ပေမဲ့ ရေနစ်နေတုန်းတော့ ကောက်ရိုးတစ်မျှင်လိုပဲ ယူဆဟန်ရှိရှာသည်။

ရာဇာထွန်း ရပ်သွားသည်။ ကောင်လေးမှာ လေထဲမှာ ယက်ကန်ယက်ကန်နှင့်

"လွှတ်ဗျ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ၊ လွှတ် ... ယောဒီမှာ"

"အေပေးလေး ... တိတ်စမ်း"

တစ်ယောက်က ကလေးကို ဇက်ပိုး ဖြန်းခနဲ ချလိုက်သည်။ ဒီတွင်ပဲ ရာဇာထွန်းကို သတိပြုမိသွားသည်။

သူတို့ တုံ့ဆိုင်းသွားသည်။ သူတို့အားမှာက ဂျစ်ကားတစ်စီး။ အဓိပ္ပာယ်က ရှင်းနေသည်။ ကလေးကို လုယူခေါ်ဆောင်သည့်ပုံ။

"လွှတ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... မင်းနဲ့ ဘာဆိုင်လို့တုံး"

ရာဇာထွန်းက ခပ်အေးအေး လှမ်းပြောသည်။ ကလေးငယ်အတွက် ကာကွယ်ပေးလိုစိတ် ရုတ်တရက် ပေါ်လာသည်။

အသားမည်းမည်း၊ ဆံပင်ကောက်ကောက်နှင့် ကပြားတစ်ကောင်က ဟောက်လိုက်သည်။

"လွှတ်လိုက်ပါဗျာ၊ ပြဿနာမရှာချင်စမ်းပါနဲ့"

"ဟ ... ဒီကောင် ဘာကောင်လဲ"

"အပေါက်ကျဉ်းပေးလိုက်စမ်းကွာ"

တော်တော် သွေးဆာနေတဲ့လူတွေ။

ဝင်တားမိရုံလေးနှင့် ဝိုင်းတွယ်ကြသည်။ လက်ချည်းသက်သက်မလာ။

ဓားကိုယ်စီ။

သူတို့လက်ထဲမှာ ခလုတ်နှိပ်ဓား ကိုယ်စီကိုယ်င။

အနောက်သို့ ခိုတော့မည့် နေရောင်အောက်မှာ ဖြိုးဖြိုးဖြက်ဖြက် ဓားရောင်လှက်သွားသည်ကပဲ အသည်းထိတ်စရာ။

ရာဇာထွန်းက မမှု။

သူတို့က သုံးယောက်။ အင်အားမသေး။

အသားမည်း ကပြားကောင်က ပထမဆုံး ဝင်လာသည်။ ခလုတ်နှိပ်ဓားကို လက်ဖြောင့်တန်းကိုင်ပြီး ရာဇာထွန်း၏ ရင်အုံအောက်သို့ ပင့်ထိုးထည့်လိုက်တော့သည်။

"အမယ်လေး ... အား"

ရာဇာထွန်း အော်သံမဟုတ်မှန်း ထင်ရှားလှသည်။ အသားမည်းကောင် အသံက စတီရီယိုအဆိုကျော် တစ်ယောက် ဖင်ဖြဲအော်တာထက် ပိုရှူးသည်။ နားဝင်ချိုလိုက်တာ။



ရာဇာထွန်းက သူ့ ဓားနှင့်အထိုးမှာ ဘယ်ခြေကိုသာ နောက်သို့ မျဉ်းဖြောင့် ဆုတ်ပေးလိုက်သလို ညာလက်က ခွန့်ယောခတ် တုတ်ကြိုးသိုင်းအိတ်နှင့် လက်ကောက်ဝတ်ကို ဖိအုပ်ရိုက်ထည့်လိုက်ပြီးဖြစ်သည်။ နောက် လက်ပြန် ပင့်ထည့်လိုက်၏။

"ဖြောင်း"

အဆစ်ထပ်ထည့်ပေးသည်။ အသားမည်းကောင်က တစ်ချက်မှ ထပ်မအော်နိုင်ရှာ။

မြေပေါ်မှာ ဆန့်ဆန့်လေး။ သူ့နှာရှိုး အကောင်းတတိ မရှိတော့။

သည်အတွင်း နောက်ထပ်ဓားကိုင်သမားတစ်ယောက် ဆပ်ပြေးဝင်လာသည်။ သူ့ဓားကို ဦးဇွာမသုံးမီ ရာဇာထွန်း၏ ချက်ခွက်ထဲသို့ ဘယ်လက်သီးကို ဖြောင့်လက်သီးအဖြစ် အသုံးပြုလိုက်သည်။

ရာဇာထွန်းက သူ့ဘယ်လက်ကို ပြင်လိုက်သည်။ နေ့သူ့လက်သီးက အသုံးပြုလက်သီး မဟုတ်။

ခြောက်လက်သီး။

ရာဇာထွန်း ကိုယ်ဟန်ပျက်သွားချိန်မှာ ညာလက်ကဓားနှင့် ရာဇာထွန်း၏ ရင်အုပ်ထဲသို့ မိုးစိုက်ထိုးပစ်သွင်းလိုက်သည်။

ဘယ်ရမလဲ။

ညာခြေကို ညာဘက်သို့ ခြေတစ်ချက် ထပ်ထက် ်သည်။

လက်မှ ကြိုးသိုင်းတုတ်အိတ်နှင့် ပင့်ရိုက်ပေးလိုက် သည်။

ထိလိုက်တာမှ တည့်တည့်မတ်မတ်။

www.burmeseclassic.com

www.burmeseclassic.com



စိုက်ဝင်လာသော လက်ကောက်ဝတ်ကို ပင့်တင်လိုက်သော တုတ်အိတ်ကြောင့် ဓားကိုင်သမားခမျာ လက်တလျှောက်လုံး ဝေဒနာခံလိုက်ရသည်။

ထုံကျင်သွားပြီး နာထွက်သွားသည်။

လက်ကဓားပင် လွတ်သွားသည်

သူ အသံမထွက်နိုင်မီ ရာဇာထွန်း၏ ဘယ်လက်ဝါးစောင်းက သူ့နာနုရိုးထဲသို့ တန်းဝင်သွားတော့သည်။

ဒုတ်ခနဲ မြည်သံ။

သွားပြီ။ ကွေးကွေးလေး။

တစ်ယောက်က သတ္တိသွေး သိပ်ရှိဟန်တူသည်။ ရာဇာထွန်းမှာ အမဲမဟုတ်ဘဲ ကျားမှန်းသိသည်မို့ လှစ်ခနဲ ထွက်ပြေးသည်။

သူတို့ပစ်ချခဲ့သည့် ကောင်လေးက ငုတ်တုတ်။ အမယ် သတ္တိတော့ ရှိသား။

ငိုတောင် မငို။

မိန်းကလေးမှာ ဆောင့်ကြောင့်လေး ထိုင်လို့။

မျက်နှာက စက္ကူဖြူရုပ်မျက်နှာ။

မျက်လုံးကလေးက ပြူးဝိုင်းဝိုင်း။

တစ်ကိုယ်လုံး ဆတ်ဆတ်ခါလို့။

ကြောက်နေလိုက်တာ။ အရိုက်ခံရတော့မည့် ခွေးလေးလို။

"နင်တို့ ဘယ်ကလဲ"

လဲနေသူတွေကို ဂရုမစိုက်။ ရာဇာထွန်းက မေးလိုက်တော့ ...



"ကျ ... ကျွန်မတို့ ဒီအိမ် ..."

အိမ်ဘက်သို့ လက်ညှိုးညွှန်သည်။ အသံက မပျက်လွန်းသည်။ ချောမွေ့ဖို့ဆိုတာ ဝေးရော။

နားလည်လိုက်ပြီပဲ။

"ကိုမင်းလှိုင် သားလား"

ကောင်မလေးက ခေါင်းညိတ်သည်။

သူ့တွင် စိတ်ကူးတစ်မျိုး ပေါက်လာသည်။ ချာတိတ်ကို ဆတ်ခနဲ ကောက်ဆွဲလိုက်သည်။

"အို ... အို ... ဒါ ဘာလုပ် ..."

"နင့်ဆရာကို ပြောလိုက်၊ ကလေးရဲ့အသက်ကို လိုချင်ရင် သူ့အသက်နဲ့ လဲရမယ်လို့၊ အဲဒီနည်းတူပဲ ကလျာလှိုင်ရဲ့ အသက်ဟာလည်း ဒီကလေးနဲ့ အပေးအယူရှိတယ်လို့"

မြေပေါ်မှ နောတွေ လူးလွန့်လာချိန်ဝယ် ရာဇာထွန်းသည် ကလေးကို ကြမ်းတမ်းစွာ ဆွဲယူပြီး ဂျစ်ကားပေါ် တင်လိုက်ပြီး ဖြစ်သည်။

ကားကလည်း သော့အဆင်သင့်။

မိန်းကလေးက စူးစူးဝါးဝါး အော်လိုက်ချိန်မှာ ဂျစ်ကားက တစ်ဟုန်ထိုး ထွက်သွားတော့သည်။

ပါသွားပြီ။

ကိုမင်းလှိုင်နဲ့ ကလျာလှိုင်တို့ရဲ့ အသည်းနှလုံး။

www.burmeseclassic.com

www.burmeseclassic.com



## ၃

သူ့နောက်သို့ ဘယ်သူမှ ပါမလာမှန်းကို သိသည်။

ဒါတောင် စိတ်မချ။

နောက်သို့ လှည့်ကြည့်သည်။ ဘယ်လူမှ လိုက်မလာ။

ကားပေါ်မှာ ပါလာသော နောလေးက စူးစူးရှရှလေး

တော့ အော်သည်။ ရာဇာထွန်းသည် ကလေးငယ်များကို မရိုက်ချင်။

သို့တိုင်အောင် သူ့ဘေးလွတ်အောင် ကောင်လေး၏

ဖက်ပိုးကို နောက်လှည့်ပြီး တစ်ချက် ပစ်ရိုက်လိုက်သည်။

"ဟဲ့ကောင်လေး ... မင်း ဘာမှတ်လဲ၊ မင်းခေါင်းထဲက

ဦးနှောက်တွေ ထွက်သွားမယ် သိလား ... ခွေးမသား"

ကလေးနှင့် မတန်အောင် လှန့်လုံး ဖိန့်လုံးတွေ သုံး

လိုက်သည်။ အရာတော့ ရောက်သား။

ကောင်လေးက ငြိမ်သွားသည်။ ကောင်လေး ... ကောင်

ပါးလေး။ သူ့အန္တရာယ်ကို သူ စူးစမ်းမိသည်။

ကားကို မြို့ပြင်သို့ မောင်းထွက်လာသည်။

ဘယ်ကိုသွားပြီး ဘာလုပ်ရမည် ဆိုတာကို တဒင်္ဂမှာ

ရာဇာထွန်း မသိ။



သည်ကလေးကို ခေါ်လာဖို့ အစီအစဉ် သူ့မှာလက်

ဦးကမရှိ။ ခုမှ ကောက်ကာငင်ကာ စိတ်ကူးပေါက်လို့ ခေါ်လာခြင်း

သာ ဖြစ်သည်။

မှားသလား၊ မှန်သလား။

ကားမောင်းစဉ် ဝေဖန်ခဲ့သည်။ စဉ်းစားခဲ့သည်။

မြို့ပြင်လမ်းသည် ပြေပြေလည်လည် ကောင်းလှသည်

ဟုတ်။ ချိုင့်တွေ အထစ်တွေနဲ့။

သူ့ကားကို ကျော်တက်သွားသည့် ကုန်ကားနှင့် မှန်

ကားများလည်း ရှိသည်။ သည်အခါမှာ သူ သတိထားရသည်။

ကလေးက အော်လား ဟစ်လား လုပ်မှာ။

ကောင်နာလေးက နောက်ဘက်မှာ ငြိမ်ချက်သား

ကောင်းလှသည်။ ကြောက်နေပုံရသည်။

ကားများကို မြို့သို့အလာမှာသာ စစ်သည်။ အပြန်

မှာ အစစ်အဆေး ကင်းနေသည်။ ဒါကြောင့် ကားဂိတ်နှစ်ခုကို

တော့ အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်သည်။

တတိယဂိတ်ကျတော့ အထစ်အငေါ့။

ကားလေး,ငါးစီးလောက် တန်းစီရပ်နေသည်။ ရာဇာ

ထွန်းက ကားလီဗာကိုလျှော့ပြီး ဘရိတ်ကို အသာမျှင်းဖမ်းလိုက်သည်။

မာဇဒါဗင်ကားတစ်စီးနောက်မှာ သွားရပ်သည်။

ရှေ့မှာက မြိုင်ကလေး။

မြိုင်ကလေးရွာနားမှာမှ ကားတွေ လာတန်းစီနေသည်။

ရာဇာထွန်းသည် မာဇဒါကားပေါ်မှဆင်းပြီး စီးကရက်

ဖွာကာ စောင့်နေသော ကားမောင်းသူကို လှမ်းကြည့်သည်။

မေးချင်တာကတော့ သူ့ရင်ထဲမှာ အပြည့်။

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့ ကားတွေ ရှာတာလဲ”

လှမ်းမေးသည်။

“ဟာဗျာ ... မြို့ပေါ်ရဲစခန်းက ဝိုင်ယာလက်(စ်)နဲ့ အကြောင်းကြားလို့ လူတစ်ယောက် ကလေးတစ်ယောက်ကို ကားနဲ့ တင်ပြေးတယ်တဲ့”

ပြောသူက စိတ်ပျက်လက်ပျက်။

ရာဇာထွန်း စိတ်မှာ ဟာခနဲ။

ရဲတွေ ဒီလောက်မြန်လိမ့်မည် မထင်။

အတွက်အဆလည်း ကောင်းကြပါပေ့။

မြို့မှထွက်လျှင် ဒီလမ်းတစ်လမ်းပဲ လစ်ပြေးစရာ ရှိတာကိုး။

ရာဇာထွန်းက အမှောင်လွှမ်းနေသော ဂျစ်ကားနောက်ခန်းသို့ စောင်းငဲ့ကြည့်သည်။

သနားစရာ သတ္တဝါလေး။

ကောင်လေးက ငုတ်တုတ်။

“ဟေ့ကောင် အသံမပြုနဲ့နော်၊ အသံထွက်ရင် မင်းကို လည်ပင်းညှစ် သတ်လိုက်မယ် သိလား”

ကလေးတစ်ယောက်ကို မခြိမ်းခြောက်သင့်။

ဒါတွေကို ပ,ထား။

ခုချိန်မှာ အန္တရာယ်က အရေးကြီးဆုံး။

ကောင်လေး တစ်ချက်လှုပ်လျှင် သူ ကုပ်ကျသွားနိုင်သည်။

လွတ်လမ်းကို ဘယ်လိုကြံရမလဲ၊ ကားကို နောက် ပြန်စွာဆုတ်။ လာလမ်းအတိုင်း ပြန်မောင်း။



အဲ ... ဟုတ်ပြီ။ ဒီအကြံ ကောင်းတယ်။

ရာဇာထွန်းက လက်တခလာ ဖြေရှင်းချက်ထုတ်လိုက် ည်။ ကားစတာတ်တာကို နှိပ်လိုက်သည်။

မာဇဒါကားဆောမှ စီးကရက်သောက်သူက ရာဇာထွန်း နားမလည်သလို လှည့်ကြည့်လိုက်သည်။

ခက်ပြီ။

ကားကို စက်နှိုးလိုက်ကာမှ နောက်ဘက်မှ ဥဩသံ ခုကို ပြတ်ပြတ်တင်းတင်း ကြားလိုက်ရသည်။ ရာဇာထွန်း တွင်းမှာ ဒိန်းခနဲ။

နောက်လှည့်ကြည့်လိုက်သည်။ ဂျစ်ကားအမိုးနောက် ရှိ အပေါက်ကလေးမှ တန်းမြင်နေရသည်။

နီရဲပြီး မှိတ်တုတ် မှိတ်တုတ်နှင့် ပတ်ချာလည်နေသော လင်းရောင်။

သောက်ကျိုးနည်း။ ရဲကားကြီးပါပဲလား။

မီးနီရောင်က အရှိန်နှင့် ပြေးလာနေသည်။ ရာဇာထွန်း ျသော ဆုံးဖြတ်ချက်ကို ချလိုက်သည်။

“ဟေ့ ... ကောင်လေး၊ လာ”

သူက ကလေးငယ်ကို ဂျစ်ကားပေါ်မှ ဆွဲချလိုက် ည်။

ခုလိုအချိန်မျိုး ကား,လေးဘီးထက် သူ့ခြေထောက် ချောင်းကို အားကိုးမှ သင့်မြတ်တော့မှာပဲ။

မာဇဒါဗင်ကားဆောမှ စီးကရက်သောက်နေသူသည် ထွန်းကို တအံ့တသြကြည့်လိုက်သည်။ ရာဇာထွန်းက ကောင် လက်ကို အဆွဲတွင် ကောင်လေး မှောက်ရက်ထိုးလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မလိုက်ဘူး၊ ထားခဲ့ဗျ"

ကောင်လေးက အော်သည်။ ရာဇာထွန်းက စိတ်ဆ
သွားသဖြင့် တင်ပါးလေးကို ဖြန်းခနဲ ရိုက်လိုက်သည်။

"ချွေးလေး ... လိုက်ခဲ့"

ကောင်လေးကို သူ့ပခုံးပေါ် ထမ်းလိုက်သည်။ ပေါ
သာဒ၏ အပြေးစံချိန်နှုန်းကိုယူပြီး တစ်ဦးတည်း မာရသွန်ပြေးပွဲ
ကျင်းပလိုက်သည်။

သူပြေးရာ ဦးတည်ရာက ရှေ့တူရူမှ လယ်ကွင်းတွေ

လယ်ကွင်းတွေက မြိုင်ကလေးရွာပတ်လည်မှာ ဝိုင်
နေသည်။ ဟိုမှာဘက်က တောအုပ်။

သူ မြန်သလို ရဲကားကလည်း မြန်သည်။ သူ့ကား
နောက်ဘက်မှာ ရပ်ခဲ့ပြီးပြီ။

မာဇဒါကားဘေးမှ စီးကရက်သောက်နေသူသာ
ခဲ့လျှင် ရဲများ ဘာမှ သိမည်မဟုတ်။

ဒီလူဆိမှ တိုင်ချက်ကို ရဲများသိသွားကြပြီးနောက်
တွင် ပတ်ဝန်းကျင်ဝယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

မီးရောင်တွေ တဝင်းဝင်း။

ခြေသံတွေ တဖြုန်းဖြုန်း။

သူ့ခြေ မြေစောင့်နတ်မင်း ခေါင်းကျိန်းလောက်အော
ဆူညံသွားလေရဲ့။

ရာဇာထွန်းက ရွာဘက်ကိုမသွား။ ရွာကိုကွင်း
ကြယ်ရောင်အောက်မှာ မမြင်မစမ်း ခြေကုန်သုတ်တော့သည်။

သူသည် လေ့ကျင့်ခန်းများခဲ့သူ တစ်ယောက်။
ထမ်းထားသော ဝန်က ပိန်ပိန်ပါးပါး။



မှန်းခြေအတိုင်း ခြေသွက်လွန်းလှသည်။

"မပြေးနဲ့၊ ရပ်လိုက်၊ ဟေ့ ... မင်း ပြေးလို့ မလွတ်ဘူး"

"ဒိုင်း ... ဒိုင်း"

နောက်မှလိုက်လာကြသူများ၌ ရဲသားသုံးဦးနှင့် ရဲအုပ်
စ်ဦး။

ရဲအုပ်က သေနတ်ထုတ်ပြီး အထက်သို့ ထောင်ပစ်
က်လှန့်သည်။ ရာဇာထွန်းအဖို့ ရဲနှင့်ချည်း ဝိုင်းကြီးပတ်ပတ်
ဝေ သံသရာလည်နေသည်။

မြို့ပေါ်ကို ရောက်စကလည်း ရဲနှင့်။

ယခု သည်ဘက်မှာလည်း ရဲများက ထက်ကြပ်မကွာ။

ပြေးဖို့က မိမိတာဝန်။ လိုက်ဖို့က သူတို့အလုပ်။
ပြေးလိုက်စမ်း။

ရာဇာထွန်း တတ်နိုင်လျှင် အရှောင်ပေါက်ပစ်လိုက်
င်သည်။ လယ်ကွင်းမှာ ထွန်ရေးချထားသဖြင့် ခြေတွေမှုပြီး
က်နေသည်။

ရွာဘက်မှာလည်း ဆူဆူညံညံ ကြားရသည်။ သေ
တ်သံကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြဟန်တူသည်။

ဤဇေရီယာသည် တစ်ချိန်က အဖျက်သမားတို့၏
သိုင်းအဝိုင်း နယ်မြေဇေရီယာ။ ယခု အေးချမ်းနေသည်မှာ ကြာပြီ။
နတ်သံကြောင့် တစ်မျိုးတစ်ဘာသာ ခံစားလိုက်ကြရဟန်တူ
ည်။

"ကျွန်တော် ပြန်မယ်၊ ကျွန်တော့်ကို ချ၊ ကျွန်တော်ပြန်မယ်၊
လွှတ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကောင်စားလေးပါလိမ့်။ ပန်းပေါ်မှ ကောင်လေးက ခုကာမှ ထိုးထိုးထွန့်ထွန့်၊ တွန့်တွန့်လိမ်လိမ် ဘီကောင်မျိုး ဖြစ်လာသည်။

"ဟာ ... ဒီကောင်၊ ငါတီးလိုက်ရ"

ရာဇာထွန်း ဒေါသနှင့် ပြောမိသည်။ တကယ့် ဒေါသဖြစ်တာ။

သူ့ကိုလည်း ထမ်းလာရသေးရဲ့။ မောလည်း မော ပြနေချေပြီတည့်။

နောက်လူတွေကလည်း မလျှော့။

လက်နှိပ်ဓာတ်မီးရောင်များက တစ်ခါ တစ်ခါ သူ့ နားသို့ ရောက်လာသည်။ တစ်ခါ တစ်ခါ သူ့ကိုယ်ပေါ် ဖြတ်က သွားသည်။

ဘုန်းခနဲ လဲကျသံနှင့် ဆဲဆိုသံက ရဲသားတစ်ဦး၏ နှုတ်မှ လွှတ်ခနဲ ထွက်လာသည်။

ထွန်ကြောင်းချထားသော မြေချိုင့်ထဲသို့ ခြေချော်ပြီး လဲကျသွားခြင်း ဖြစ်သည်။ ကျန်လူတွေက ရပ်သွားကြသည်။

ကိုယ့်ရဲဘော်ကို ကိုယ်ပြန်ပြေး ထူကြရပြန်သည်။

ခြေထောက် မထောက်နိုင်တော့ဘူး၊ ခြေသပ္ပတ်တိုး လည်သွားပြီ ထင်ပါရဲ့။

ရဲသားခမျာ ထမရပ်နိုင်ရှာ။ ညည်းညူသံသာ ထွက် လိုက်မိတော့သည်။

"ချီး ... အရေးထဲ အရာပေါ်လာပြီ၊ သောင်းထွန်း ... ခေါ် နေခဲ့၊ သိန်းရွှေ ... ငါနဲ့ ဆက်လိုက်စမ်း၊ ရှေ့ကခွေးသေး က တစ်ကောင်တည်းဆိုတော့ တို့ နိုင်ပါတယ်"



ရဲအုပ်က သူ့ရဲသားတစ်ယောက်ကို အပါခေါ်ပြီး ဆက်လိုက်ပြန်သည်။ သူ့အသံမှာ မောသံပါနေသည်။

တစ်ပန်းရှုံးနေပြီ။ ရှေ့လူက အတော်ဝေးကွာနေပြီ။ လက်နှိပ်ဓာတ်မီးမီးသည့် နေရာထက်ကို ဝေးကွာစွာ ရောက်နေပြီ။

မဖြစ်ဘူး လိုက်ဦးမှ၊ လိုက်ခွဲကိုတော့ မလျှော့။ ကြိတ်လိုက်စမ်း။ ရဲပဲ။

ရှေ့မှပြေးသည့် ရာဇာထွန်းက နောက်ကိုလှည့်ကြည့်။ နောက်မှာ ဘာဖြစ်သည်ကိုလဲ သူ မသိ။

လယ်ကွင်းတွေကိုဖြတ်၍ ညာဘက်သို့ ဝန်းပြေးသည်။ မျက်စိကျင့်သား ရလာသည်။ ရှေ့မှာတ မို့မို့မည်းမည်း။

မြေကမူတွေ။

ခင်တန်းကလေးကို ကျော်လာသည်။ မြေဝပ်ပင်ကလေးများသာ ပေါက်နေသည်။

ပုန်းစရာရဖို့က အရေးကြီးသည်။ ရွာနှင့် ကွာလာသည်။ ပုန်းဖို့တွေ့ပါတော့။

သူ့မျက်လုံးများက ခပ်လှမ်းလှမ်းတွင် မည်းမည်း သဏ္ဌာန်များ မြင်လာသည်။ မိုးမိုးမတ်မတ်နှင့်။

"အိုး ..."

သူ လွှတ်ခနဲ အော်လိုက်သည်။ သူ့တစ်ကိုယ်လုံး ဆလဟာနယ်ထဲ ရောက်သွားသည်။ သူ့ကိုယ်ကို လျှင်မြန်စွာ ထိန်းသိတ်သည်။

အသည်းထဲမှာ အေးခနဲ။

ပန်းပေါ်မှ ကောင်လေး လွင့်သွားသည်။ ကောင်လေး၏ ငယ်သံပါအောင် အော်လိုက်သံကို ကြားရသည်။ သည်နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ခနဲ အသံတစ်ခု။

သူသည်လည်း အရှိန်နှင့်ကျပြီး အောက်က ကိုင်ဆောင်သလို ခံစားလိုက်ရသည်။ သူ့လက်တစ်ဖက်တွင် ကိုင်ထားသော တုတ်ကြီးသိုင်းအိတ်ကိုလည်း အောက်သို့ကျလာစဉ် လွှင့်ပစ်ခဲ့ပြီး ဖြစ်သည်။

အောက်မှကိုင်ဆောင်သဖြင့် ကိုယ်တွင်းထဲရှိအူအသည်းတွေ တစ်ပြုံလုံး ပြုတ်ထွက်သွားရော့သလား အောက်မေ့ရသည်။

ချွေကျ ကျတယ် ထင်ပါရဲ့။

သူ့မျက်လုံးထဲ အမှောင်။

အသက်ရှူကျပ်သွားသည်။

သတိကင်းသွားရှာသည်။ ကမ္ဘာကြီးကို မေ့ပစ်လိုက်ပြီပေါ့။

❦ ❦ ❦

**မိုးပေါ်မှာ ကြယ်ပွင့်လျှာလေးတွေ ပြုံးလို့ ရယ်လို့။**

**သူတို့ကတော့ ပျော်နေလိုက်ကြတာကွယ်။**

**သူတို့ကတော့** မလွှတ်မလပ်။ အခိုက်အတန့်မှာတော့ ကြယ်ကလေးတွေက သူတို့ထက် လွတ်လပ်နေလိုက်တာ။

အာကာပြင်မှာ တွဲလွဲခိုနေတဲ့ စိန်ပွင့်လေးတွေ။

သူတို့ဆိုတာ ရာဇာထွန်းနဲ့ ချာတိတ်ငယ်။

ပါလာသော ယွန်းဆင်ဓာတ်ငွေ့မီးခြစ်ကို ခြစ်ကြည့်တော့ ရေတွင်းပေါင်းတစ်ခုထဲ၏ ဝမ်းဗိုက်ထဲမှာ ငုံမိနေကြောင်း သိရသည်။



အသူတစ်ရာနက်သည့် ရေတွင်းမဟုတ်ပါ။

ရှိလှမှ အနက်က ပေသုံးဆယ်လောက်။

ဒါပေမဲ့ အတက်ရ ခက်လှသည်။ ရေတွင်း နံရံတွေ ာ ပြောင်ချောနေသည်။ အုတ်နီတွေကို ညီညာစွာ အဆင့်ဆင့်စီပြီး ွန်ကရစ် ကိုင်ထားသည့် အုတ်ရေတွင်းမျိုး။

သူတို့ သိပ်ကံကောင်းသည်။

သူတို့ကို သိကြားမင်းက ပဒ္ဒုတ္တာမွေလာ မြကျောက် ာ ခင်းပေးလိုက်သည်နှယ်သို့။

အောက်ခြေမှာ ချုံနွယ်တွေ ပိတ်ညှပ်ပေါက်နေတော့ အပေါ်ကျရတာ ကောက်ရိုးပုံပေါ် ကျရတာထက် ဘာခြားသလဲ။

ပို ကံကောင်းသည် ဆိုတာက ခြေလက်များ မကျိုး ခဲ့ရှိသည့်အပြင် ထစ်ကိုယ်လုံးမှာ ဒဏ်ရာဝေးစွ။

ဒါက နှစ်ယောက်စလုံး။

ကောင်လေးက ကျိတ်ငိုနေပြီ၊ သူရော ကောင်လေး ာ သတိရလာကြတာက မရှေးမနှောင်း။ အဲ ... ကောင်လေးက ူ့အရင် သတိရခဲ့သည်။

သူ့ကို လှုပ်လှုပ်နှိုးသည်။ သည်အခါမှ သူ သတိရ ာသည် ဆိုပါစို့။

ရေတွင်းနှုတ်ခမ်းဝိုင်းဝိုင်းပေါ်မှ မိုးကုတ်စက်ဝိုင်း ဝိုင်း ိုင်းပုံကို ကြယ်တွေနှင့် မြင်ရသည်မှလွဲပြီး ကျန်တာက အမှောင်။

ခက်ချေသေးရဲ့။

ဘယ်ရောက်လို့ ဘာလုပ်ရမှန်းတောင် မသိ။

ကိုချွေရဲတို့ မိမိတို့ ဒီရေတွင်းထဲကျခဲ့ခြင်းကို မျက်စိ သွားကြပုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးငိုပြီး အိပ်သွားသည်။ မှောင်ထဲမှာ ရာဇာ ထွန်း ငုတ်စုတ်။

သူ့လက်စွဲတော် နှစ်ချောင်းဆက်တုတ်ကို ပြန်တွေ့ သည်။ သူ ရှေ့ဆက် ဘာလုပ်ရမည်ကို စဉ်းစားနေသည်။

လူနှစ်ယောက်ကို သူသတ်ဖို့ကြံခဲ့ပြီးမှ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလွဲခဲ့သည်။

မမျှော်လင့်ဘဲ ချာတိတ်ကို သူ ခေါ်လာခဲ့သည်။

ဒါက သူ့မဟာချွတ်ယွင်းချက်ကြီး။ ကိုမင်းလှိုင်နှင့် ကလျာလှိုင်ကို အပိုင်ကိုင်ဖို့ သော့ချက်သည် ဤချာတိတ် မှတ်လား။

ဒါက စောစောက ရေတွင်းဟောင်းထဲ မရောက်ခင် အတွေး။

ဟင့်အင်း ... ခုတော့ ဒီချာတိတ်က သူ့အတွက်အမည်းစက်မှ တကယ့်အမည်းစက်။

ချာတိတ်ကို သူ ခေါ်သွားကြောင်း ကိုမင်းလှိုင်တို့ လင်မယား သိကြသည်။ သိတော့ ရဲတိုင်မည်။ ရဲကလည်း အလျှင်တဆော ရှာဖွေမည်။

ဒါကြောင့်သာ သူ ချွေးပြေး ဝက်ပြေး ထွက်ပြေးလာရတာပဲ။

ရာဇာထွန်းက မဲ့ပြီး ပြုံးသည်။ ပထမတော့ သူက ကျား။ ခုများတော့ သားကောင်။

အမယ်လေးဟယ် ... သေလိုက်ပါတော့။

သေမှာလည်း သေချာသည်။ ဒီရေတွင်းပျက်ထဲ သူ ရောက်နေတာ ဘယ်သူ သိမှာတဲ့လဲ။ အစာငတ် ရေငတ်နှင့် အိန္ဒိယ ပြည်နယ်က ဘီယာဖရာပြည်နယ်သား ဖြစ်ရဦးတော့မှာပါပဲ။



သူ့စီးကရက်ဘူးကိုထုတ်၍ စီးကရက်ကို များများ မသောက်ချင်။

စီးကရက်သောက်ပါများရင် ရင်ခြောက်ပြီး ရေငတ်လိမ့်မည်။

စဉ်းစားခန်းလေး ဝင်အောင်တော့ သောက်ဦးမှ။

ရေတွင်း၏အချင်းက ငါးပေသာရှိသည်။ ကိုယ်လက်ဆန့်လို့ ရကောင်းပါရဲ့။

တစ်ခု စဉ်းစားမိသည်။ ကြေကျချမ်းသွားသည်။ ဓာတ်ငွေ့မီးခြစ်ကို ခြစ်လိုက်သည်။ မီးတောက်ကို မြှင့်တင်လိုက်သည်။

မီးအလင်းရောင်အားက ပိုမိုပီပြင်လာသည်။ ကျယ်ပြန့်လာသည်။

မြွေ။

ရာဇာထွန်းသည် ငယ်ငယ်ကလေးကတည်းက မြွေကို ရွံသည်။ မြွေကို မနှစ်သက်။

ခုလို ရေတွင်းဟောင်း ရေတွင်းပျက်မျိုးတွေဆိုရင် မြွေတွေခိုနေတတ်လေရဲ့။ သူ ရောက်ရာက အောက်က ချုံနွယ်ချုံပင်တွေ ထူထူသိပ်သိပ် ပေါက်နေသည်။

ဒီအောက်မှာ မြွေမနေဟု ပြောနိုင်ပါ့မလား။

ဖင်ကိုသာ မြွေပေါက်လိုက်ရင်တော့ ...

အမယ်လေး ... အသည်းယားစရာကြီးပါလား။

ယောင်ယမ်းကာ ထ,လိုက်သည်။ အောက်ဘက်သို့ သေသေချာချာကြည့်သည်။ သူ့အောက်မှာ သူ အမည်အမျိုး မသိတဲ့ ချုံပင်နွယ်ကလေးတွေက အရိုးရော အရွက်ပါ ပိပြားစုတ်ပြတ်လို့ ခန္ဓာစဲနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေမရှိ။

တကယ်တော့ အတွေးလွန်ခြင်းသာ။

ဘယ်မြေ ဒီရေတွင်းပျက်ထဲ လာနေမလဲ။ မြေဆိုတာက တွားသွားသတ္တဝါ။ မိုးစရာတွယ်စရာရှိမှ အတက်အဆင်း လုပ်တတ်တဲ့ သတ္တဝါမျိုး။

ပြီးတော့ ဒီအထဲမှာနေလို့ ဘာကောင်များ စားနိုင်မှာလဲ။ ငါးလည်းမရှိ၊ ဖားလည်းမရှိ။

သို့လင့်ကစား ...

သူ့စိတ်ထဲမှာ တစ်ခုခုတော့ ချောက်ချားနေသည်။ ဘာရယ်လို့ မသိ။

ချုံနွယ်တွေအောက်မှာ တစ်ခုခုတော့ ရှိပြီထင်သည်။ ချုံနွယ်တွေ ညုပ်သိပ်နေတာက မနည်း။ အမြင့်က အောက်ခြေ မြေပြင်မှ ဘယ်လောက်မှန်း မသိ။

သူ ပြန်ထိုင်လိုက်သည်။ ဓာတ်ငွေ့မီးခြစ်ကို ငြိမ်းသတ်လိုက်သည်။ ရေတွင်းကို နောက်ပြန်မှီလိုက်တော့သည်။

မှောင်ထဲမှာ ကောင်လေး၏ အသက်ရှူသံကို ကြားနေရသည်။ သူ့မျက်လုံးများ မှေးစက်သွားသည်။

ပူခနဲ နွေးခနဲကြောင့် လန့်နိုးလာသည်။

ခပ်ပူပူ အရည်များက သူ့လက်ကို လာရောက်ထိတွေ့သည်။ သူ့ရင်ထဲမှာ ထိတ်ခနဲ။ စိုသွားသောလက်ကို ရှပ်လိုက်သည်။

ပွန်ဆင်မီးခြစ်ကို ထုတ်ခြစ်လိုက်၏။ ဘယ်လက်ခုံမှာ ရေအချို့ စိုနေသည်။ နာခေါင်းထဲ အနံ့တစ်မျိုး။

ချက်ချင်း လက်ကို နာဝနား တော့လိုက်သည်။



သမားရိုးကျ အနံ့တစ်ခုကို သူ့အသိ ခွဲခြားသိလိုက်သည်။

သေးတွေ။ သေးတွေပဲ။

ခုမှရှင်းသည်။ ကိုယ်တော်ချောလေးက အိပ်နေရင်းမှ ပင် ရတနာရွှေပြွန်မှ ရေသွန်လိုက်ခြင်းပေပဲကိုး။ ဟင်း ... ဟင်း ... အတော်ခက်သေးတဲ့ ချာတိတ်။

အိပ်ရင်း သေးပေါက်တတ်တဲ့အကျင့် ရှိနေတာပဲ။

သူက မှဲမှဲလေး ပြုံးလိုက်သည်။ တွင်းနံရံကို ပြန်မှီလိုက်သည်။ တွင်းထဲကို လေမဝင်တော့ အိုက်စပ်စပ် ရှိလှသည်။

နွေနှောင်းမို့ လေက သေနေသည်။

ဒါပေမဲ့ သူ အိပ်လို့တော့ ရသည်။

အိပ်မက်ထောင် မက်လိုက်သေးသည်။ အရိုးစုကြီး တစ်ခုက တွင်းထဲမှာ ထိုးထိုးထောင်ထောင်နှင့် ထ,ထိုင်သည်။

သူ့ကိုသွားဖြဲပြသည်။ သူက အရိုးစုကို အံ့အားသင့်ကြည့်စဉ် အရိုးစု၏ မျက်လုံးများထဲမှ မျက်ရည်ပေါက် နှစ်ပေါက် လျှံထွက်လာသည်။

ဤမျက်ရည်ပေါက် နှစ်ပေါက်က ချက်ချင်း ရွှေစက် ရွှေဥတွေ ဖြစ်သွားသည်။ ရာဇာထွန်းက ဘာလုပ်ရမည် မသိ။

အရိုးစုကြီးက သူ့လည်ပင်းကို လာဖျစ်ပြီး လှုပ်နေသည်။

သူ လန့်နိုးလာသည်။ ကြည့်လိုက်တော့ အရိုးစုရုပ်မရှိ။

ရေတွင်းထဲမှာ အလင်းရောင်တွေက ဖိုဖိုပြင်ပြင်။

သူ့လည်ပင်းကို ကိုင်လှုပ်နေတာက ကောင်လေး။

"ဟာ ... ချာတိတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ဆာတယ်ဗျ"

ကောင်လေးကို သူ အသံပြုလိုက်သည်။ ကောင်လေးက သူ့လည်ပင်းကို ကိုင်လှုပ်ပြီးမှ ကြောင်တောင်တောင်ကြည့်ကာ ဆိုသည်။

"ဆာတယ် ... ဟုတ်လား၊ ဆာလည်း ဘာတတ်နိုင်မှာလဲ ကွာ၊ တို့မှာ အဝိစိထဲ ရောက်နေတာ"

သူကပြော၍ ခေါင်းကို ယမ်းလိုက်သည်။ သူ့စကားကို ကလေးက ဘာမှနားလည်မည် မဟုတ်ပါ။ သဘောပေါက်မည်မထင်။

"ဆာတယ်၊ အဖေကြီးနဲ့ အမေကြီးဆီ ပို့ပေး"

ကောင်လေး အသံက မာလာသည်။ ငိုတော့မည့် အသွင်။ မျက်လုံးတွေက တစ်ဖက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"မင်းကလည်းကွာ၊ အရေးထဲ အရာပေါ်နေပြီ၊ ဘယ်လိုလုပ် ပို့မလဲ၊ ရေတွင်းထဲ တို့နှစ်ယောက်လုံး ကျနေတာ"

"ဟင့်အင်း ... မုန့်စားမယ်၊ ဆာတယ်၊ ကျွန်တော့်ကို ခေါ်-လာပြီး"

ကောင်လေးက ဟင့်ခနဲ ရှိုက်လိုက်သည်။

မိုးပေါ်ကို မော်ကြည့်သည်။ နေရောင်ဖြူနေသည့် ကောင်းကင်ပြင်။

"မင်းဆာသလို ငါလည်း ဆာတာပဲကွ၊ ဒီမှာ စားစရာ မြက်ပဲရှိတယ်၊ ဆူးပင် ချုံပင်တွေပဲ ရှိတယ်"

"ကျွန်တော် ဆာတယ်၊ စားဖို့ရှာပေး၊ အမေ့ဆီ ပြန်ပို့ပေး။ အီး ... ဟီး"



ညက တစ်ချိန်လုံး ငြိမ်နေသမျှ ယခုတော့ ချာတိတ်က အစွမ်းပြချေပြီ။

"ဟေ့ကောင်လေး ... ငိုမနေနဲ့၊ မင်း ငိုရင် သတ်ပစ်မယ်"

ခြောက်ကြည့်သည်။ လက်ဝါးကြီးတစ်ဖက်ကို ရွယ်လိုက်သည်။

ချာတိတ်က အငိုမရပ်၊ သူ့လက်ဝါးကိုလည်း မကြည့်၊ သူ့မျက်နှာကြီးကိုတောင် ကြောက်စရာလို့ မမှတ်။ ခပ်တည်တည် ငိုမြဲငိုလျက်။

"မင်းက လိမ္မာပါတယ်ကွာ၊ မင်း ဖေဖေဆီ တော်ကြာ ပြန်ပို့ပါ့မယ်ကွာ၊ မင်းကြိုက်တာလည်း ဦးဦး ဝယ်ကျွေးပါ့မယ် သားရယ်"

တစ်နည်းမဟန်တော့ သေနင်္ဂဗျူဟာကို တခြားနည်းသို့ပြောင်းမိသည်။ ချာတိတ်ကို သူ့ရင်ခွင်ထဲသို့ ပွေ့ချီသွင်းလိုက်သည်။

"အခု ပြန်မယ်၊ အီး ... အီး"

ငိုသံနှင့် ဆိုသည်။ ငိုသာငိုသည် မျက်လုံးက မမှိတ်။

"ဘယ်ကို ပြန်မှာလဲကွာ၊ တို့ ရေတွင်းကြီးထဲ ကျနေတယ်၊ လူတစ်ယောက်က လာဆယ်ပေးမှ ရမယ်"

ပြောပြီးမှ သူ့အမှားကို သိသည်။ ကောင်လေးက အော်အော်ငိုသည်။ ကောင်လေး ငိုသံက ရေတွင်းထဲမှာ လှိုင်ပြီး ဆူလာသည်။

"မင်း ငိုရင် ငါဦးနှောက်ခြောက်လာပြီ၊ မင်းကို ပြန်ပို့မှာပါကွ၊ အပေါ်ကို မော့ကြည့်စမ်း၊ မိုးတောင် လင်းပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ခေါင်းကိုယမ်းသည်။ ကောင်လေး မျက်လုံးတို့ကို ကြည့်ပြီး ရာဇာထွန်း စိတ်ထဲ တစ်မျိုးတစ်မုံ တွေ လာသည်။

ကောင်လေးမျက်လုံးရှေ့တွင် လက်ချောင်းများကို ယမ်းပြသည်။ ကောင်လေးအဖို့ မထူးခြား။

မြတ်စွာဘုရား ...

သူ နားလည်သဘောပေါက်မိသည်။ သည်ကောင်လေး မျက်စိ မမြင်။ ကြောင်တောင်ကန်းလေး။

ကောင်လေးကို သူ့ရင်ခွင်ပေါ်မှ ဆွဲဖယ်၍ ချုံပင်များ ပေါ် ချပေးလိုက်သည်။

ကောင်လေး အငိုမပျက်။

ငို ... ငို ... မင်းငိုရင် မောမှာပဲ။

ဒါက သူ စိတ်ညစ်ညစ်နှင့် အတွေး။

"ဟေ့ ... ရေတွင်းထဲမှာ ဘယ်သူတွေလဲ"

အောင်မြင်နက်ကြောသော အသံကြီးတစ်သံ။

တွင်းဝက မမျှော်လင့်ဘဲ ပေါ်လာသည်။

တွင်းဝမှ အောက်သို့ ငုံ့ကြည့်နေသော လူတစ်ယောက်။

လူဟုသာ ဆိုသည်။ သူ့မျက်နှာတွင် အဖုအပိန့်များ ထွက်၍ အသားပိုတွေ သီးထနေသည်။ ဆံပင်များကလည်း ရှည် လျားပြီး ကုပ်ပိုးကို ကျော်လွှားဖုံးအုပ်နေသည်။ ငုံ့နေသဖြင့် မျက်နှာ ကိုလည်း ကျော်လွှား လွှမ်းခြုံနေသည်။

တောတွင်းသား တစ်ယောက်ရဲ့ အသွင်ပါလား။

အသက်က ငါးဆယ်ကျော်လောက်။

သူ့ကို တွေ့တွေ့ချင်း ရာဇာထွန်း လန့်သွားသည်။



လန့်သွားခြင်း၏ နောက်ဆက်တွဲလာတာက ငြိမ်းသာ

သူတို့ကို ဒီလူပဲ ရေတွင်းထဲက ကယ်နိုင်သည်မဟုတ်

"ကျွန်တော်တို့ ဒီရေတွင်းထဲကို ညကချော်လဲပြီး ကျခဲ့တာ ပါ၊ ကံကောင်းလို့ မသေခဲ့ မကျိုးခဲ့တာပါ"

"မင်းတို့ကို ငါ မေးနေတယ်၊ မင်းတို့ ဘယ်သူတွေလဲ၊ ဟို ငိုနေတဲ့ ကောင်လေးကကော"

သူ့အမေးက ထန်လှချည့်။

"ကျွန်တော်တို့ လူကောင်းတွေပါ"

"လူကောင်း၊ ဟား ဟား ဟား ... လူကောင်းက ကွင်ထဲ ရောက်နေသလား၊ ဒီလိုဆို လူအလောင်းပဲ ဖြစ်မှာပေါ့၊ ဟား ဟား"

အို ... သူ့ရယ်မောသံကြီးက တစ်မျိုးပါ။

သူရူးတစ်ယောက်၏ ရယ်ခြင်းမျိုးလား။

သေမင်း၏ လှောင်ပြောင်ခြင်းမျိုးလား။

အသံဖမ်းရ မလွယ်ပါလား။

"ကျွန်တော်တို့ကို ကယ်ပါဗျာ"

"ဟာ ... ကယ်ပါ ဆိုတာ သူတောင်းစားကွ၊ ခင်းတို့ သောက်ကမြင်းကြောထပြီး ရေတွင်းထဲကျတာ ငါက ဘာ ဖြစ်လို့ ကယ်ရမှာလဲ"

အလိုလေး ... မာကျောလိုက်တာ။

ဒေါသထွက်ရမှာထက် ရာဇာထွန်း အံ့ဩသွားသည်။ ရက်စက်တဲ့စိတ်တွေ ရှိနေသလား။ သူရူးပဲလား။

www.burmeseclassic.com

www.burmeseclassic.com



"လူလူချင်း ညှာတာပါ ဦးလေးရာ"

"လူလူချင်း ဘာများ ညှာတာစရာ လိုသလဲ၊ ငါ့တို့ကော ဘယ်သူက ညှာတာခဲ့ဖူးလို့လဲ"

"ဦးလေး မကယ်ရင် ကျွန်တော်တို့ သေလိမ့်မယ်"

"မင်းတို့ သေတာပဲကွ၊ ငါသေတာမှ မဟုတ်ဘဲ"

"ဦးလေး လူသတ်သမား ဖြစ်သွားလိမ့်မယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ လူသတ်သမား ဆိုတာ လူတစ်ယောက်ကို လက်နဲ့သတ်မှ လူသတ်သမားကွ၊ အခုဟာက မင်းတို့ဘာသာ မင်းတို့ သေတာ"

"ကျွန်တော်တို့ကို ထားခဲ့မလို့လား"

ရာဇာထွန်း လန့်လာသည်။ အထက်လူက အောက်ကလူကို နောက်ပြောင်ပြောနေခြင်း မဟုတ်မှန်း သိလာသည်။

"ထားခဲ့မှာပေါ့၊ ငါက ကလေးငိုသံကြားလို့ ဘယ်သူပါလိမ့်လို့ လာကြည့်တာ"

"ခင်ဗျား အတော်ယုတ်မာတဲ့လူ၊ ညစ်ပတ်စုတ်ပဲ့တဲ့လူ"

"လူ့လောကကြီးမှာ လူတွေဟာ ညစ်ပတ်စုတ်ပဲ့နေကြတာပဲ၊ ယုတ်မာနေကြတာပါပဲကွာ၊ တစ်ကွက်မဟုတ် တစ်ကွက်တော့ ညစ်ပတ်နေကြတာပဲ၊ မင်းလည်း ညစ်ပတ်စုတ်ပဲ့လို့ ရေတွင်းထဲ ရောက်နေတာပေါ့၊ မင်းညစ်ပတ်တာကို ရေဆေးဖို့ ရေတောင်မရှိဘူး မဟုတ်လား"

"ခင်ဗျား ကျွန်တော်တို့ကို ကယ်ရမယ်"

"ကယ်တယ်ဆိုတာ ငါ့စိတ်နဲ့ ငါ့ကိုယ်ပါ၊ တို့ ပုဂံရာဇဝင်ထဲက စောလူးကို ကျွန်စစ်သား ခိုးတုန်းက ဘာပြောလဲ



အဲဒီလို ပြောလိုက်ရှင်တော့ ခွေးသေဝက်သေ သေခဲ့ပေါ့ကွာ၊ ဟား ဟား ဟား"

ဒီလူကြီး တကယ်လာတဲ့လူကြီး။

မြင်ကွင်းထဲက ပျောက်သွားသည်။ ကောင်လေးတောင် ငိုတိတ်နေသည်။ လူကြီးအသံကို ကြားလို့။

"တောက်"

ရာဇာထွန်းက ဒေါပွပွနှင့် ရေတွင်းနံရံကို လက်သီး ဝစ်ထိုးလိုက်တော့သည်။ ကွန်ကရစ်က အလွှာလိုက် ကွာကျသည်။

"သွားပြီကွာ၊ ငါနဲ့ မင်းနဲ့တော့ မျှော်လင့်ချက် ဆိတ်သုဉ်းသွားပြီ၊ လူ့ငနွားနဲ့မှ လာတိုးနေတယ်၊ ချီး ... ကံမကောင်းလိုက်တာ"

စကားဆုံးလျှင်ဆုံးချင်း ရာဇာထွန်းက အသံပြဲကြီး ကုန်းအော်လိုက်တော့သည်။

"ကယ်တော်မူကြပါဗျို့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## ၄

လက်ပတ်နာရီကို ကြည့်လိုက်သည်။

အချိန်က တဖြည်းဖြည်း ရင့်လာသည်။

ဆယ်နာရီကျော်ပြီးပြီ။

သူ့လက်ပတ်နာရီက တစ်တိုနီ။ ထောင်ကျော်တ[န်] နာရီ။ ခုတော့ ရုပ်ပျက်ဆင်းပျက်။

မှန်များ ကွဲအက်နေသည်။ အရှိန်နှင့်ကျစဉ် ရေတွင်[း] နံရံနှင့် ထိခိုက်မိဟန်တူသည်။ ဒိုင်ခွက်ပေါ်က ဂဏန်းများ[က] အက်ကြောင်းတွေ ထင်နေသောကြားမှ မနည်းဖတ်ယူရသည်။

တစ်တိုနီသတ္တိကတော့ မပျက်။

စက်က ကောင်းမြဲ မှောင်းဆဲ။

"ကယ်ကြပါဗျို့"

သူက အော်သည်။ အော်ရလွန်းလို့ လည်ချောင်းတွေ ပင် တောင့်လာသည်။ အသံက ပြာနှမ်းစပြုပြီ။ ဤအသံသည်[ပ] သူ့အတွက် အားကိုးရာ။

နား,နားပြီး မကြာခဏ အော်သည်။ သူ့အသံကြီး[က] ရေတွင်းထဲက ဟိန်းထွက်လာတတ်ကြသည်။



"ကယ်ကြပါဦးဗျို့၊ ငါ့ချီး ... မောလာပြီကွာ"

သူက တစ်ချက် ထပ်မံအော်လိုက်ပြီးမှ ဆဲမိသည်။

သည်လိုပဲ အော်လိုက် ရပ်နားလိုက်။

ကြာတော့ စိတ်ဓာတ်ကျလာသည်။

သူအော်သည်ကို တစ်စုံတစ်ယောက်မှ ကြားမည်မထင်။

ဖင်ကလိပ်ခေါင်း အပြွတ်လိုက်ထွက်ရင် ခက်ရချည် သေး[ရဲ့]။

ကိုင်း ... ဒီတစ်ခါ ကြိုးစားကြည့်ဦးမယ်။

"ကယ်ကြပါဗျို့ ... ကယ်ကြပါ"

သူ အော်ပြီးသည့်နောက် ရေတွင်းနံရံကို မှီလိုက်တော့ သည်။ ရှေ့မှ ကောင်လေးကို အားပျော့စွာ ကြည့်သည်။ ကောင် [လေ]းမှာလည်း ခွေနေပြီ။

ချာတိတ်ကိုကြည့်ပြီး သူ့ရင်တွင်းမှာ တစ်မျိုးတစ်မည် [ခံစ]ားလာရသည်။ သူ့ကိုယ်သူလည်း စိတ်ဆိုးသွားမိတော့သည်။

"တောက် ... မင်းထက် ငါက ညစ်စုတ်တဲ့လူပဲ၊ မင်းလို အပြစ်မရှိတဲ့ မျက်မမြင်ကလေး တစ်ယောက်ကို ဘာကြောင့် ငါ ခေါ်လာမိပါလိမ့်"

သူသည် ခွေခွေလေး လှဲနေသော ကလေးကို အနား [က]ကြည့်သည်။ ကောင်ငယ်လေးမှာ အသံပင် မထွက်။

"မင်း ဒီက လွတ်ရပါစေမယ်ကွာ"

သူက တိုးတိုးလေး ပြောမိသည်။ ကလေးကမူ ကြား [ဟ]န်ရှိသည်။ သူ့ဘက်ကို မျက်နှာမူပြီး ထ,ထိုင်သည်။

လက်ကလေးနှစ်ဖက်ကို ရင်အုံတွင် ယှက်ကန်[လို]က် [သ]ည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး … သားသားကို မေမေ့ဆီ ပြန်ပို့ပေးပါ၊ သားသ

ဆာတယ်၊ ရေလည်းငတ်တယ်"

ကောင်လေး အသံက ချိုချိုနဲ့နဲ့။

"အေး … အေး … ပို့ပေးပါ့မယ်ကွာ"

သူသည် ကလေးငယ်ကိုယူပြီး ရင်ခွင်ထဲ ပွေ့

လိုက်သည်။ မျက်ရည်ပေါက် နှစ်ပေါက်က သူ့ပါးပြင်ပေါ်သို့

ဖြတ်စီးဆင်းလာသည်။

"ဦးဦး ငိုနေသလား"

ပါးနပ်သည်။ မျက်ရည်ပေါက် နှစ်ပေါက်က

လေးပေါင်ပေါ် ရောက်သွားသည်ကြောင့် ကောင်လေးက မမြင်

မေးလာသည်။

"ဦးဦး ငိုတာ သားသား သိလား"

"သိတာပေါ့၊ အိမ်မှာလည်း မေမေ သားသားကို ဖ

ဒီလိုပဲ ငိုတယ်"

"ဘာလို့ ငိုတာလဲ"

"အဖေက မေမေ့ကို ရိုက်လို့"

"ရိုက်တယ်"

"အဖေ အရက်မူးရင် အမေ့ကို ရိုက်တယ်၊ သားသ

လည်း ဆူတယ်၊ အမေ့ကိုလည်း မြွေယောက်မလို့ ဆဲတ

စ,ထော့လာပြီ။ ကိုမင်းလှိုင်တို့ အိမ်တွင်းရေး

ထုပ်က အထုပ်ပြေစ ပြုလာသည်။

"ဒီတော့ သားသား အမေက ဘာပြန်ပြောလဲ"

"ဟင် … ရေတွင်းကြီးထဲမှာ"

ကြားရပြန်ပြီ အသံတစ်သံ။



ကောင်လေးကို ပွေ့ပိုက်ထားဆဲမှပင် ရာဇာထွန်း

မော့လိုက်သည်။

အို … နေ့ဘက်မှာ လ,ထွက်နေတာပါပဲလား။

လမင်းလိုလှတဲ့ မိန်းကလေး။

ရေတွင်းနှုတ်ခမ်းနားမှာ လေးဘက်ထောက်၍ အောက်

သို့ ငုံ့ကြည့်နေသည်။ ရာဇာထွန်း ဝမ်းသာသွားသည်။

"ဟေး … တို့ကို ကယ်ပါကွာ၊ တို့များ ဒီရေတွင်းကြီးထဲ

ကျနေတယ်"

"ဘယ်လို ရောက်နေတာလဲ"

"နောက်တော့ ပြောပြမယ်၊ ရေတွင်းထဲက ထွက်ဖို့ အရေး

ကြီးတယ်၊ တို့ကို ကယ်ပါကွယ် … နော်"

ရာဇာထွန်းက လေချိုသွေး၍ တစ်ဆက်တည်း ကလေး

ခေါင်းကို ပုတ်၍ …

"ဟောဒီမှာ ကလေးတစ်ယောက်လည်း ရှိတယ်၊ သူ ငိုနေ

တယ်၊ ကြာရင် သေလိမ့်မယ်"

သူ့အသံကို အထက်က ကောင်းစွာ ကြားရသည်။

မိန်းမလှလေးက ခေါင်းကို ယမ်းပြသည်။ ချက်ချင်းပဲ ပျောက်ကွယ်

သွားပြန်သည်။

သွားပြန်ပြီ တစ်ယောက်။

လူတွေ ဘာဖြစ်နေကြပါလိမ့်။

ရာဇာထွန်း အတော်ဒေါသဖြစ်သွားသည်။ ပက်ပက်

စက် ဆဲရေးတိုင်းထွာမိသည်။

သူ့အဆဲက အလကား။

မကြာမီ သူ့အမှားကို သိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ မျက်နှာက ပြန်ပေါ်လာသည်။ အောက်
သို့ ငုံ့ကြည့်၍ ...

"ကြိုးချပေးလိုက်မယ်၊ ကြိုးနဲ့ဆွဲပြီး တက်ခဲ့"

အမယ်လေးကွယ်၊ ဝမ်းသာလိုက်တာ၊ ဘယ်လိုဖေ
သာမှန်းမသိ။ တစ်သက်လုံးတွင် ဒီတစ်ကြိမ် ဝမ်းအသာဆုံး။

ငါးမူးလုံးခန့် မနီလာကြိုးတစ်ချောင်း ကျလာသည်
တဖြည်းဖြည်း လျှောဆင်းလာသည်။ ချေပုံးချည်သည့်ကြိုး ဖြစ်ဟ
တူသည်။

"ဒီကြိုးနဲ့ ရတယ်မှတ်လား၊ ကြိုးစကို သစ်ငုတ်တစ်ခုန
ချည်ထားတယ်"

မိန်းကလေးက အော်ပြောသည်။

"ကလေးကို အရင်ဆုံး ဆွဲတင်ပေးပါလား မိန်းကလေးရ
သူ့ကိုယ်က ပေါ့ပါတယ်"

"ချည်ပေးလိုက်"

"သား ... မင်း ဘာမှမကြောက်နဲ့၊ တို့ကို ကယ်မဲ့လူ ပေ
နေပြီ၊ မင်း ချိုင်းနှစ်ဖက်ကို ကြိုးလျှိုပြီး ချည်ပေးလိုက်မေ
ရေတွင်းနံရံကို ကန်တက်သွား"

သူ ပြောသည့်ကို ကောင်လေး သဘောပေါက်ပါ
ပဲ ဆုတောင်းသည်။ ကောင်လေးက ချစ်စရာ ကောင်းသည်။

သူပြောတာကို နားလည်သည်။ မိန်းကလေးက ဖြ
သိုင်းပေးလိုက်သော ကလေးကို သူ့အားနှင့် အလွယ်တကူ ဆွဲတ
ပေးလိုက်သည်။

ရေတွင်းပေါ်သို့ ကောင်လေးက ပြတ်ပြတ်သားသာ
ရောက်သွားသည်။



သူ့အလှည့်ပဲ ကျန်တော့သည်။

မခဲယဉ်း။ ခွန့်ယောခတ်အိတ်ကို သူ့ခါးကြားထဲ
ထိုးပြီး ကြိုးစကိုဆွဲ၍ ရေတွင်းနံရံကို ကန်တက်ခဲ့တော့သည်။

အပေါ်လည်းရောက် သူလည်း ဖလက်။

ကျေးဇူးတင်လိုက်တာကွယ်။

မိန်းကလေးကို ဘယ်လိုကျေးဇူးတင်မှန်း မသိ။

"ရေ ... ရေ"

ကောင်လေးရော သူ့အတွက်ပါ လက်ညှိုးနှင့် အပြန်
အလှန် ထိုးပြသည်။

မိန်းကလေး၏ ဆံနွယ်များသည် တင်ပါးကို ကျော်
က တစ်ကိုယ်လုံးကို ဖုံးနေသည်။ နက်မှောင်ချောပြောင်သော
ဆံသာနွယ်တို့က အသိုက်အအုံ ကောင်းလွန်း၏။

ဆံပင်၏အလှနှင့် မိန်းကလေး၏အလှ တစ်ဘာသာစီ
ဖြစ်နေခြင်း မရှိဘဲ တစ်ခုအလှကို တစ်ခုမှီခိုကာ အလှပိုနေသည်။

ရေငတ်သည့် ဝေဒနာထက် မိန်းကလေး၏ အလှ
ဝေဒနာကို ရာဇာထွန်း၏ နှလုံးသားထဲမှာ ပိုခံစားသွားရသည်။

"အစ်ကိုတို့ ဘယ်ကလဲ"

"မြို့က"

"မြိုင် သိပါတယ် အစ်ကိုလူ..."

"ဗျာ"

မြေပေါ်လဲလျက် ရာဇာထွန်း အသံထွက်သွားမိသည်။

"ညက အစ်ကို ဒီကလေးကို ခေါ်ပြေးခဲ့တယ် မဟုတ်
လား"

"မင်း ဘယ်ကလဲ မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏ မျက်လုံးတို့သည် ရွှန်းလဲ့နက်ဝန်းသည်။ ပြောသံလေးက ဂီတသံ ပြေးနေသည်။ မေးလိုက်သူကို မျက်လုံးလေး ဝင့်ကြည့်လိုက်သည်။

"မြိုင့်ကို မေးတာလား"

"အင်းပေါ့"

"မြိုင်က ဒီဘက်မှာ နေတယ်လေ"

ဘောပတ်ဝန်းကျင်ကို လက်ဖြင့်ယမ်းပြသည်။ သူ့မျက်လုံးတွေ ခရီးဆန့်ထွက်သွားသည်။ ရာဇာထွန်း မျက်စုံးချီမိသည်။

ပတ်ဝန်းကျင်က အုတ်ဂူများနှင့် မှတ်တိုင်တွေပါပဲ။ သင်္ချိုင်းတစ်ခု၏ အမှတ်အသားတွေ။

ဟိုမှာဘက်က တောအုပ်။ သူက ရေရွတ်မိပြန်သည်။

"ဒါ သင်္ချိုင်းပဲ"

"မြိုင်က တစ္ဆေမလေးပေါ့"

မြိုင့်အသံက ရယ်သံလိုလို၊ နာကြည်းသံလိုလို၊ လှောင်သံလိုလို ဝေခွဲမရပါတဲ့ အသံလေး။

တစ်နေရာတွင် ကြီးမားသော ဂူကြီးတစ်ခု ရှိသည်။ တရုတ်စာလိုလို၊ ဂျပန်စာလိုလို စာတန်းများက ဂူကြီး၏ ထိပ်ဘက်မှာ နှပ့်စီးစာတန်းအဖြစ် တွေ့နေရပြန်သည်။

"မင်းက စတ္တာလ,လား"

"စန္တာ ဆိုတာလည်း လ,ပဲ၊ လ,ဟာလည်း လ,ပဲ၊ လ,ရဲ့ သမီးပျိုပေါ့ အစ်ကိုရာ"

အိုး ... သူ့ကို မှတ်မိပြီ။ တစ်မြန်နေ့က တောအုပ်ထဲမှာ ကျားနှင့်တွေ့ရသော ကျားနတ်ရှင်မလေး။

"မင်းကို ငါ မှတ်မိပြီ"



ရာဇာထွန်း နှုတ်မှ လွှတ်ခနဲ။

"ဟုတ်ပါလိမ့်မယ်၊ တစ်နေ့က အစ်ကိုနဲ့ တွေ့ခဲ့တာကိုး"

ကောင်မလေးရဲ့လေကလည်း မခေ။ သူ မှတ်ဉာဏ်ကောင်းကြောင်း ပြနေသည်။ ကလေးကို ကောက်ဆွဲလိုက်သည်။

"သူ မျက်စိမမြင်ဘူး၊ ဘယ်ခေါ်သွားမလဲ"

"ကလေးက ဆာနေတယ် အစ်ကို၊ အစ်ကိုကော ဒီရေတွင်းထဲမှာ အာဟာရသိဒ္ဓိ ပြီးနေပလား"

အလဲ့ ... စကားပြော အတော်လာတဲ့ ဟာမလေး။

"ကိုယ့်အတွက်က အရေးမကြီးပါဘူး"

"သိပ်စိတ်မချနေနဲ့ အစ်ကို၊ ဒီနေရာကို ရဲက ပြန်မလာဘူးလို့ အစ်ကို ပြောနိုင်သလား၊ ပြီးတော့ နွားကျောင်းသားတွေ လာတတ်တယ်"

မိန်းကလေးက သူ့ကိုယ်သူ ခေါ်တော့ မြိုင်တဲ့။

ဒီလိုဆိုလည်း လိုက်သွားရတာပေါ့။ ခေါ်ချင်ရာခေါ်။

သူလိုက်သွားသည်။ သင်္ချိုင်းကို ဖြတ်၊ ရိုးပြတ်ကိုကျော်။

ဟော ... တောအုပ်ထဲသို့ ရောက်လာပေါ့။

လူသွားလမ်းကလေးကို နုတ်ထွင်းရှင်းလင်း ပေးထားခဲ့သည်။ သည်လူသွားလမ်းကလေးထဲသို့ သူတို့ ဝင်ရောက်စဉ် ရိုးပြတ်၏ တစ်ဖက်စွန်း သစ်ပင်အောက်၌ လူတစ်ယောက်ထိုင်ပြီး မျှော်ကြည့်နေခြင်းကို သူတို့ မသိကြ။

တောအုပ်ထဲမှာ ကျွန်းနှင့် အင်က များနေသည်။

"ဒါ မင်း အိမ်လား"

အင်ဖက်မိုးနှင့် ခပ်သေးသေး တဲလေးတစ်ခုရှေ့သို့ အရောက်တွင် မြိုင့်ကို ရာဇာထွန်းက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါ မြိုင့်အိမ်"

"အိမ်ထဲမှာ လူရှိသလား"

"အိမ်ထဲမှာ လူကလည်း မြိုင်ဘဲ၊ အိမ်ပြင်က လူကလည်း မြိုင်ပါပဲ အစ်ကိုရယ်"

"မင်း တစ်ယောက်တည်း နေတာယ်ပေါ့"

"အစ်ကိုက မြိုင့်ကို အနိုင်မကျင့်ဘူးဆိုရင် မြိုင် တစ်ယောက်တည်းပဲ နေတယ်လို့ ပြောရမယ်"

"မင်းအဖော် ကိုရွှေကျားကြီးကကော"

မျက်လုံးများတွင် မာကျောသော အရိပ်အငွေ့များကို မိန်းကလေးက ဖုံးကွယ်နိုင်စွမ်း မရှိ။

"ဒါတွေ မပြောနဲ့"

အသံကလေး တုန်သွားသည်။ ပြောလိုဟန် မတူ။

"ဒီအိမ်ကို ဘယ်သူဆောက်ပေးလဲ၊ မင်း တစ်ယောက်တည်းတော့ ဆောက်ပေးနိုင်ဟန် မတူဘူး"

"အဖေ ဆောက်ပေးတာ"

"အဖေ ... ဟုတ်လား၊ မင်းမှာ အဖေ ရှိသေးလား"

မြိုင်က ခေါင်းကို ညိတ်လိုက်သည်။ ရာဇာထွန်းက စိတ်အားထက်သန်စွာ ...

"အဲဒီ မင်းအဖေက ဘယ်မှာလဲ"

"သချိုင်းထဲမှာ"

"ဘာလုပ်နေတာလဲ"

"စဏ္ဍာလလေ၊ လူသေအလောင်းတွေကို မြှုပ်ပေးနေတာပေါ့"

"ဪ ... မင်းက စဏ္ဍာလရဲ့ သမီးကိုး"



တိုးတိုးကလေး မှတ်ချက်ချလိုက်သည်။ စဏ္ဍာလ သမီးဆိုလို့ သူ့စိတ်ထဲ လှုပ်ရှားဟန်မရှိ။ ဘဲအပြင်တွင်ပင် မိန်းကလေးကို စိုက်ကြည့်နေမိသည်။

ဒွန်းစဏ္ဍာတစ်ဦး၏ သမီးတစ်ယောက်က အသက်နှစ်သက် ကယ်လိုက်ရခြင်းကို ဘယ်လိုမှ ဂုဏ်ယူဝင့်ကြွားဟန်မပြ။

သူတို့ကို တဲထဲခေါ်သွားသည်။ တဲထဲသို့ သတိနှင့် ဝင်လိုက်သည်။ ဝါးကွပ်ပျစ်ကလေးပေါ်မှာ သူတို့ ထိုင်ကြသည်။

"မင်း ကိုယ့်အော်သံ ကြားလား"

"တောစပ်ဘက်မှာ ဟင်းရွက်ရှာတုန်း အော်သံလိုလိုကြားလို့ လိုက်ရှာနေတာ"

"တို့ကို ရဲက ရှာနေမှန်း ဘယ်လိုလုပ် သိသလဲ"

"မနက်က အဖေက ပြောသွားတယ်"

သူတို့စားဖို့ ငှက်ပျောသီးတစ်ဖီး ထုတ်ပေးသည်။ သူရော ချာတိတ်ပါ တွယ်လိုက်ကြတာ။

ငှက်ပျောသီးတစ်ဖီးလုံး အပျောက်ရှင်းပြီးသား ဖြစ်သွားတော့သည်။ နောက်ဆုံး ငှက်ပျောခွံကို ရာဇာထွန်းက အပြင်သို့ လှမ်းပစ်လိုက်သည်။

ဒုက္ခပါပဲ။ ငှက်ပျောခွံက ဝင်လာသည့် လူတစ်ယောက်၏ ရင်ဘတ်ကို ဘတ်ခနဲ လာမှန်သည်။

ရာဇာထွန်း တုန်သွားသည်။ ဝင်လာသူကို သူ ကြည့်ပြီးမှ ခေါသထွက်သွားသည်။

"ဘာလဲ၊ ဆာကီစွလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသနှင့် မေးလိုက်ချေသည်။ ဝင်လာသူက ရာဇာထွန်း မြင်တွေ့ခဲ့ဖူးသည့်လူ။ သူတို့အား ရေတွင်းထဲတွင် ချွေးသေ သေရစ်ဟု ပြောခဲ့သည့် လူကြီး။

သူ့တစ်ကိုယ်လုံး ညစ်ပေနေသည်။ အပေါ်က အင်္ကျီ ဗလာ။ တစ်ကိုယ်လုံးတွင် ဆေးနီမင်ကြောင်တွေ ပြောက်ပြောက် ကျားကျား ထိုးနှံထားသေးသည်။

"မင်းတို့ ဘာလာလုပ်တာလဲ"

လူကြီး၏အသံက ခော်တော်ကားဘီး ပေါက်ကွဲသံထက် ဆိုးရွားတင်းထယော်လှချေသည်။

နှုတ်ချည်းမှ မဟုတ်သေး။

သူ့လက်ထဲက ကြီးမားလေးလံသော သစ်သားတင်းပုတ်ကြီးကို လှုပ်ပြသည်။

"နေကြပါဦး၊ မြိုင် ရှင်းပါရစေ"

ကလေးကို ငှက်ပျောသီး အခွံနွှာကျွေးနေသည့် မြိုင်က ကြားဖြတ် ဝင်အော်သည်။ ရာဇာထွန်းကလည်း ဝင်လာသူငနဲကြီးကို ချဲ့ပို့ပြင်ပြီးမှ ကိုယ်ရှိန်သတ်၍ ...

"ဒီလူကြီး မကောင်းဘူး မြိုင်၊ အလကားလူကြီး၊ လူယုတ်မာကြီး"

"အဲမယ် ... မင်းကများ မြိုင်လေး ဘာလေးနဲ့"

"အဖေ"

မြိုင်က အသံမြှင့် အော်လိုက်သည်။ ယောကျ်ား နှစ်ယောက်သည် ကိုယ်ရှိန်သတ်လိုက်ကြ၍ မြိုင့်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ မြိုင်သည် သူတို့နှစ်ဦး၏ အလယ်သို့ ဝင်လိုက်သည်။



"ဒါ မြိုင့်အဖေပါ အစ်ကို"

မြိုင်သည် သူ့အဖေကို ရဲဝံ့စွာကြည့်ပြီး ...

"သူတို့ကို ရေတွင်းကြီးထဲက မြိုင် ကယ်ထုတ်လာတာပါ အဖေ"

"နင့်ကို ငါ မပြောချင်တော့ဘူး၊ လက်နဲ့ရေးတာကို နင်က ခြေနဲ့ဖျက်တာပဲ၊ ဒီကောင်နဲ့ ဟိုကောင်လေးကို ရေတွင်းထဲမှာ ငါတွေ့ခဲ့တယ်၊ တမင်ရှုပ်လို့ ငါ မကယ်ခဲ့တာ"

"သူတို့ဟာ လူတွေပါ အဖေရယ်"

"လူတွေမို့ ငါ မကယ်ခဲ့တာပေါ့၊ လူဆိုတာ လောကမှာ အယုတ်မာဆုံး သတ္တဝါပဲ"

"အဖေ ဒီလိုတော့ မပြောနဲ့၊ အဖေလည်း လူပဲ၊ လူတွေကို ရှုံ့ချရင် အဖေလည်း ပါမှာပဲ"

"အေး ... တို့ကို သူတို့ ဒုက္ခပေးလိမ့်မယ်၊ နင် ကြပ်ကြပ် သတိထား မိမြိုင်၊ နင့်ကို သူ တွေ့သွားပြီးရင် တခြားလူတွေကလည်း နင့်ကို တွေ့သွားကြမှာပဲ"

"မြိုင့်အဖို့ ဒီတောအုပ်ထဲမှာ ခိုအောင်းနေရတာ မြိုင် ငြီးငွေ့လှပြီ အဖေ၊ လူတွေတွေ့လည်း တွေ့ပါစေတော့၊ တွေ့ကော သူတို့ မြိုင့်ကို ဘာလုပ်နိုင်မှာလဲ"

အရူးသဏ္ဌာန် ပေါက်နေသော လူကြီးသည် မြိုင့်ကို မျက်ဆိုးမာန်ဆိုး စိုက်ကြည့်လိုက်သည်။ သူ့နှုတ်မှာ ဘာတွေရေရွတ်သည် မသိ။ ရေရွတ်လိုက်သေးသည်။

လက်ထဲက တင်းပုတ်ကြီးနှင့် မြေပြင်ကို ထုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အုံးခနဲအသံ။

ဝါးခနဲ ကလေးငိုသံက နောက်ဆက်တွဲ ပေါ်လာသည်။ ချာတိတ် လန့်ဖျပ်သွားပုံ ရသည်။

"အိုး ... အိုး ... တိတ်ပါ မောင်လေးရယ်၊ တိတ်ပါ၊ အဖေ က ဒီလိုပဲ"

မြိုင်က ကောင်လေးကို ရင်ခွင်ထဲသွင်းပြီး ချော့ သည်။

"မင်းတို့ မကြာခင် ထွက်သွားလိုက်၊ နောက်တစ်ခါတွေ့ ရင် စာရင်းပြတ်ပြီပဲ"

နောကြီးက ကြိမ်းကာ ချာခနဲ လှည့်ထွက်သွားသည်။ ခြေသံက ပြင်းသည်။ ခပ်လှမ်းလှမ်း အရောက်တွင် သူ့ကိုယ်ကြီး နှင့် မလိုက်အောင် ပေါ့ပါးစွာ ခုန်ထွက်သွားသည်။

"သူက မင်းအဖေလား"

"ဟုတ်တယ်"

"သူက ဒီမှာ စတ္တာလ လုပ်နေတယ်"

"ဟုတ်တယ်"

ကောင်လေးကို ချော့မော့နေစဉ် ရာဇာထွန်း မေးသမျှ ကို မြိုင်က တိုတောင်းစွာ ဖြေလိုက်သည်။ ရာဇာထွန်းသည် ရေအိုး စင်ရှိရာသို့ လျှောက်သွားပြန်၏။

သည်ရေအိုးစင်မှရေကို ဝင်လာကာစကလည်း သောက် ခဲ့ပြီးပြီ။ ရေအိုးမှာ သန့်စင်သည်။ လေးချောင်းထောက် စင်ပေါ်မှာ တင့်တင့်တယ်တယ်။

ရာဇာထွန်း စိတ်ထဲ မရွံ့ရှာတော့။



သူ ရေနှစ်ခွက်ဆင့်သောက်ပြီးချိန်တွင် ကောင်လေး အငိုတိတ်သွားသည်။ မြိုင်က ငှက်ပျောသီးကျွေးခြင်းကို ခေါ်ဝင်းခါ ပြသည်။

"ဝပြီလား"

ပါးစပ်နား တေ့ထားသော ငှက်ပျောသီးကို မြိုင်က ရုပ်သိမ်း၍ မေးလိုက်သည်။

"အမေ့ဆီ ပြန်ပို့"

ဆန္ဒ ပြလာပြန်သည်။

"မောင်လေးနာမည် ဘယ်သူလဲ"

"ထူးထူး"

"ဪ ... ထူးထူးတဲ့လား၊ ချစ်စရာလေးနော်၊ ဟိုလူကြီးက မောင်လေးကို ခေါ်လာသလား"

ထူးထူးက ခေါင်းကို ညိတ်ပြလိုက်သည်။ မြိုင်သည် ရာဇာထွန်းကို မော့ကြည့်လိုက်သည်။

"သူ့ကို ဘာအတွက် ခေါ်လာတာလဲ အစ်ကို"

"ဘာအတွက် ခေါ်လာတာလဲ ဆိုတာတော့ မပြောပါရစေ နဲ့ ညီမ"

"သူ့ကို ပြန်ပို့ပေးလိုက်ပါ အစ်ကိုရယ်"

"ဘာလဲ၊ ညီမက အမိန့်ပေးနေတာလား"

"မေတ္တာရပ်ခံနေတာပါ အစ်ကို၊ သားသမီးဆိုတာ ကိုယ့်အမေ ရင်ခွင်ထဲမှာ ကိုယ်နားခိုလိုတာပဲ၊ ငှက်ကလေးတွေတောင် သူတို့မိခင်ရင်ခွင်ထဲက ခွာလိုတာ မဟုတ်ပါဘူး အစ်ကို"

မြိုင့်အသံက နူးညံ့သည်။ တိုးတိုးသက်သာ ရှိသည်။ ရာဇာထွန်းက မြိုင့်အနားသို့ ပြန်လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ကိုယ်တို့ရဲ့ ကျေးရွာရှင် တစ်ယောက်ပါ၊ မင်း စကားကို ကိုယ် နားထောင်ရမလို ဖြစ်နေတယ်"

သူသည် စကားကိုရပ်ပြီး မြိုင့်ကိုငုံ့ကြည့်သည်။ မြိုင်က မော်မကြည့်။

ကလေးပါးပြင်မှ မျက်ရည်တို့ကို သုတ်ပေးနေသည်။

"ဒီအရေးကိုသာ ကိုယ် မသနားတတ်ရင်တော့ မင်း ဘယ်လိုပြောပေမဲ့ ကိုယ်နားထောင်မှာ မဟုတ်ဘူး၊ ဒီရေတွင်းက မတက်ခင်မှာပဲ ကိုယ့်စိတ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့တယ်၊ သူ့ကို ပြန်ပို့ပေးဖို့ ဆုံးဖြတ်ထားခဲ့ပြီးပြီ"

"ဝမ်းသာပါတယ် အစ်ကို၊ အစ်ကိုလုပ်တဲ့ အလုပ်မှာ ကလေးဟာ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်ဆိုတဲ့ အဖြစ်မျိုး မရောက်စေချင်လို့ပါ"

"မင်းကို ကိုယ်စိတ်ဝင်စားတယ်၊ မင်းနာမည်က မြိုင်တဲ့လား၊ မြိုင် တစ်လုံးတည်းပဲလား"

"နှင်းအေးမြိုင်ပါ"

"ဘာလဲ၊ နှင်းတောထဲမှာ မွေးခဲ့လို့လား"

"အစ်ကို မဆိုးဘူး၊ ဟုတ်တယ်၊ မြိုင့်ကို နှင်းထဲမြိုင်ထဲမှာ မွေးခဲ့လို့"

မြိုင်က စကားကို ရပ်ပစ်လိုက်သည်။ မျက်နှာကလေး မှုန်သွားသည်။ စကားကို ဆက်မပြောတော့။

"မင်းအဖေက တစ်မျိုးကြီးပဲနော်၊ လူဆိုးကြီးလိုလို၊ အရူးကြီးလိုလို"

"သူက ပတ်ဝန်းကျင်ကို အဆက်အဆံရှိတာ မဟုတ်ဘူး လူတွေကို သိပ်မုန်းနေတာ"



"သူက လူတွေကို မုန်းတာနဲ့ မင်းကိုပါ အဆက်ဖြတ်ထားတယ်ပေါ့၊ သူ့နာမည်က ဘယ်သူလဲ"

"ဘာလို့ ဒါတွေ မေးနေတာလဲ အစ်ကို"

"ကိုယ့်စိတ်ထဲ သိချင်လို့ပေါ့"

"သူ့အမည်ကိုတော့ အစ်ကို သိခွင့်မရှိဘူး၊ မြိုင်ကလည်း ပြောပိုင်ခွင့် မရှိဘူး၊ အဲ ... လူတွေက သူ့ကိုခေါ်နေတဲ့ အမည်တော့ ရှိပါရဲ့"

"ဘယ်သူလဲ"

"ဦးကျားကြီးတဲ့"

"ဦးကျားကြီး"

မော်ကြည့်လိုက်သူနှင့် ငုံ့ကြည့်လိုက်သူ၏ မျက်လုံး
အကြည့်ဆုံမိကြသည်။ ရာဇာထွန်း အံ့အားသင့်နေသည်။
ားကြီး ဆိုပါကလား။

သမန်းကျား ဖြစ်သည်ဟု လူတွေက ပြောနေတဲ့
ားကြီး။

"အစ်ကို ... အဖေ့အကြောင်း သိထားသလား"

"အကြောင်းတော့ မသိဘူး၊ သတင်းကြားထားတာပါ"

"ယုံသလားဟင်"

"ဘာကို ယုံရမှာလဲ ညီမ၊ သတင်းဆိုတာကလည်း အတိအကျမှ မဟုတ်ဘဲ၊ လူတွေပါးစပ်က ကားပြောတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီသတင်းကြောင့် မြိုင့်ဘဝဟာ ပိုအနေကျုံ့သွားရတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



မြိုင်သည် 'သူစိမ်းယောက်ျား တစ်ယောက် နှ
စကားရဲရဲ ပြောရဲသည်။ များများ ပြောနိုင်သည်။

ဩော် ... သူ့ဘဝက စကားပြောရမဲ့လူကို ရှာနေ
ဘဝပါကလား။

ရာဇာထွန်း နားလည်သည်။

"ကဲ ... အစ်ကိုသွားတော့"

"သွားမယ် မြိုင်၊ ကိုယ့်မှာ ဒီကလေးကို ပို့ပေးရမဲ့တာ
ရှိသေးတယ်"

မြိုင့်ထံမှ သူ ထွက်လာသည်။ မြိုင်၏ဖခင် ဦးကျား
ဆိုတာကိုလည်း ရာဇာထွန်း ထပ်ရင်မဆိုင်လို။

တစ်ခုခုဖြစ်မှာကို သူ သိသည်။ ဒီလူကြီးမျက်နှာ
မျက်လုံးတို့က ပြောလျှင်ပြောသလိုလုပ်မည့်လူ ဖြစ်ကြောင်း သ
ဆောင်နေကြသည်။

ကောင်းကင်တွင် တိမ်အညိုအမည်းတို့ စွဲစဖြ
နေက တိမ်ဆောင်းထားသဖြင့် နေမင်း၏ အပူအားက ဆုတ်
သွားသည်။

လေသည် မပူဘဲ နွေးနွေးလေး ရှိနေသည်။

မိုးလာတော့မည့် အခြေ။

မိုးလာလျှင် ဝမ်းသာဖို့ပဲ။ မြက်ပင်တွေ သွေ့ခြေ
ပြီး သင်ပင်တို့ပင် ရေငတ်နေကြပေပြီ။ အားလုံးက မိုးရေကိုသေ
ဖို့ မျှော်လင့်နေကြသည်။

တောအုပ်ထဲမှ အထွက်တွင် အဝေးက တိမ်နီ
ဖုံးနေသော ရိုးမဘက်ထိ မျှော်ကြည့်လိုက်သေးသည်။ သူတို့သ
ကို ဖြတ်လိုက်သည်။



အဝေးက လယ်ကွင်းများထဲတွင် ထွန်ရေးငင်နေသူတို့
ကြသည်။ သူတို့ကို ရှောင်ကွင်းပြီး ကားလမ်းဘက်သို့ ထွက်ရ

ထူးထူးမှာ မျက်စိမမြင်သဖြင့် ရာဇာထွန်းက ထူးထူး
း လည်ကုပ်ပေါ် တင်ပိုးလာသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## ၅

“ဘယ်ကိုသွားမှာလဲ၊ အမေ့ဆီလား”

“အေးပေါ့ကွ”

“အမေ့ဆီရောက်ရင် ဦးဦးကို မုန့်ကောင်းကောင်းကျွေး
အမေက သိပ်သဘောကောင်းတာ”

သူက ထူးထူး၏ စကားကို ပြန်မပြော။ သူ
မည့် အလုပ်ကိုသာ စဉ်းစားနေသည်။ ထူးထူးကို အိမ်ထဲပို့ဖို့
မဝံ့။

အိမ်ဖော်မလေးက သူ့မျက်နှာကို မှတ်မိ
မှတ်မိနေမည်။ ထူးထူးအား အိမ်နားတွင် ချထားခဲ့မည်။

တစ်ယောက်ယောက်ကတော့ ထူးထူးကို ပို့
သူနှင့် ထူးထူး အတူတကွ ရှိမနေလျှင်ပြီးရော။

လယ်ကွင်းများကို မဖြတ်ဘဲ ဘေးက ပန်းလှ
ရသည်မှာ ပင်ပန်းလှသည်။ လယ်ကွက်တွေက မနည်း။

နေများများ မပူလို့ တော်သေးသည်။ ကား
ရောက်လာသည်။ ရွာနှင့်လည်း အတော်ဝေးလာသည်။

သည်တော့မှ ရာဇာထွန်း သက်ပြင်းချနိုင်သည်



“အောက်ဆင်းဦးကွာ”

ထူးထူးကို အောက်သို့ ချလိုက်သည်။ ထူးထူးကို နေ့ညက ထမ်းပိုးပြေးရသည်မှာ မပင်ပန်း။ ခုများတော့ ပင်ပန်းလိုက်တာ။

ကောင်လေးကလည်း အလိုက်သိသည်။ မျက်လုံးကလေးကြောင်စောင်နှင့် ရှေ့သို့ ကြည့်နေသည်။

သူ ဘာမြင်ရမလဲ။ မှောင်နှင့်မည်းမည်းပေါ့။

ဘယ်လိုများ မျက်မမြင် ဒုက္ခိတဘဝသို့ ရောက်နေရပါလိမ့်။

ကားလမ်းဘေးက သစ်ပင်ကြီး တစ်ပင်အောက်သို့ သူတို့နှစ်ယောက် ဝင်ခိုနေကြသည်။ နောက်ဆုံးကျန်သော စီးကရက်တစ်လိပ်ကို စီးကရက်ဘူးထဲမှ ထုတ်ယူလိုက်သည်။

သူ ချွေးချွေးတာတာနှင့် သောက်လာခဲ့သမျှ ဒါပဲကျန်တော့သည်။ စီးကရက်ကို အားပါးတရ ဖွာရှိုက်ပစ်လိုက်သည်။

စီးကရက်တစ်လိပ် ကုန်သည်အထိ သူ မှိန်ယူလိုက်သေးသည်။ စဉ်းစားနေသေးသည်။

စဉ်းစားခန်းမှာ ပေါ်လာတာက နှင်းအေးမြိုင် ဆိုတဲ့ မိန်းကလေး။

သည်မိန်းကလေးက လှသည်။ တောင့်သည်။ အသားရောင်က မဖြူမညိုနှင့် ချောမွေ့နေသည်။ ဆံပင်တို့သည် သူမ၏ အထူးသရုပ်ဖော်အလှ ဖြစ်သည်။

သည်မိန်းကလေးမျိုးက သူဘာရာဇာတစ်ဦး၏သမီး ဖြစ်နေသည်မှာ ဘယ်လောက် ရင်နာစရာ ကောင်းသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက စကားပြော မှန်သည်။ ပညာအသင့်အတင့်တော့ တတ်သည့်ပုံမျိုး။

ပညာတတ်တော့ ဖြစ်နိုင်မည်မထင်။ တောထဲမှာနေသည့် တောသူတစ်ယောက်က ပညာကို ဘယ်လိုသွားသင်နိုင်မတဲ့လဲ။ မိမိလိုရာကို မိမိဆွဲတွေးပစ်လိုက်တာပဲ။

ရာဇာထွန်းက နွတ်ခမ်းပေါ်မှာ အပြုံးရေးရေးလေး တင်လိုက်သည်။

"ဦးဦး သွားမယ်လေ"

ထူးထူး၏ ပူဆာသံက ပေါ်လာသည်။

"အေးပါကွာ"

စီးကရက်မှာ လက်တစ်ဆစ်မျှသာ ကျန်သည်။ နောက်ဆုံးတစ်ချက်ဖွာရှိုက်၍ အတိုကို လက်နှင့်တောက်ပြီး လွှင့်ပစ်လိုက်သည်။

"မင်း လျှောက်တတ်တယ် မဟုတ်လား၊ မင်းကို တွဲခေါ်သွားမယ်လေ"

ထူးထူးက ခေါင်းလေးကို ညိတ်ပြသည်။ သူ့ဘာသာသူ လျှောက်ရမည်ဆိုသဖြင့် သဘောကျသွားသည့်ပုံ။

"မင်းကိုတော့ သတိပေးရမယ်"

ကောင်လေးက ငြိမ်နေသည်။ ထူးထူး၏ လက်ကလေးကို ရာဇာထွန်းက ဆုပ်၍ညှစ်လိုက်သည်။

"လမ်းခရီးမှာ မင်း ဘယ်သူ့ကိုမှ ငါ့အကြောင်း မပြောရဘူး၊ ငါ့အကြောင်းပြောရင် မင်းကို ရောက်တဲ့နေရာမှာ ငါထားပစ်ခဲ့မယ်၊ အဲဒီလိုဆိုရင် လူတွေက မင်းကို တစ်နေရာခေါ်ပြီး ရောင်းစားပစ်လိမ့်မယ်"



"ထူးထူးကို အိမ်ပြန်ပို့ရင် ထူးထူး ဘယ်သူ့ကိုမှ မပြောဘူး"

"အေး ... သားက လိမ္မာတယ်"

သားဟု ပြောလိုက်စဉ် ရာဇာထွန်း စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။ နှစ်သိမ့်ကျေနပ်သွားမိသည့်အသွင်။

"ဒိန်း ... ဒလိမ်း ... ဂျုန်း"

"အား ... ဦးဦး"

"ဟေး ... မိုးချုန်းသံပါကွ၊ မင်းကလည်း ကြောက်တတ်လိုက်တာ"

ကောင်းကင်ကို မော့ကြည့်သည်။ အဓာင့္ခာတစ်ခွင်မှာ မည်းမှောင်စပြုနေပြီ။ နွေးနေသောလေသည် အေးစပြုလာသည်။

"ဟော ... မိုးရွာတော့မယ်၊ မရွာခင် တို့လှမ်းလိုက်ကြဦးစို့ရဲ့"

သူက ထရပ်သည်။ လက်တစ်ဖက်က နှစ်ချောင်းဆက်ဘုတ်ကြိုးသိုင်းအိတ်။ ကျန်တစ်ဖက်က ထူးထူး၏ လက်ကလေးကို ကိုင်ဆွဲထားသည်။

သူတို့ ကားလမ်းဘေးအတိုင်း လျှောက်လာကြသည်။ သစ်ပင်ကြီးများက တရှဲရှဲ တဟဲဟဲ မြည်နေချေသည်။

ထူးထူးကို ဆွဲခေါ်ရသည်မှာ သာမန်အားဖြင့် ကြည့်လျှင် တာဝန်မကြီးဟု ထင်ကောင်းစရာရှိသည်။ တကယ်ဆွဲခေါ်ရခါမှ မလွယ်။

မျက်မမြင်တစ်ယောက်ကို ဆွဲခေါ်သည်မို့ ချိုင့်ဝှမ်းများကို ဂရုစိုက်ရသည်။ ခလုတ်ကန်သင်းများကို သတိပြုရသည်။

ကားလမ်းကလည်း အကောင်းမဟုတ်။ ချိုင့်တွေများသည်။ ခုထိတောင် ကားတစ်စီးတလေ မလာ။ လာလျှင် လက်ပြတားပြီး လိုက်စီးသွားလို့ရသည်။ မိုးတွေ မည်းတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးတွင် မိုးသက်နဲ့ ထွေးလာသည်။

ဟိုအဝေးတွင် ရိုးမကြောကို မမြင်ရ။ အဲဒီဘက်မှာ ဖွေးဖွေးဖြူနေသည်။

မိုး ဆော်နက်နေသည့် အသွင်။

မိုးက မကြာခင် ဒီကို လာတော့မှာ။

လာလည်း လာသည်။ မိုးမလာမီ လေလာသည်။ တိုက်လိုက်သည့် လေကြောင့် ဖုန်တွေက ကားလမ်းတွင် ထွေးခါ ထ,လာသည်။

သစ်ပင်များက တဝုန်းဝုန်း ယိမ်းထိုးလာသည်။ ကားလမ်းဘေးက သစ်ပင်များသည် သစ်ကိုင်းချင်း ပွတ်ရုံသာမက လေ ရှိန်ကြောင့် သစ်ရွက်များ ပြတ်လွင့်ကြွေကျလာသည်။

"ငါ့ကို ဖက်ထား"

လေက သူတို့ကို ရှေ့သို့တွန်းပို့နေသဖြင့် မလဲအောင် သတိထားနေရသည့်ကြားမှ ရာဇာထွန်းက အော်ပြောသည်။

"ထွီး"

ပါးစပ်ထဲသို့ ဖုန်တွေ သဲတွေ ဝင်လာသဖြင့် ထွေး ထုတ်လိုက်သည်။ ကောင်လေးကို ပခုံးမှ ပေါင်ရင်းသို့ တိုးကပ်ထား သည်။

ထူးထူးကလည်း သူ့ကို တွယ်နေသည်။

"စပ်တယ်၊ နာတယ်"

လည်ကုပ်နုနုကလေးကို သဲများဝင်မှန်သဖြင့် ထူးထူး လေး၏ အော်သံကပေါ်လာသည်။

မကြာပါ။

ဝုန်းခနဲ မိုးရွာချလိုက်သည်။



နှစ်ယောက်လုံး ရေသွန်းသော ကြွက်စုတ်နှယ် ရွှဲရွှဲ စိုသွားသည်။ မိုးပေါက်က ကြီးသည်။ အေးလည်း အေးမြသည်။ ရိုးမဘက်က သယ်လာတဲ့မိုး။

သူတို့နှစ်ယောက်က အရွက်အကိုင်းများနှင့် ဖြန့် ကျက်ထားသော လမ်းဘေးက ကုက္ကိုပင်ကြီး တစ်ပင်အောက်သို့ ဝင်နိုကြသည်။

"ချီး ... အေးလိုက်တာ"

မိုးကြောင့် အေးရသည့်အထဲ လေကပါ ပင့်လိုက် သဖြင့် ရာဇာထွန်း ခိုက်ခိုက်တုန်သွားသည်။ သူ့ဆံပင်ထက်မှ ရေ များက မျက်နှာကို ဖြတ်စီး၍ မေးတွင်တွဲလွဲခိုပြီးမှ ရင်ဘတ်ပေါ်သို့ တပေါက်ပေါက် ကျနေသည်။

မိုးက သဲမဲလွန်းသည်။ ကောင်းကင်တစ်ခုလုံး မည်း မှောင်နေပြီး လျှပ်ရောင် တဝင်းဝင်း မိုးထစ်ချုန်းသံ တဂျုန်းဂျုန်း ပေါ်နေသည်။

ရှေ့ရော ဘေးတဝိုက်မှာ မိုးရေကြောင့် ဖွေးဖွေးဖြူ နေသည်။ ခြောက်သွေ့နေသော လောကကြီးတစ်ခုလုံး ချက်ချင်း စိုသွားသည်။

အနိစ္စဆိုတာ ဒါပဲလား။

ဘာကိုမှ အစိုးမရ။ ရုပ်ဝတ္ထုပစ္စည်းတွေက အချိန် မရွေး အပြောင်းအလဲချည်း။

ကားလမ်းပေါ်တွင် မိုးရေများ ဖြတ်စီးသွားသည်။ ချိုင့်ဝှမ်းတွင် ရေများပြည့်ကုန်သည်။

အိုး ... ဝမ်းသာလိုက်တာ။

ဟိုရှေ့မှာ မီးရောင်။

www.burmeseclassic.com

www.burmeseclassic.com



ရှာဘက်ကလာနေသော ကားတစ်စီး၏ မီးရောင်ကို မြင်ရသည်။ မိုးရေများကို ဖောက်ထွင်းလျက် ဝင်းခနဲ လက်ခနဲ။

ရာဇာထွန်းက ကားမီးရောင် နီးကပ်လာလျှင် ကားလမ်းပေါ်သို့ ပြေးထွက်လိုက်သည်။ မိုးရွာပြီဆိုလျှင် ကားလမ်းပေါ်တွင် ကားများ ထင်သလောက် အရှိန်မမြှင့်ရဲ။

ဆီတွေနှင့် ပြောင်ချောနေသဖြင့် ကားမှောက်မှာစိုးရသည်။

သည်ကားကလည်း ဖြည်းဖြည်း။

ဒါကြောင့် ကားလမ်းပေါ်ထွက်၍ ကားရှေ့မှာ လူစွမ်းကောင်း လုပ်ရဲခြင်း ဖြစ်သည်။

ကားပေါ်မှ မောင်းသူကို မြင်သည်။ သူနှင့် လေး,ငါးကိုက် အကွာမှာ ကားက ထိုးရပ်သွားသည်။ မှန်ကားတစ်စီး။

ကားလေကာမှန်ပေါ်မှ ရေသုတ်တံ ဝိုက်ပါ၏ စက်သံတစ်ချက်ချက်ကို ကြားနေရသည်။

"ဘာလဲ ... ကားစောင့်နေသလား၊ ဟပ် ... ဟပ်ချိုး"

ကားထဲမှ မောင်းသူက အလိုက်တသိ မေးမြန်းသည်။ ချေလည်း ချေလိုက်သေးသည်။

"ဟုတ်ကဲ့ ... ကားစောင့်နေတာပါ၊ ကျွန်တော်နဲ့အတူ ကလေးတစ်ယောက်လည်း ရှိတယ်"

"ဒါဖြင့် ခေါ်လိုက်လေ၊ လိုက်ခဲ့ပါ၊ အဟွတ် ဟွတ်"

"ဟုတ်ကဲ့"

သူက ကျေးဇူးတင်နေမိသည်။ ရာဇာထွန်းက ဒီကနေ့ သိပ်ကံကောင်းနေသည်။ ကူညီမည့် လူတွေက တစ်ဦးပြီးတစ်ဦး။ ဒီလူ နှာစေးချောင်းဆိုး ဖြစ်နေ၏။



ထူးထူးကိုခေါ်၍ ကားဆီသို့ ပြန်လာသည်။

ကားမောင်းသူက နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်တော့သည်။

"ဟုတ်ကဲ့ ... ကျေးဇူး"

"ခွပ်"

"ဖုန်း ... ဖုန်း"

"အင့်"

သူ့စကားမှ မဆုံးသေး။ ကားနောက်ပိုင်းထဲမှာ လူတစ်ယောက်၏ လက်သီးက လျှပ်တစ်ပြက်အတွင်း ဝင်လာသည်။

သူ မရှောင်လိုက်နိုင်။

မျက်နှာတစ်ခုလုံး ထူပိန်းသွား၍ မီးပွင့်တွေ ဖြာခနဲပေါက်ကွဲသွားသည်အထိ ခံလိုက်ရသည်။ သူ နောက်လန်သွားစဉ် ယင်းလူ၏ လက်တစ်ဖက်မှ အရာဝတ္ထုတစ်ခုက သူ့ခေါင်းပေါ်သို့ ဖြတ်ဝင်လာသည်။

အင့်ခနဲ အသံသာ သူ ပြုနိုင်သည်။

သူ လဲကျသွားတာက မိုးရေထဲမှာ ခွေခွေလေး။

ရိုက်သူက ကားအောက်မှ ထူးထူးကို ကားထဲသို့ ကြမ်းတမ်းစွာ ဆွဲသွင်းလိုက်သည်။

"မလုပ်နဲ့ဗျ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဦးဦးရေ ... ဦးဦး"

ထူးထူးက မျက်စိမမြင်ပေမဲ့ နားလည်သည်။ သူ့ကိုခေါ်သွားကြသည်မှာ မကောင်းသည့်လူတွေ။

"မင်း ကောင်လေးကို အသံတိတ်အောင် လုပ်လိုက်စမ်းကွာ၊ ဒီလိုဆို မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူကပြော၍ ကားကိုလိုမ့်ထွက်လိုက်တော့သည်။ ကားထဲမှလူက သူ့ဂျာကင်အင်္ကျီ အောက်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ထုတ်လိုက်၏။

ကလိုရိုဖောင်း မေ့ဆေးအငွေကို ထူးထူး မခံနိုင်။ နှာဝတွင် စိမ်းစိမ်းချွဲချွဲ အနံ့ကြီး တိုးဝင်လာပြီး ရှုန်းရင်းကန်ရင်းမှ တဖြည်းဖြည်း ပျော့ခွေကျသွားတော့သည်။

မေ့ဆေးအုပ်လိုက်သူက ပြုံးသည်။

သူသည် အသားမည်းကောင်။ ထူးထူးကို မနေ့က လုယူရန် ကြိုးစားခဲ့သူတစ်ဦး။

ပြီးတော့ သည်မနက်တွင် သချိုင်းအစွန်တစ်နေရာမှ ရာဇာထွန်းတို့အား မှန်ပြောင်းနှင့် ကြည့်နေခဲ့သည့်သူ။

❦ ❦ ❦

"ဒီမှာရှင့် … ဒီမှာ"

"ကိုယ့်ညီ … ဟော့ ကိုယ့်ညီ"

ခေါ်သံတွေ ကြားရသည်။ ဘယ်သူတွေရဲ့ ခေါ်သံများပါလိမ့်။

ခေါင်းထဲမှာ ဝေဝါးနေသည်။ သူ သတိရလာလို့ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

သူ ထဖို့ကြိုးစားလိုက်သည်။ ချက်ချင်း ခေါင်းကို ကိုင်လိုက်သည်။

"အား … ကျွတ် ကျွတ်"



မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားသည်။ ခေါင်းထဲမှာ ခံခံနဲ့ နာသွားသောကြောင့် ဖြစ်သည်။

မိန်းမသံလေး တစ်ခု။

ချက်ချင်းမထ,နှင့် ဆိုစေကာမူ သူက ရုန်းကန်ထ,သည်။ သူ့ တစ်ကိုယ်လုံးမှာလည်း မိုးရေတွေရွှဲပြီး ပေရေနေသည်။

သူ စံမြန်းနေရာကလည်း မိုးရေရွှဲနေသည့် မြေပြင်ပေါ်မှာ။

မိုးကတော့ တိတ်သွားပြီ။ မိုးချုခဲ့သဖြင့် တစ်လောကလုံး မိုးနံ့သင်းပြီး စွတ်စိုသာယာနေသည်။

သူ့အား အသံပြုသူများကို လိုက်ကြည့်သည်။ ပထမတော့ မြင်ကွင်းမှာ မှုန်ဝါးဝါး။

နောက်တော့ ကြည်လင်လာသည်။ မိန်းမပျိုတစ်ဦးနှင့် ယောကျ်ားပျိုတစ်ဦးရယ်။

ယောကျ်ားပျို၏ လက်မှာ အဝတ်သိုင်းထားလို့။

မှတ်မိတာပေါ့။

"ဩော် … ခင်ဗျားတို့ပဲ"

"မှတ်ဉာဏ် မဆိုးဘူး၊ ကိုယ့်ညီကိုလည်း ကိုယ်တို့ မှတ်မိတယ်၊ ဘာဖြစ်တာလဲ"

သူ့အား လက်တွင် အဝတ်ကြိုးသိုင်းထားသူက မေးလိုက်သည်။ တစ်မြန်နေ့ညက ရဲလိုက်စဉ် သူတို့အိမ်မှာပဲ ပုန်းခိုနေသေးသည်။

မဖြေသေးဘဲ ရာဇာထွန်းက ပတ်ဝန်းကျင်ကို ကြည့်သည်။ ထူးထူးကို လိုက်ရှာသည်။ ထူးထူးကို မမြင်။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကတော့ သူ့ဘေးမှာ ရပ်ထားသည် ဆူပါဗစ်တာကားကြီး အမျိုးအစား။ သူတို့ကားပဲ။

ပထမ သူတွေ့ရသည့်ကားက ဆလင်ဒါ လေးလုံး တပ် ဖို့(ဒ်)အင်ဂျလီးယား အမျိုးအစား။ ဒီကားကတော့ လစ်ပြီ။ ဒီကားပေါ်မှာ ထူးထူး ပါသွားမှာ သေချာသည်။

"ဘယ်လိုဖြစ်တာလဲရှင့်"

မိန်းမပျိုက ကျီးကြည့် ကြောင်ကြည့် လုပ်နေသော ရာဇာထွန်းအား စိတ်မရှည်သလို ဖြစ်သွားသည်။

"မိုးရွာထဲ လမ်းလျှောက်လာတာ ကားတစ်စီး ဝင်တိုက်သွား တာပဲ၊ အရှောင်ကောင်းပေမဲ့ ခံလိုက်ရတယ်"

"ရဲကားတော့ မဟုတ်ပါဘူးနော်"

မိန်းမပျိုက မချိုမချဉ် မေးသည်။ သူ့စိတ်ထဲ ရုတ်ခြည်း ပေါ်လာတာကို ဖြေမိသဖြင့် ရာဇာထွန်း ကျေနပ်သွားသည်။

သူ့ခေါင်းကို စမ်းမိသည်။ ခေါင်းထိပ်မှာ ကြက်သွန် နှစ်ဥ။

ကြက်သွန်ဈေးတက်တုန်း ကြက်သွန်ဥတွေ ပေးသွား လိုက်ကြတာ။

မောင်မင်းကြီးသားများ ကျန်းမာပါစေ။

"ကိုယ့်ညီ လမ်းလျှောက်နိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ လမ်းလျှောက်နိုင်တာထက် ကားစီးနိုင်တယ်ဆို ရင် ပိုကျေးဇူးတင်တာပေါ့ခင်ဗျာ"

အဝတ်နှင့် လက်သိုင်းထားသူက ပြုံး၍ ...

"နေသာ ထိုင်သာ ရှိသွားပြီလားလို့ မေးတဲ့ သဘောပါ၊ ကျွန်တော်တို့လည်း မြိုင်ကလေးကို သွားမှာပါ၊ မြိုင်ကလေး မှာ နေမယ်ဆိုရင်"



"ကျွန်တော် မြို့ကပါ"

"ဒါဖြင့်လည်း ကျွန်တော်တို့ကားနဲ့ လိုက်ခဲ့လေ၊ မြိုင်က လေးကိုသွားပြီးရင် မြို့ကိုပြန်မှာ၊ ဒါထက် တိုက်မိတဲ့ကား ကို မှတ်မိလား"

"ဟင့်အင်း၊ မိုးရွာကြီးထဲဆိုတော့ ဘယ်လိုမှ မမှတ်မိဘူး"

သူ ကြောင်လိမ်ပစ်လိုက်သည်။

အမေးအမြန်းတော့ ဆက်မထူ၊ သူတို့ကားနှင့် မြိုင် ကလေးကို လိုက်သွားသည်။ ကားပေါ်မှ မဆင်းဘဲ သူတို့နှစ်ယောက် အိမ်တစ်အိမ်သို့ တက်သွားခြင်းကို စောင့်ကြည့်နေလိုက်သည်။

မြို့ကိုအပြန်တွင် ...

"ကိုယ့်ညီနာမည်က ဘယ်သူ"

"ရာဇာထွန်း"

"တယ်သင်းတဲ့ နာမည်ပါလား"

"အစ်ကို့အိမ်မှာ ကျွန်တော် ပြောခဲ့သားပဲ၊ အစ်ကို မေ့သွား ပြီ ထင်ပါရဲ့၊ အစ်ကို့နာမည်ကိုတော့ ကျွန်တော် မမေ့ပါဘူး၊ ကိုအောင်ဌေးလွင် မှတ်လား၊ နောက်တစ်ယောက် နာမည် ကိုသာ မသိတာ"

"ကိုယ့်ကို အစ်ကိုလို့ မခေါ်စမ်းပါနဲ့ကွာ၊ ကိုယ်မှာ နမရှိ တော့ အစ်ကို ခေါ်ခံရတာ တစ်မျိုးကြီးပဲ၊ ညီမလေးနာမည် က ကေရီဇော်"

"ကေရီဇော် ... ဟား ... နာမည်ကတော့ ဒိတ်ဘဲ"

"လူကလည်း ဒိတ်ပါပဲ၊ သူက အာရ်အိုင်တီက ဆင်းလာတဲ့ အင်ဂျင်နီယာတစ်ဦးပဲ၊ မြို့ပြအင်ဂျင်နီယာဘွဲ့ ယူလာတာပဲ"

"အစ်ကို ... အဲ ... ကိုအောင်ဌေးလွင်ကကော"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အစက ကုန်သွယ်ရေးတစ်ခုမှာ မှန်နေရ
ကွာ"

"အစကဆိုတော့ အခုကော ..."

"အခုတော့ အလုပ်လက်မဲ့ပေါ့"

"ဗျာ ... ဘယ်လိုဖြစ်သွားတာလဲ"

"ကိုယ့်တပည့်တွေ မလိမ္မာလို့ပေါ့၊ ဒီကောင်တွေ
လစ်တာ မလျှင်တော့ ကိုယ့်နာမည် လာခိုက်တ
တပည့်မကောင်း ဆရာ့ခေါင်းပေါ့"

သူ ပြောပုံဆိုပုံတွေက အထက်စီးကျသည်။
က အရာရှိဖြစ်ခဲ့ဖူးသည့်လေက ခုချိန်မှာတောင် တစ်ပြားသား
မလျှော့။

မိမိကိုပင် သူ့လက်အောက်ငယ်သား အောက်
သလား။

"မင်းကကော ဘယ်ကလဲ"

"ကျွန်တော်လား၊ အဲ ... ကျွန်တော်က သုံးဆယ်
က"

"အသူရကယ်ဘုံက ထင်ပါရဲ့"

သူ့စကားအဆုံးတွင် ကေရီဖော်က ဝင်ခွပ်လိုက်
"ဟုတ်ကဲ့၊ အသူရကယ်ဘုံက မဟုတ်ပါဘူး၊ မေတ္တာ
လူ့ဘုံကပါ"

ဒီလူ သဘောထားကြီးသည်။ ပြောပြီးမှ မိမိ
လွန်သွားမှန်း သိသဖြင့် အောင်ဒွေးလွင်ကို ရာဇာထွန်းက လှမ်း
သည်။ အောင်ဒွေးလွင်က မတုန်မလှုပ်။ မကြားသလို။

ဒီလူကြီး ရွှေယောက်ဖ ဖြစ်ပါစေ။



သည်သို့ပဲ ဆုတောင်းရမည်။ သူ့ကို အိမ်သို့ခေါ်သွားကြသည်။ မိမိတည်းခိုရာ တည်းခိုခန်းသို့ ရာဇာထွန်းက ပြန်ပြေးချင်လှသည်။

ဒါပေမင့် သူတို့က အိမ်သို့လိုက်ခဲ့ပါဦးဟု ခေါ်နေတော့လည်း အောင်ဒွေးလွင်နှင့် ကေရီဖော်ကို ထောက်ထားပြီး လိုက်သွားသည်။

အိမ်ရောက်ပြီ။ တံခါးဖွင့်။ အိမ်ထဲဝင်။ ဆိုဖာပေါ်တွင် ထိုင်မိတော့မှ အောင်ဒွေးလွင်က သူ့ကို ဖျဘ်ခနဲ သေနတ်ကို အနီးရှိစားပွဲအံဆွဲထဲမှ ထုတ်ချိန်လိုက်သည်။

"ကိုင်း ... ကိုလူဆိုးကြီး၊ ရဲစခန်းပဲ အပို့ခံမလား၊ မှန်ရာကိုပဲ ပြောမလား"

"ဗျာ ... အဲ"

ရုတ်တရက်မို့ ရာဇာထွန်း ကြောင်သွားသည်။ ကေရီဖော်က သူတို့နှစ်ယောက်ကို စိတ်ဝင်စားစွာ ကြည့်နေသည်။ တစ်ခွန်း တစ်ပါဒမှ ဝင်မစွက်။

တက်ထရက်(စ်)ရှန် နဲ့သာရောင် ဘလောက်(စ်)အကျီအတွင်းမှ တင်းအိလုံးထွားသော ရင်နှစ်လွှာကသာလျှင် နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။ စိတ်လှုပ်ရှားနေကြောင်းတော့ သေချာသည်။

"မကေရီဖော် ... ခင်ဗျား အစ်ကို့ကို ကြည့်ပါဦး၊ ဘယ်လိုလဲ၊ မလွယ်ပါလားဗျာ"

"ဘယ်လွယ်မလဲ၊ မောင်ရင့် အကြောင်းမှန်ကို ကိုယ်သိသိခဲ့ပြီပဲ"

"ဘာအကြောင်းမှန်လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ ဘယ်လိုမှ မခံစားလိုက်ရပေမင့် ခံပြင်းဟန် ပြပြီး ရာဇာထွန်း ထလိုက်သည်။

"မင်းနေရာမင်း ထိုင်နေစမ်း ရာဇာထွန်း၊ မင်းဟာ ကလေး တစ်ယောက်ကို ပြန်ပေးဆွဲသွားတဲ့ လူဆိုးတစ်ယောက်း ဆိုတာ တို့ ရိပ်မိပြီးသားပါ"

"ဘာ ... ဘာကလေးလဲ"

"ဒီမြို့က ရတနာကုန်သည် ဦးမင်းလှိုင်နဲ့ ဒေါ်ကလျာလှိုင် တို့ရဲ့သားကို ဆွဲသွားတာလေ၊ ဒီမြို့က မြို့ကျယ်လို့ တစ်ဝက် လောက်သာ သိပေမဲ့ မြိုင်ကလေးလို နေရာမျိုးကျတော့ တစ်မြို့လုံး သိနေပြီ"

ဟုတ်မှာပဲ။ ရာဇာထွန်း မငြင်း။

မနေ့ညက ရဲများ၏ သေနတ်သံများက မြိုင်ကလေး ကို လှုပ်နိုးခဲ့သေးသည် မဟုတ်လား။

"ခင်ဗျားတို့ အထင်မှားနေတာပါ"

"မငြင်းပါနဲ့ကွာ၊ မင်းနဲ့ တို့ မြိုင်ကလေးရောက်တော့ မြိုင် ကလေးအိမ်ကို အဝင်မှာ လူတစ်ယောက် ကလေးတစ်ယောက် ကို ပြန်ပေးဆွဲသွားပြီး ရဲက လိုက်ရာမှ ထွက်ပြေးသွားတဲ့ အကြောင်းနဲ့ အဲဒီလူကိုမိရင် ရဲစခန်းကိုပို့ဖို့ ရဲက ပြည်သူ နဲ့ ကျေးရွာကောင်စီကို အကြောင်းကြားသွားခဲ့တယ်တဲ့၊ မင်း က ဘယ်ကိုသွားလို့ ဘယ်ကိုလာတဲ့လူမှန်းလဲ မသိဘူး"

"ဒါတော့"

"ဒါတော့တွေ ဘာတွေ လုပ်မနေနဲ့၊ တစ်နေ့က မင်းကို စ လိုက်လို့ တို့အိမ်ထဲ ဝင်ပုန်းတာကပဲ မသင်္ကာစရာ ဖြစ်နေ တယ်၊ ပြီးတော့ မင်းပဲ ဦးမင်းလှိုင်နဲ့ ဒေါ်ကလျာလှိုင်ကို ဘ



ကိုမေးသေးတယ် မဟုတ်လား၊ ဒီတော့ ကလေးကို မင်းပဲ ခေါ်သွားမယ်"

သူ့စွပ်စွဲချက်တွေက ခဆိုး။

"ခင်ဗျား ဘာကြောင့် ဒါတွေပြောနေရတာလဲ၊ မသင်္ကာရင် လည်း ရဲစခန်းကို တစ်ခါတည်း ပို့လိုက်ပါလား"

"မင်းကို စိတ်ဝင်စားလို့ပါ၊ ပြီးတော့ မင်းကိုလည်း မြင်မြင် ချင်း ခင်မိတယ်၊ မင်းရုပ်က လူချောလေး၊ အသက်ကြည့်ရ တာလည်း နှစ်ဆယ်ကျော် ရှိသေးတယ်"

"ကျွန်တော့်အသက် နှစ်ဆယ့်လေးနှစ်"

"နှစ်ဆယ့်လေးနှစ်ဆိုတော့ မိုက်လို့ သာကောင်းတဲ့အရွယ်"

"ကျွန်တော် မမိုက်ဘူး"

"မမိုက်ဘဲနဲ့ အပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို ဘာကြောင့် ဆွဲခေါ်သွားတာလဲ၊ ဘယ်မလဲ ဒီကလေး"

"ကျွန်တော် အမှန်အတိုင်းပြောရင် ခင်ဗျားတို့ လက်ခံမလား ကိုအောင်ဒွေးလွင်"

အောင်ဒွေးလွင်နှင့် ကေရီဖော်ကို တစ်လှည့်စီကြည့် လိုက်သည်။ ကေရီဖော်က ခေါင်းကလေး ညိတ်ပြသည်။

"ပြောပြပါ၊ အမှန်အတိုင်းနော် ရာဇာထွန်း"

"အေးပါ ကိုအောင်ဒွေးလွင်ရာ၊ ကျွန်တော်ကတော့ အမှန် အတိုင်း ပြောမှာပါ၊ ပြောရမှာက ကျွန်တော့်အလုပ်၊ ယုံတာ မယုံတာက ခင်ဗျားတို့အလုပ်"

သူ့အဖြစ်ကို စ,ပြောဖို့ ချိန်လိုက်သည်။ အတိတ် ကာလက လိုအပ်ခဲ့သော စာမျက်နှာများကို သူ ချန်ထားလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီလာတာ ကိုမင်းလှိုင်နဲ့ ကလျာလှိုင်ကို သတ်ဖို့လာခဲ့တာ၊ အဲ ... ဘာကြောင့် သတ်ဖို့ဆိုတာတော့ ခင်ဗျား မမေးပါနဲ့၊ အတိတ်ကြွေးတစ်ခု ဆပ်ရမယ် ဆိုတာတော့ ရှိတယ်၊ ဒီအဖြစ်ကို ကျွန်တော်ရယ်၊ ကလျာလှိုင်ရယ်၊ ကိုမင်းလှိုင်ရယ် ဒီသုံးယောက်ပဲ သိတယ်"

သူသည် စကားကို နားလိုက်သည်။ စီးကရက်တစ်လိပ်ကို လက်ဖြန့်တောင်းလိုက်သည်။

အောင်ဗွေးလွင် ပေးလိုက်သော စီးကရက်ကို အရသာခံပြီး ဖွာရှိုက်လိုက်သေးသည်။

သူ့အဖြစ်ကို လေးလေးမှန်မှန်ပင် ပြောပြသည်။ သူဘာလုပ်သည်၊ ဘာကောင် ဆိုတာကို ထည့်မပြော။

ရန်ကုန်မှ အထွက် ပိန်းနဲကုန်း ရောက်သည်အစ ဒီမြို့ကို ရောက်သည်အဆုံး ပြောပြသည်။ ဤစကားထဲတွင် သမန်းကျား ဆိုတာလည်း မပါ၊ ကျားနှင့်တွေ့တာလည်း ထည့်မပြော။ ဦးကျားကြီးနှင့် နှင်းလေးမြိုင်ကိုပါ မြှုပ်ထားလိုက်သည်။

သူတို့ကို မြှုပ်ထားလိုက်တော့ သူနှင့်ကောင်လေး ရေတွင်းထဲကျသည့် ဇာတ်လမ်းပါ မရှိတော့။

ဒါကို ထည့်ပြောလည်း ယုံချင်မှ ယုံမည်။

"ကောင်လေးနဲ့ ကျွန်တော် ပုန်းနေပြီးမှ ကောင်လေးကို သနားတာနဲ့ အိမ်ပြန်ပို့ဖို့ ထွက်လာကြတယ်၊ အဲဒီအချိန်မှာ မိုးကရွာနေပြီ၊ လမ်းပေါ်မှာ ကားကြုံရဖို့ စောင့်နေကြတယ်၊ ခင်ဗျားတို့ ကျွန်တော့်ကို တွေ့တဲ့နေရာမှာပေါ့၊ ကားတစ်စီးလာလို့ ဖမ်းလည်းတားမိရော အဲဒီကားပေါ်က လူတစ်ယောက်က ကျွန်တော့်ကို ဆောင့်ထည့်သွားခဲ့တာပဲ၊ ဟောဒီမှာ ဒဏ်ရာတောင် ရှိသေး"



"ကလေးကော"

"ကလေးကို သူတို့ ခေါ်သွားတယ်"

အားလုံး တိတ်ဆိတ်သွားသည်။ ရာဇာထွန်းက စီးက ...ငွေ့များကို မှုတ်ထုတ်၍ ...

"ခင်ဗျားတို့လာမှ ကျွန်တော် သတိရတယ်၊ ကျွန်တော့်အဖြစ်က ဒါပဲ"

သူတို့ ယုံသည် မယုံသည်ကို ရာဇာထွန်းက အကဲ ...နေဘဲ မင်သေသေနှင့် စီးကရက်ဆက်သောက်နေသေးသည်။

အနည်းငယ်ကြာမှ အောင်ဗွေးလွင်က သူ့သေနတ်ကို ...ထဲ ပြန်ထည့်လိုက်သည်။

"ဘယ်လိုလဲ ယုံပလား"

"ယုံပါတယ်၊ ပြစမ်း ... မင်း ဒဏ်ရာ"

သူ့ခေါင်းမှ ဒဏ်ရာကို လာစမ်းကြည့်သည်။ လူတစ် ...ယောက်၏ ရိုက်သွားသောဒဏ်ရာဖြစ်ကြောင်း သိနိုင်၏။ ယုံမှားဖွယ်

ရာဇာထွန်း၏ ပခုံးကို အောင်ဗွေးလွင်က ညှစ်လိုက်သည်။

"မင်းအဖို့ အခုတော့ ရဲတွေရဲ့ မျက်စိထဲမှာ တရားခံဖြစ်နေပြီ၊ အကြောင်းစုံသိရအောင် အဖမ်းခံလိုက်ပါလား"

"ဘာလို့ အဖမ်းခံရမှာလဲ"

ရာဇာထွန်း၏ အသံက မာကျောသွားသည်။ နောက် ...အသံကိုပျော့၍ ...

"ကျွန်တော့်မှာ လုပ်စရာအလုပ် ကျန်နေသေးတယ်၊ ဟိုလင်မယားနှစ်ယောက်နဲ့ ရှင်းစရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အသက်ကို သတ်ဖို့ မကြိုးစားပါနဲ့ကွာ၊ သူတို့အသက်သေရင် မင်းလည်း ..."

"အသက်တွင် ဘယ်ဟုတ်မလဲ၊ ရတနာ ..."

သူက စကားကို ရပ်ပစ်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်ပြန်သည်။

မောင်နှမနှစ်ယောက်လုံးက သူ့ကို သေသေချာချာ ကြည့်နေကြသည်။

"ဆက်ပြောလေ"

"ပြောစရာ မရှိတော့ပါဘူး ကိုအောင်ရွှေလွင်"

သူက ခေါင်းကို ယမ်းပစ်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ အနည်းငယ် တုန်နေသည်။ မိုးရေကြောင့် ချမ်းစိမ့်စိမ့်၊ ဖျားများဖျားရင် အခက်။

အကျီတွေက ကိုယ်ငွေ့ကြောင့် ခြောက်သွားခဲ့ပြီပဲ။

"မင်းတစ်ကိုယ်လုံး တုန်နေတယ်၊ ညီမလေးရေ ... သူ့ကို မော့ဝီစကီဒပ်ဗယ်(လ်)ငှဲ့ခဲ့ကွာ"

အောင်ရွှေလွင်က ကေရီဇော်ကို လှည့်ပြောသည်။

"ကျွန်တော် အရက်မကြိုက်ဘူး၊ ခုအခါမှာ ကော်ဖီပူပူတစ်ခွက် သောက်ရရင် တော်ပါပြီ"

ဒါက သူ့ဆန္ဒ။

ကေရီဇော်က သဘောမဆိုး။ သူ့ဆန္ဒကိုလိုက်ပြီး ကော်ဖီပူပူတစ်ခွက် ဖျော်ပေးလိုက်သည်။ ဘီယာမတ်ခွက်တစ်လုံး အပြည့်။

ကျေးဇူးတင်စွာနှင့် သောက်လိုက်သည်။ လှပသော မိန်းကလေးတစ်ယောက်၏လက်ရာ ကော်ဖီက ပူပေမင့် သူ့အသည်းထဲမှာ အေးစိမ့်စိမ့်။



ထပ်ပြီး ကျေးဇူးတင်ရပြန်ပါသည်။

ကေရီဇော်က သူ့ခေါင်းက ဒဏ်ရာကို တရုတ်ဒဏ်ကြေဆေး လိမ်းပေးလိုက်လို့။

မိန်းမချောကလေးတစ်ယောက်၏ အပြုအစုကို ခံရတဲ့ ယောက်ျားများတွင် ဖြစ်ပေါ်လာသော ဖြစ်ပေါ်မှုမျိုးက ရာဇာထွန်းရင်ထဲ ဘယ်နေမလဲ။

ကျေနပ်နှစ်သိမ့်မှုတွေ ဆဝေဆာလို့။

အောင်ရွှေလွင်က မခိုင်း။ ရာဇာထွန်းကို သူ့စေတနာနှင့်သူ ကေရီဇော်က ပြုစုလိုက်ခြင်းပါတည်း။

"မင်း ဘာဆက်လုပ်မလဲ"

အောင်ရွှေလွင်ကို တိကျသော အဖြေတစ်ခု ပေးရပါလိမ့်မည်။

"ကျွန်တော် ထူးထူးကို ပြန်ရှာမယ်"

"ဘာဖြစ်လို့"

"ကျွန်တော့်မှာ တာဝန်ရှိတယ်"

"ရှင့်ကို ရဲတွေက ဖမ်းလိုက်ရင်ကော"

"ဒါတော့ ကံပဲ၊ ဒါပေမဲ့ ရဲတွေက ကျွန်တော့်မျက်နှာကို မသိကြပါဘူး၊ ကျွန်တော့် အကြောင်းသိတာ ခင်ဗျားတို့ မောင်နှမ နှစ်ယောက်ပဲ သိတာ"

ကေရီဇော်သည် လက်သုတ်ပဝါတစ်ထည်နှင့် ဖောင်းအိသွယ်လျသော လက်ချောင်းကလေးများကို သုတ်နေရာက နှုတ်ခမ်းလေးကိုတွန့်၍ ...

"ကျွန်မတို့က သစ္စာမဖောက်ပါဘူး၊ မဟုတ်ဘူးလား ကိုကိုရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့"

"ကလင် _ ကလင် … ကလင်"

တယ်လီဖုန်း ခေါင်းလောင်း မြည်သံက ပေါ်လာသည်။

ညော့ခန်းက ဖုန်းစင်သို့ ကေရီဇော်က လျှောက်သွားသည်။

"ဟုတ်ကဲ့ ကေရီဇော်ပါ၊ ဪ … ကိုသန်းထွန်းလား၊ ဟုတ်ကဲ့၊ အဆင်သင့်ပဲ၊ အာ … လာမှာပေါ့"

သူက ဖုန်းပြန်ချသည်။

"ကိုကို ဒီည ကိုသန်းထွန်းရဲ့ ထမင်းစားပွဲမှာ ကေရီတို့ကို ဖိတ်ထားတာ မမေ့နဲ့နော်၊ ဂိုးလ်ဒင်းဘက်ပဆူး(လ်)တီးဝိုင်း အဖွဲ့နဲ့ ကေရီကပါ သီချင်းဆိုပေးရမှာ"

ရာဇာထွန်းသည် ကေရီဇော်ကို ငေးကြည့်နေသည်။

"စတီရီယိုအဆိုကျော် ကေရီဇော် ဆိုတာ ခင်ဗျားလား"

"ဟုတ်တယ်"

"ရန်ကုန်မှာ ခင်ဗျားသီချင်းတွေ ခေတ်စားသားပဲ၊ ဪ … စတီရီယိုအဆိုကျော်ကြီးနဲ့ လာတိုးနေတာကိုး"

"ကေရီက ဒီမြို့မှာ အလုပ်မဖြစ်ချင်ရင် ရန်ကုန်ဆင်းလိုက်တာပါပဲ၊ ကေရီက ကြေးစားအဆိုတော်တော့ မဟုတ်ဘူး၊ ဝါသနာပါလို့ပဲ"

ကေရီက ခပ်ပေါ့ပေါ့ ပြောနေသည်။ အောင်ဒွေးလွင်က သူ့နမ၏ခေါင်းကို ရှေ့တိုးနောက်ငင်ပြုရင်း …

"ကေရီ အဆိုကျော်ဖြစ်ဖို့အတွက် ငွေနှစ်သောင်းကျော် ကုန်လိုက်ရတယ်၊ ဆောင်းဟာစ်(တ်)မဖြစ်ခင်လေးမှာ အကုန်



ခံလိုက်ရကျိုးတော့ နပ်ပါတယ်၊ အခုပဲ သူ့ဆီးရီး(စ်)တွေ ထွက်နေတာ သုံးကြိမ်တောင် ရှိနေပြီ"

"ကွန်ကရက်ကျူးလေးရှင်း"

ရာဇာထွန်းက ခေါင်းညွှတ်ပြောလိုက်သည်။

ကေရီ၏ ရွှန်းလဲ့သော ကြယ်နှစ်လွှာက ရာဇာထွန်းဖမ်းညို့နေသည်။

"မနက်ဖြန် ကိုသန်းထွန်းရဲ့ ထမင်းစားပွဲကို ကိုရာဇာ လာနိုင်ရင် လာခဲ့ပါလားရှင်"

"ဟုတ်ကဲ့ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ကိုသန်းထွန်းက ဖိတ်တာ မဟုတ်တော့"

"ကိုသန်းထွန်းက ကေရီနဲ့ ရင်းနှီးပြီးသားပါ၊ ကေရီရဲ့ဧည့်သည်အဖြစ်ဆိုရင် ရပါတယ်၊ မဟုတ်ဘူးလား ကိုကိုရာ"

"အေးပေါ့"

ရာဇာထွန်းသည် မှန်များကွဲကြေနေသော သူ့လက်ပတ်နာရီကို အမှတ်မဲ့ ငုံ့ကြည့်လိုက်သည်။ ညခုနစ်နာရီ ထိုးနေပြီ။

သူ ထွက်လာသည်။ မောင်နှမ နှစ်ယောက်လုံးက အထိတော့ လိုက်ပို့လိုက်ကြသည်။ ရာဇာထွန်းက ခြံပြင်သို့ ခေါင်းငိုက်စိုက်ချ ထွက်လာသည်။

ခုအချိန်မှာ သူ ဆေးတစ်လုံးထိုးဖို့တော့ လိုအပ်နေပြီ။ ခေါင်းထဲမှာ ရီဝေနေသည်။

လက်ထဲမှာ ကိုင်ထားသော ခွန့်ဟောခတ်ကို ခပ်တင်းတင်း ဆုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၆

သူ့တည်းခိုခန်းသို့ ပြန်လာသည်။

ရောက်ရောက်ချင်း အင်္ကျီလဲပစ်လိုက်သည်။ ဝမ်းထဲမှာလည်း ဟာနေသဖြင့် ဟောလစ်ပူပူတစ်ခွက်နှင့် ကြက်ဥညှပ်ပေါင်မုန့်များကို မှာလိုက်သည်။

ဝိတ်တာတစ်ယောက်က အစားအသောက်များကို လာပို့ပေးသည်။

ဗိုက်ထဲကို အစာရောက်မှပင် ခေါင်းထဲမှ ရီဝေဝေကပျောက်သွားတော့သည်။

ကိုယ့်တစ်ကိုယ်လုံး ရှိန်းဖိန်းဖိန်း ဖြစ်နေတာကမပျောက်သေး။

ဆေးတိုက် တစ်တိုက်သို့သွားပြီး ဆေးထိုးလိုက်တာမှ သက်သာဦးမည်။

သူ အောက်ထပ်သို့ ဆင်းလာသည်။ သူ့တည်းခိုခန်းက အပေါ်ထပ်မှာရှိသည်။

ကောင်တာတွင် ထိုင်နေသော စာရေးအား ဆေးတိုက်ကောင်းကောင်းရှိရာကို စုံစမ်းသည်။



"ဒီနားမှာတော့ ဆေးတိုက်ကောင်းကောင်း မရှိဘူး၊ ရှိလည်း အပ်တုံးတုံးနဲ့ထိုးတဲ့ လေးတိုက်ပဲရှိမယ်၊ ပိုက်ဆံလည်း သိပ်ယူတယ်"

"ဘယ်နေရာမှာ ကောင်းကောင်းရှိသလဲ"

"သီတာဦးပန်းခြံဘက်ကို သွားပါလား၊ သီတာဦးပန်းခြံရဲ့ အရှေ့ဘက် နာရီစင်ကြီးနားမှာ မြမာလာဆေးခန်း ရှိတယ်၊ နာမည်ကြီးပဲ"

"ကျေးဇူးပဲ"

သူသည် ကောင်တာစာရေး လက်ထဲမှာ ကိုင်ထားသော စာစောင်ကို စိုက်ကြည့်လိုက်သည်။

စာစောင်အမည်က ရွှေရိုးစာစောင် ဖြစ်သည်။

ဤမြို့တွင်ထွက်သည့် ပုဂ္ဂလိက စာစောင်မှန်း သိသည်။

စာစောင်ထိပ်တွင် "ကလေးပြန်ပေးဆွဲမှု"သတင်းကို သည့်ထားသည်။ သူ စိတ်ဝင်စားသွားသည်။

"ဒီစာစောင် ခဏလောက်"

"ခင်ဗျားက ကလေး ပြန်ပေးဆွဲမှု သတင်းကို စိတ်ဝင်စားတယ် ထင်တယ်"

စာစောင်ကို လှမ်းယူလိုက်သည်။ သတင်းကို သတင်းသို့ မရေးဘဲ ဝတ္ထုဆန်ဆန် ဖော်ပြထားသည်။ ရေးထားပုံက အိမ်မလေးရဲ့ ဖြောင့်ချက်။

ညနေဘက် ကလေးထွက်ထိန်းစဉ် လူဆိုးသုံးယောက်က မျက်စိမမြင်သောကလေးကို လုယက်ခြင်းနှင့် လူတစ်ယောက်က ကလေးကို ကယ်တင်ပုံ။ ပြီးတော့ ယင်းကလေးကို ခေါ်ဆောင်သွား

www.burmeseclassic.com

www.burmeseclassic.com



ပုံနှင့် အိမ်ဖော်မလေးအား ရာဇာထွန်း ပြောခဲ့သော စကားမျာ
ရေးသားထားသည်။

“ဘယ့်နှယ်လဲ၊ စိတ်ဝင်စားစရာ မကောင်းဘူးလား”

“မဆိုးပါဘူး၊ ကောင်းပါတယ်”

“ဒီမြို့မှာ ကလေးပြန်ပေးဆွဲတာ ဒီတစ်ခါပဲ ဖြစ်ဖူးသေး
မိတ်ဆွေရဲ့”

ကောင်တာစာရေးနှင့် သူပြောနေသည်။ အောက်
အပိုဒ်ကို ရာဇာထွန်း ဂရုစိုက်ဖတ်သည်။ လူဆိုးများ၏ မျက်နှာ
ကလေးထိန်း အိမ်ဖော်မလေးက မမှတ်မိသော်လည်း ကလေး
ခေါ်ဆောင်သွားသူ၏ မျက်နှာကိုတော့ အိမ်ဖော်မလေးက မှ
ကြောင်း ရေးထားခြင်း ဖြစ်သည်။

ယင်းလူကား လူချောလေး။

သူက သတင်းနောက်ဆုံးအပိုဒ်ကိုဖတ်၍ စိတ်
မလဲ ဖြစ်သွားသည်။

“ရော့ဗျာ ... ကျွန်တော် သွားမယ်”

သူသည် ကောတရာနိုင်လွန်ဂျာကင်နှင့် ဖော့
ဖလဲကိုဝတ်ပြီး ယိုးဒယားကြိုးသိုင်း ခုံမြင့်ဖိနပ်ကို စီးထားသည်

တည်းခိုအဆောက်အအုံ၏ အပြင်သို့ရောက်လျှင်
သွားပလက်ဖောင်းပေါ်၌ သွားရပ်လိုက်သည်။

“ဟေး ... တက္ကစီ”

လေးဘီးယာဉ်တစ်စီးကို လှမ်းအော်ခေါ်လိုက်၏

ယင်းတက္ကစီနှင့်ပင် သီတာဦးပန်းခြံဘက်ကို
နိုင်းသည်။ နာရီစင်ကြီးရှေ့သို့ ရောက်သောအခါ ငါးနာရီထိုး
နေပြီ။



ပန်းခြံဘက်မှာကား လူတွေ အသွားအလာ များနေ
သည်။ မိုးရွာမှုကြောင့် မြေပွေ့ပျံပြီး အိုက်စပ်စပ် ဖြစ်နေသည်။

မြဘလာဆေးခန်းကို အလွယ်တကူ တွေ့လိုက်တော့
သည်။ မြဘလာဆေးခန်းသည် တစ်ထပ်တိုက် တစ်လုံးတွင် အခြေ
ချထားသော ဆေးခန်း။

အခန်းပေါင်းများစွာနှင့် ဆရာဝန်ပေါင်းများစွာ ရှိ
သည်။

သွားဆရာဝန်၊ နားဆရာဝန်၊ မျက်စိဆရာဝန်၊ လည်
ချောင်းဆရာဝန်၊ အရိုးဆရာဝန်၊ ခွဲစိတ်ဆရာဝန်၊ အဖျားအနာကု
ဆရာဝန်၊ မီးယပ်သားဖွား ဆရာဝန်။

စုံလို့၊ စုံလို့။

ဘွဲ့တွေ ဘွဲ့တွေကလည်း မနည်း။ ပြွတ်စားလို့တောင်
ကုန်ချင်မှ ကုန်မည်။

လူနာတွေအတွက်တော့ အားရှိစရာချည်း။

သူတို့ဘွဲ့တွေက အပြိုင်အဆိုင်ထားမှ လူနာတွေ
အထင်ကြီးကြမည်။ ဒီအထဲမှာ M.B.,B.S တစ်လုံးတည်းသာရှိလျှင်
မျက်နှာငယ်ရော့။

မြဘလာဆေးခန်းက ကုသမှုထက် ဆရာဝန်တွေ
ဘွဲ့တွေများလို့ နာမည်ကြီးဟန် တူသည်။

အဖျားအနာကု ဆရာဝန်ဆီသို့ မဝင်မီ တိုကင်ကတ်
ပြားယူပြီး တန်းစီလိုက်ရသေးသည်။

ဒီအထဲ ရာဇာထွန်း အတွက် ရင်ဖိုစရာ ကြုံသော
သည်။

ဝင်လာသည်။ ရှုသာစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသူက လူတွေနှင့် ရောထိုင်နေသော ရာဇာထွန်း ကို သတိပြုမိဟန်မတူ။

ရာဇာထွန်းကသာ သူ့ကို မြင်မြင်ချင်း မှတ်မိသည်။ ထူးထူးကို တင်ခေါ်သွားသော ကားပေါ်မှ ကားမောင်းခဲ့သူ။ နာ ချောင်းဆိုး ဖြစ်နေခဲ့သူ။

ရာဇာထွန်း၏ တစ်ကိုယ်လုံးတွင် သွေးမျှင်သွေးကြော တို့ တုန်ခါသွားသလို ထင်ရသည်။

သားကောင်က ကျားရှေ့တွင် လာမောက်ရက်လဲနေ ပြီ။

ရာဇာထွန်းက တိတိပပ ပြတ်ပြတ်သားသား ဒီလူမ မာတွေရှေ့မှာ မလုပ်ရဲ။

ဟိုလူမှာ အပြစ်ရှိသလို မိမိမှာလည်း အပြစ်ရှိသည်။

ရဲလက်ထဲသို့ သူ ရောက်သလို၊ မိမိလည်း ရောက် သွားလိမ့်မည်။

ဝင်လာသူ မမြင်သာအောင် အသာလျှို့နေလိုက်သည်။

ဟိုလူကတော့ မျက်စိမွဲပါဘိ။ သူ့ကို မမြင်။

ဘယ်မြင်မလဲ။ သူမြင်တာက ရာဇာထွန်းတို့၏ ခုံတန်း ထိပ်မှာ ထိုင်နေတဲ့ မိန်းမချောလေး တစ်ယောက်။

အဲဒီကောင်မလေးကိုပဲ သူက အနားမှာသွားထိုင်ပြီး တစ်ချိန်လုံး ရိုတ်နေသည်။ ရာဇာထွန်းက သူ့အလှည့်တွင် ဝင်လိုက် သည်။ ဆရာဝန်က အထီးမဟုတ်။ အမ။

ဆရာဝန်မ ပြုသရှေ့ကို သူ ခံနေသည်။ သူကဆရာဝန် ကိုသာ အထင်ကြီးသည်။ ဆရာဝန်မတွေကို အထင်မကြီး။



ဘာကြောင့်ဆိုတော့ တစ်ခါက သူ ကိဘိ မရှိပါပဲ ချက် တီဘီရှိသည်ဟု ဆရာဝန်မတစ်ဦးက ဆေးစစ်တွင် မှတ်ချက် ဘားခဲ့ဖူးသည်။ သူနှင့် အကြောက်အကန် ငြင်းဆို၍ တံတွေးကို စ်သည်။ အဆုတ်ကို ဓာတ်မှန်ရိုက်သည်။

ပြန်ကြည့်တော့ သူ့အဆုတ်တွင် အစည်းစက်များမရှိ။ ွားနေသည်။ တကယ်တော့ ဓာတ်မှန်မှားသွားခြင်း ဖြစ်သည်။

ဤအမှားကို အမှန်ပြန်ရ၍သာ သူ့ဘဝ ကျွမ်းထိုး ာက်ခုန် ဖြစ်မသွားခြင်းပါတည်း။

သည်မှစ၍ ဆရာဝန်မဆိုလျှင် အထင်မကြီး။

ဟော ... သည်ဆရာဝန်မကျတော့ တစ်မျိုးပါလား။

အလုပ် လုပ်ရာမှာ သေသပ်သည်။ တိကျသည်။ ဆံ့ကို နားကြပ်နှင့် အသေအချာ စမ်းသည်။ လျှာထုတ်ပြနိုင်း သည်။ ချောင်းဆိုးနိုင်းသည်။ အဖျားတိုင်း ပြဒါးချိန်နှင့်လည်း ိုင်းသည်။

ပြီးတော့မှ အခြေအနေကို မေးသည်။ အအေးမိရုံ ား ရှိသေးသည် ပြောပြီး ကိုး(လ်)တက်ဘလက်သုံးလုံး၊ အဖြူ ာင် ဘီပီအိုင်လုပ် ဆေးပြားလေး လေးခုပေးသည်။ ပင်နယ်စလင် ုး မထိုးဘူး မေးသည်။ ထိုးဖူးသည်ဆိုမှ ထိုးပေးလိုက်လေသည်။

စမ်းသပ်ခနှင့် ဆေးခကို ပေးလိုက်ရသည်။

ဆယ့်ငါးကျပ်ကြီးတောင်။

သူ အခန်းထဲကထွက်တော့ ဟိုကောင်ကြီးက ကောင် းကို ခမ်းကောင်းဆဲ၊ သူ့ကို သတိမမူမိ။

မသောကြီး သွားရည်မကျရုံတမယ်ပဲ။ ဟင်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထွက်လာသည်။ အမှတ်မဲ့ စောင်းကြည့်သည်
အသက်တ လေးဆယ်ကျော်။ ထိပ်ကပြောင်ပြောင်။ ဗိုက်ကသေ
ရွဲအက်အက်နဲ့။

မျက်နှာက ခွက်ခွက်။

ဒီရုပ်မျိုး ဈေးတွင်းထဲကျပြီး ဈေးပေတောင် မှတ်
ပါရဲ့။

သူက ဆိုင်နှင့်မနီးမဝေးတွင် ရပ်စောင့်နေလိုက်သည်
သီတာဦးပန်းခြံမှာ လူစည်နေပြီ။

ဆယ့်ငါးမိနစ်။

ဟား ... ငတကြီး ထွက်လာပြီ။ သုတ်သုတ် သု
သုတ်နှင့် ဖြတ်သွားသည်။ သစ်ပင်တစ်ပင်ကို ရာဇာထွန်း
အကာအကွယ် ယူလိုက်သည်။

ကားလမ်းကိုဖြတ်ပြီး ပန်းခြံဘက်ကို ဦးတည်သွား
သည်။ ဘယ်အလွတ်ပေးလို့ ဖြစ်ပါမလဲ။

ရာဇာထွန်းက ထိပ်ပြောင်နောက်မှ မယောင်မလ
လိုက်သွားသည်။ ရာဇာထွန်း လက်တွေ ယားနေသည်။ သူ့
ခွန့်ဟောကတ် တုတ်ကြီးသိုင်း ဝါမလာခဲ့။

အိုး ... ကြောက်စရာလား။ ကိုယ့်မှာ လက်နဲ့
ပဲ။

ဒီကောင်ကြီးကို လူအလစ်မှာတွယ်ပြီး ကလေးအ
မှာရှိနေသည်ကို မေးရုံပဲ ရှိသည်။ ဒါကြောင့် သူ့နောက် ကော
ကောက်ပါအောင် လိုက်သည်။

ကိုရွှေထိပ်ပြောင်က ရာဇာထွန်း အနံ့ခံမိသည်
မသိမိဘဲ ပန်းခြံထဲသို့ ဖြတ်ဝင်လာသည်။ ပန်းခြံထဲမှာ သစ်ပင်



န်တွေ ရေပန်းရေပွားတို့က ပန်းခြံ၏ဂုဏ်အင်္ဂါကို ကြီးထွားဝင့်မြူး
စေသည်။

လူတွေက ဟိုတစ်စု၊ သည်တစ်စု။

ကလေးငယ်များက မြက်ခင်းပြင်များပေါ်တွင် ပြေး
သွားဆော့ကစားနေသည်။ ညနေခင်း၏ နီမွှားနှံ့ဘုံလေး။

လူတွေ ဟိုတစ်စု သည်တစ်စုကြားမှ ထိပ်ပြောင်က
တ်အထွက်တွင် သူ့ကိုမိဖို့ ရာဇာထွန်း ကြိုးစားသည်။ ရှေ့လူက
နောက်သို့ လှည့်ကြည့်သည်။

ရာဇာထွန်းက သူ့မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်
သည်။ ရှေ့လူ ရိပ်မိသွားမှာစိုးလို့။

သူ့အတွက် မလွယ်ကြော ဆိုက်သွားသည်။ မျက်နှာ
ကမှ ရှေ့လူက သေသေချာချာကြီး ကြည့်ပြီး ရိပ်မိသွားသည်။

သုတ်ခြေတင်ပါလေပြီ။

ဘယ်ရမလဲကွယ်၊ ရာဇာထွန်းတဲ့။ ပြေးတဲ့နေရာမှာ
ားလိုအားရှိပြီး ယှဉ်လိုမြန်တော့မပေါ့။

ရှေ့မှ ပြေးသူနောက်သို့ သူက ပြေးပြီးလိုက်သည်။
စိတ်ပဲပါသည်။ ကိုယ်က မလိုက်ဖြစ်။

သူ့လက်ကို တစ်စုံတစ်ယောက်က တုံ့ခနဲ ဖမ်းဆွဲ
ိုက်သည်။ ကိုယ်ဟန် ပျက်သွားသည်။ အရေးကောင်း ဒိန်းဒေါင်း
က်ရန်ကော။

စိတ်တိုသွားသလို ထောင်းခနဲ ဒေါသဖြစ်သွားသည်။
တ်ခနဲ လှည့်ကြည့်လိုက်သည်။

သူ့လက်ကို ဆွဲထားလိုက်တာက အမျိုးသားတစ်
ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သည့်စဉ်ခိုက်တွင် ...

"သူပဲ ... သူပဲ ... သူမှ သူပဲ"

စူးစူးဟစ်ဟစ် အော်ပြောလိုက်သော အမျိုးသမီး... ယောက်၏အသံ။

ဆွဲသူကို ကြည့်လိုက်သည်။ တခြားလူမှ မဟုတ်... မျက်နှာကျက်မိပြီးသူ။

ကိုမင်းလှိုင်ပဲ။

အော်လိုက်တာက သူ့အိမ်က အိမ်ဖော်မိန်းကလေး... ထူးထူးကိုထိန်းတဲ့ မိန်းကလေး။

"ဘာလဲဗျ၊ ဘာလုပ်တာလဲ"

မရဲသော်လည်း ပြေးခဲ့စေ၊ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့... ရာဇာထွန်းက ဟောက်သံကြီးနှင့် ဆိုလိုက်သည်။

"သူ အမှန်ပဲလား"

မိန်းကလေးကို ကိုမင်းလှိုင်က လှည့်မေးသည်။

"ဟုတ်တယ် အစ်ကိုကြီး၊ သူမှသူ၊ သူ့ကို ကျွန်မ ကော... ကောင်း မှတ်မိတယ်"

မြန်ဆန်လွန်းလှသည်။ ရိပ်စနဲ့သာ မြင်လိုက်ရသည်... ကိုမင်းလှိုင်၏ ညာပင့်လက်သီးက ရာဇာထွန်း၏ ဘယ်မေးအော... သို့ ဝင်လာသည်။

ရာဇာထွန်း၏ ညာလက်မှာ ကိုမင်းလှိုင်၏ ဘယ်... နှင့် ကိုင်ထားခြင်း ခံနေရသည်။

ရာဇာထွန်းသာ မဟုတ်ဘဲ တခြားသူဆိုလျှင် မြေ... မှာ ဒိုင်းခနဲ မှောက်လို့သွားမည်။

ရာဇာထွန်းတော တစ်မက်လူ မြန်သလို လျင်မြန်သ...



ကိုမင်းလှိုင်၏ ညာပင့်လက်သီးကို အကိုင်ခံထားရ... ညာလက်နှင့် အထက်သို့ ဆတ်ခနဲ ပင့်တင်ပေးလိုက်သည်။

ကိုယ်အထက်ပိုင်းကို ဘယ်သို့ ညွှတ်ပေးလိုက်သည်။

သူ့ညာလက်ဖောင်းနှင့် ကိုမင်းလှိုင်၏ ရင်ဝထဲသို့... ချောင်းများစုပြီး ဆတ်ခနဲ ထပ်ထိုးသွင်းလိုက်သည်။

"အင့်"

ကိုမင်းလှိုင် ထိုင်သွားသည်။

"ဟောဒီမှာ ဓားပြ ... ဓားပြ"

မိန်းကလေးက အော်ပြန်သည်။ အသံထွက်မှတော့... ထွန်း အတွက် ကံဆေသွားရှာသည်။

ပန်းခြံဆိုတာက လူတွေ ဒုနဲ့ဒေး။

လူတွေအလယ်မှာ ပြေးပေါက်မရှိဘဲ ရာဇာထွန်း... သွားသည်။

တစ်ယောက်ကဝင်ပြီး လက်သီးစွမ်းပြသည်။ သူက... တားလား၊ ကွန်ဖူးလား မသိ။

ခြေများကို ရှေ့နောက်ခင်းကာ ဘယ်လက်သီးနှင့်... က်သီးကို ရာဇာထွန်း ရင်ဝထဲသို့ တစ်ဖြောင့်တည်း ထိုးထည့်... သည်။

"ဖုန်း"

"အား ... အမယ်လေး"

လက်သီးသမားမှာ လက်ထက် ခြေက အမြန်ခံလိုက်... ကြောင့် အမယ်လေးတ,သွားသည်။

ရာဇာထွန်း၏ ညာခြေဖမိုးက လက်သီးသမား၏... ဘီစွကြားထဲသို့ အမြန်ဆုံး ဝင်သွားသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ရှဲခနဲ ဖြစ်သွားသည်။

သူတို့ရှေ့မှာ လက်သီးသမားမှာ ဒူးခုံထောက်နေသည်။ ပါးစပ်ဝလည်း အမြှုပ်တစီစီတက်ပြီး တခစ်ခစ် အသံထွက်တက် ပြနေသောကြောင့် ဖြစ်သည်။

"နေ ... နေ ... ဘာမှဖြစ်တာ မဟုတ်ဘူး"

ကိုမင်းလှိုင်က လဲရာမှထ၍ လက်တစ်ဖက်ကို လူ အုပ်ဘက်သို့ မြှောက်ခါယမ်းပြီး အော်သည်။ သူ့စကားကြောင့် ရာဇာထွန်းပင် ကြောင်သွားသည်။

"ဒီကောင်မလေး ယောင်အော်တာပါ၊ သူက ကျွန်တော့် မိတ်ဆွေ တစ်ယောက်ပါ"

လူတွေဘက်လှည့်ကာ ကိုမင်းလှိုင်က ရှင်းလိုက်သည်။ ရာဇာထွန်းသည် ကိုမင်းလှိုင်ကို ရွံ့ရှာမုန်းတီးစွာ ကြည့်နေသည်။

"မောင် ... ဘာတွေ ဖြစ်ကြတာလဲ၊ ဘယ်လိုဖြစ်တာလဲ"

လူအုပ်ထဲသို့ တစ်ယောက်က တိုးဝှေ့ဖယ်ရှားရင်း အော်မေးလာသည်။

ကလျာလှိုင်။

"ဒါ ... ဒါ ... ကျွန်မ ယောက်ျားပါရှင်၊ ဘာဖြစ်ကြတာလဲ"

ကိုမင်းလှိုင်တို့ လက်ညှိုးထိုးပြီး လူအုပ်ကြီးကို မေး နေပြန်သည်။

လူအုပ်ကြီးထဲမှ အဖြေမပေါ်မီ ...

"ဘာမှမဖြစ်ပါဘူး ကလျာ၊ အလကား ဒီကောင်မလေး ယောင် အော်နေတာ၊ ဒီလူနဲ့ တို့နဲ့က မိတ်ဆွေတွေ မဟုတ်လား"

ဘာကြောင့်ရယ် မသိ၊ ကိုမင်းလှိုင်က ဝင်ဖြေနေသည်။ ကလျာလှိုင်သည် ဇလုံးဇထွေး ဖြစ်နေသော အခြေအနေကို ပြတ်ပြတ် သားသား အဓိပ္ပာယ်ကောက်မရ။



သို့တစေ ...

ဒီလူကိုတော့ မြင်ဖူးသလိုလို ရှိသည်။ နောက်မှ သတိရလိုက်သည်။ ဟိုတစ်နေ့က ရတနာဆိုင်သို့လာပြီး သူ့လက် ဝတ်လက်စား တစ်ခုကို လာရောင်းသူ။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ လာဗျာ"

လူအုပ်ကြီးကို လူမှုရေးစကားဆိုပြီး ကိုမင်းလှိုင်က ရာဇာထွန်း၏ လက်ကိုဆွဲပြီး လူအုပ်ထဲမှ ဖြတ်ခေါ်ခဲ့သည်။

"ကိုင်း ... ဆိုစမ်း၊ ဘယ်မလဲ ကျုပ်သား"

သူ့ကားနားသို့ အရောက်တွင် ရာဇာထွန်းအား ကိုမင်းလှိုင် ဖြတ်မေးလိုက်သည်။

"ကျုပ်ကို မေးမနေနဲ့၊ ဟိုပျောက်သွားတဲ့ လူနောက်ကို လိုက်မေးပါလား"

ရာဇာထွန်း စကားကလည်း ခပ်တင်းတင်း။

သူ့ရှေ့ကလူ ပျောက်သွားသဖြင့် ရာဇာထွန်း မကျေနပ် ဖြစ်နေသည်။ ကိုမင်းလှိုင်သာ ဝင်မဆွဲခဲ့လျှင် သည်သို့ဖြစ်ချင်မှ ဖြစ်မည်။

"ဘာလဲ ခင်ဗျားစကားက၊ ခင်ဗျားနဲ့ ကျုပ် အေးအေးသက်သာ ဖြစ်စေချင်လို့ လူအုပ်ကြီးကို ကျုပ် ဝတ်လွှတ်လိုက်တာ၊ ဟင်း ... နို့မို့ရင် ခင်ဗျား စိစိကြေသွားမယ်"

"ကျုပ်အကော ခံမလား၊ လက်နှစ်ဖက် ရှိတာပဲ"

"ကျုပ်သားကိုသာ ပြောပါ၊ ဘယ်မှာလဲ ကျုပ်သား ထုတ်ထုတ်"

ဘေးမှာရပ်နေသော ကလျာလှိုင်က သိလိုက်ပြီ။

"ဟင် ... နင် ... နင် ... ငါ့သားကို ခိုးသွားတဲ့သူ၊ ခွေး"

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်သည်းရှည်များနှင့် ရာဇာထွန်း၏ မျက်နှာကို ကုတ်ခြစ်တော့မည် ဖြစ်သည်။ ခေါသတကြီး ရန်တွေ့လာသည်။

"ဘာလဲ၊ နင်က ငါ့ကို ထိမလို့လား၊ မင်းမင်းထွန်းများ အောက်မေ့နေသလား၊ ထိရဲထိကြည့်စမ်း၊ နင့်တစ်ကိုယ်လုံး မြေကြီးထဲကို ရောက်သွားမယ် သိလား ... ဗွီ"

ရာဇာထွန်း၏ အမုန်းတရား စကားလုံးများနှင့် ထွေးပစ်လိုက်သော တံတွေးများက ကလျာလှိုင်၏ အနီရင့်ရောင် အကျီ ရင်ဘတ်နေရာသို့ လာကပ်သည်။

လုပ်ထိုက်သောအလုပ် မဟုတ်မှန်း ရာဇာထွန်း သိသည်။ သို့သော် သူ့နှလုံးသားက အမုန်းတရားများက ကိုမင်းလှိုင်နှင့် ကလျာလှိုင် အပေါ် စိုက်ဝင်နေချေသည်။

သူ့စကားကြောင့် လင်ရော မယားပါ တန့်သွားသည်။

မင်းမင်းထွန်း အမည်သည် သူတို့နှစ်ယောက်၏ အသည်းနှလုံးကို ဖျစ်ညှစ်ဆုပ်နယ်သလို ခံစားလိုက်ရဟန်တူသည်။

"နင်တို့ ငါ့ကိုဖမ်းပြီး ရဲကိုပို့ချင်ပို့လေ၊ နင်တို့လင်မယား တော ဘာကောင်တွေ၊ ဘာကောင်မတွေဆိုတာ ရဲကို ငါက ဖြေရှင်းချက် ထုတ်ပေးလိုက်မယ်"

အမယ်လေးလေး ... ကြောက်စရာ ရောမ စကားလုံးကြီးတွေ။

ကိုမင်းလှိုင်တို့ လင်မယား ငြိမ်သွားသည်။

"သေမင်း"

"ဘာ ... သေမင်း၊ ခင်ဗျားနဲ့ ကျုပ်တို့ ဘာပတ်သက်နေလို့လဲ၊ မင်းမင်းထွန်း ဆိုတာလည်း ကျုပ်တို့ မသိဘူး၊ ကျုပ်တို့သိတာ ခင်ဗျား ကျုပ်တို့သားလေးကို ပြန်ပေးဆွဲသွားတာပဲ သိတယ်"



"ပြန်ပေးဆွဲသွားတာ မင်းတို့ကို သတ်ချင်လို့ဟာ၊ ဒါပေမဲ့ အခု မင်းတို့သား မရှိတော့ဘူး"

"သား ... သား ... သား မရှိတော့ဘူး၊ မလုပ်ပါနဲ့၊ ကျွန်မ သားလေး ဒုက္ခတပေါ့"

ကလျာလှိုင် ပျော့ကျသွားပြီး ငိုသံဝါလာသည်။ ဘေးမှ လူဆုပ်ကြီးက မှော်ကြည့် အကဲခတ်နေကြပြန်သည်။

"ကဲ ... အားလုံး ကားထဲဝင်ကြ၊ ဒီမှာ ကိုယ့်လူ၊ မင်းကို ငါ ရဲစခန်းမပို့သေးပါဘူး၊ ငါနဲ့ မင်းနဲ့ ဆွေးနွေးချင်သေးတယ်"

"ပို့ချင်လည်း ပို့နိုင်ပါတယ်၊ ရဲဆိုရင် မင်းလည်း ကွဲပြီ"

သူတို့တတွေ စကားပြောရင့်သည်း မာရှိန်းလာကြသည်။ သူတို့ကားနှင့် ကိုမင်းလှိုင်အိမ်သို့ ရာဇာထွန်းကို ခေါ်လာသည်။

ကားပေါ်တွင် စကားမပြော။ ကလျာလှိုင်က မျက်ရည်သုတ်နေလေသည်။ အိမ်ဖော်မလေးက ရာဇာထွန်းကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြည့်နေသည်။

ရာဇာထွန်းက ဘာမှမဖြစ်သလို လေကလေးများ ဆောင် ချွန်နေသည်။

အမြင်ကတ်စရာကောင်းသည့် သတ္တဝါကောင်လေး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ၇

အိမ်သို့ရောက်တော့ သုံးယောက် ထိုင်လိုက်သည်။ ကိုမင်းလှိုင်သည် သူ့အိပ်ခန်းထဲ ဝင်သွားချိန်တွင် ကလျာလှိုင်က ...

"ကျွန်မသားလေးကို ရှင် ဒုက္ခမပေးဘူး မှတ်လားဟင်၊ ကျွန်မသားလေး အခု ဘယ်မှာလဲ"

ရာဇာထွန်းသည် စီးကရက်တစ်လိပ်ကို အေးဆေးစွာ မွှာရှိုက်ရင်း ကလျာလှိုင်၏ မျက်နှာကို လှေ့လာနေခဲ့သည်။

ကလျာလှိုင်သည် ကလေးတစ်ယောက် ရနေတာ တောင် အလှမပျက်သေး။

သူတွေ့ခဲ့ရသည့် ဓာတ်ပုံထဲကထက်တောင် ပိုလှနေ သေးသလော။

ကလျာလှိုင်၏ မျက်နှာကလေးက ညှိုးနွမ်းရင့်ထော် နေသည်။ မျက်ဝန်းအောက်တွင် ညိုမှိုင်းစ ပြနေသည်။

မအိပ်ခဲ့ရသော ညများနှင့် ရင်ဆိုင်ခဲ့ပါသည်ဟူ၍ သက်သေပြနေသယောင်။

ဒီလိုဆိုတော့ အားရစရာ။ သူတို့ စိတ်ဒုက္ခရောက်ရ ခြင်းက ရာဇာထွန်း အတွက် ကျေနပ်စရာ။



ကလျာလှိုင်ဟာ ရှိုက်သံပေး၍ ...

"ကျွန်မသားလေး ဘယ်မှာလဲရှင်"

"အဲဒီအမေးကို ကျွန်တော် ဖြေရမှာ ခပ်ကျပ်ကျပ်ပဲ"

ယဉ်ယဉ်ကျေးကျေးပင် ပြန်အဖြေပေးလိုက်ခဲ့ခြန်ပါ သည်။

ကိုမင်းလှိုင်က အိပ်ခန်းထဲမှ ထွက်လာသည်။ သူ့လက် ထဲတွင် ရာတန်စက္ကူ အသစ်ကျပ်ချွတ်တွေ အုပ်လိုက်ပါလာသည်။

ယင်းငွေများကို ရာဇာထွန်းရှေ့ စားပွဲလေးပေါ်သို့ ဗုန်းခနဲ ပစ်ချလိုက်သည်။

"ဒီငွေတွေဟာ အားလုံးပေါင်း ငါးသောင်းရှိတယ်၊ မင်း ငါ့ သားကို ပြန်ပို့ပေးပါ၊ ဒီငွေတွေကို မင်း ယူပါကွာ၊ မှတ် လား"

ရာဇာထွန်းက ထေ့ထေ့လေး ပြုံးသည်။

"ကျုပ်က ငွေလိုချင်တာမှ မဟုတ်တာ၊ ဒီငွေငါးသောင်းဟာ ဘာလုပ်မှာလဲ၊ မင်းမင်းထွန်း အသက်ထက် အများကြီးမနိုင်း ယှဉ်နိုင်အောင် လျော့နည်းနေတာပဲ၊ ပြီးတော့ ခင်ဗျားတို့ရထား တဲ့ ရတနာပစ္စည်းတွေနဲ့ တလိုက်ရင် ဒီငွေငါးသောင်းဟာ ဆင်နဲ့ဆိတ်လောက် ကွာလှပါတယ် ကိုမင်းလှိုင်"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"မသိဟန်ဆောင်တာဟာ လေဖြတ်နေတဲ့ ကိုယ်အင်္ဂါအစိတ် အပိုင်းတစ်ခုကို အပ်နဲ့ဆွရသလို သိပ်ခက်တယ်၊ နာမှန်းလည်း မသိသလိုပဲ"

"အား ... ငါလိုချင်တာက ငါ့သားပဲ"

"ကျုပ်လိုချင်တာကလည်း ခင်ဗျားတို့ အသက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တို့ကို ဘာလို့ ဒါလောက်မုန်းပြီး လက်စားချေချင်နေရတာလဲ"

"ဟော ... ခင်ဗျားကိုယ်တိုင်က ပြောပြီ၊ လက်စားချေချင်နေတယ်၊ ဒီလိုဆို အကြောင်းမှန်တွေကို ခင်ဗျား သိတယ်ပေါ့"

ကိုမင်းလှိုင် မပြောဘဲ ငြိမ်နေသည်။ ကလျာသည် ကိုမင်းလှိုင်၏လက်ကို လှုပ်ယမ်းလျက် ...

"ကိုလှိုင် လုပ်ပါဦး၊ သားလေးကို သူ တစ်ခုခုလုပ်ပစ်လိုက်ပြီထင်ပါရဲ့၊ အီး ... ဟီး ..."

ငိုသံလေးပါချေပြီ။ ကိုမင်းလှိုင်၏ မျက်နှာသည် ဖြူရော်သွားသည်။ စိတ်ဆင်းရဲမှုကို သူ ဖုံးကွယ်မထားနိုင်။

"ကျုပ်သားလေးကို မင်း သတ်ပစ်လိုက်ပြီလားဟင်"

"ရှိပါသေးတယ်"

"မင်းက တို့ကို တကယ်ပဲ သတ်ချင်လို့လား၊ မင်းမင်းထွန်းဆိုတာ တို့ မသိရပါဘူး၊ မင်း သတ်ချင်ရင်လည်း ..."

သူ့တိုက်ပုံအင်္ကျီကို လှန်လိုက်သည်။ ခါးကြားထဲမှာ သေနတ်တစ်လက် ထိုးထားသည်။ သေနတ်က သူ့လက်ထဲကို ဖျတ်ခနဲ ရောက်လာသည်။

"မင်းက တို့အသက်ကို လိုချင်တယ် ဆိုပါတော့"

သေနတ်ပြောင်းက ရာဇာထွန်း မျက်နှာနှင့် တန်းနေသည်။ ရာဇာထွန်း အပြုံးမပျက်။

"ခင်ဗျား ကျုပ်ကို သတ်လိုက်ရင် မှားမှာပေါ့၊ ခင်ဗျားသားလေး ထူးထူး အကြောင်း ခင်ဗျား ဘယ်လိုလုပ် သိတော့မှာလဲ"



"အေး ... ငါ့သား အသက်ရှင်ဖို့အတွက် တို့နှစ်ယောက်ကို မင်း သတ်မယ်ဆိုရင်လည်းသတ်၊ တို့အသက်တွေနဲ့ သားလေး အသက် လဲဖို့အဆင်သင့်ပဲ"

ကိုမင်းလှိုင်သည် အခြေအနေကို အတတ်နိုင်ဆုံး ထိန်းသိမ်းဖို့ အစွမ်းကုန်သွားဟန် ရှိသည်။ သေနတ်ကို ရာဇာထွန်း၏ ပေါင်ကြားထဲသို့ ပစ်ပေးလိုက်တော့သည်။

"ခင်ဗျားတို့ အသက်တင် ဘယ်ဟုတ်မလဲ၊ မင်းမင်းထွန်းနဲ့ ပါသွားတဲ့ ရတနာတွေကိုလည်း လိုချင်တယ်"

လင်မယားနှစ်ယောက်စလုံး ငြိမ်သွားသည်။

"ဒါတွေ မသိပါဘူးကွာ၊ တို့ကို မင်း သတ်ချင်တယ်ဆို သတ်လိုက်လေ"

ရာဇာထွန်း၏ လက်တစ်ဖက်က သေနတ်ကို ကိုင်မိလျက်သား ဖြစ်သွားသည်။

ဒီနှစ်ယောက်ကို သူ သတ်လိုက်လျှင် အလွယ်ဆုံး။ အလ,လ,က မျိုးသိပ်ခဲ့ရသော ကမ္ဘာမကျေမှုတွေက သည်နေရာမှာပဲ ချုပ်ငြိမ်းသွားလိမ့်မည်။

အိမ်ဖော်မိန်းကလေး တစ်နေရာမှာ ကုပ်ထိုင်နေသည်။ အိမ်ထဲတွင် သူတို့သုံးယောက်သာ ရှိနေသည်။

ရာဇာထွန်းက လက်တွင်းက သေနတ်ကို ငုံ့ကြည့်သည်။ သူ့နဖူးသည် ချွေးစို့စ ပြုလာသည်။ မေစ်အင်ဝက်ဆင်သုံးဆယ့်နှစ်ဘို့ ပြောင်းတို ခြောက်လုံးပူးကလေးကို ကိုင်ထားသော သူ့လက်က မသိမသာ တုန်နေသည်။

သူ ဘယ်လောက်ပဲ သည်လင်မယားကို မုန်းမုန်း၊ သွေးအေးအေးနှင့် လူတစ်ယောက်၏အသက်ကို သတ်ဖို့ရန် လွယ်လှပါလား။

www.burmeseclassic.com

www.burmeseclassic.com



"သတ်မယ်ဆိုရင် သတ်လေ၊ တို့သားလေး အသက်ချမ်းသာပြီး ခင်း တို့သားလေးကို ဒီပြန်ပို့ပေးမယ်ဆိုရင် သတ်လိုက်ပါ"

ကိုမင်းလှိုင် အသံက အားစက်မာကျောလှသည်။

ရာဇာထွန်း၏ သေနတ်ပြောင်းက ဇပြည်းပြည်းမြင့်တက်လာသည်။ ကလျာလှိုင်၏ ရှိုက်ငင်သံက ရပ်သွားသယောင်ရှိသည်။

သူ့ယောကျ်ားကို မျက်လုံးကလေးများ ပြူးကြည့်နေမိသည်။

ကိုမင်းလှိုင် ဘာလို့ ဒီလိုလုပ်လိုက်ပါလိမ့်။

ရာဇာထွန်းက မတ်တတ်ထ,လိုက်သည်။ သူ မောင်းခလုတ်ကို ဖြုတ်ဖို့မလွယ်ခြင်းကို ကျိတ်နားလည်သည်။

ကိုမင်းလှိုင်ကို စူးစူးကြည့်ကာ ဘယ်ထောက်လက်သီးတစ်ချက်နှင့် မျက်ခွက်တွင်းကို ဆောင့်ထည့်ပစ်လိုက်သည်။

ကလျာနှင့် အိမ်ဖော်မလေး၏ အော်သံက တစ်ပြိုင်နက် ပေါ်လာသည်။

"ဖြန်း"

"အား"

ရာဇာထွန်းက ဘယ်လက်ပြန်တစ်ချက်နှင့် ကလျာ၏ပါးကို တီးထည့်လိုက်ပြန်သည်။

လက်တွင်းက သေနတ်ကို တစ်နေရာသို့ လွှင့်ပစ်လိုက်တော့သည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားသည်။

"ကို ... ကိုလှိုင်"

ကလျာသည် သူ့ပါးပြင် နာကျင်ထုံပွသွားသည်ကိုမသတိမရ။ ကိုမင်းလှိုင်ကို ပြေးဖွေ့လိုက်သည်။ ကိုမင်းလှိုင်သည်



နှုတ်ခမ်းမှထွက်လာသော သွေးများကို လက်ခုံနှင့်သုတ်ပြီး ငုံ့ကြည့်သည်။

လှိုင်ကို တွန်းဖယ်လိုက်သည်။

ပြေးပြီး ထွက်ကြည့်သည်။ ရာဇာထွန်းကို မမြင်ရတော့။

သူ ပြန်ဝင်လာသည်။

"ကိုလှိုင် ဘာတွေ လုပ်လိုက်တာလဲဟင်"

"သူ့ရဲ့ မုန်းတီးမှုတရားနောက်မှာ လူသတ်ချင်တဲ့ သတ္တိတွေ ဘယ်လောက် ရှိသလဲလို့ သိရအောင် သူ့လက်ထဲ သေနတ်ထည့်ပေးပြီး သူ့စိတ်ကို စမ်းလိုက်တာပဲ ကလျာ"

"အမယ်လေး ကိုလှိုင်ရယ်၊ သားရော ကလျာတို့ကိုပါ သေအောင်လုပ်လိုက်တာလား"

"သူ့ပေးလိုက်တဲ့ သေနတ်ထဲမှာ ကျည်ဆန်မရှိပါဘူး၊ တမင်သက်သက် ပေးလိုက်တာပါ၊ ကျည်ဆန်က ဒီမှာ ကလျာ"

သူ့တိုက်ပုံအိတ်ထဲမှ ကျည်ဆန်များကို ထုတ်ပြလိုက်သည်။

"သူ ကိုလှိုင်တို့ကို သတ်ရဲတဲ့သတ္တိ မရှိရင် သားလေးနဲ့တော့ သူ ဘယ်လိုနည်းနဲ့မှ အန္တရာယ်ပြုမှာ မဟုတ်ဘူး၊ တစ်ခုပဲ ကိုယ်တို့မှာ ဒုက္ခ"

"မင်းမင်း တိစ္ဆနဲ့ လျှို့ဝှက်ရတာနာတွေ မဟုတ်လား ကိုလှိုင်၊ သူ ... သူဟာ ဒီအကြောင်းတွေ သိရအောင် သူက ဘာမို့လဲ၊ မင်းမင်းကြောင့် လှိုင်တို့ကို မုန်းတယ်ဆိုတော့"

"သူဟာ မင်းမင်းထွန်းရဲ့ သွေးသားဖြစ်ရမယ်"

နှစ်ယောက်လုံး တုန်လှုပ်ချောက်ချား နေကြသည်။

www.burmeseclassic.com



"တရင် ... ရင် ... ရင် ... ရင် ..."

ကျယ်ပြန့်သော တယ်လီဖုန်း ခေါင်းလောင်းသံ၊

နှစ်ယောက်လုံး တုန်ခါသွားကြသည်။

"အရေးထဲ ဒီဖုန်းကလည်း လန့်လိုက်တာ"

တယ်လီဖုန်းခင်မှ တယ်လီဖုန်းကို ကိုမင်းလှိုင်က သွားရောက်ကောက်ကိုင်လိုက်သည်။

"ဘယ်သူ့ကို စကားပြောချင်ပါသလဲ"

"ကိုမင်းလှိုင်ကိုပါ ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော် မင်းလှိုင်ပါ"

"အာ ... ကိုမင်းလှိုင်ကိုး၊ ကျွန်တော် ဘယ်သူလဲဆိုတာ မပြောပါရစေနဲ့၊ ခင်ဗျားရဲ့သားကလေး ထူးထူး ကိစ္စပါ"

"ဗျာ ... ဘာပြောတယ်၊ ထူးထူး ဟုတ်လား"

သားအမည် ပါလာသဖြင့် ကိုမင်းလှိုင် လှုပ်လှုပ်ရှား ဖြစ်လာသည်။ သူ့အနားသို့ ကလျာလှိုင်ပါ ကပ်လာသည်။

"ကျွန်တော့်ဆရာ ဘိုကျားက ပြောခိုင်းလို့ပါ၊ ကိုမင်းလှိုင် ရဲ့သားလေးဟာ ကျွန်တော်တို့ လက်ထဲမှာ ရောက်နေပါပြီ"

"ထူးထူးက ခင်ဗျားတို့လက်ထဲမှာ၊ ခင်ဗျားတို့က ဘာတွေလဲ ဘာလုပ်ကြတာလဲ၊ ကျွန်တော့်သား ..."

"မင်းမင်းထွန်းရဲ့ ရတနာရှာဖွေရေး လူတစ်စုလို့ပဲ ခင်ဗျား မှတ်ထားလိုက်ပါ ကိုမင်းလှိုင်၊ ရတနာတွေ ဘယ်မှာရှိသလဲ ဆိုတာ ခင်ဗျား သိပါတယ်"

"ဟာ ... လူညာတွေ၊ ဘာရတနာတွေလဲ၊ ကျုပ် မသိဘူး ပြီးတော့ ထူးထူးဟာ ခင်ဗျားတို့ လက်ထဲမှာ မဟုတ်ဘူး လူတစ်ယောက်ရဲ့ လက်ထဲမှာ"



"အဲဒီလူတစ်ယောက်ဆီက ကျွန်တော်တို့ လုယူခဲ့တာပဲ ကိုမင်းလှိုင်၊ ခင်ဗျားသားကို ပထမဆုံး ကျွန်တော်တို့ ယူတော့ သူက ကျွန်တော်တို့လက်ထဲက ကြားဖြတ်ယူသွား တယ်၊ အခု ကျွန်တော်တို့က ပြန်ခေါ်ထားတယ်၊ ခင်ဗျား မယုံဘူးလား"

ကိုမင်းလှိုင် အတွက် ရှင်းသွားပြီ။ ပထမ ထူးထူးကို ခေါ်သွားသည့်လူစုက ဤလူစု။ သူတို့က ရတနာတွေကို လိုချင် သူ။

"ကျုပ် မယုံဘူး"

"မယုံရင် နားထောင်ကြည့်၊ ခင်ဗျားသား အသံကို ကြားရ လိမ့်မယ်"

တခဏမျှ တိတ်ဆိတ်သွားသည်။ နောက် ရှိုက်ငိုသံနှင့် အော်ပြောသံလေးက ပေါ်လာသည်။

"အဖေ ... အဖေ ... အဖေ သားကို လာခေါ်ပါ၊ အဟီး ဟီး၊ သား ကြောက်တယ်၊ သားကို သူတို့ ဖမ်းထားတယ်၊ ဦးဦး ကြီးတစ်ယောက်ရဲ့ လက်ထဲကနေပြီး သူတို့ဖမ်းထားကြတယ်၊ အား ... အား ... ကြောက်ပါပြီဗျ"

စူးစူးရှရှ အသံလေးနောက်မှ နာနာကျင်ကျင် အသံ လေးက ပေါ်လာသည်။

"သား ... သား"

ကိုမင်းလှိုင် နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။ ဖုန်း ကို ယောင်ယမ်းပြီး ဆွဲလိုက်တော့သည်။

"ကိုလှိုင် ... ကိုလှိုင် ... သား ... သား ဘာဖြစ်သလဲဟင်၊ ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကလျာသည် ဖုန်းထဲက အသံများကို မပီတပီ ကြ
ရ၍ ကိုမင်းလှိုင်မူပျက်သွားသည်ကြောင့် စိုးရိမ်ထိတ်လန့်စွာ
လိုက်ခဲ့သည်။

ကိုမင်းလှိုင်သည် ဖုန်းကို ဆောင့်ချလိုက်သည်။

မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။

နောက် ဆံပင်များကို ဆုပ်ဖွပြီးလျှင် တုန်လှုပ်သေ
လည်ချောင်းသံကြီးက ပွင့်ထွက်လာသည်။

"သား ... သားလေး နိုပ်စက်ခံနေရပြီ၊ သားဟာ ဟိုကော
ရဲ့လက်ထဲမှာ မရှိတော့ဘူး၊ ဘိုကျား ဆိုတဲ့ လူဆိုးတစ်
လက်ထဲကို ရောက်နေပြီ"

❦ ❦ ❦

သူ့လုပ်ငန်း မအောင်မြင်။

မှန်းတီးမှုဟာ မှန်းတီးမှုပဲ။ တကယ်တမ်း လူသ
ကြုံလာတော့ သူ့လက်တွေ တုံ့နှေးလုပါဘိခြင်း။

လူသတ်ဖို့ ဆိုတာက မလွယ်။

သွေးအေးအေးနဲ့ သတ်ဖို့က သာတောင်မလွယ်သေ

ကိုမင်းလှိုင်နှင့် ကလျာလှိုင်အား သတ်ဖို့ကို
မြှောက် အရှုံးပေးလိုက်ပြီ ဖြစ်သည်။

တစ်ခုသာ ကျန်သည်။

ရတနာတွေကို သူ ရဖို့ရှိသည်။ ရတနာတွေကို
လက်လွှတ်လို့ မဖြစ်။ သူတို့ သက်သက် သိုဝှက်ထားခဲ့တာ

မိမိ့လက်ထဲမှာ သူတို့သားလေး တုံးတုံး မရှိ။



သူတို့ကတော့ မိမိလက်ထဲမှာပဲလို့ ထင်နေသည်။ ဒီ
င်ကြေးကို ဆက်လက်ခံယူပြီး အကောင်အထည် ဖော်လိုက်ရရင်
ကောင်းမလား။

သူက အမှောင်ထဲမှာ လျှောက်လာနေသည်။ လမ်း
အားက မတ်တိုင်များနှင့် လမ်းအလယ်က မာတ်ကြိုးများတွင်
ကျူရီမီးတွေ ပွင့်နေသည်။

အမှောင်ရိပ် ဖုံးလာလျှင် သူ စိုဝမ်းသာသည်။

သူ့ကို လူတွေက တွေ့လိမ့်မည်မထင်။

ဒီလိုဆို သူ စိတ်သက်သာသည်။

ဒါက သူ့အတွေး။

အမှောင်လွှမ်းလာလို့ အန္တရာယ်များက သူ့နောက်
တွားကပ်ပါလာခြင်းကို သူ မတွေ့။

နေ့ဘက်က ရွာထားသောမိုးရှိန်ကြောင့် မြေသားထု
ည် မြေငွေ့ပျံပြီး ပူပူနွေးနွေး။

လေကလည်း ခပ်နွေးနွေး။

စိမ်းဆတ်ခြင်း ကင်းမဲ့သွားသည်။

သူလျှောက်ရာလမ်းတွင် လူသူဝေးလို့ ခွေးတစ်ကောင်
ကြောင်တမြီးမျှ မတွေ့ရ။

အိမ်တွေက အလှမ်းကွာနေသည်။ ဒါကဖြင့် သူ့အတွက်
င့်ရထိုက်သော အန္တရာယ်က အခွင့်ကောင်း ယူထားသလို ဖြစ်
သည်။

ရာဇာထွန်း၏နောက်မှ ဩဇတေးလီးယားလှပ်တိုလ်
ားနက်ကြီးတစ်စီးက မောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းသည် သူ့နောက်က မီးမဖွင့်ဘဲ မောင်း
သော ကားသံကို နားစွင့်မိသည်။

ကားသံက ပထမတော့ ခပ်ညင်ညင်သာသာ။

အဲ ... သူနဲ့နီးလာတော့ ဖောက်လာသည်။ နောက်
ဘက်မှာ စက်သံညံလာသည်။

မဖြစ်ဘူး၊ လှည့်ကြည့်မှ။

သူက သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

အလိုလေး ... ကားနက်ကြီး သူ့ဆီသို့ တစ်ရှိ
ပြေးလာနေပါပကော။

သူ့အန္တရာယ်ကို ရာဇာထွန်းက မြင်သည်။ သည်
မှာ ဆက်လက်ရပ်တည်နေပါက အသက်ရှင်ဖို့ လမ်းမမြင်။

ရာဇာထွန်းက ရှေ့သို့ သုတ်ခြေတင် ပြေး
နောက်မှ ဟိုလ်ဒင်ကားကြီး တစ်ရှိန်ထိုး ပြေးလိုက်လာသည်

မိမိအား ကားနှင့်တိုက်သတ်ဖို့ သူတို့ကြိုးစားနေ
ပါပဲလား။

ပြေးစမ်း မြန်မြန်။ ဒါ အသက်လုပွဲ။

ပြေးပွဲပြိုင်ပွဲတွင်တောင် ရာဇာထွန်း သည်လော
မြန် ခြေကုန်သုတ်လိမ့်မည် မထင်။

သူ့ခြေထက် မော်တော်ကား လေးဘီးက ပို
သည်။ ကပ်သည်ထက် ကပ်လာသည်။ အင်ဂျင်စက်သံက န
ပိုမိုဆူညံလာသည်။

ရာဇာထွန်းက သူပြေးပုံကို သတိပြုမိသည်။

ညဦးမှောင်မှောင်က လမ်းမလယ်ကောင်မှာ သူ
ခြင်း ဖြစ်သည်။



သူ မပုန်းတော့ဘူးလား၊ ဒီလိုပဲ ဆက်ပြေးနေမလား။

ကားဦးခေါင်းက နောက်ကျောတွင် လေး၊ငါးကိုက်
လိုတော့သည်။ ကားရှေ့မီးက ပွင့်ထွက်သွားသလို အလင်းရောင်
င်းက သူ့ကိုယ်ပေါ်ကို ဖြာကျလာသည်။

သူက စကြိုပလက်ဖောင်းဘက်သို့ ဆက်ပြေးသွား
သည်။ ကားဦးက သူ့နောက်သို့ ထိုးလိုက်သည်။ ကပ်နေပြီ။

နောက်တစ်ကိုက်သာဆို အတိုက်ပဲ။

ဖြစ်လိုရာဖြစ်တော့။

ကားဦးက သူ့ခါးသို့ နောက်မှ တအားဆောင့်ဖြတ်
ခင် ရာဇာထွန်းက သူ့ကိုယ်ကို ပလက်ဖောင်းပေါ်သို့ ကြောင်လိမ့်
သုံးပြီး တစ်ပတ်ခုန်လိမ့်လိုက်တော့သည်။

ကားဦးက သူ့ခြေထောက်များနားမှ ဗိုးခနဲ ကပ်လွတ်
တ်သွားသည်။

ပလက်ဖောင်းပေါ်သို့ ကိုယ်တစ်ပတ်လိမ့် ရောက်သွား
သော ရာဇာထွန်းက ပြန်ထရပ်လိုက်တော့သည်။

သူနှင့် ဆယ်ကိုက်လောက်အကွာမှာ ကားက တုံ့ခနဲ
ရပ်သွားသည်။

ကားဦး ပြန်လှည့်လာဖို့ကို စောင့်စားဖို့မလို။

ကားပေါ်မှလူတွေ ဆင်းလာသည်။

အမယ် ... မနည်းပါလား။

ရေကြည့်စမ်းမယ်။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး။

အာလား ... ငါးယောက်ကြီးတောင်။ လက်ထဲမှာ
သည်း လက်နက်တွေနဲ့။ အမျိုးမျိုးပါလား။

www.burmeseclassic.com

www.burmeseclassic.com



မြင်းရှည်ရော၊ မြင်းမြှောင်ရော၊ သံတုတ်ရော၊ သဲအိတ်ရော။

သူတို့ကို မဖြိုဘူးဆိုပြီး သွားစမ်းလို့ မဖြစ်။

သူတို့အထဲမှာ မျက်နှာသိ သုံးယောက်တောင် ပါလိုက်သေး။

တစ်ခါက သွေးပူလေ့ကျင့်ခန်း နွှဲခဲ့တဲ့လူတွေ။

"မဲအိုး ဒီတစ်ခါ မလွတ်စေနဲ့"

"စိတ်ချစမ်းပါ ခေါင်းကြီးရာ၊ ဒီကောင် ယမမင်းဆီမှာ ဒူးထောက် ရောက်သွားစေရမယ်"

အသားမည်းကောင်က မဲအိုး။

ဂင်တိုတို ခေါင်းကြီးကြီးကောင်က ခေါင်းကြီး။

သူတို့ငါးယောက်သည် ရာဇာထွန်း ဘယ်လိုမှ ပြေးမလွတ်သာအောင် ဝိုင်းလိုက်ကြပြီး ဖြစ်သည်။

ရာဇာထွန်းသည် လက်နှစ်ဖက်ကို ဘေးချပြီး မျက်လုံးများကို လျှင်လျှင်ထားသည်။

မြင်းရှည်သမားက စတင်ပြီး သူ့လက်နက်ကို အသုံးပြုလာသည်။ ရာဇာထွန်းဆီသို့ ပြေးဝင်လာသည်။ သူ့ ဝင်လာတာက တစ်ဟုန်ထိုး မဟုတ်။

ရာဇာထွန်းက လက်နက်ကိုင်မြားကို ကြည့်နေသည်။

မြင်းရှည်သမားက အနားသို့ ရောက်ရောက်ချင်း ညာလက်ရှိမြားကို ဘယ်လက်ထဲသို့ ဖျတ်ခနဲ ပြောင်းလိုက်ပြီး ရာဇာထွန်း၏ ဝမ်းဗိုက်ထဲ ဆတ်ခနဲ တန်းထိုးသွင်းလိုက်သည်။

မြန်လိုက်တဲ့ လျှင်လိုက်တာ။

မြားလက်ပြောင်းသည်လို့ပဲ မထင်ရလိုက်။



ရာဇာထွန်းက ဘယ်ခြေကို ညာဘက်သို့ ကြောင်လိမ်ကြောင်း တက်ပေးလိုက်သည်။ မြားသွားက သူ့ခါးဘေးမှဖြတ်ဝင်သွားသည်။

အကျီနားမှ ပွတ်ကာ သီတာ။

ရာဇာထွန်းက သူ့ဘယ်လက်ဝါးနှင့် မြားကိုင်သမား၏ ဘယ်လက်ကို အထက်သို့ အရှိန်နှင့် ပင့်တင်ပေးလိုက်သည်။

မြားက အထက်သို့မြောက်လျှင် မြောက်သွားချင်း ညာလက်သီးက နံစောင်းထဲသို့ ဒိုင်းခနဲ ဝင်သွားစဉ် ညာလက်ဖဝါးကလည်း နှာဝထဲသို့ ဝင်သွားပြီးဖြစ်သည်။

မြားသမားမှာ ပလက်ဖောင်းပေါ်မှာ မှောက်သွားသည်။

မြားသမားဘက်က လမ်းပွင့်သွားလျှင် သူက သည်လမ်းအတိုင်း ခွတ်ပြေးသည်။ နောက်လူတွေက ဝိုင်းအုံလိုက်လာသည်။

ဘယ်ဘက်တွင် လမ်းကြားရှိသည်။

သူက လမ်းကြားထဲသို့ လှစ်ခနဲ ဝင်လိုက်သည်။

လမ်းကြားတစ်လျှောက်ငပုံး မှောင်နေသည်။

လမ်းကြားထိပ်တွင် တိုက်နှစ်လုံး။

တိုက်တစ်လုံး၏ နောက်ဖေးထောင့် မှောင်ရိပ်မှာ သူ ကပ်နေသည်။

လမ်းမကြီးအတိုင်း ပြေးလိုက်လာကြသူတွေက မှောင်ရိပ်ခိုလိုက်သော ရာဇာထွန်းကို မမြင်မိ။

ရာဇာထွန်းကို ဖြတ်ကျော်သွားသည်။

နောက်ဆုံးလူက သဲအိတ်သမား။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှ ဖြတ်ထွက်သွားသော သဲအိတ်သမား၏ရှေ့သို့ မှောင်ထဲမှ သူ ထွက်ကာ ခြေထိုးခံပေးလိုက်တော့သည်။

"ဘုံး"

သဲအိတ်သမား ကိုယ်ကြီးက ပလက်ဖောင်းက ကျောက်ပြားနှင့် အရှိန်လွန်၍ မိတ်ဆက်သွားသည်။

မျက်နှာနှင့် ကျောက်ပြား ရိုက်မိသည်က မသက်သာ။

မိမွေးတိုင်း ဖမွေးတိုင်း ကောင်းလိမ့်မည် မဟုတ်မှာ သေချာသည်။

"ဟေ့ ... ဘာဖြစ်နေကြတာလဲ"

ဆူဆူညံညံ ပြေးလွှားသံများကြောင့် တိုက်အိမ်တစ်အိမ်မှ တံခါးပွင့်လာကာ မေးသံ ပေါ်လာသည်။

လူသုံးယောက်က ပြန်လှည့်ကြည့်ကြသည်။

သုတ်သုတ် သုတ်သုတ် ပြေးသွားသော ရာဇာထွန်းကို မြင်ကြသည်။

သဲအိတ်ကိုင် နောကတော့ မှောက်ရက်ကြီး။

ကြယ်တွေ၊ လတွေနှင့် ငြိမ်းချမ်းရေး ယူနေဟန်တူသည်။

"သူခိုး ... သူခိုး"

လူသုံးယောက်က နောက်မှစွတ်လိုက်ရင်း အော်ကြသည်။ ရပ်ကွက်ကို သူတို့ ဆင်လုံးနှင့် လှန့်နိုးကြသည်။ လူတွေ ရှုတ်ရှုတ်သဲသဲ။

ဘယ်လိုပါလိမ့်။ ဒီရောက်ကတည်းက ရာဇာထွန်းအဖို့ ပြေးပွဲချည်း တစ်ယောက်တည်း ကျင်းပနေရသည်။



ရာဇာထွန်း နောက်သို့ လူသုံးယောက်မှ ငါးယောက်ဖြစ်လာသည်။

"သူခိုးဟေ့ ... သူခိုး၊ ဖမ်းကွ ... မလွှတ်စေနဲ့"

နှုတ်မှလည်း ပိုက်ဆံမပေးရတိုင်း အော်လာကြသည်။

ဘာသူခိုးလဲ။ ဘာလဲလို့ ရာဇာထွန်း လှည့်ဟောက်ချင်ပေမဲ့ ခုအခါဘာ သူဟောက်လျှင် သချိုင်း။

တစ်ယောက်တစ်လက်နှင့် လက်ပုန်းတွေဝင်ပြီး သူ့ခြောက်ပေကျင်းထဲ လျှိုသွားရမည်။

သူ ပြေးသည်။ ပြန်လှည့်ကြည့်သည်။

ငါးယောက်မှ ကိုးယောက် ဆယ်ယောက်လောက်ရှိနေပြီ။

ဟယ် ... ပြေးလို့လွတ်ပါ့မလား။

ပတ်ဝန်းကျင်ကို သူ သုံးသပ်ဆင်ခြင်ရပါသေး၏။

ဟော ... တွေ့ပြီ။

လမ်းချိုးတစ်ခု။

ညာဘက်ကလမ်းထဲသို့ သူ ပြေးလာသည်။

လက်ခုပ်သံတွေ ကြားရသည်။

ဘာတွေပါလိမ့်။

မီးတွေထိန်လို့။ ဟုတ်သည်။ ခြံတစ်ခုထဲမှာ ရောင်စုံမီးလုံးများကို သစ်ပင်များမှာရော၊ သွယ်တန်းလို့ကော ထွန်းညှိထားသည်။

ခြံရှေ့မှာလည်း ကားကြီး ကားငယ်တွေ။

ကိုယ်ပိုင်မှန်ကားတွေက ညအခါမှာ အလှထည့်ပေးနေပါဘိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးစီးကို မောင်းပြေးရ ကောင်းမလား။

လွယ်မယ်မထင်။ ကားတိုင်းမှာ အစ်ဂနေးရှင်းကီး ရှိဦးမှ။

သူက ခြံထဲသို့ လှစ်ခနဲ ချိုးဝင်လိုက်သည်။

အယ် ... လူတွေ။

ခြံထဲမှာ စားပွဲကိုယ်စီနှင့် ဝတ်ကောင်းစားလှတွေ ဝတ်ထားသောလူတွေ တစ်ပုံကြီး။

မီးတွေကလည်း ထိန်ထိန်လင်းနေသည်။ သူတို့စားပွဲမှာက အနောက်တိုင်း စားသောက်ဖွယ်များနှင့် အဖျော်ယမကာတွေ။

အရက်ပုလင်းရော အအေးပုလင်းရော စုံနေသည်။

စင်မြင့်တစ်ခုပေါ်မှ စတီရီယိုတီးဝိုင်း၏ တေးသံစုံတွေက ဆူဆူညံညံ လွင့်လာသည်။ လျှပ်စစ်ဂစ်တာသံနှင့် ဘေ့စ်ဂစ်တာသံရော၊ လီဒ်ဂစ်တာသံပါ အသက်ဝင်လာသည်။

ပထမတော့ ကြောင်အန်းအန်း။

ပြန်ထွက်သွားမည်လို့တောင် စိတ်ကူးလိုက်သေးသည်။

သူက စိတ်ဆုံးဖြတ်လိုက်သည်။

ပထမ သူ ညစာမစားရသေး။

ဒုတိယ သူ ဒီအထဲဝင်ခိုနေလျှင် နောက်မှလူသတ်သမားများ သူ့ကို တွေ့နိုင်အံ့ မထင်။

သူက သူ့ကိုယ်မှ အင်္ကျီကို ငုံ့ကြည့်လိုက်သည်။ အင်္ကျီက ညစ်ညစ်နွမ်းနွမ်း မရှိ။ ပြီး သူ့အောက်မှာက ဘောင်းဘီ။

ညာလက်မှာက နာရီ။

တစ်တိုနီနာရီ မှန်ကွဲကို သူက နာရီဆိုင်မှာ ပြင်ထည့်ခဲ့ပြီးမို့ အကောင်းပကတိ။



ခံသာပါသည်။ ဝတ်စားလာကြသူတွေက မြန်မာဝတ်စုံ ...းရော အနောက်ဝတ်စုံရော ရောရောယှက်ယှက်။

အတွင်းဘက်သို့ လျှောက်လာသည်။ ကောင်မလေး ...တွေ၊ ကောင်မကြီးတွေ။

အားလုံး ရှိုးအပြည့်။ သူတို့ကိုယ်က ပြောင်လက် ...ဘက်ပလွန်းသည်။ ညအချိန်ပေမင့် အရောင်ထွက်လွန်းသည်။

ခုနေအချိန်များ စားပြတိုက်လိုက်ရရင် အဖိုးတန် ...က်ဝတ်လက်စားတွေက မနည်းဘူး။

မဆီမဆိုင် စိတ်ကူးက ပေါ်လာသေးသည်။ ဤသည် ... မင်းမင်းထွန်းကို ဖျတ်ခနဲ သတိရလိုက်သေးသည်။

သူ့ရုပ်က သားနားလှပတာတော့ အမှန်။

ခပ်တည်တည် ဝင်လာသော သူ့ကို ကောင်မလေး ...တွေရော ကောင်မကြီးတွေရော ငေးကြည့်နေကြသည်။

ဂစ်တာဝိုင်းစင်မြင့်ပေါ်တွင် ရောင်စုံမီးများ ထိုးလာ ...ည်။

စားပွဲတစ်လုံးတွင် အမျိုးသားသုံးယောက် ထိုင်နေကြ ...ည်။

သူတို့လက်ထဲမှာ ကော့တေး(လ်)အရက်ခွက် ကိုယ်စီ။

ခေါက်ကုလားထိုင်တစ်လုံး လွတ်နေသည်မို့ ရာဇာ ...န်းက အေးအေးတည်တည် ဝင်ထိုင်လိုက်သည်။

ဆူညံသော တီးလုံးများနှင့်အတူ သီချင်းတစ်ပုဒ်က ...က်ထွက်လာသည်။

ချိုနွဲ့သာကြည်သော အသံ။

အို ... ဒီသီချင်းက သူ့နားထဲမှာ စွဲနေတဲ့ သီချင်း။

www.burmeseclassic.com

www.burmeseclassic.com



သူကြိုက်တဲ့ သီချင်း။

ဆောင်းပေါ်မြေက နှင်းပွင့်လေးများ။

သူက စင်ဘက်သို့ ကြည့်လိုက်သည်။ စင်နှင့်သူက ဝေးလှသည် မဟုတ်။

အလွန်ဆုံးရှိမှ ပေနှစ်ဆယ်ပဲ။

ပြတ်ပြတ်သားသားကို မြင်နေရသည်။

မီးရောင်စုံအောက်မှာ သူ လှနေသည်။ သီချင်းဆိုသံနှင့်အတူ သူ့အလှက လိုက်ဖက်သည်။

စတီရီယို အဆိုတော်မလေး ကေရီဇော်။

သူ ခုမှ သတိရသည်။

နိုင်ငံခြားမှ ပြန်လာတဲ့ ကိုသန်းထွန်းရဲ့ ထမင်းစားပွဲ။

ခြံဝဘက်မှာ ဆူဆူညံညံ အသံတွေ ကြားလာရသည်။

လူတချို့က ခြံဝသို့ လှည့်ကြည့်ကြသည်။ ရာဇာထွန်းက ဂရုမစိုက်။

သူ့ရှေ့တွင် မကြာသေးမီက လူတစ်ယောက်အတွက် ချထားခဲ့ဟန်တူသော မီဂရေး(လ်)ခေါ် သိုးသားပြုတ် ပန်းကန်ကို လှမ်းယူလိုက်သည်။

အားပါးတရ သူ စားသောက်နေသည်။ အရက်သောက်နေသူ့ လူတစ်ယောက်က သူ့ကို မျက်စောင်းထိုးလိုက်သည်။

လိုအပ်သရွေ့ကို အကျီအဖြူ၊ ဘောင်းဘီအဖြူ ဝတ်ထားသော စားပွဲထိုးများက လိုက်လံချပေးနေလေသည်။

လိုက်လာသူတွေက သူ ဒီခြံထဲ ဝင်သွားတာကို လှစ်ခနဲ မြင်လိုက်ပေမင့် အဝင်ရ ခက်နေကြဟန် တူသည်။ ရာဇာထွန်းက အစားကိုသာ မဲနေသည်။



ဘုံဆောတို့(စ်)ကို ပန်းကန်ပြားတစ်ခုထဲမှ လှမ်းယူကာ ပလုတ်ပလောင်း စားနေသည်။

နှုတ်မှ တပျုပ်ပျုပ်ဝင် မြည်နေလိုက်သေးသည်။

ဘုံဆောတို့(စ်) ကုန်ကာနီးတွင် သူ့ဆီးမှ အဝတ်ဖြူကို မြင်လိုက်သဖြင့် လှမ်းခေါ်သည်။

စားပွဲထိုးလက်မှာ ကိုင်ထားသော ဝက်အူချောင်းကြော် နီနီရဲရဲ အံချောင်းကြီးများနှင့် ကြက်ဥကြော် ရောယှက်ထည့်ထားသော ပန်းကန်ပြား။

နောက်ပန်းကန်ပြားက ပေါင်မုန့်တွေ အချပ်လိုက် လှာထည့်ထားသော ပန်းကန်။

"ဒီမှာချ"

သူက ခပ်တည်တည် ခေါ်လိုက်သည်။

စားပွဲထိုးချပေးသော ဝက်အူချောင်းပန်းကန်မှ ဝက်အူချောင်းများကို အားရပါးရ ကိုက်စားလိုက်၊ တစ်ဖက်ပန်းကန်မှ ပေါင်မုန့်ချပ်များကို ယူပြီး ကိုက်စားလိုက်။

ပါးစပ်ထဲမှာ အစားတွေနှင့် ပြည့်နေသည်။

လည်ချောင်းထဲ နင်နေသဖြင့် ဘာများရှိမလဲဟု လှမ်းကြည့်သည်။

ဆော်ဒါပုလင်းနှင့် ရေခဲရေဖန်ချိုင့်။

ရေခဲရေကို ဖန်ခွက်ထဲထည့်၍ သောက်ချလိုက်တော့မှ လည်ချောင်းဝမှ အစာတွေ လျှောဆင်းသွားတော့သည်။

သူ့ရင်အုံကို ညာလက်သီးဆုပ်နှင့် လက်ပြန် အသာ ထုလိုက်သည်။ စားပွဲမှ လူသုံးယောက်မှာ အနောက်တိုင်းဝတ်စုံ ထရင့်(ရှ်)ကုတ် ကိုယ်စီနှင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်လုံးများ ပြူးကြည့်ကြသည်။

"ဟဲ ... ဟဲ ... ဟဲ"

သူက သွားဖြဲပြသည်။

မျက်နှာချိုသွေးလိုက်သည်။

ကျန်သော အစားအစာတွေကို ဆက်တွယ်သည်။ အပေါက်ဝမှ ဆူညံသံများ ရပ်စဲသွားသည်။

ပန်းကန်ပြားထဲမှ ဝက်အူချောင်းကြော်တွေ၊ ကြက်ဥကြော်တွေ၊ ပေါင်မုန့်တွေ တစ်ခုပြီးတစ်ခု သူ့အစာအိမ်ထဲသို့ ခုန်ဆင်းသွားသည်။

ကေရီဖော်က သီချင်းသုံးပုဒ်ကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုပြသွားသည်။

တောင်ပေါ်မြေမှ နှင်းပွင့်သစ္စာ။

ဘဲလေးတွေကို ကျွန်မ ချစ်နေတယ်။

သံယောဇဉ် ဖြတ်လိုက်စမ်းပါ။

သုံးပုဒ်စလုံးကို ရာဇာထွန်း အလွတ်ရနေခဲ့ဖူးသည်။

သူ ဂစ်တာနှင့်တောင် ကြိမ်ဖန်များစွာ ဆိုခဲ့ဖူးသည်။ ကေရီဖော်ကို သူ မမြင်ဘူးပေမဲ့ လေထဲမှာ မှန်းဆချစ်ခဲ့ဖူးသည်။

သီချင်းများလည်း ဆုံးပြီ။ ခြံဝမှ လူတွေလည်း ကွယ်ကုန်ပြီ။ ကေရီဖော်လည်း စင်ပေါ်မှ ဆင်းခဲ့ပြီ။

အဲ ... သူ့ပန်းကန်ပြားတွေက အစားအသောက်များလည်း တက်တက်ပြောင်ပြီ။

လူသုံးယောက်က သူ့ကိုကြည့်ကာ အထင်သေးဟန်နှင့် သက်ပြင်းအသီးသီး ချကြသည်။



ဗိုက်ပြည့်သွားပြီ။ လက်ချောင်းများတွင် ဆီပြောင်နေသည်ကြောင့် လက်ချောင်းထိပ်ကလေးများကို ပါးစပ်နှင့် ပြွတ်ခနဲ ပြွတ်ခနဲစုပ်၍ စင်အောင်ပြုသည်။

ကေရီဖော် အတွက် တီးကြသော လက်ခုပ်သံများက ညံညံကို စီနေသည်။

လက်သုတ်ပဝါကို ရှာကြည့်သည်။ မတွေ့ရ။

အို ... စားပွဲခင်း ရှိသားပဲ။

စားပွဲခင်းကို လက်သုတ်လိုက်သည်။ လူတစ်ယောက်က မျက်လုံးပြူးပြီး အံကြိတ်ပြသည်။

လက်ခုပ်သံများ ကြားမှပင် ကေရီဖော်က ထိပ်ဆုံးက သူ့စားပွဲဘက်သို့ လျှောက်သွားနေသည်။

"အဟီးဟီး ... နကျူးရှူးပါပဲဗျာ၊ သိုင်း(က်စ်)အဆော့(သ်) အိပ်(က်စ်)ကျူူးမီ ဆိုးယူလိတ်တာ"

မြန်မာလိုရော အင်္ဂလိပ်လိုပင် ရောနှောပြီး ခပ်ကြောင်ကြောင် နှုတ်ဆက်၍ ထ,လာသည်။

သူ ဦးတည်ရာကား ကေရီဖော် ရှိရာသို့။

"ဟဲလို ကေရီ၊ ဟဲလို ကိုအောင်ဒွေးလွင်"

သူက တိုးတိုးသက်သာပင် နှုတ်ဆက်လိုက်သည်။

"ဟင် ... ကိုရာဇာက အခုမှ ရောက်လာသလား"

"ရောက်တာ မကြာသေးပါဘူး"

"ကေရီ သီချင်း ကိုရာဇာ မမီလိုက်ဘူးလား"

"သုံးပုဒ်စလုံး မီလိုက်ပါတယ်၊ အားလုံး ကျွန်တော်ကြိုက်တဲ့ သီချင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဌွေးလွင်က ပြုံးကြည့်နေသည်။ သူ့ညာလ
ကိုတော့ ပတ်တီးကြိုး သေးသေးနှင့် သိုင်းထားဆဲ။

"တိုင်းဆို ... မင်း ဘာစားမလဲ"

"ကျွန်တော် တစ်စားပွဲမှာ ထိုင်ပြီး စားခဲ့ပြီးပါပြီ"

"တို့က မင်း မလာတော့ဘူး ထင်နေတာ"

ဟုတ်သည်။

တကယ်ဆို သူ မလာ။

ခုတော့ မတော်တဆကြုံပြီး ရောက်လာခြင်းသာ

အောင်ဌွေးလွင် ဘေးတွင် အနောက်တိုင်းဝတ်စုံ
လည်တိုင်မှာ ဘိုးတိုင်တပ်ထားသော လူတစ်ယောက် ထိုင်နေသည်

သူ့ရုပ်ရည်သည် ခန့်ညားတည်ကြည်သည်။ ဆံနွ
တွေက နက်မှောင်သလောက် အခွေလိုက် လှိုင်းထပြီး ဆံပင်
ကော်လာအထက်မှာ အုပ်ကျသွားသည်။

မေးရိုးကားသည်။ နှာတံပေါ်သည်။ ရွှေကိုင်းမျက်မ
တပ်ထားသည်။

အရပ်ကလည်း ထောင်ထောင် ထွားထွား။

အသက်က အောင်ဌွေးလွင်နှင့် မတိမ်းမယိမ်း။

"ဒါက ဒေါက်တာသန်းထွဋ်၊ သူက အမေရိကားက ခွဲစိ
ပါရဂူဘွဲ့ ယူပြီး ပြန်လာတာ"

အောင်ဌွေးလွင်က မိတ်ဆက်ပေးသည်။

"ကိုသန်းထွဋ် သူကတော့ ရာဇာထွန်းတဲ့"

ဒီလောက်သာပဲ ဆိုသည်။ သူ့လို အတိတ်မေ
အနာဂတ်မသိ လူတစ်ယောက်ကို ကိုအောင်ဌွေးလွင်က အရေးတ
လုပ်သည်မှာတော့ အားရှိစရာ။



"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်"

ရာဇာထွန်းက လက်ကမ်းပေးသည်။ သူတို့စားပွဲတွင်
ာဇာထွန်း အဝတ်အစားက တောက်ပြောင်မှု အားနည်းသွားသည်။

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်"

ဘာကို ဝမ်းသာသည်မသိ။ ကိုသန်းထွဋ်က ခပ်ပေါ့
ပေါ့ပဲ ပြောလိုက်သည်။ လက်ဆွဲနှုတ်ဆက်မှုကလည်း လေးလေး
က်နက် မရှိ။

သူ့ကြည့်ရသည်မှာ ဘဝင်မြင့်ပုံရသည်။ မျက်နှာက
ည်း ခပ်တည်တည်။

အဲ ... ပြီးတော့လည်း ကေရီနှင့် အနီးဆုံး ယှဉ်ထိုင်
နေသော ရာဇာထွန်းကို အကဲခတ်နေသော မျက်လုံးများ ရှိနေပြန်
သည်။

ဒီညသည် ကိုသန်းထွဋ်က သူ အမေရိကားမှ ပြန်
ရောက်ပြီး နှစ်ပတ်အကြာမှာ မြို့ပေါ်က မိတ်ဆွေသင်္ဂဟတွေကို
ဖိတ်ကြား ညစာကျွေးခြင်း ဖြစ်သည်။

သူက မန္တလေးသား။

အသားညိုသည်။ စေးကပ်ပုံတော့ မရှိ။ ဒါပေမဲ့
မျက်လုံးတို့က သူ့ကိုယ်သူ အထင်ကြီးခြင်းကို ပြနေသည်ကတော့
ထင်အရှား။

သူ ဒီမြို့က ဆေးရုံတွင် အလုပ်လုပ်ရာမှ အမေရိကား
 သွားရခြင်း ဖြစ်သည်။ ပြန်လာတော့ ဤမြို့မှာပင် တာဝန်ပြန်
သည်။

သူကတော့ သူ့ဘွဲ့နှင့် ရန်ကုန်လို မန္တလေးလို မြို့ကြီး
တွေမှာ လုပ်ချင်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းကို သူက စကားသိပ်မဟ။

ရာဇာထွန်းကလည်း ခပ်အေးအေး။

ရာဇာထွန်း စိတ်များ ကစားနေသည်။

သူ့ဘေးတွင် ကေရီဇော် ထိုင်နေပြီး သူနှင့် စကား ပြောနေသည်မို့ ရာဇာထွန်း ရင်ခုန်နေမိသည်။

ကေရီက အသံနှင့်အလှ ညီသည်။ ဝတ်စားဆင်ယင်မှု က ခေတ်နှင့်ညီသည်။

ဒါပေမဲ့ မကလက်။

ကိုသန်းထွင်က ကေရီနှင့် ရာဇာထွန်း စကားပြောနေကြခြင်းကို လိုလိုလားလား ရှိပုံမရ။ ဝင်ရောက်ပြီး မကန့်ကွက်။

ညဆယ်နာရီခွဲမှာ ထမင်းစားပွဲနှင့် အဆိုအတီးတွေကို ရုပ်သိမ်းပစ်လိုက်သည်။

ကိုသန်းထွင်မှာ လူပျိုလူရွယ်။

မိဘတွေက မန္တလေးမှာ။

သည်မှာသာ သူက သူ့တပည့်တစ်ယောက်နှင့် လာနေခြင်း ဖြစ်သည်။

ကိုသန်းထွင်က အောင်ဌေးလွင်တို့ မောင်နှမကို ဆက်လက်ဧည့်ခံလိုပုံ ရနေသေးသည်။

ရာဇာထွန်းက အလိုက်သိသည်။

ပြန်ဖို့ကို ခွင့်တောင်းလိုက်သည်။ စားပွဲများ အလယ်တွင် သူတို့လေးယောက်နှင့် ဟိုတယ်မှ စားပွဲထိုးများသာ ကျန်ရစ်ခဲ့ကြသည်။

"နေပါဦးကွာ၊ တို့များနဲ့ ပြန်စမ်းပါ"

အောင်ဌေးလွင်က တားသည်။



"သူ ပြန်မယ်ဆိုလည်း ပြန်ပါစေလား"

"မဟုတ်သေးဘူး ကိုသန်းထွင်၊ သူ့နေရာက ဝေးတယ်၊ သူ့မှာ ကားလည်း ပါလာတာ မဟုတ်ဘူး"

"ခင်ဗျားက ဘာလုပ်သလဲ ကိုရာဇာထွန်း"

"ကျွန်တော်လား ဦးသန်းထွင်၊ ကျွန်တော်တ အလုပ်မရှိ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ပေါ့"

ခပ်တည်တည်ပင် ရာဇာထွန်းက ဖြေလိုက်သည်။ ...သန်းထွင် မျက်နှာရှုံ့သွားသည်။ ဒါပေမဲ့ မသိမသာ ရှုံ့သွားခြင်း ...

ရှုံ့ရုံမကလို့ ပဲ့ကျသွားပါစေ။ ရာဇာထွန်းက အရွဲ့ ...တ်လို့သာ ဖြေချင်နေသည်။

တစ်ဖက်က မိမိကို အထင်သေးနေတာကိုး။

တဒင်္ဂအတွင်းမှာ ကိုသန်းထွင်၏ အတွင်းအစ္ဆတ္တကို ...ကြောမိသည်။

ဘဝင်ခိုက်နေတဲ့လူ။

မနာလို မရှုစိမ့်တတ်သူ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်သူ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသူများက တစ်ဖက်လူ... အထင်သေးတတ်ခြင်းကိုတော့ စာဖွဲ့ဖို့တောင်မလို။

စားပွဲကုလားထိုင်များ ခေါက်သိမ်းသံက ဆူညံနေ...သည်။ ဒိုးဒိုးခေါက်ခေါက် မြည်နေသည်။

ကိုသန်းထွင်တွင် မိတ်ဆွေများ ရှိသည်။

သူ့တွင် ကူညီချင်သူတွေ အပြည့်။

သို့သော် သူက လက်မခံ။

www.burmeseclassic.com

www.burmeseclassic.com



လူတကာက သူ့ကို ကူညီချင်လျှင် သူက ကျေး... တင်နေရပါဦးမည်။

ငွေပေးနိုင်းတာ အကောင်းဆုံး။

ဒါကြောင့် ဟိုတယ်တစ်ခုတွင် အလုပ်သမားမ... အစားအသောက်များပါ အပြီးအငြိမ်း အော်ဒါမှာခဲ့သည်။

"ဆရာ ... ဖုန်းလာနေတယ်"

သူတို့ စကားပြောနေရာသို့ ကိုသန်းထွန်း၏ တ... လေး ရောက်လာသည်။ ကိုသန်းထွန်း အိမ်ထဲသို့ ဝင်သွားသည်။

သူ့အိမ်က တစ်ထပ်တိုက် ခေတ်မီပုံစံလှလှ။

မကြာခင် ထွက်လာသည်။

"ဆောရီးဗျာ၊ ကျွန်တော်တော့ ခင်ဗျားတို့ကို ဆက်ပြီးဧည့်... နိုင်တော့ဘူး"

"ဘာလို့လဲ"

"ဒီလို ကိုဧွေးလွင်၊ အခုပဲ ဆေးရုံက ဖုန်းလာတယ်၊ အ... ပေါ် ပေးရှင့်တစ်ဦး ခွဲစိတ်ခန်းကို ရောက်လာတယ်"

"ဘာခွဲရမှာမို့လဲ"

"ကျည်ဆန်တဲ့ဗျ"

"ဟင် ... သူ့ကို ဘယ်သူက ပစ်သွားလို့လဲ ကိုသန်းထွ..."

"သူတို့အချင်းချင်း ကျားပစ်ရင်းနဲ့ မှားပစ်မိလို့တဲ့၊ ကျ... သမန်းကျားတဲ့"

"ဘာ ... သမန်းကျား"

နားထောင်နေသူ ရာဇာထွန်း စိတ်ထဲမှာ ဖျ... နိုးကြားသွားသည်။ နှုတ်မှလည်း လွှတ်ခနဲ ထွက်သွားသည်။



"ဖုန်းထဲမှာပြောတော့ သမန်ကျား ပစ်ရင်းနဲ့ ထိတယ်ပြော တာပဲ၊ သမန်းကျားဆိုတာ ရှိနိုင်တာ မဟုတ်ပါဘူးဗျာ"

ကိုသန်းထွန်းက ပြော၍ တစ်ဆက်တည်း ...

"ခင်ဗျားတို့ စိတ်ဝင်စားရင် ဆေးရုံကို လိုက်ခဲ့ပါလား၊ ဟိုကျတော့ စုံစမ်းသိရအောင်"

"လူနာက ဘယ်ကတဲ့လဲ ဦးသန်းထွန်း"

"မြိုင်ကလေးက ပြောတာပဲ ကိုရာဇာထွန်း"

သူသည် သည်မျှသာဖြေပြီး တိုက်ဘက်သို့ ခပ်သုတ် သုတ် ထွက်သွားသည်။

"ကျွန်တော်တို့ လိုက်ကြည့်ကြရင် ကောင်းမလားပဲ"

"ဟုတ်တယ် ကိုရာဇာ၊ ကေရီလည်း စိတ်ဝင်စားတယ်"

"အာ ... မဟုတ်တာ၊ လူနာကို ဘယ်လိုကြည့်လို့ ရမှာတဲ့လဲ"

"မဟုတ်သေးဘူး ကိုအောင်ဧွေးလွင်ရဲ၊ လူနာကို လာပို့တဲ့ လူတွေ ရှိမယ်၊ သူတို့ကို မေးမြန်းစုံစမ်းကြည့်ကြတာပေါ့"

ကိုအောင်ဧွေးလွင် တွေနေသေးသည်။ နောက်မှ ...ခေါင်းကို ညိတ်ပြလိုက်သည်။

သူ့အတွက် စိတ်ဝင်စားစရာပဲ။

သမန်းကျားတဲ့။

ဒီခေတ်ကြီးမှာ မဖြစ်နိုင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ကျေးရွာပြည်သူ့စစ်တွေ ဒီကျားကို လိုက် နေတာ ကြာပါပြီ၊ ဒီညဦးမှာ ရွာနားမှာ ကျားဟိန်း စ,ကြားရပါတယ်၊ ကျွန်တော်ရယ်၊ လှထွန်းရယ်၊ ဘယ် ရယ် ကင်းတာဝန် ကျတယ်"

သူတို့တတွေက လူတစ်ယောက် ပြောတာကို စူးစိုက် နားထောင်နေကြသည်။

ဆေးရုံ၏ ညှော်ခန်းဆောင်မှာ ဖြစ်သည်။ ရဲအမှုထမ်း တစ်ဦးက ပြောသူ၏ ထွက်သစ္စေ့ စကားလုံးများကို လက်ရေးတို လိုက်လံရေးမှတ်နေသည်။

နားထောင်နေကြသူတွေက ကိုအောင်ဒွေးလွင်၊ ဒော် ဇော်၊ ရာဇာထွန်း၊ နာ့(စ်)မလေး နှစ်ယောက်၊ စတပ်(ဖ်)တစ်ယောက် နှင့် ရဲအမှုထမ်း သုံးယောက်။

ပြောနေသူက လူသုံးယောက်ထဲမှ တစ်ယောက်။

"ဆက်ပြောပါ"

ဒုရဲအုပ်က တိုက်တွန်းလိုက်သည်။



"ကျွန်တော်တို့သုံးယောက် ကင်းလှည့်စစ်ဆေးနေဆဲမှာ အဲဒီ လို ကျားဟိန်းသံ ကြားလိုက်လို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြပါတယ်၊ ကျွန်တော်တို့ သုံးယောက်လုံး မှာ သေနတ်ကိုယ်စီပါတယ်၊ ကျားဟိန်းသံ ကြားရတာ ရွာ မြောက်ဘက်ကပဲ၊ ကျွန်တော်တို့ သွားတုန်း ကိုသော်က ရောက်လာပါတယ်၊ ကိုသော်ကစ သူ့ခိုင်းနွားကြီး တစ်ကောင် ကို အိမ်နောက်ဘက်ခြံထဲကို ကျားဝင်ပြီး ဆွဲသွားတဲ့အကြောင်း လာပြောပါတယ်၊ ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီးနဲ့ သူ့အိမ်နောက်ဖေးက ကျားဆွဲရာ စွတ်ကြောင်းနောက်ကို လိုက်ကြပါတယ်"

"အဲဒီတော့ ဘယ်အချိန် ရှိပြီလဲ"

"ရှစ်နာရီလောက် ရှိပါပြီ ရဲအုပ်ကြီး"

"ဆက်ပါဦး"

"စွတ်ကြောင်းက ရွာသချိုင်းဘက်ကို ဦးတည်သွားတယ်၊ ဒါပေမဲ့ ရွာသချိုင်းထဲကို မဝင်ဘဲ သချိုင်းနားကိုပတ်ပြီး ရိုးကလေးကိုဖြတ်လို့ တောစပ်နား ရောက်သွားတော့မှ လား လား ... မောင်မင်းကြီးသားနဲ့ သွားတွေ့တယ်၊ သူက နွား ဝမ်းဗိုက်ကို အားပါးတရ ဖွင့်စားနေပြီကိုး၊ ကိုဘသိန်းက သူ့သေနတ်နဲ့ ကျားကို လှမ်းပစ်တယ်၊ ကံဆိုးချင်တော့ သေနတ်က မစ်(စ်)ဖိုင်းယား ဖြစ်သွားတယ်၊ ကျည်ဆန်မီး မကူးလို့ ကျွန်တော်တို့သုံးယောက်လုံး ငိုင်နေတုန်းမှာ ကျား က ကိုဘသိန်းကို ခုန်အုပ်လိုက်တယ်"

"ကိုသော်က ဆိုတဲ့ လူကကော"

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းက ဝင်မေးလိုက်သည်။ သူက ရဲအုပ်ကြီး မျက်လုံးတွေကြည့်လိုက်သည်။ ရဲအမှုထမ်းများနှင့် သူ ရင်မဆိုင်ချင်

"အဲဒီလူကတော့ ထွက်ပြေးတာပဲ"

ပြောသူက စိတ်ကုန်ဟန်ရှိသည်။

ရဲအုပ်သည် တစ်ဖက်ကို အာရုံပြုနေရသဖြင့် ရာဇာထွန်း၏ ပုံပန်းကို သတိမေ့နေဟန် တူသည်။

ရာဇာထွန်းက အမှတ်တမဲ့ပင် ပြောသူက ဆက်ပြော စဉ် ထွက်သွားသည်။

"လှထွန်းက သူ့သေနတ်နဲ့ ကျားကို လှမ်းပစ်လိုက်ပါတယ်"

"ဘယ်နှချက်လဲ"

"တစ်ချက်တည်းပါ"

"ကျားကို ထိသလား"

"ကျားကိုမထိဘဲ ကိုဘသိန်းကို မှန်သွားပြီး ကိုဘသိန်းရဲ့ အော်သံကို ကြားရတယ်၊ အဲဒီမှာပဲ ကျားဟာ ထွက်ပြေးသွား ခဲ့ပါတယ်"

"ရွာသားတွေကော"

"ကိုသော်က,က ပြန်ပြေးခေါ်လို့ ရွာသားတွေ လိုက်လာကြ ပါတယ်၊ ကိုဘသိန်း သေနတ်မှန် လဲနေလို့ ဒီဆေးရုံကိုပို့ စီစဉ်နေကြတုန်း ကျွန်တော်နဲ့ ရွာသားတချို့က ကျားနောက် ကို ဆက်လိုက်တယ်၊ ကျားသွားလမ်းကြောင်းဟာ သချိုင်း ကို ဦးတည်နေတယ်"

"ဘယ်လိုလုပ် သိသလဲ"

"သွေးစက်တွေကို တွေ့ရတယ်၊ ကျားကို ရုပ်ထိပြီး ကိုဘသိန်း ကို မှန်သွားတဲ့ပုံပဲ"



"အဲဒီနောက်ကော သမန်းကျား ဆိုတာ"

"သချိုင်းဘက်လည်း ရောက်ရော ကျားသွားရာလမ်းကြောင်း မှာ သွေးစက်တွေနဲ့ လူခြေရာ တွေ့ရပါတယ်၊ ကျားကို လုံးဝမတွေ့ရတော့ပါဘူး"

"ဩော် ... ဒါကြောင့် ခင်ဗျားတို့က သမန်းကျားလို့ ဆိုချင် တာကိုး၊ ဟဲ ဟဲ ဟဲ"

ရဲအုပ် အသံမှာ မထုံသဖြင့် သောလုံးတစ်ခု ကြားရ သလို ရယ်နေသည်။

"ဒါ သမန်းကျားပါဝဲ"

"ဒီသမန်းကျား ဆိုတာ ရှေးကတည်းက ကြားဖူးလာတဲ့ စကားတစ်ခုပါ၊ လူစင်စစ်က ကျားဖြစ်တယ်လို့ အယူသည်း အစွဲကြီးနေကြတာပဲ"

"ရဲအုပ်ကြီးက မထုံလို့လား"

"ဘယ်ယုံမလဲ၊ ကျားဟာ ကျားပဲပေါ့"

"ဒါဖြင့် လူခြေရာတွေကကော၊ ကျွန်တော်တင် မဟုတ်ဘူး ခြေရာကိုမြင်တဲ့ ရွာသားတွေ တစ်ပုံကြီး"

"မနက်ကျရင် လိုက်ကြည့်မယ်လေ"

"လိုက်ကြည့်ပါ၊ သမန်းကျားမှ သမန်းကျားပါ၊ အရင်တုန်း ကလည်း ဒီလိုပဲ သောင်းကျန်းခဲ့တာပဲ"

"ဟုတ်ပါတယ်၊ သမန်းကျားပါ"

သားမှ ရွာသားတစ်ယောက်က ဝင်ပြောလာပြန်သည်။ ရဲအုပ်သည် အတော်ခေါင်းရှုပ်သွားသည်နှယ် လက်တစ်ဖက်ဖြင့် ခေါင်းကို ကုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သမန်းကျားလို့ ပြောရအောင် လူကော ဆွေ
လို့လား၊ စွပ်စွဲရမဲ့လူ ရှိလား"

"အဲ ... အဲဒါကြောင့် ပြောတာပေါ့ ရဲအုပ်ကြီး"

"အင်း ... ခင်ဗျား ကြည့်ရတာ အတော်စိတ်အားထက်သ
လာပုံပဲ၊ ဆိုစမ်းပါဦး"

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်တို့ ရွာသချိုင်းဘက်မှာ စဉ္စာ
တစ်ယောက် ရှိပါတယ်၊ သူ့နာမည်က ဦးကျားကြီးတဲ့
အဲဒီလူကြီးကို သမန်းကျားဖြစ်တဲ့လူလို့ ရွာသားတွေ
အထင်ရောက်နေကြပါတယ်"

"သူက စဉ္စာလပဲ၊ ဘယ်လိုလုပ် သမန်းကျား ဖြစ်နိုင်ရမှာလဲ"

"ဖြစ်နိုင်မဲ့ အတွေ့အကြုံတွေကို ကျွန်တော် ပြောပါရစေ"

သူ ပြောပြသည့် သာကေတွေက ရာဇာထွန်း တစ်
က တောလမ်းကို ဖြတ်အလာတွင် မြိုင်ကလေးမှ လူကြီးတစ်ယော
၏ ပြောပြချက်များနှင့် ထပ်တူထပ်မျှပင်။

"ဒါနဲ့ပဲ ကျားဖြစ်ရောလား၊ ထားလိုက်ပါတော့၊ ဒီလူကြီးက
ခင်ဗျားတို့နဲ့ တွဲသလား၊ ရွာထဲကော လာဖူးသလား"

"ရွာထဲလည်း သူ မလာဘူး၊ သူ့သချိုင်းကုန်းကို လူလာရင်
လည်း သူ မကြိုက်ဘူး"

ကေရီဇော်က သူ့အစ်ကို့ကို လှည့်ကြည့်လိုက်၏။
အောင်ဆွေးလွင်က စိတ်ဝင်စားစွာ နားထောင်နေသည်။ ဘယ်သူက
မှ ရဲအုပ်နှင့် ပြည်သူ့စစ်ရွာသားတို့ ပြောနေတာကို ဝင်မစွက်။

"ဟုတ်ပြီ၊ ပြီးတော့ကော"

"သူ့မှာလည်း သမီးလေးတစ်ယောက် ရှိတယ်လို့ ပြော
ကြားဖူးတယ်၊ မြင်ဖူးသူတော့ အတော်ရှားပါတယ်"



"ဘာကြောင့်လဲ"

"သူ့သမီးကို အဲဒီလူကြီးက လူတွေနဲ့ ပေးမတွေ့ဘူး၊ ဒီ
မိန်းကလေးဟာ အတော်လှတယ်လို့လည်း ပြောကြတယ်"

"ခင်ဗျားနာမည်"

"အေးမောင်ပါ"

"နာမည်ပါ မှတ်ထားယော၊ ပြီးတော့ သူ ပြောပြသမျှကို
စာနဲ့ပြန်ရေးပြီး သူ့ကိုပါ ပြန်ဖတ်ပြလိုက်"

ဒုရဲအုပ်၏ ပြောစကားကို တရစ်ရ တစ်ကြပ်က
လက်ရေးတိုနှင့် လိုက်လံရေးမှတ်ရာမှ ခေါင်းညိတ်ပြသည်။

"ကိုလှထွန်းကိုတော့ ကျွန်တော်တို့ စခန်းမှာ ခေါ်ထားရလိမ့်
မယ်၊ အမှုကို စစ်ဆေးပြီးမှပဲ လွှတ်မယ်၊ မြို့နယ်ကောင်စီ
နဲ့ မြို့နယ်တရားသူကြီး အဖွဲ့ကိုလည်း ခင်ဗျားရဲ့ထွက်ဆို
ချက်တွေကို တင်ပြပေးပါ့မယ်"

"အာမခံ မရနိုင်ဘူးလား"

"ဒါက ဆရာဝန်ရဲ့ ဆေးထွက်ချက်နဲ့ မြို့နယ်တရားသူကြီး
အဖွဲ့ပေါ်မှာ တည်ပါတယ်"

ကိုအေးမောင် မျက်နှာညှိုးသွားရှာသည်။ ဗိနပ်သံ
ကြားရသဖြင့် မော်ကြည့်လိုက်ကြသည်။ ဒေါက်တာသန်းထွဋ်။

သူ့မျက်နှာတွင် ချွေးသီးများ စို့နေပြီး မီးရောင်အောက်
မှာ ချွေးစက်တို့က ပြောင်လက်နေ၏။

"ဆရာ ခွဲစိတ်ပြီးပလား၊ လူနာအခြေအနေ"

ကိုအေးမောင်က အမောတကော မေးလိုက်သည်။

ဒေါက်တာသန်းထွဋ် မျက်နှာမှာ ကြည်လင်မှု ဝေးနေ
သည်။ ထိုင်းမှိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ အဖို့နောက်ကျသွားတယ်၊ အတွင်းမှာ အင်တာနယ်(လ)ဘလီဒင် ဖြစ်သွားတယ်၊ အတွင်းသွေးလွန်မှုများတော့ သွေးအားကုန်ပြီး အဆုတ်ကို ပိတ်ဆို့သွားတယ်၊ ကျည်ဆန်က အဆုတ်နားကဖောက်ပြီး အထဲမှာ မြှုပ်နေတာပဲ၊ ခုတော့ ခွဲစိတ်တုန်းမှာပဲ ဆုံးသွားပြီ"

အားလုံး ငြိမ်သွားကြသည်။

"သူ့တစ်ကိုယ်လုံးမှာလည်း ကုတ်ရာဖွဲ့ရာတွေနဲ့ အသားထင်ကို လန်နေတာပဲ"

မည်သူမှ မပြော။

ကိုအေးမောင် မျက်လုံးတွင် မျက်ရည်များ ဝိုင်းနေလေသည်။ ရဲအုပ်က သက်ပြင်းချ၍ တစ်ခုသာ မတိုးမကျယ် ပြောလိုက်သည်။

"အေးလေ ... လောကကြီးမှာ သတ္တဝါတစ်ခု ကံတစ်ခုပါပဲ"

❦ ❦ ❦

သူလာသည်မှာ ပုန်းလျှိုး ကွယ်လျှိုး။

သည်မနက်တွင် သတင်းကြားခဲ့သည်။ မြိုင်ကလေးနှင့် ဝိန်းနဲကုန်း တောအုပ်ကို လက်နက်ကိုင်ရဲအဖွဲ့များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ ကျားကိုရှာဖွေ ရှင်းလင်းကြလိမ့်မည်။

ကျားသောင်းကျန်းကို သူတို့ ပစ်ထားလို့မဖြစ်။

ကျားအကြောင်းက တောရော မြို့ပါ နံ့နေသည်။

ညက တည်းခိုခန်းတွင် ရာဇာထွန်း မျက်စိကျယ်နေသည်။ အိပ်လို့မပျော်။



သူ့ကို ဝိုင်းဝန်းသတ်ဖြတ်ကြသည့် လူဆိုးများ။

မင်းမင်းထွန်း အကြောင်း။

ကိုမင်းလှိုင်နှင့် ကလျာလှိုင်ရယ်။

ထူးထူးနှင့် ဆက်နွယ်မှုများ။ ပြီးတော့ ကေရိဖော်ရယ်၊ တောတွင်းက မြိုင်လို့ခေါ်သည့် နင်းအေးမြိုင်။

ဒါတွေက လုံးပတ်ထွေးလုံး၍ သူ့ကို ချုပ်နှောင်ထားသည်။ သူ့ကို သည်ညက လိုက်လံသတ်ဖြတ်သူများသည် ကိုမင်းလှိုင်တို့ လွှတ်လိုက်သည့်လူတွေ မဖြစ်နိုင်။

ဖြစ်နိုင်လျှင် ထူးထူးကို ခေါ်သွားကြသူများ ဖြစ်ရမည်။

အကြောင်းရှိသည်။ ဒီလူတွေကို သူ နီးနီးစေးစေး မှတ်မိထားခဲ့သည်။ မိမိရှိနေလျှင် ထူးထူး အတွက် စိုးရိမ်ရတာမို့ မိမိကို အပျောက်ဖျောက်ခြင်းသာ ဖြစ်ရမည်ပဲ။

သူတို့ ထူးထူးကို ဘာလို့ ဖမ်းရသလဲ။

ရှင်းနေတာပဲ။ ဒီလူတွေလည်း တစ်ဖက်က ကိုမင်းလှိုင်တို့ ရတနာတွေ လိုချင်သောကြောင့် ထူးထူးကို ပြန်ပေးဆွဲရခြင်း ဖြစ်သည်။

သည်မနက်တွင် တည်းခိုခန်းသို့ ဖုန်းလာသည်။

ယူငင်နားထောင်ကြည့်တော့ ကေရိဖော်ပဲ။

ညက ဆေးရုံခန်းမှ သူ လစ်ထွက်သွားခြင်းကို အပြစ်တင်ပြီး ညက ပြဿနာကို အကျဉ်းချုံး ပြောပြသည်။

"သမန်းကျားတဲ့၊ ကိုရာဇာ ယုံသလားဟင်"

"ကျွန်တော် ကလေးမှ မဟုတ်တာ၊ ပြီးတော့ ဦးနှောက်ရှိတဲ့လူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က တောတစ်ခုလုံးကို ပိုက်စိပ်တိုက် ရှာမယ် ပြော တယ်"

ကျားအရေးထက် မြိုင့်ကို သူ တွေးမိသည်။ ဒါကြောင့် သူသည် သုတ်ခြေတင်လာသည်။ လူသူ မမြင်အောင် ရွာနှင့်တစ် တာလုံမှာ ဆင်းခဲ့သည်။

မိုးတွေညို့နေသည်။ နေခြည် မလင်း။

ရွာကို ကွင်းပတ်လျှောက်ရသည်ကပဲ တစ်နာရီ လောက်ကြာသည်။ ရွာထဲမှ မောင်းထုသံက တဒူဒူ ကြားရသည်။

သူတို့ ကျားစစ်ဆင်ရေး စတော့မယ် ထင်ရဲ့။

တောအုပ်ကို မျှော်ကြည့်လိုက်သည်။ ဝဲဘက်မှာက ရွာသချိုင်း။

ရွာကတော့ နောက်မှာ ကျန်ရစ်ခဲ့ပြီပေါ့။

သူ့တွင် ငွေပါလာသည်။ မြိုင့်ကို ငွေပေးလိုသည်။

သူနှင့် ထူးထူး အသက်ကို ကယ်ခဲ့သော မြိုင့်အား ထိထိရောက်ရောက် ကျေးဇူးမဆပ်ရသေး။

မြိုင့်အိမ်ကလေးထဲသို့ သူ ဝင်တော့ မြိုင့်ကို ထမင်း အိုးငုံ့လျက်သား တွေ့ရသည်။

"ဘယ်နှလုံးချက်လဲ မြိုင်"

မြိုင်သည် နောက်ကျောဘက်မှ ဝင်လာသော ရာဇာ ထွန်းကို မမြင်။

ကျောကလေး တွန့်သွားသည်။ လန့်သွားဟဲ့ပုံ။

"ဟော ... အစ်ကို"

မြိုင်သည် ဝမ်းသာအားရ အသံလေး ပြုလိုက်လေ သည်။



"အစ်ကို စားမလား"

"မစားပါဘူး၊ ဘာချက်လို့လဲ"

"ဟင်းက ဘယ်ကောင်းပါ့မလဲ အစ်ကိုရာ၊ ပေါက်ပန်းရွက် ဟင်းချိုနဲ့ ငါးခြောက်ဖုတ်"

"တို့များ မကြိုက်ပေါင်"

"ဟင် ... အစ်ကိုကလည်း"

"ငါးခြောက်ကို ပြောတာပါ၊ မြိုင်က ဘာတွေများ လျှောက် တွေးနေတာလဲ၊ ဒီကောင်မလေး ပေါက်ပေါက်ရှာရှာ"

မြိုင်သည် သူ့ကိုမြင်တော့ မျက်နှာလေး ဖြီးလာသည်။ ...ကလုံးကလေး ဝင်းလက်လာသည်။

မြိုင်၏ ဝင်းစိုသော မျက်နှာကလေးပေါ်တွင် သနပ် ...ရေကျဲလေး လူးထားသည်။ ဆံပင်ကို တစ်ပတ်လျှိုထုံးကာ ပခုံး ...မှာ ချထားသည်။

အကျီအနီရောင် လက်ပြတ်သည် မြိုင့် လက်မောင်း ...လေများ၏ ဆင်နှာမောင်းအလှကို မဖုံးကွယ်နိုင်ရှာ။

"မြိုင် ... တို့များအကြောင်း တွေးနေတယ် မှတ်လား"

"အယ် ... အစ်ကို"

မြိုင်၏ပါးပြင်တွင် ရှက်သွေးလှိုင်း ကြွသွားသည်။

ကိုက်ဆွဲချင်စရာကောင်းတဲ့ ဝါးပြည့်ပြည့်လေး။

"ဘာလဲ၊ တို့များသိလို့ ရှက်သွားလား"

မြိုင် ခေါင်းကလေး ငုံ့သွားသည်။ ထမင်းအိုးကို မီးပြ ...ါတင်၍ ပြန်နှပ်သည်။

"မြိုင်က အစ်ကို့အကြောင်း မတွေးပါဘူး၊ ထူးထူးလေး အကြောင်း တွေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒါ မြိုင် သက်သက်လိမ်တာပဲ၊ မြိုင် စောစောကပြော
နေတာ ရာဇာထွန်း ဆိုတဲ့ ကောင်ချောလေး။

"ကလေးကို ပြန်ပို့လိုက်ပြီလား အစ်ကို၊ အခုလာတာကကော"

ထိုင်စရာ ကုလားထိုင် တစ်လုံးမှ မရှိ။ မြေပြင်ပေါ်
တွင် ကောက်ရိုးများ ဖြန့်ခင်းထားသည်။ တစ်နေရာမှာတော့ ဖျာ
ဟောင်းတစ်ချပ် လိပ်ထောင်ပြီး သည့်အပေါ်မှာ တင်ထားတာ
ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်။

ကောက်ရိုးခင်းပေါ်တွင် ရာဇာထွန်း ဝင်ထိုင်သည်။
ထူးထူး အကြောင်းကို သူ ပြောပြသည်။ မြိုင် စိတ်ကောင်းပုံမရ။

"ကောင်လေး သနားပါတယ် အစ်ကိုရယ်"

"သူ့ကို ပြန်ရှာရမှာပဲ မြိုင်၊ မြိုင့်ဆီ အခုလာတာ
အကြောင်းနှစ်ခုရှိတယ်၊ ပထမအကြောင်းကတော့ မြိုင့်ကို
ကျေးဇူးဆပ်ချင်လို့"

သူက ငွေစက္ကူတစ်ထပ်ကို သူ့ဘောင်းဘီအိတ်ထဲက
ဆွဲထုတ်လိုက်သည်။

"မြိုင့်ကို ကျေးဇူးဆပ်မလို့ပါ၊ ဒီငွေတစ်ထောင်ကို ယူထား
ပါ မြိုင်"

"အို ... ဘာလုပ်မလဲ"

မြိုင်က ခေါင်းခါပြသည်။

"မြိုင် ငြင်းမယ်ဆိုတာ ကိုယ်သိပြီးသား၊ ဒါပေမဲ့ မရဘူး
ယူရမယ်"

မြိုင့် လက်ကလေးတစ်ဖက်ကို ဖမ်းဆွဲလိုက်သည်။
မြိုင့် လက်ချောင်းကလေးများသည် နူးညံ့ဟန်မရှိ။ အနည်းငယ်တောင့်
၍ ကြမ်းတမ်းစ ပြုနေသည်။



"အို ..."

မြိုင်က ရာဇာထွန်း၏ ရင်ဘတ်ကို ထောက်ပြီး
တွန်းလိုက်သည်။ ထိုင်ရာမှ ရာဇာထွန်း ပက်လက်လန် လဲသွား
သည်။

ကောင်မလေး လက်ဆွဲခံရလို့ ရှက်သွားတာကိုး။

ရာဇာထွန်းက ခပ်ဟားဟားရယ်သည်။ ပြီးမှ အရယ်
ရပ်၍ ...

"ဘာလဲ ... မြိုင် ရှက်သွားသလား"

"အစ်ကိုက လက်ဆွဲတာကိုး"

"အား ... အို ... ဆောရီး၊ ကိုယ်က စေတနာနဲ့ ပေးချင်
လို့ပါ၊ ဒါဖြင့် ဟောဟို သောက်ရေအိုးပေါ်မှာ တင်ထားမယ်"

"မလိုချင်ဘူး"

"မရပါဘူးခင်ဗျား"

သူက သောက်ရေအိုးဖုံးပေါ် သွားတင်ပြီး ရေခွက်နှင့်
ဖိထားလိုက်သည်။ မြိုင်က ထ,မည်ပြုသည်။

"ဟင်း ... သူ ဖွတ်ပဲ"

မြိုင် ထလျှင် ရာဇာထွန်းက ကာမည်ပြုသည်တွင်
မြိုင်က ညည်းသံလေး ပေးသည်။

"မြိုင် ကျောင်းနေဖူးလား"

"နေဖူးတယ်"

"အင်း ... ကိုယ် ထင်သားပဲ၊ မြိုင့် ပြောပုံဆိုပုံမျိုးနဲ့ဆိုရင်
တော့ ကျောင်းနေဖူးလိမ့်မယ်လို့၊ ဘယ်မှာနေခဲ့လဲ"

"တောင်ငူမှာ"

မြိုင့်အသံ တိုးသွားသည်။ မျက်နှာလေး ညိုးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် … တောင်ငူမှာကိုး၊ မြိုင့်အဖေက သုဘရာဇာပေါ့"

"တော်ပါ အစ်ကို"

"ဘာလို့လဲ မြိုင်"

"အဖေဟာ တကယ် တစ်ကိုယ်ကောင်း ဆန်တယ်လို့ အစ်ကို ယူဆမလား မသိဘူး၊ မြိုင် ဆယ်တန်းစာမေးပွဲဖြေ ကာနီးမှာပဲ ကျောင်းနုတ်ပြီး ဒီခေါ်လာတယ်"

"အို … ဘာဖြစ်လို့"

"လူ့ပတ်ဝန်းကျင်မှာ သူ့သမီးကို မထားချင်ဘူးတဲ့လေ"

"မြိုင့်အဖေက"

"ဒါတွေ မသိချင်ပါနဲ့ အစ်ကို"

"သူဟာ လူတွေကို ဘာလို့ စိတ်နာနေရတာလဲ မြိုင် ပြီးတော့ သမန်းကျား ဆိုတာ"

"အစ်ကိုက အဖေ့ကို သမန်းကျားလို့ စွပ်စွဲချင်လို့လား"

"ဒါတွေ ကိုယ်မယုံပါဘူး"

"အစ်ကို မယုံပါစေနဲ့လို့ ဆုတောင်းရမှာ"

"ဒါပေမဲ့ မြိုင် သိပါတယ်၊ တောလမ်းမှာ ကိုယ်နဲ့ကျားသတ်တော့ မြိုင် …"

"ဝေးဟေးဟေးဟေး"

"ဝူး … အူးအူး"

"ဘုံး ဘုံး ဘုံး"

"ခေါင် … ခေါင်"

အသံမျိုးစုံတို့သည် တစ်နေရာမှ တစ်ခဲနက် ပေါ်လာသည်။ မြိုင့်မျက်နှာကလေး ဖြူသွားသည်။

"ဘာသံတွေလဲ အစ်ကို … ဟင်"



"တောခြောက်သံပဲ မြိုင်၊ သူတို့အားလုံး သမန်းကျားဆိုတဲ့ ကျားနောက်ကို လိုက်နေကြပြီ၊ ဒီအတွက်ပြောဖို့ပါ မြိုင့်ဆီ လာတာ၊ ညကပြဿနာ မြိုင် သိမှာပေါ့"

"ဒုက္ခပါပဲ အစ်ကို"

"ဘာဒုက္ခလဲ မြိုင်"

"မြိုင့်ကို သူတို့ ဒီမှာတွေ့သွားရင် တစ်မျိုး ဒုက္ခပေးလိမ့်မယ် ထင်တယ် အစ်ကို၊ သက်သာမကောင်း ဖြစ်ကြမယ်၊ မေးကြ စစ်ကြမယ်"

"မေးကြပစေပေါ့၊ မြိုင်က မှန်တဲ့အတိုင်း ဖြေ"

"မဖြေရဲဘူး အစ်ကို"

"ဘာလို့လဲ မြိုင်"

"အကြောင်းရှိတယ်၊ သူတို့ ဒီရောက်လာရင်တော့ ဒုက္ခပါပဲ"

မြိုင် ထိုင်ရမလို ထ,ရမလို။

မြိုင့် မျက်နှာလေး အိုလို့။

အော်သံ ဟစ်သံ ညာသံပေးသံတွေနှင့် တဝုန်းဝုန်း ဒိုင်းဒိုင်း တီးသံတွေက တစ်နေရာတည်းမှ လာသည်မဟုတ်။

ဟိုမှ သည်မှ ထွက်လာသည်။ ကမ္ဘာပြိုလေပြီလား။ ပြိုလေပြီလားလို့ ထင်ရသည့်သဖွယ်။

"မြိုင် တစ်နေရာမှာ ပုန်းနေကြရအောင်၊ ဒီတဲထဲရောက်လာလို့ ကိုယ့်ကိုပါ တွေ့သွားရင် မကောင်းဘူး၊ ကိုယ်ကလည်း ထူးထူး အမှုနဲ့ ပြေးနေရတဲ့လူ"

သူပေးထားခဲ့သော ငွေတစ်ထောင်ကို ရာဇာထံမှ ပြန်ယူပြီး တဲနောက်မှ သူတို့ ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့မှာ ယုန်ကလေးတွေ ရှဉ့်ကလေးတွေ ပြေးကြသည်။

အသံများက လေးဖက်လေးတန် ကပ်လာသည်။

သူတို့မသက်ာရာနေရာကို ပိုက်စိပ်တိုက် တော ရှာဖွေရသည်။

"ဘယ်ကို သွားမလဲ မြိုင်"

"ရှေ့မှာ လျှိုကလေးတစ်ခုရှိတယ်၊ လျှိုပေါ်မှာ သစ်ပင် အုံဖွဲ့ပေါက်နေတော့ ရုတ်တရက်တော့ ဘယ်သူမှ မြင် မှာ မဟုတ်ဘူး"

သည်ဌာနေတွင် မြိုင် ကျွမ်းကျင်သည်။ သူ ခေါင်းဆောင်တာထက် မြိုင် ခေါင်းဆောင်တာက ပိုပြီး လူမှန် နေရာ ဖြစ်ချိမ့်မည်။

မြိုင် ခေါ်ရာသို့ လိုက်လာသည်။ မြိုင် ထုတ် လိုက်သော လျှိုမြောင်ကလေးက အကျယ်အဝန်းအားဖြင့် မကြီး မား။

လူသုံး,လေးယောက် ကျော်ဆန့်ရုံလောက်သာ ရှိသည် အပေါ်မှာက သစ်ပင်ငယ်တို့ ရှုပ်ထွေးနေသည်။

သေနတ်သံ နှစ်ချက် သုံးချက် ကြားလိုက်ရ သည်။

ခြောက်လှန့်ပစ်သော အသံများသာ ဖြစ်လိမ့်မည်

"အစ်ကိုရယ် ... မြိုင် ကြောက်လိုက်တာ"

မြိုင့် ကိုယ်ကလေးက ရာဇာထွန်းနှင့် ပူးကပ်နေသည် နှစ်ယောက်လုံး ဆောင့်ကြောင့်ကလေးတွေ ထိုင်နေကြသည်။

"ဘာကြောက်စရာရှိလို့လဲ မြိုင်"



"သူတို့ ကျွဲ နွားတွေ ဆုံးရှုံးရုံမက ခု လူတစ်ယောက်ပါ ဒုက္ခရောက်ရတယ်ဆိုတော့ သူတို့ဒေါသတွေဟာ မိုးမီးလောင် ခမန်း ဖြစ်နေကြတာပဲ အစ်ကို"

အသားချင်းပူးကပ်တော့ နှစ်ယောက်စလုံး၏ စိတ် များက လှုပ်ရှားလာကြသည်။ ရာဇာထွန်း၏ လည်ချောင်းမှာ ခြောက်ကာ ရင်ပူလာသည်။

ရင်အုံထဲတွင် နှလုံးခုန်သံများ ပွက်ပွက်ညံလာသည်။ သူသာ သည်သို့ ခံစားနေရသည် မဟုတ်။ မြိုင့်တွင်လည်း ထိုခံစားချက်မျိုးကို လက်ခံခံယူ နေရဟန်တူသည်။

"မြိုင်"

"အစ်ကို"

"သူတို့ တဲကို တွေ့မယ်၊ မြိုင့်ထမင်းအိုးရော အသုံးအဆောင် တွေရော တွေ့ကြလိမ့်မယ်၊ တချို့တတွေက မြိုင့်ကို ဦးကျား ကြီးရဲ့သမီးလို့ ရိပ်မိထားကြတယ်၊ ဒီတော့ ..."

"အို ... မြိုင် သူတို့နဲ့ မျက်နှာချင်း မဆိုင်ရဲပါဘူး အစ်ကို ရယ်"

"တစ်ခုပဲ ရှိတယ်"

"မြိုင် ဘာလုပ်ရမလဲ အစ်ကို၊ အဖေ့ဆီပဲ သွားရမလား၊ အဖေက သချိုင်းထဲမှာနေတယ်၊ သူ့တဲနဲ့"

"မြိုင် အဲဒီကိုသွားလို့လည်း မဖြစ်ဘူး"

"ဘယ်လိုလုပ်မလဲ"

"မြိုင် ကိုယ်နဲ့ မြို့လိုက်ခဲ့"

"ဟင် ... အစ်ကိုကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နေလို့မှ မြိုင် မလွယ်ဘဲ"

မြိုင် မျက်လုံးကလေး အစင်းသားနှင့် တွေနေသည်။

"ကိုယ့်ကို မယုံလို့လား မြိုင်"

"ယုံ ... ယုံပါတယ် အစ်ကိုရယ်"

မြိုင်က မျက်လွှာလေး လှန်ကြည့်သည်။ ရာဇာထွန်းက ငုံ့ကြည့်နေသည်။ အကြည့်ချင်း ဆုံသွားကြသည်။

ဘယ်လိုကြီးပါလိမ့်။

ရင်ဖိုလိုက်တာကွယ်။ အသည်းတွေ ဘောင်ဘင်ခတ်ရိုက်ကုန်ကြပြီထင်ရဲ့။

ရုတ်တရက်ပင် ရာဇာထွန်း၏ နှာခေါင်းက မြိုင့်ပါးကလေးပေါ် ရောက်လာသည်။ ဖိကပ်ရှူရှိုက်လိုက်တော့သည်။

အို ... သူ သိပ်ဆိုးပါလား။

မြိုင့် စိတ်ထဲမှာ ရုန်းချင်ပေမင့် မြိုင် မရုန်းမိ။

သာယာလိုက်တာ။

အန္တရာယ်ဆိုတာ မေ့သွားပြီ။

တဒင်္ဂတော့ မြိုင် မိန်းမောသွားသည်။ ရာဇာထွန်းကို ဖက်တွယ်လိုက်မိသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မောင်မောင်ရယ်"

မောင်မောင်တဲ့။

ကြည့်စမ်း ... မြိုင် လွှတ်ခနဲ ခေါ်လိုက်တဲ့ အသံ

အသံက ညင်ညက်သည်။ မျက်လုံးကလေးတွင် အချစ်ရည်များ ဝင်းစို့နေသည်။

သူ မှားလိုက်မှန်းတော့ ရာဇာထွန်း သိသည်။

တကယ်ဆို သူ မလုပ်အပ်။

BURMESE CLASSIC .com



ကောင်မလေးက သနားစရာ အမိမဲ့လေး။

ကောင်မလေးအပေါ် သူ ထားသင့်တာက ရိုးရိုးသားသားစိတ်ထား။

ရာဇာထွန်းမှာ မြိုင့်ကို ဖက်ထားဆဲမှ ငိုင်နေသည်။ မြိုင်က သူ့မျက်နှာကို ရက်စိတ်နှင့်ကြည့်ကာ အသည်းထဲမှ ခေါ်မိသည်။

"မောင်မောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



## ၉

"ခြေရာကတော့ လူခြေရာပဲဗျ၊ ဒါပေမဲ့ တချို့ခြေရာတွေက ပျက်ကုန်ပါပြီ"

မိုးရွာထားသဖြင့် မြေပျော့မို့သာ ခြေရာထင်သည်။ တချို့ခြေရာများက ပျက်ကုန်သည်။

သူတို့ခြေရာကောက်လာရာတွင် တောစပ်မှ သချိုင်းအထိ သွေးစက်ညိုညို အစက်အချို့နှင့် ကျားခြေရာများ မြင်ခဲ့ကြရသည်။

သွေးတွေက မြေထဲစိမ့်ဝင်လာခဲ့ပြီး လေသလပ်သည်မို့ အညိုစက်လောက်သာ ကျန်ခဲ့သည်။

ဒုရဲအုပ်ဦးစိုးဝင်းက သူ့ထင်မြင်ချက် ပေးနေသည်။

"အဲဒါကြောင့် ပြောတာပေါ့ ဆရာရဲ့၊ ကျားခြေရာက လူခြေရာ ဖြစ်လာတော့ သမန်းကျားပါလို့"

သချိုင်းနားတွင် ဗွက်ပေါလှသည်။ ခြေရာခံမရလောက်အောင် လမ်းအနေအထား ဆိုးနေသည်။

"ခင်ဗျားတို့ကလည်း အယူမရှိတဲ့ စကားကိုပဲ ပြောနေကြတယ်၊ သမန်းကျားဆိုတာ ဟိုတုန်းက ထမံသီနယ် ဟုမ္မလင်း



တစ်ဝိုက်မှာ ရှိတယ်လို့ ဆိုကြတယ်၊ ဒါပေမဲ့ ဒီစကားတွေဟာ အလကားပြောနေကြတဲ့ စကားတွေ၊ ဒီနေ့ထိ ကျွန်တော်ဖြင့် တွေ့တောင် မတွေ့ဖူးဘူး၊ ဒီစကားက ဒီနေ့အထိ လက်ခံအောင် ဖြစ်သွားတဲ့ စကားပဲ၊ ခင်ဗျားတို့အမြင်နဲ့ အယူသည်းတာပါ"

"ဆရာ ဆိုလိုတာက"

ကျေးရွာပြည်သူ့ကောင်စီဝင် လူကြီးတစ်ယောက်ကို ဒုရဲအုပ်ဦးစိုးဝင်းက ပြုံးကြည့်လိုက်၏။

သူ မောင်ကြီးမှဆင်းပြီး ဒီနယ်ဘက်သို့ အမှုလာထမ်းသည်မှာ မကြာသေး။

"ကျွန်တော်ကတော့ ကျားမှ ကျားစစ်စစ်ပဲ၊ ကျားဆိုးတစ်ကောင် ရိုးမဘက်ကဆင်းပြီး ဒီမှာလာ သောင်းကျန်းနေတာ ဖြစ်ရမယ်"

စီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင်ခဲ၍ မီးညှိလိုက်သည်။

ခပ်ဝေးဝေးမှ အော်ဟစ်သံများနှင့် တီးခတ်ရိုက်ပုတ်သံများကို သဲ့သဲ့ကြားရသည်။

လူတွေ တောထဲ ရောက်နေပြီ။

"ကျားကိုတွေ့လည်းသတ်၊ မတွေ့လည်း တောချောက်လို့ ကျားနေရာ ပြောင်းပြေးမှာပဲ"

သူက တီးတိုးရေရွတ်လိုက်ပြန်သည်။

"ဆရာတော့ ပင်ပန်းနေပြီ ထင်တယ်"

သူ့ဘေးတွင် ကျေးရွာကောင်စီဝင် လူကြီးနှစ်ဦးနှင့် ဥက္ကဋ္ဌက ပြဿနာကို တင်ပြသော ကိုအေးမောင်ပါ ရပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“မပင်ပန်းပါဘူး ကိုအေးမောင်၊ ပြည်သူတွေအတွက် ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ရဲ့အဖွဲ့ဟာ ပြည်သူအတွက် အမှုထမ်း ဆောင်လာရင် ဆောင်ရွက်ပေးရမဲ့ ဝတ္တရားရှိတာပဲ၊ ကျွန်တော် တိုက်ဆိုင်တာကိုပဲ အံ့ဩတယ်”

“ဘာကိုလဲ”

“မြို့ပေါ်က ကလေးကို ပြန်ပေးဆွဲပြီး ပြန်ပေးသမားတွေ ခေါ်သွားတာလည်း ဒီနေရာပဲ၊ ကျားဆိုးသောင်းကျန်းတာ လည်း ဒီနေရာပဲ”

“ဆရာက အမှုနှစ်ခုလုံးကို ကိုင်နေရလား”

“ကိုင်နေရတာပေါ့ ဦးလေးရာ၊ ကဲ ... ကျွန်တော်တို့ ရှေ့ ဆက်ကြဦးစို့”

သူတို့ ရှေ့ဆက်လျှောက်စဉ် ကိုအေးမောင်က စဉ်းစား မိသလို ...

“ကလေးကို ပြန်ပေးဆွဲသွားတဲ့လူဟာ ဒီတောထဲမှာ ရှိနေ မလား မသိဘူး၊ ကလေးလည်း ရှိချင်လည်း ရှိမယ်”

“ဖြစ်နိုင်တယ် ကိုအေးမောင်”

“ဒီကလေးရော ပြန်ပေးသမားပါ ကျားဆိုးနဲ့တွေ့ရင်တော့ မလွယ်ဘူး”

ဦးစိုးဝင်းက မှတ်ချက်ပေးသော လူကြီးကို လှည့်ကြည့် လိုက်သည်။

“ဒီကျားဟာ လူသားမစားဖူးသေးပါဘူး ဦးလေး၊ ကလေးရော ပြန်ပေးသမားကိုပါ သူ စားပြီးပြီဆိုရင်တော့ မနေ့ကနွားကို ဆွဲစရာမလိုဘူး၊ ကိုသော်ကကိုပဲ ဆွဲတော့မှာပေါ့”



သချိုင်းမြေအတွင်းသို့ မဝင်မီ ဦးစိုးဝင်းက ရှေ့ဘက် သို့ ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

“ကြည့်စမ်း ... ဟိုမှာ လူတစ်ယောက် ပြေးနေတယ်”

သူ ညွှန်ပြရာသို့ လူတွေလိုက်ကြည့်ကြသည်။ အထက် တွင် စွပ်ကျယ်ဝတ်၍ အောက်ဘက်၌ လုံချည်တိုတို ဝတ်ထားသော လူထွားကြီးတစ်ယောက် တောအုပ်ဘက်သို့ ပြေးနေသည်။

“ဟာ ... ဒါ ကိုကျားကြီးပဲ”

“ဟုတ်တယ်၊ ဦးကျားကြီး”

“သူ ဘာလို့ ပြေးပါလိမ့်”

သူတို့တတွေ တစ်ယောက်တစ်ပေါက် အသံထွက် သွားကြသည်။

“သူ့ကို ခေါ်လိုက်စမ်းပါ ကိုအေးမောင်”

“ဟုတ်ကဲ့ ဆရာ၊ ကိုကျားကြီး ... ဗျို့ ကိုကျားကြီး”

“ဖြောင်း ... ဖြောင်း”

ကိုအေးမောင်က သူ့အသံဝါကြီးနှင့် အော်ခေါ်သည်။ လက်ခုပ်တီးသည်။

ကိုကျားကြီး ရပ်သွားသည်။ လှည့်ကြည့်သည်။ ကိုအေး မောင်က လက်ယပ်ခေါ်သည်။

သူက အရေးမထားဘဲ ဆက်သွားမလို လုပ်သည်။

“လာ ... ဦးလေး၊ လာဦး ဒီကို”

ကျေးရွာလူကြီးတစ်ဦးက အော်ပြောသည်။ ရဲအရာရှိ တစ်ယောက် ရပ်နေခြင်းနှင့် ကျေးရွာလူကြီး၏ ဩဇာတိက္ကမကို လွန်ဆန်နိုင်ပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ဘက်ကို လှည့်ကြည့် လှည့်ကြည့်နှင့် ရောက်လာသည်။

သူ့ကိုယ်သည် ညစ်ပတ်ပေရေနေသည်။

မျက်နှာသည် ခက်ထန်မာကျောလှသည်။

"ဘာလဲ ... ဘာကိစ္စလဲ"

အမယ် ... သူ့အသံက မသေး။

အလေးချိန် များစွာစီးပြီး ကျောက်ခဲလို တင်းမာနေပါဘိခြင်း။

"ခင်ဗျား ဘယ်ကို သွားမလို့လဲ"

ခေါ်လိုက်သူ လူကြီးက အေးဆေးစွာ မေးလိုက်လျှင် ...

"ကျုပ် တောအုပ်ဘက် သွားမလို့၊ ဟိုမှာ ဘာတွေဖြစ်နေသလဲဆိုတာ သွားကြည့်မလို့"

"ခင်ဗျားနာမည် ဦးကျားကြီးလား"

ရဲအရာရှိကို ဦးကျားကြီးက ခပ်ကြောင်ကြောင်ကြည့်၍ ...

"ဟုတ်တယ် ဆိုပါတော့"

အားလုံး၏ မျက်လုံးများက သူ့ဘယ်လက်မောင်းသို့ စူးစိုက်သွားမိကြသည်။

"ဒါ ဘာဖြစ်တာလဲ"

ဦးစိုးဝင်းက သူ့လက်မောင်းတွင် လုံချည်စုတ်အစတစ်ခုနှင့် ပတ်တီးစည်းထားခြင်းကို မေးလိုက်သည်။

ဦးကျားကြီး မျက်နှာပျက်သွားသည်။

"ကျုပ်မနေ့ညက မှောင်ထဲလာတုန်း ချော်လဲတာနဲ့ ငုတ်စူးသွားတာ"



လူတွေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

"ဘာလဲ ... ကျုပ်ကို သမန်းကျားလို့ စွပ်စွဲကြဦးမလို့လား"

သူ့အသံက လှောင်ထေ့သံ။

"မနေ့က ကျားကို သေနတ်နဲ့ပစ်တော့"

"ခင်ဗျားတို့လူတစ်ယောက် မှန်သွားတယ်ဆို"

ကိုအေးမောင်က ဝင်အပြော၊ ကိုအေးမောင် မျက်နှာကို ဦးကျားကြီးက စေ့စေ့ကြည့်သည်။ မေးချလိုက်သည်။

"ဒီလူ သေပြီ"

"ဝမ်းသာတယ်၊ တိရစ္ဆာန်နဲ့ ဖက်မိုက်တဲ့လူ"

"ဘာပြောတယ်ဗျ၊ တိရစ္ဆာန်နဲ့ ဖက်မိုက်ရမှာလဲ"

ကိုအေးမောင် အသံက ဒေါသသံ ပါသွားတော့သည်။

"ဟုတ်တယ်လေ၊ ကျားဆိုတာ လူကို ဒုက္ခအပေးနိုင်ဆုံးထက် သူ့ဝမ်းစာ သူရှာတာပဲ၊ ဒါကို ခင်ဗျားတို့လူတွေက ကျားကောင်းကောင်း မနေရအောင်"

"ဟေ့ ကိုကျားကြီး၊ ခင်ဗျားပါးစပ် ပိတ်ထားစမ်း"

ကျေးရွာလူကြီးတစ်ယောက်က ဝင်အပြော။ ကိုအေးမောင်နှင့် စကားစစ်ခင်းနေသည့် ကိုကျားကြီးက ...

"ဘာလို့ ပိတ်ရမှာလဲဗျ၊ အမှန်ကို ပြောတာ၊ ခင်ဗျားတို့လူတွေလည်း ကိုယ့်ဝမ်းစာ ကိုယ်ရှာတယ်၊ ကျားလည်း သူ့ဝမ်းစာ သူရှာတာပဲ၊ ကျားက လူတွေကို မသတ်သေးဘူး၊ ခင်ဗျားတို့လူတွေက တိရစ္ဆာန်လည်းသတ်၊ လူလူချင်းလည်း သတ်နေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီလူကြီး မဆီမဆိုင် ဘာတွေလျှောက်ပြောနေတာလဲ"

ကိုအေးမောင်က သည်းမခံနိုင်သလို အော်လိုက်သည်။ လက်သီးနှစ်ဖက်ဆုပ်၍ ရှေ့တိုးလိုက်သည်။

"ကိုအေးမောင် ... ဟေ့လူ ... နေပါဦးဗျ"

ရွာလူကြီးတစ်ယောက်က ဝင်တားလိုက်သည်။ ဦးစိုးဝင်းက ဦးကျားကြီး၏ခြေထောက်ကို ငုံ့ကြည့်လိုက်ပြန်သည်။

သူ တွေ့ခဲ့သော မသဲမကွဲ ခြေရာများနှင့် ဒီလူကြီး ခြေရာတွေကို စိတ်ထဲမှ ယှဉ်ကြည့်သည်။ အတူတူပဲဟု ထင်လောက်သည်။

ခြေရာတွေက ခြေဖဝါးဗျက်ကျယ်ကြီး၊ ဖနောင့်နေရာတွင် နက်သဖြင့် ကိုယ်ခန္ဓာကြီးမားသူဟုလည်း တွက်ဆပြီးဖြစ်သည်။

"ညက ခင်ဗျား ဒီနေရာတွေကို ဖြတ်သန်းသွားလာသေးသလား"

"သွားတာပဲ၊ ညတွင်မဟုတ်ဘူး၊ အမြဲတမ်း သွားနေကျ"

သူကလည်း ဦးစိုးဝင်းကို ခပ်တည်တည် ခပ်ပွင့်ပွင့် ပြန်ဖြေသည်။

"သွေးစက်တွေကိုလည်း တွေ့ရတယ်"

"ကျုပ် လက်မောင်းက ငုတ်ရှူးလို့ ကျတဲ့သွေးတွေ ဖြစ်မှာပေါ့"

ဦးစိုးဝင်းပင် ဒီလူကြီး မာကျောကျော ညစ်ကျယ်ကျယ် အမူအရာတွေကိုကြည့်၍ အနည်းငယ် ချဉ်ရှူးသွားသည်။

"ခင်ဗျားတို့က ဘာလို့ ဒါတွေကို လိုက်စစ်နေရတာလဲ၊ ကျုပ်နဲ့ ဘာပတ်သက်နေသလဲ"



"ခင်ဗျား စကားသိပ်ရှည်တဲ့လူ"

သူက ကိုအေးမောင်ကို ဆတ်ခနဲလှည့် ရင်ဆိုင်လိုက်သည်။ ကိုအေးမောင် ခြေတစ်လှမ်း ဆုတ်သွားသည်။

ဦးကျားကြီး၏ ဆံဝင်စုတ်ဖွားနှင့် ကြောက်စရာရုပ်ဘ ပိုပြီးကြောက်စရာကောင်းအောင် ခက်ထန်လာသည်။

မျက်လုံးများ ဝင်းဝင်းလက်လာသည်။ သည်မျက်လုံးများထဲတွင် ရက်စက်ကြမ်းကြုတ်မှုနှင့် သွေးဆာနေမှုများကို မြင်တွေ့လိုက်ရသည်။

"ယော ... ဟိုမှာ လူတစ်ယောက် ပြေးလာတယ်"

ရွာလူကြီးတစ်ယောက်က တစ်ဖက်သို့ မေးငေါ့ပြသည်။ လူတစ်ယောက်သည် တောအုပ်ဘက်မှ သူတို့ဘက်သို့ ပြေးလာနေခြင်းကို မသဲမကွဲ မြင်ရသည်။

နောက် သဲသဲကွဲကွဲ။

နောက် ဆယ်မိနစ်နီးပါးတွင် သူတို့နား ရောက်လာသည်။ တာဝေးကို ခပ်မှန်မှန် ပြေးလာသူမို့ အလွန်အမင်း မောဟိုက်ခြင်း မရှိ။

ရဲတပ်သားကျော်လေးပါပဲလား။

"ဘာလဲ ကိုကျော်လေး၊ ဘာဖြစ်လာပြန်သလဲ"

"ဆရာရွှေဦးက လွှတ်လိုက်လို့ပါ ဆရာ၊ တောအုပ်ထဲမှာ တဲလေးတစ်တဲ တွေ့တယ်၊ အဲဒီတဲထဲမှာ အဆင်သင့်ချက်ပြီး ကျိုးတက်နေတဲ့ ထမင်းအိုးရယ်၊ မိန်းကလေး အဝတ်အစား သုံးလေးထည်ရယ်၊ ပြီးတော့ ရှူးဖိနပ်ရာတွေ တွေ့တယ်တဲ့"

"ဟင် ... ဟုတ်လား၊ လူတွေကော တွေ့လား"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"လူတွေကို မတွေ့ခဲ့ပါဘူး ဆရာ၊ ရှုးဖိနပ်ရာကတော့ ယောက်ျားဖိနပ်ရာပဲ၊ ကြည့်ရတာတော့ ဒီတဲမှာ ကလေး[...] ပေးဆွဲတဲ့လူ နေသွားတဲ့ အရိပ်အယောင်ပဲ"

"လာ ... လာ ... သွားကြရအောင်"

သူတို့ သွားကြသည်။ ခပ်သုတ်သုတ် နင်းသည်။

သူတို့အထဲမှာ မသွားဘဲ ကျန်ရစ်ခဲ့သူတစ်ဦး ရှိသည်။ သူက ဦးကျားကြီး။

ဦးကျားကြီး ငေးမောကျန်ခဲ့သည်။

မျက်နှာကြီးဖြူပြီး အိုလှသည်။

တုန်လှုပ်ဟန်ပင် ပေါ်နေသည်။

❦ ❦ ❦

"ဖြစ်ပါ့မလား မောင်မောင်ရယ်"

"ဖြစ်ပါတယ်၊ လာစမ်းပါ"

သူတို့နှစ်ယောက် ကားပေါ်မှဆင်းပြီး လျှောက်လာကြသည်။ အောင်ဒွေးလွင်တို့ အိမ်ဝင်းရှေ့ကျတော့ တစ်ယောက်က တွန့်ဆုတ်ဆုတ်။

ကျန်တစ်ယောက်က ဇွတ်ခေါ်သည်။

မြိုင်သည် မောင်မောင့် အပေါ် အားကိုးနှင့် လိုက်လာသည်။ မြို့ပေါ်ရောက်တော့ နေ့လယ် တစ်နာရီထိုးနေပြီ။

မိုးက ဖွဲဖွဲလေး ရွာနေသည်။

သူတို့ ခြံဝင်းထဲ ဝင်လာသည်။ အိမ်တွင် အဆင်သင့်ပင် အောင်ဒွေးလွင်ရော ကေရီဇော်ကိုပါ တွေ့သည်။



ကေရီဇော်က လူတစ်ယောက်နှင့် ဆွေးနွေးနေသည်။ [...]ကိုတွေ့တော့ မောင်နှမနှစ်ယောက်လုံး အံ့အားသင့်သွားသည်။

ဘယ်က မိန်းကလေးကို ခေါ်လာသလဲဆိုတဲ့ အတွေး[...] ...။

"အရေးကြီးလို့ လာတာ"

အောင်ဒွေးလွင်ကို ရာဇာထွန်းက ပြော၍ မြိုင်ကို [...]ခိုင်းသည်။ မြိုင်က မရွံ့မရဲနှင့် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လျက် [...]တွင်းသို့ လိုက်လံအကဲခတ်နေသည်။

"ကျွန်တော် ပြန်ဦးမယ် မကေရီ"

"ဟုတ်ကဲ့ ဆရာ၊ သူက တေးရေးဆရာ မောင်ယဉ်အောင်လေ"

သိသည်။ ကေရီ၏ သီချင်းများကို သူပဲ စပ်ရေးပေး[...]တာ။

ပြုံးရုံးပဲ ပြုံးပြလိုက်သည်။

မောင်ယဉ်အောင်က အနုပညာသမားပီပီ အလိုက်သိ[...]သည်။ သူ့ကိစ္စ မဟုတ်သဖြင့် ထွက်သွားသည်။

"ဒီလူက ဒစ်(စ်)ကို တေးရေးသမားပဲ၊ နောက်ဆုံး သူထုတ်တဲ့ သီချင်းတွေဟာ ဒစ်(စ်)ကိုတေးသွား အလိုက်ချည်းပဲ"

အောင်ဒွေးလွင်က ပြောပြီး ဆက်၍ ...

"ဆိုစမ်း ... မင်းကြည့်ရတာ အရေးကြီးလာသလို"

သူက မြိုင့်ဘက်သို့ မျက်လုံးဝင့် အကဲခတ်သည်။

[...]တာ အောင်ဒွေးလွင်ကို ငေးနေသည်။

"အရေးကြီးလို့ ပြေးလာတာ၊ နေပါဦး၊ ခင်ဗျားကကော [...] ပတ်တီးကို အခုထိ မချွတ်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ညာဒလက်တွင် သိုင်းထားသော အဝတ်စကို ဓေး...
ပြသည်။

"ဒဏ်ရာက မသက်သာသေးဘူးဗျ၊ ဆရာဝန်က တစ်လ...
သိုင်းထားရမယ်လို့ ပြောတယ်"

"ဘာဖြစ်တာလဲ"

"ဖြစ်ချင်တော့ ကြံဖန်ဖြစ်တာပါ၊ မိတ်ဆွေတစ်ယောက်...
သွားရင်း နောက်ဖေးလှေကားက ချော်ကျပြီး ပခုံးအ...
ပြုတ်သွားတာ"

"ဒါဆိုရင် မလွယ်ဘူး၊ ခင်ဗျားလက်မောင်း ပြန်ပြန်...
လိမ့်မယ်"

"ကိုရာဇာ အရေးကြီးတယ်ဆို"

"ဒီမိန်းကလေးကိစ္စပါ၊ သူက ပထွေးနဲ့ နေရတော့ ပထွေး...
အနိုင်ကျင့်တာနဲ့ ထွက်ပြေးလာတယ်၊ အဲဒါ ကျွန်တော်...
လမ်းမှာတွေ့ပြီး သနားတာနဲ့ ..."

"ဘာလဲ ... ပြန်ပေးဆွဲမလို့လား"

"ဟာ ... ကေရီကလည်း၊ ဘယ်လိုပြန်ပေးဆွဲရမှာလဲ၊ ...
ရမှာပေါ့၊ သူ့ကိုထားဖို့ အိမ်တစ်အိမ် လိုချင်တယ်၊ ...
ငါး ဆယ်ရက်ပါ"

"ဒီမှာ ထားပါလား"

"မဖြစ်ဘူးဗျ၊ ဒီမှာက လူအဝင်အထွက်ရှိတော့ သူ့ပထွေး...
အနံ့မခံနိုင်ဘူးလို့ မပြောနိုင်ဘူး"

ကေရီ၏စကားကို ရာဇာထွန်းက ငြင်းပစ်လိုက်သည်...
အောင်မြေ့လွင်က ခေါင်းညိတ်သည်။

"တည်းခိုခန်းတွေမှာကော"



"သူ့ပထွေးကလည်း အပါးပဲ၊ သူ့သမီးကို တည်းခိုခန်းတွေ
မှာ လိုက်မရှာဘူးလို့ မပြောနိုင်ဘူး"

သူတို့မောင်နှမ စဉ်းစားသည်။ နောက်မှ ကေရီက
...ပေါင်ကို လက်ဝါးလေးနှင့်ပုတ်၍ ...

"ကိုကိုရေ ... သူ့ကို ညီမလေးတို့ တလောက ဝယ်လိုက်
တဲ့ သပျစ်ခြံထဲ သွားထားလို့ မကောင်းဘူးလား၊ ဟိုမှာ
ဦးသူတော်တို့ လင်မယားပဲ ရှိတယ်"

"အေး ... သွားထားလိုက်၊ ကောင်းတယ်"

"ကိုရာဇာ ဘာကျွေးမလဲ၊ ကေရီတို့တာ ကူညီရတာနော်"

"ဒါလေးက အသေးအမွှားပါ၊ စားချင်ရင် ကျွေးမယ်၊
ပဲကြီးလှော်နဲ့ အရက်"

ရာဇာထွန်းက ပြန်နောက်သည်။ မြိုင့်ကိုဖော်နှင့်သာ
...ါလာသည်။ မြိုင် နေရာမရမှာကို ပူပန်နေမိသည်။

ခုတော့လည်း ဘာခက်လို့လဲ။

ကေရီက အဝတ်အစားလဲပြီး ထွက်အလာ ဒေါက်တာ
...န်းထွဋ် သူ့ကားနှင့် ရောက်လာသည်။

"ဒါက ဘယ်ကိုလဲ ကေရီ"

အဝတ်အစား သစ်သစ်လွင်လွင်နှင့် ကေရီကို
...ါက်တာသန်းထွဋ်က မေးလိုက်သည်။ ရာဇာထွန်းနှင့် မြိုင့်ကို
...ည့်အကဲခတ်သည်။

"သူတို့နဲ့ ကိစ္စရှိလို့ လိုက်သွားမလို့"

"ဒီကနေ့ မိုလ္လီသွားမယ်ဆို"

"ညနေ သရီးသာတီးသွားရင် ရတာပဲ"

"ဟာကွာ ... ကေရီကလည်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန်းထွန်း မလိုမလား ဖြစ်သွားသည့် မျက်နှာညိုထွက်သွားသည်။

"ကိုသန်းထွန်းကလည်း ခဏလေးပါ၊ ကိုသန်းထွန်း ဖျင်းရင် အိမ်မှာစောင့်နေလေ"

"ရုပ်ရှင်သွားမှာကို ကေရီက သက်သက် ပရောမစ်(စ်)ဖျက်တယ်ကွာ"

"ကိုသန်းထွန်းရယ်၊ ကေရီ တောင်းပန်ပါတယ်၊ ဆောရီးကွယ်"

"ဘာကိစ္စလဲ"

"လူမှုရေးကိစ္စ တစ်ခုပါ"

မပီပြင်သော အဖြေကို ဒေါက်တာသန်းထွန်းက မကျေနပ်နိုင်။

ထိုင်နေသော ရာဇာထွန်းကို မျက်လုံးစေ့ကြည့်လိုက်သည်။ သူ့စိတ်ထဲ အစီအစဉ် ပြောင်းသွားသဖြင့် ရာဇာထွန်းကို ချဉ်စူးစူး ဖြစ်နေသည်။

ပထမတော့ ဝင်လာလာချင်း ဒေါက်တာသန်းထွန်းကို နှုတ်ဆက်ဖို့ ရာဇာထွန်းက စိတ်ကူးလိုက်ပါသေး၏။

သို့တစေ။

သူ့ကို ဒေါက်သန်းထွန်းက အရေးမထားသဖြင့် ငြိမ်နေလိုက်သည်။

"ဘယ်တော့ ပြန်လာမှာလဲ"

ကေရီက သူ့လက်ပတ်နာရီလေးကို ငုံ့ကြည့်၍ —

"နှစ်နာရီခွဲရင် ပြန်ရောက်မယ်"

"မြန်မြန်နော်၊ နှစ်နာရီခွဲမှ ပြန်မရောက်ရင် ကိုယ် ပြန်သွားမှာပဲ"



ဒေါက်တာသန်းထွန်း အသံက ဆောင့်ဆောင့်အောင့်အောင့်။

"ခင်ဗျားကလည်း ကျွန်တော် ရှိပါတယ်ဗျာ၊ လာဗျာ ... ဘီယာစုပ်ရင်း ချက်(စ်)ကစားရအောင်"

"အေးဗျာ ... အားနာစရာ၊ ကိုအောင်ဒွေးလွင် လိုက်ပို့လည်း အရသာနဲ့"

လမ်းတွင် ကေရီဇော်ကို ရာဇာထွန်းက တောင်းပန်စကားပြောသည်။

သူတို့သုံးယောက်က ကေရီ၏ ကားထဲမှာ ပါလာသည်။ ကေရီက ကားကို မောင်းသည်။

"ကိုကိုက လက်မကောင်းတော့ လက်တစ်ဖက်တည်းနဲ့ ကားမောင်းရတာ ဒုက္ခရောက်တယ်"

"ကိုသန်းထွန်းနဲ့ ကေရီနဲ့ အတော်ခင်ကြလား"

ရုတ်ခြည်းပင် ရာဇာထွန်းက ကောက်ကာငင်ကာ မေးလိုက်သည်။ စူးလည်းစူးစမ်းချင်သည်။

"ခင်ပါတယ်"

အနည်းငယ် တုံ့ဆိုင်းပြီးမှ ကေရီ၏ အသံလေးက တိုးမကျယ် ပေါ်လာသည်။

မျက်လုံးတို့ကမူ ကားရှေ့သို့သာ အာရုံစိုက်နေသည်။

သူ့ကြည့်ရသည်မှာ စိတ်မပါသလို။

"ကိုသန်းထွန်းက ကေရီအပေါ်မှာ ပိုင်းစိုးပိုင်နင်း ရှိလို့ မေးရတာပါ"

ဒီစကားသည် ရာဇာထွန်း၏ နှုတ်မှမပြော။ စိတ်တွင်းသာ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကတော့ ...

"ဩော် ... သိပ်ခင်သလားလို့ မေးမိတာပါ"

သူ့စကားသည် အဓိပ္ပာယ်တော့ သိပ်မရှိ။

သူ့ကိုယ်သူလည်း သိသည်။ ကေရီကလည်း သိသည်။

"ကိုသန်းထွန်းကို ကိုရာဇာက စိတ်ဝင်စားနေလား"

မေးခွန်းသာလာသည်။

ကေရီသည် နောက်တန်းတွင် မြိုင်နှင့် ယှဉ်တွဲထိုင်နေသော ရာဇာထွန်းကို လှည့်မကြည့်။

"ဆေးပညာမှာ ဘွဲ့နှစ်ခု ရထားတဲ့လူဆိုတော့ စိတ်ဝင်စားစရာပဲပေါ့"

"ဘွဲ့တွေ နင်းရပြီး မတော်တဲ့ဆရာဝန်တွေလည်း လောကမှာ ရှိတယ်၊ ဆရာဝန် တော်တယ်ဆိုတာ ကုသမှု ကျွမ်းကျင်မှုနဲ့ လူနာရဲ့ ဇီဝကို မထိခိုက်နိုင်မှ တော်တာ၊ တချို့ M.B.B.S တစ်လုံးတည်းနဲ့ လူနာတွေကို ကုသပေးနေတာ အများကြီး"

"ဒါကတော့ ကျွမ်းကျင်ရာလိမ္မာ ဖြစ်မှာပေါ့၊ ကိုသန်းထွန်းက ခွဲစိတ်ရေးဆိုင်ရာ ဆရာဝန်ဆိုတော့ မတော်ဘူး တော်တယ် ဆိုတာ ဆုံးဖြတ်လို့ မရသေးဘူး၊ ဆရာဝန်ဆိုတာ အတွေ့ အကြုံများလေ တော်လေပဲ မှတ်လား"

"ဒါကြောင့် ဘွဲ့တွေ အယ်နေအောင် ရတာနဲ့ မဆိုင်ပါဘူးလို့၊ ဆရာဝန်ဆိုတာ ဆေးကျောင်းကဆင်းလို့ ဘွဲ့ယူပြီးတာနဲ့ ဆရာဝန် ဖြစ်ပေမဲ့ သူ့ကို ဆရာဝန်ကောင်းတစ်ယောက်လို့ မသတ်မှတ်နိုင်သေးဘူး၊ ဒီနည်းအတူ ..."

"ဘာပြောဦးမလို့လဲ"



"ဩော် ... ကိုသန်းထွန်းလည်း ဘွဲ့ယူပြီး ဘွဲ့နှစ်ခု ရှိပေမဲ့ ဆရာဝန်ကောင်းလို့ မသတ်မှတ်နိုင်သေးဘူးလို့"

"ကိုသန်းထွန်းက ဆရာဝန်ကောင်းဖြစ်မှာပါ"

"အလဲ ... ဒီကနေ့အကျိုးတော်ဆောင်ကောင်းတစ်ယောက်ကို တွေ့နေရပါလားဟော၊ ကိုသန်းထွန်းကို ပေါလစ်ရှိုက်လုပ်လုချင်လား"

ကေရီက ခပ်မြူးမြူးလေးဆိုသည်။

"ကိုသန်းထွန်းက ကိုယ်တို့ထက် တော်တာကိုး၊ တို့များက ကိုသန်းထွန်းလို ဘွဲ့မရဘူး၊ တို့များ ဆယ်တန်းတောင် သုံးကြိမ်ကျခဲ့တာ"

စကားထဲက ဇာတိပြလာချေပြီ။

"သုံးဆယ့်တစ်ဘုံက လာသူဆိုတော့ ဘယ်ဘွဲ့ရမလဲ၊ ရမဲ့ဘွဲ့ဆိုလည်း ဦးဝိမလတို့၊ ဦးဇောတိကတို့ဆိုတဲ့ ဘုန်းကြီးဘွဲ့ဘဲ ရှိမှာပေါ့၊ အဟက်ဟက်"

မှန်ထဲတွင် ပေါ်နေသော ရာဇာထွန်း၏ မျက်နှာကို ကေရီက ခိုးကြည့်သည်။ ရာဇာထွန်း မျက်နှာက မချိုမချဉ်။

မြိုင်ကသာ စကားမပြောဘဲ ငြိမ်နေသည်။

"မြိုင် ကိုယ့်ညီမက တိတ်လှချည်လား"

"မြိုင်က ဘာစကားများ ပြောစရာရှိလို့လဲ မမရယ်၊ မမတို့ကို အားကိုးတော့ မမတို့စကားကို နားထောင်ဖို့ကလွဲပြီး ဝင်စွက်စရာ အကြောင်းအရာမှ မရှိဘဲ"

"ဟေး ... တို့များညီမက စကားပြော မဆော့ဘူး"

မြိုင်က မပြုံးဘဲ ကားပတ်ဝန်းကျင်က ရှုခင်းကိုသာ ငေးကြည့်လိုက်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားက မြို့အနောက်ဘက်သို့ ရောက်လာသည်။

ဒီဘက်မှာက စိုက်ပျိုးခြံတွေ များသည်။

"ကိုကိုက လွတ်လွတ်လပ်လပ် နေချင်တာ၊ ဒါကြောင့် သပျစ်ခြံတစ်ခြံကို ဝယ်ယူလိုက်တယ်၊ နောင် သပျစ်သီး... မယ်ပေါ့"

ခြံထဲတွင် တဲကလေးတစ်တဲ ရှိသည်။

"ကဲ မြိုင် ဒီမှာနေခဲ့၊ စားဖို့သောက်ဖို့ကိုတော့ ဦးလေး... လင်မယားက တာဝန်ယူလိမ့်မယ်"

ဦးသူတော်တို့ လင်မယားအား အကျိုးအကြောင်း... ကာ မြိုင့်ကို အပ်သည်။ မြိုင့်ကို အပ်ပြီးတော့ မြိုင့်ကို ကေရိက ... ပြန်သည်။

မြိုင် မျက်နှာလေး ညှိုးနေသည်။

အားငယ်နေပုံရသည်။

"မောင်မောင်ကော နေခဲ့လို့ မရဘူးလားဟင်"

လှိုက်ထဲမှ မြိုင့်ကို ရာဇာထွန်းက အမှတ်မထင် အ... လေးတစ်ခု ပြုလုပ်မိသည် အချိန်မှစ၍ အစ်ကို မခေါ်ဘဲ တစ်နည်း... ဖန်တီးခေါ်လာသည်။

မောင်မောင်တဲ့။

ကေရိက မောင်မောင်ဆိုတာကြောင့်လည်း ရာဇာထွန်း... ကို ရှုံးစိုက်လှေလာလိုက်သည်။

"ကိုယ်နေလို့ မဖြစ်သေးဘူး၊ ကိုယ်မှာ အလုပ်ကိစ္စတွေရှိသေး... တယ်"

"အင်းလေ၊ မြိုင့်အဖို့ ပျော်သလို မနေရတော့ 'တော်သည်' နေရမှာပဲပေါ့"



မြိုင်က သက်ပြင်းလေး ချရှာသည်။ မြိုင့်အမူအရာနှင့် မြိုင့် မျက်နှာလေးကို ကြည့်ကာ ကေရိကော ရာဇာထွန်းပါ စိတ်မကောင်း... လိုက်ရသည်။

ရင်တွင်းမှာ ကရုဏာလှိုင်း ရိုက်လိုက်တဲ့ဒဏ်။

"မြိုင့် ပထွေးရန်က အေးအောင် ဒီမှာ ခိုနေဦးပေါ့ ညီမ ရယ် မှတ်ဘူးလား"

"မြိုင့်ကို ဒီမှာ ကိုယ်တို့ သုံးလေးရက်လောက်ပဲ ထားမှာပါ မြိုင်"

သူတို့နှစ်ယောက် အသံက မြိုင့်ကို နှစ်သိမ့်သံ။

ဦးသူတော်ကလည်း နှီးဖျာနေရာမှ ...

"မိန်းကလေးရယ် နင် ဒီမှာနေရင် ပျော်သွားမှာပါ၊ နင့်ကို စောင့်ရှောက်ဖို့ အဘွားကြီးလည်း ရှိသားပဲ"

"ဦးလေးသူတော် ဒီကလေးမကို ကောင်းကောင်း စောင့်ရှောက်ပေးပါနော်"

"သူ့အတွက်ပါ ကျွန်တော် ငွေပေးခဲ့ပါမယ်၊ ဦးလေးတို့လည်း လိုရာသုံးပေါ့၊ ရော့ ငွေနှစ်ရာယူထား"

"အေးကွာ ကျေးဇူးပဲ၊ တို့တစ်တွေက သတ္တဝါတိုင်းမှာ စေတနာထားပြီးသားပါ၊ ဒီငွေနှစ်ရာရဲ့ မျက်နှာကြောင့်တော့ မဟုတ်ပါဘူး၊ ဒီကလေးမကို တို့သမီးလေးလို စေတနာနဲ့ စောင့်ရှောက်မှာပါ"

အဘိုးကြီးက လေရှည်ကြီးနှင့် ပြောနေသည်။

မြိုင်က သူတို့ကို ခြံဝထိ လိုက်ပို့သည်။ ကားကို ခြံဝမှာ ရပ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေရိက စလင်းဘက်ထဲမှ ဒိုလိုနစ် လှည်းဘီး နေကာမျက်ခွန်အဝိုင်းကြီးကို ထုတ်တတ်သည်။

"မောင်မောင် နေ့တိုင်းလာနော်၊ မလာရင်တော့ မြိုင် ငိုနေမှာပဲ"

မြိုင်သည် ရာဇာထွန်း၏ လက်မောင်းကို ကိုင်တွယ်ပြီး အားငယ်သည့်လေးနှင့် မှာသည်။ မောင်မောင့် ရင်မှာ နင့်ခနဲ။

"ကွာ ... လာမှာပေါ့ ညီမရယ်၊ ညီမ ကျေးဇူးက ကိုယ့်အပေါ်မှာ ရှိတယ် မှတ်လားလို့"

မြိုင့်ပါးကလေးကို ရာဇာထွန်းက လိမ်ဆွဲလိုက်သည်။ သူ့လုပ်ရပ်ကို ကေရီဖော်များ မြင်လေမလားဟု ကြည့်ရသေးသည်။

တော်သေးရဲ့၊ မရှေ့ချောလေးမမြင်။

အိမ်ကို ပြန်မလိုက်လိုသဖြင့် ကေရီသည် လမ်းတစ်ဝက်တွင် ရာဇာထွန်းကို ထားခဲ့သည်။ အိမ်ကို ရာဇာထွန်း မလိုက်သည်မှာလည်း အကြောင်းရှိသည်။

သူ ကားပေါ်မှ ဆင်းပြီး မြို့လယ်ဘက်သို့ လျှောက်လာသည်။

စတိုးဆိုင်တစ်ခုသို့ ဝင်၍ ပြားငါးဆယ်ပေးကာ တယ်လီဖုန်းဆက် ခွင့်တောင်းလိုက်သည်။

ရလျှင် သူ စဆောင်းထားသော နံပါတ်များထဲမှ တစ်ခုကို ရှာ၍ ဆက်လိုက်သည်။

"ဟုတ်ကဲ့ ... လှိုင်ရတနာဆိုင်ကပါ"

"ကျွန်တော် ဦးမင်းလှိုင်နဲ့ စကားပြောချင်လို့"

"ဘယ်သူပါလဲ ရှင်"

"သူ့မိတ်ဆွေပါ"



"ခဏကိုင်ထားပါ"

အမျိုးသမီးတစ်ယောက်၏အသံ။

သူ ကိုင်ထားသည်မှာ လေးငါးစက္ကန့်ပဲ ကြာမည်။ ကိုမင်းလှိုင်၏ အသံ ပေါ်လာသည်။

"ဟုတ်ကဲ့၊ ကျွန်တော် မင်းလှိုင်ပါ"

"ကိုမင်းလှိုင်၊ ကျုပ် ရာဇာထွန်းပါ၊ ကျုပ် ရာဇာထွန်းဆိုတာ တခြားလူမဟုတ်ဘူး၊ ခင်ဗျားသားကို ပြန်ပေးဆွဲခဲ့တဲ့လူ"

"ကျုပ် နားလည်တယ်၊ ခင်ဗျား ဘာလုပ်ဓလဲ"

ကိုမင်းလှိုင် အသံက အံ့အားသင့်ပုံမရ။ ခပ်မာမာပဲ။

"ခင်ဗျားနဲ့ ကျုပ် အပေးအယူလုပ်ပြီး ဆွေးနွေးချင်တယ်လေ၊ ခင်ဗျားတို့ မင်းမင်းထွန်းဆီက ရတနာတွေကို ရထားခဲ့တယ်ဆိုတာတော့ မမေ့နဲ့"

"လာပြန်ပြီ ဒီရတနာ၊ ဘာလဲ ခင်ဗျားက ကျုပ်သားနဲ့ ဒီရတနာလဲဖို့ ပြောဦးမလို့လား"

"ဒီအတိုင်းပဲ၊ ခင်ဗျားသား ကျုပ် လက်ထဲမှာ ရှိတယ်၊ အသက်နဲ့ ပြန်လိုချင်ရင်"

"ရာဇာထွန်း ခင်ဗျား ကျုပ်တို့ကို လာမပတ်နဲ့၊ ကျုပ်သား ခင်ဗျားလက်ထဲမှာ မရှိတော့ဘူး၊ ကျုပ် သိတယ်၊ ခင်ဗျား လက်ထဲက ကျုပ်သားကို လူတစ်စုက လုခေါ်သွားတာပြီး၊ ဒါကို ကျုပ် သိပြီးပြီ"

ရာဇာထွန်း တိတ်သွားသည်။ တစ်ဖက်လူစုက သူ့ ထက်ခြေသွက်နေပါပကော။

"ဘယ်လို သိသလဲ"

"သိချင်ရင် အိမ်လာခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... ခင်ဗျားက ကျုပ်ကို ရဲလက်ထဲ အပ်မလို့လား"

"မဟုတ်ဘူး၊ ခင်ဗျားနဲ့လည်း တိုင်ပင်စရာ ရှိလို့ပါ၊ ကျွန် ခင်ဗျားကို အန္တရာယ် မပြုပါဘူး"

"ဘယ်ယုံရမလဲဗျာ"

"တကယ်ပါ၊ တကယ်သာ ကျုပ် အန္တရာယ် ပြန်ပြုချင်ရင် မနေ့ကတည်းက ကျုပ် ခင်ဗျားကို ရဲလက်ထဲ တိုးအပ် လိုက်မှာပေါ့"

ခဏတော့ သူ စဉ်းစားလိုက်သေးသည်။

"ကောင်းပြီ၊ ဘယ်အချိန် လာရမလဲ"

"အခု နှစ်နာရီခွဲပြီ၊ သုံးနာရီခွဲ လာခဲ့ပါ"

သူက ဖုန်းကို ပြန်ချထားလိုက်သည်။ တည်းခိုခန်းသို့ ပြန်လာသည်။ ရေချိုး၍ အဝတ်အစားလဲလိုက်သည်။

အိပ်ရာထက်တွင် လှဲ၍ စီးကရက်သောက်ရင်း အချိန် ဖြုန်းလိုက်သည်။

ယမန်နေ့က မြမာလာဆေးခန်းတွင် ကြုံခဲ့ရသော လူနှင့် ပတ်သက်ပြီး သူ့ကိုယ်သူ ကျေနပ်ခြင်းမရှိ။

အိမ်သို့ ရောက်သွားလျှင် လင်မယားနှစ်ယောက်လုံးကို အဆင်သင့် တွေ့ရသည်။ ကိုမင်းလှိုင်၏ မျက်နှာက ချုံးကျနေသည်။

ကလျာလှိုင်ကတော့ ဆံပင်စုတ်ဖွားနှင့် မျက်ကွင်းများ ညိုလျက်။

မျက်လုံးတွေမှာ ပတ္တမြားရောင် ပြေးနေသည်။ အချိန် ရသရွေ့ ငိုထားခဲ့ပုံ။

"ခင်ဗျားကို စောင့်နေတာ"



"တွေ့ပြီပဲ၊ ဘာလုပ်မလဲ"

ဒေါသသည် မပြေ။ မုန်းတီးစက်ဆုပ်ခြင်းက လျော့သွား။ ရာဇာထွန်း အသံဓာတ်က မူလအတိုင်းပဲ။

"ပထမဆုံး ခင်ဗျားကို ကျွန်တော်တို့ ရှင်းပြချင်ပါတယ် ကိုရာဇာ"

"ကျုပ် ရှင်းပြတာကို နားထောင်ဖို့လာတာ မဟုတ်ဘူး"

"နားထောင်ပါဗျာ၊ တိုင်လည်းတိုင်ပင်ချင်လို့ပါ၊ ခင်ဗျား မင်းမင်းထွန်းနဲ့ ဘာတော်လဲ"

"မင်းမင်းထွန်းက ကျုပ်အစ်ကို"

"ထိုင်ပါဦး"

ကလျာသည် မျက်နှာကို လက်ဝါးနှင့် အုပ်အုပ်ငိုဆော့သည်။

ကလျာ၏ မပီမသ ညည်းသံလေးက လက်ဝါးများကြားမှ တိုးထွက်လာသည်။

သေသေချာချာ နားထောင်မည်ဆိုလျှင် ...

"အစ်ကိုရယ် ... ကလျာ အစ်ကို့အပေါ် သစ္စာဖောက်ခဲ့တာ အခု ဒုက္ခနဲ့ ရင်ဆိုင်နေရပြီ အစ်ကို"

"ဟုတ်တယ်၊ ခင်ဗျား ကျုပ် အစ်ကိုအပေါ် သစ္စာဖောက်ခဲ့တယ်၊ ကျုပ် အစ်ကိုဆိုတဲ့ ကျုပ်အစ်ကိုကလည်း ကလျာမှ ကလျာပဲ"

"ဒါတွေ ထားပါဗျာ"

"ဘယ်ထားလို့ရမလဲ၊ ကျုပ်အစ်ကိုကို လောကမှာ ကျုပ် အချစ်ဆုံးပဲဗျ၊ လောကကြီးမှာ ရေတွက်ကြည့်ရင် ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်တည်းပဲ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ရာဇာထွန်းက အော်ဟစ်ပစ်လိုက်သည်။ နောက်ဆက်တွဲ စကားလုံးတို့က ပွင့်လာလိုက်သေးသည်။

"ခင်ဗျားတို့ ကျုပ်အစ်ကိုကို သတ်ပစ်လိုက်တယ်"

"ဒီစွပ်စွဲချက်က မမှန်ဘူး၊ ကျုပ်တို့ သူ့ကို မသတ်ဘူး ကိုရာဇာထွန်း"

"က ... ကလျာတို့ အစ်ကို ... အစ်ကို့ကို မ ... မသတ်ဘူး"

ကလျာက ရှိုက်ငင်သံနှင့် ဝင်ပြောသည်။

"ခင်ဗျားတို့ ဘာအထောက်အထား ပြမလဲ"

သူတို့နှစ်ယောက် ခေတ္တမျှ ငြိမ်နေသည်။ နောက် ကိုမင်းလှိုင်က သက်ပြင်းချ၍ ...

"လူတစ်ယောက် အသက်ကို သတ်တယ်ဆိုတာ လွယ်တဲ့ အလုပ် မဟုတ်ပါဘူးဗျာ၊ မနေ့ကပဲ ခင်ဗျား ကျုပ်ကို သတ်ဖို့ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ဘူး မှတ်လား၊ မင်းမင်းထွန်းကိုလည်း ကျုပ်တို့ သတ်ဖို့ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါဘူး"

သူ့ကို ရာဇာထွန်းက မီးတောက်မတတ် မျက်လုံးများနှင့် ကြည့်နေသည်။ ကိုမင်းလှိုင် ခေါင်းငုံ့သွားသည်။

"ဟုတ်တယ်၊ ကိုလှိုင် ပြောတာ မှန်တယ်၊ ကလျာတို့ အစ်ကို့ကို သတ်ဖို့ ကြံခဲ့ပေမဲ့ အစ်ကိုက ရတနာတွေနဲ့အတူ ထွက်ပြေးသွားတယ်၊ အဲဒီကတည်းက သူ ပျောက်သွားတယ်"

ရာဇာထွန်း စကားမပြန်ဘဲ တွေဝေနေသည်။

သူ့ဒူးကို ကလျာက ကိုင်လှုပ်လိုက်သည်။

"ကလျာတို့ ပြောတာ မယုံရင် ကိုရာဇာ လုပ်သလို ကလျာ တို့ခံမယ်၊ ကလျာတို့ကို သတ်"



"တော်စမ်းဗျာ၊ ကျုပ် လူသတ်သမား မဟုတ်ဘူး"

"အေး ... ကျုပ်တို့လည်း လူသတ်သမား မဟုတ်ဘူး"

သူတို့ တိတ်ဆိတ်သွားကြပြန်သည်။ ကိုမင်းလှိုင်က ထိုင်ရာမှ ထ၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ...

"တစ်ယောက်နဲ့တစ်ယောက် အနာဂတ် ကြွေးရှိတာက ခင်ဗျားနဲ့ ကျွန်တော်တို့ပါ၊ အပြစ်မဲ့ ကျုပ်သားလေး ထူးထူး မပါဘူး"

"ခင်ဗျားဆိုလိုတာကို ကျုပ် သိတယ်၊ ဒီတော့ ထူးထူးအတွက် ကျုပ် ဘာလုပ်ပေးရမလဲ"

"ထူးထူးဟာ ရတနာတွေကို လိုချင်တဲ့ လူဆိုးတစ်စု လက်ထဲကို ရောက်နေတယ်၊ သူတို့ဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ် ထင်ထင်ရှားရှား မသိဘူး"

"ခေါင်းဆောင်တော့ ရှိမှာပေါ့"

"ခေါင်းဆောင်က ဘိုကျားတဲ့၊ အဲဒီလူကိုလည်း ကျုပ် မသိပါဘူး၊ ထူးထူး အတွက်ပဲ ကျုပ် စိတ်ပူမိတယ် ကိုရာဇာ"

ကိုမင်းလှိုင်သည် နံရံဆီက စာအုပ်တန်းဘက်သို့ လျှောက်သွားသည်။ စာအုပ်တန်းပေါ်မှ တစ်စုံတစ်ရာကို ဆွဲယူလိုက်သည်။

တိတ်ခွေတစ်ခု။

"ဟောဒီ အထဲက အသံဟာ ထူးထူးကို ဖမ်းသွားတဲ့ လူဆိုးအဖွဲ့ထဲက လူတစ်ယောက်ရဲ့အသံနဲ့ သားလေးအသံပဲ"

ကက်ဆက်တွင် တိတ်ခွေထည့်ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဘိုကျားအဖွဲ့က ခင်ဗျားသား ထူးထူးကို ရာဇာထွန်းဆိုတဲ့ ငနဲ လက်ထဲကနေ ခေါ်ထားခဲ့ပြီးပြီ ကိုမင်းလှိုင်ကလေးကို အသက်နဲ့ တွဲပြီး ပြန်လိုချင်တယ်ဆို ရင်ဖြင့် ကျုပ်တို့ပြောတဲ့ စကားကို လိုက်နာရလိမ့်မယ် ခင်ဗျားဆီမှာ မင်းမင်းထွန်းဆီက ရထားတဲ့ ငါးသိန်းတန် ရတနာတွေရော ရှိနေတယ်၊ ဒီရတနာတွေကို ဒီနေ့အထိ မထုခွဲသေးဘူးဆိုတာ ကျုပ်တို့ သိရတယ်၊ ဒီတော့ ကလေးရဲ့ အသက်ကို လိုချင်ရင် ဒီရတနာတွေနဲ့ ပြန်လဲယူဖို့ပဲ၊ သုံးရက် အချိန်ပေးပါမယ်၊ သဘောတူရင် သတင်းစာထဲကနေပြီး သုံးရက်မြောက်နေ့ သတင်းစာထဲမှာဖြစ်ဖြစ်၊ ရွှေရီးဆေး ဆောင်ထဲမှာဖြစ်ဖြစ် ရတနာများ ရောင်းရန်သဘောတူသည် လို့ပဲ ထည့်ပါ၊ အဲ … သဘောမတူဘူးဆိုရင်တော့ လေး ရက်မြောက်နေ့မှာ ကလေးရဲ့ အလောင်းကို ခင်ဗျားတို့ ပြန်ရမယ်၊ ကလေး ကျုပ်တို့ လက်ထဲမှာ ရှိတယ်ဆိုတာ သက်သေပြလိုက်မယ်"

အသံက ကြည်ပြီး ပြတ်သားသည်။

ထိုသည်မှ ထူးထူး၏ ရှိုက်သံနှင့် ပြောသံလေးက ပေါ်လာသည်။

"အဖေ … အဖေ … သားကို လူဆိုးကြီးတွေ … ဟင့် … ဖမ်းထားတယ်၊ သား … သားကို ထမင်း မကျွေးဘူး၊ ဟင့် ဟင့် … သားကို ရိုက်တယ်၊ ဟင့် … သားကို ဆဲတယ် ဟီး အီး ဟင့် … ချွေး … ချွေး … ချွေးသားတဲ့၊ သားကို သတ်ပစ် … ဟင့် … သတ်ပစ်"



"နားမထောင်ချင်ဘူး၊ နားမထောင်ချင်ဘူး၊ ပိတ်လိုက်ပါ တော့၊ ပိတ်လိုက်ပါတော့ အီးဟီး သားရယ် … သား"

ကလျာ၏ ရှုးရှုးဝါးဝါး ငိုအော်သံနှင့် ငိုသံက ကလေး သံကို လွှမ်းသွားသည်။ မျက်နှာကို လက်ဝါးနှင့် အုပ်၍ ရှိုက် ကာငင် ငိုချသည်။

ကိုမင်းလှိုင်က တက်ဆက်ကို ပိတ်လိုက်သည်။

"အပြစ်မရှိတဲ့ ကျုပ်သားအတွက် ခင်ဗျားမှာ တာဝန်ရှိတယ်"

သူ့အသံက မာကျောခက်ထန်သွားသည်။

"ကောင်းပြီလေ၊ ဒီကလေးအတွက် ကျုပ်မှာ တာဝန်ရှိတယ် ဆိုတာ ကျုပ် သိတယ်၊ ထူးထူးကိစ္စ ပြီးတော့မှပဲ ခင်ဗျား တို့နဲ့ ကျုပ် ဆက်ရှင်းကြရအောင်ပေါ့၊ ဟုတ်လား ကိုမင်းလှိုင်"

ပြောပြီး ရာဇာထွန်း ထရပ်လိုက်သည်။

"ဒီတိပ်ခွေကို ခင်ဗျား ရဲလက်ထဲ သွားအပ်ရင် အပ်လိုက်၊ ရဲ အကူအညီ ယူရအောင်"

သွေးတိုးစမ်းလိုက်သည်။ ရတနာတွေနှင့် မင်းမင်းထွန်း ညည်ပါနေသဖြင့် တိပ်ခွေကို ကိုမင်းလှိုင်တို့ ရဲလက်ကို မအပ်ရဲမှန်း ပြီးဖြစ်သည်။

မင်းမင်းထွန်း အမည်က ရဲမှုခင်း မှတ်တမ်းမှာ ချုံးဝင်ပြီးသား။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့လိပ်စာလဲ"

"မနေ့ကလာတဲ့ လူတစ်ယောက်ရဲ့ လိပ်စာပဲ"

"ကျွန်မတို့မှာ အကြောင်းမရှိဘဲ လူတစ်ယောက်ရဲ့ လိပ်[illegible]ကို ပေးပိုင်ခွင့် မရှိပါဘူးရှင်"

"မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့်မှာ အကြောင်းနဲ့ပါ"

သူသည် ဆရာမလေးကျေလောက်အောင် အဖြေ[illegible] ဖမ်းစားလိုက်သည်။

"ဒီလူက တစ်ချိန်က ကျွန်တော့်မိတ်ဆွေတစ်ယောက်[illegible] သူ့မှာ ကျွန်တော့် ကြွေးတစ်ထောင်ကျော် ရှိတယ်"

"ကျွန်မ နားလည်ပါတယ်၊ ဒီလူက ရှင့်ကို ကြွေးမဆပ်[illegible] ရှောင်နေခဲ့တယ်ဆိုပါတော့"

"အိမ်ပါ ပြောင်းပြေးတာပါ"

"တယ်ခက်တဲ့လူပါလား"

"တယ်လိမ်တဲ့လူပါလားဆိုရင် ပိုမှန်တာပေါ့"

"ကျွန်မဆီမှာ လိပ်စာတွေ အများကြီး ရှင် ဘယ်[illegible] သိမှာလဲ"

"လွယ်ပါတယ်၊ ကျွန်တော့်နာမည်ကို ရှာလိုက်၊ ကျွန်[illegible] နောက် လေးယောက်မြောက်မှာ သူ ဝင်တာပဲ"

"ရှင့်နာမည်"

"ရာဇာထွန်း"



ဆရာမလေးက မျက်လုံးရွဲကြီးကို လှန်ကြည့်သည်။

[illegible]ဇာထွန်း၏ လှပသောမျက်နှာ၊ ညှို့ငင်သော အပြုံးမှာ မိသွားသည်။

ဘောက်ချာစာအုပ်ကို ဆွဲယူလိုက်သည်။

ခက်ခက်ခဲခဲ မရှာရ။

ရာဇာထွန်းသည် အမည်၏ နောက်လေးရှက်မြောက်မှာ [illegible]လွယ်တကူ တွေ့ခဲ့သည်။

ကြည့်လိုက်သည်။

ဦးလူကျော်။

အမှတ် (၁၈) အခန်း (၁၆)။

အနောက်ပိုင်း ၄၅ လမ်း။

တိကျလှတဲ့ လိပ်စာပါပဲလား။

ရာဇာထွန်း လေချွန်လိုက်သည်။

ဆရာမလေးကို ကျေးဇူးတင်တယ်ကွယ်။

အဖျိုဆိုရင်တော့ လင်ကောင်းသားကောင်း ရပါစေ။

သူက လိပ်စာကို ကူးယူခဲ့သည်။ တည်းခိုခန်းသို့ [illegible]န်လာသည်။ သူ့မှာ ကြီးလေးသော တာဝန်ပိလာချေပြီ။

ပထမတော့ မင်းမင်းထွန်းအတွက် လက်စားချေခြင်း [illegible]တာဝန်။

ခု ဒီတာဝန်ကို ခေတ္တဖယ်ရှားထားလိုက်ရသည်။

ဒီတာဝန်အစား ဝင်လာတဲ့ ဝန်ထုပ်က ထူးထူးကို [illegible]ဘယ်တင်ရေး။

အပြစ်မဲ့တဲ့ ကလေးတစ်ယောက် လူဆိုးတွေလက်[illegible] [illegible]မသိ ဘမသိ ရောက်ရတာတော့ တကယ်ခက်။

သူ ထွက်လာချိန်မှာ ည ၈ နာရီ။

www.burmeseclassic.com

www.burmeseclassic.com



အနော်သည် ဝတ္တုရားကျော့ပွန်လှသည်။ ဘယ်ဘ
ကြည့်ကြည့် ဆေးကတ္တရာရောင်။

မီးတိုင်တွေက မြို့အနောက်ပိုင်းမှာ ချည့်နဲ့သည်။

လေးဆယ့်ငါးလမ်းကို ဆိုက်ကားတစ်စီးနှင့် ရော
ခဲ့သည်။

ဒီဘက်မှာက တိုက်အိမ်အဆောက်အအုံကြီးများနှ
ဈူဉ်ထောင်အိမ်တွေချည်း။

လမ်းဘေးပလက်ဖောင်းများမှာမှ ခြောက်သွေ့
သည်။

လမ်းထိပ်မှာ ကွမ်းယာဆိုင်လေးတစ်ဆိုင်ရှိသည်။

ကွမ်းယာဆိုင်နားက အုတ်ခုံပေါ်မှာ ကောင်လေး
ဂစ်တာသံနှင့် မြူးနေကြသည်။

လေးဆဲယ့်ငါးလမ်းက ကျယ်သည်။ အိမ်တွေကလည်း
ဘစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင်။

လျှောက်လာသော ရှူးဖိနပ်ခွာနှင့် ကျောက်သားပြင်
ထိသံက မတိုးမကျယ် ဖြစ်ပေါ်နေသည်။

လက်ထဲမှာ ခွန့်ယောခတ်ကို ကိုင်ထားသည်။ သူ့
လက်ထဲ ဒါရှိလျှင် လုံလောက်ပြီ။

သည်တုတ်ကြိုးသိုင်းက သူ့သက်တော်စောင့်။

တိုက်အိမ်နံပါတ် ဆယ့်ရှစ်ကို အတော်ရှာလိုက်ရသည်။

ဟောင်းနေသော တိုက်အဆောက်အအုံဖြစ်ပြီး အော
ဘက်မှာ အဝင်ပေါက်ဝရှိသည်။

သူက ဝင်လိုက်စဉ် မိန်းမကြီးတစ်ယောက်နှင့် တိုး
လှေကားဝမှာ ရင်ဆိုင်လိုက်ရသည်။



"ဒီအထက်ထပ်က အခန်းနံပါတ်ခြောက်က အလယ်ထပ်လား
ထိပ်ဆုံးကလား ခင်ဗျာ"

မိန်းမဝဝကြီးက ရာဇာထွန်းကို ကြည့်ပြီး ...

"ငမှူးအခန်းလား"

"ခင်ဗျာ"

"မင်းအမေးဟာ ငမှူးအခန်းကို မေးနေတာ မဟုတ်လား
ကွယ်"

"အခန်းခြောက်"

"အေးပါ ငမှူးလူကျော်ပါ"

"အဲ ... အဲ ... ဟုတ်တယ် ... ဟုတ်တယ်"

"ထိပ်ဆုံးက အထပ်မှာ"

တိုက်အထပ်က ငါးထပ်၊ အခန်းတွေ အတော်များ
တဲ့ပုံ။

သူ တက်ကာနီး မိန်းမဝဝကြီးက ...

"မင်းက ငမှူးရဲ့ မိတ်ဆွေလား"

"ဟုတ်တယ် အန်တီ"

"သူ့ကို ကူးပြောပေးစမ်းပါကွယ်၊ သူ့ဆီက အခန်းလခ
ကြွေးမရဲသေးတာ သုံးလရှိနေပြီ၊ အလကားကောင်၊ ရတဲ့
ပိုက်ဆံ အရေဖျော်ပစ်နေတော့ ဘယ်မှာလာ သောက်သုံးကျ
မှာလဲ"

"ဒီလူက အိမ်လခ မပေးဘူးလား၊ တော်တော်ခက်တဲ့လူ
ကျွန်တော် ပြောပေးပါ့မယ်၊ အခု သူ ရှိသလား"

"ရှိတယ်၊ အရက်သောက်နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းသည် အိမ်ရှင် မိန်းမ ဒေါ်ပုတ်ကြီး
ခေါင်းညိတ်ပြ၍ တက်လာသည်။

လှေကားက တည့်တည့်မဟုတ်။

အကွေ့အချိုးတွေနှင့်၊ လှေကားတစ်လျှောက် မီး
လင်းနေသည်။

အခန်းခြောက်ရှေ့သို့ ရောက်လာသည်။

အတွင်းထဲမှာ ဆိတ်ငြိမ်နေသည်။ တံခါးမှ
အသာတွန်း၍ မမ်းကြည့်သည်။ အခန်းတံခါးမှာ ဇေ့ထား၍
သည်။

သူက အသာပင် တွန်းဖွင့်လိုက်သည်။ ကြွက်စုတ်
ကောင်အော်သလို ကျွီခနဲ မတိုးမကျယ် မြည်သွားသည်။

သူ့ မျက်လုံးများက အရာခပ်သိမ်းကို စိုးမိုးထားသ
အတွင်းက နီယွန် မီးချောင်းရောင်အောက်တွင် အရာရာကို ပီပီပြင်
တွေ့ရသည်။

ပထမ စုတ်ချာနေသော ညှော်ခန်း။

ဒုတိယ နံရံများတွင် ကပ်ထားသော နိုင်ငံခြား
အလှမယ်တို့၏ ကိုယ်လုံးတီးပုံများ။

မပေါ်တပေါ် ပုံတွေ။

တတိယမြင်ကွင်း။

အဲ ... တတိယမြင်ကွင်းကတော့ သိပ်မကောင်း
အနိဋ္ဌာရုံ။

လူတစ်ယောက် ကြမ်းပြင်ပေါ်တွင် မှောက်ခုံကြီး
နေသည်။ လက်တွေကော ခြေတွေပါ ဘေးဆန့်နေလို့။

သူ့ဘေးမှာက အနီရောင် အရည်တွေ။



သူ့ကိုယ်မှာလည်း လူးနေသည်။

သွေးတွေ။

ရာဇာထွန်းသည် တွေ့တွေ့ချင်း ငိုင်သွားသည်။
တော့ လျှောက်သွားကာ ငုံ့ကြည့်သည်။

သေချာပါသည်။ သူ လိုက်နေသည့် ကိုလူကျော်။

နောတော့ လူ့လောကကြီးကို လျစ်လျူရှုသွားပြီဖြစ်
သည်။ တစ်ယောက်ယောက်က မိမိထက် ဦးအောင် ရောက်ပြီး ဦးအောင်
ဖြတ်ရှင်းလိုက်ခဲ့ပုံပဲ။

ရာဇာထွန်းက မတိုးမကျယ် တက်ခေါက်လိုက်သည်။
ထဲမှာ မချင့်မရဲ။

အဆက်အသွယ် မိကာမှ အဆက်ပြတ်ရလေပြီ။

ရာဇာထွန်းက သူ့ပတ်ဝန်းကျင်ကို ကြည့်သည်။
တင်းပေါက်များ အားလုံး ပွင့်နေသည်။

သူ့လက်တွင်းက ကြိုးသိုင်းတုတ်အိတ်ကို စားပွဲပေါ်
တင်၍ အပြင်ဝရန်တာသို့ သွားကြည့်သည်။

လူသတ်သမား တွယ်တက်ဖို့ရာ လမ်းမမြင်။

အမြင့်ဆုံးအထပ်မို့ လေးတိုးနေသည်။ သူ ပြန်ဝင်
လာသည်။ အတွင်းခန်းထဲမှာက မှောင်အတိ။

သို့သော် ....

အပြင်မှ မီးအလင်းက အတွင်းထဲသို့ ဝိုးတဝါး
ခေါင်းလျှိုးဝင်နေသည်။

ရာဇာထွန်းသည် အတွင်းခန်းထဲသို့ ဝင်ရန် သင့်မသင့်
ချိန်ဆနေသည်။ အတွင်းခန်း အဝင်ဝမှာပဲ ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလျောင်းကို ကျော်ပေးထား၍ အထဲကို အကဲခတ်
သည်။

သူ့နားထဲသို့ ပိုးဝိုးဝါးဝါး အသံတစ်ခုက နိုးကြော
နိုးဖွတ် ဝင်လာသည်။

သူ့စိတ်က ခန္ဓာကိုယ်ကို နှိုးဆွလိုက်သည်။

အန္တရာယ် ...

ဟုတ်ပြီ။ အန္တရာယ် ဖြစ်သည်။

ပေက သူ့ဘက်သို့ တိုက်ခတ်နေစဉ်မှာပဲ လေထဲ
အသံတစ်ခု ဖြတ်လာသည်။

သူ့တစ်ကိုယ်လုံးက အကြောဆိုင်တွေ ပျော့ကျ
ပြီး တစ်ကိုယ်လုံးက ညာဘက်သို့ ကွေးညွတ်လိုက်သည်။

"ဝှီး"

ဘေးမှ အရာဝတ္ထုတစ်ခုက ဆွဲစောင်းပြီး ဖြတ်သွား
သည်။ ပြင်းလိုက်တဲ့အရှိန်။

နားရွက်နားမှာ လေတိုးသွားသည်။

ရာဇာထွန်းက ညွတ်ရာမှ ထ၍ ဘယ်ဘက်သို့ တို
တစ်ပတ်လှည့်လိုက်စဉ် ရိပ်ခနဲ မြင်လိုက်ရသည်။

သူ့ကိုယ်ကို တစ်ဝက် ထိုင်ပေးလိုက်သည်။

ဝှီးခနဲ တိုးခတ်သွားသံ။

"ဖြန်း"

ရာဇာထွန်း၏ ညာလက်ဖနောင့်က လေထဲသို့ ဖြ
ပြေးသွားသည်။ မျက်နှာပြင်က အသားပျော့နေရာကို ထိသွားသည်

ရန်သူ ...

တကယ်ပဲ သူ့ကို တိုက်နေသူက ရန်သူ။



သည်ရန်သူမှာ သူ့တိုက်ခိုက်တုံ့ပြန်မှုကို လှလှပပ
ကြီး ခံရပြီးနောက် လန်ကျသွားသည်။

ကြည့်လိုက်တော့ _

ဘုရားရေ ... သူ မသေပါလား။

ကိုလူကျော်။ သေနေခဲ့သည့် ကိုလူကျော်။

ယခု လဲရာ သေရာမှ ထလာသည်။ လက်စသတ်
တော့ ကိုယ်တော်မြတ်က သေချင်ဟန်ဆောင်နေခဲ့တာကိုး။

ရာဇာထွန်း အပတ်ခံလိုက်ရသည်။

ကြည့် ... ငရဲက ပြန်ထလာပြီ။ သူ့လက်ထဲမှာ
ရာဇာထွန်း၏ နှစ်ချောင်းဆက်တုတ်ကြိုးသိုင်းအိတ် ကိုင်လို့။

သွားတွေက ဖြဲနေလိုက်တာ။

မျောက်သွားဖြဲဖြဲတာထက် အကြည့်ရဆိုးသည်။

"ဟဲ ... ဟဲ ... မင်းကို ငါက ချောင်ပိတ်ဖမ်းတာကွ၊ ခွေးနာ
လေးရေ၊ မင်းက ငါ့ကို သေပြီလို့ ထင်နေတယ်ပေါ့လေ"

"လာစမ်းပါ၊ ကျုပ်ကလည်း အပြတ်ကို ချချင်တယ်"

ရာဇာထွန်းကလည်း လက်ညှိုးလေး ထောင်၍ ကွေး
ကာ ကွေးကာ ခေါ်လိုက်သည်။

ဒါပေမဲ့ သူ အလုပ်မဖြစ်။

"မင်းကိုယ်ခန္ဓာမှာ ဒွာရပေါက်တစ်ပေါက် ထပ်အချဲ့
မခံချင်ရင် ငြိမ်ငြိမ်နေလိုက်စမ်း ကိုယ့်လူ"

သူ့နောက်စေ့သို့ မာကျောသော အရာတစ်ခု လာ
ထောက်ပြီး ဖြတ်တောင်းသော အသံတစ်သံက ထွက်လာသည်။

သူက အိပ်ခန်းကို ကျော်ခိုင်းလိုက်ခဲ့ပြီးမို့ အိပ်ခန်းထဲ
မှ ထွက်လာသည့် ရန်သူက သူ့ကို အပိုင်စီးလိုက်ခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်စေ့မှာ ထောက်ထားတာက သေနတ်တစ်လက်
ကလွဲလို့ ဘာမှ မဟုတ်နိုင်။

ဒီတော့ ခုအခါမှာ ငြိမ်းချမ်းရေးလုပ်လိုက်တာ
အကောင်းဆုံး။

ရာဇာထွန်း ငြိမ်နေလိုက်သည်။

"မင်း လက်နှစ်ဖက်ကို မြှောက်ထား"

ခိုင်းသည့်အတိုင်း လက်နှစ်ဖက်ကို အထက် ထောင်ပြီး
အညောင်းဆန့်လိုက်သည်။

အနီရည်များနှင့် ပေကျံနေသော လူကျော်က မဖျော်
ပြယ်သော သွားဖြီးမှုနှင့် ရှေ့သို့ လျှောက်လာသည်။ တိုးကပ်လာ
သည်။

"အင့် _ ဟင့်"

မမျှော်လင့်သော ပြုမူချက်။

သူ့လက်ထဲက တုတ်ကြီးသိုင်း အိတ်နှင့် ရာဇာထွန်း၏
ရင်ခေါင်းကို ဆောင့်တိုးလိုက်သည်။

မသက်သာလိုက်တာ။

ရာဇာထွန်းနှုတ်မှ မြည်သံများ ပေါ်ပြီး လည်ချောင်း
ထဲမှ လေတွေ စုထွက်လာသည်။

မခံမရပ်နိုင်သော အောင့်သည့်ဝေဒနာက ရင်ဝမှာ
တစ်ကိုယ်လုံးကို လွှမ်းလိုက်သည်။ သူ ဒူးထောက်ကျသွားသည်။

သူ့ဆံပင်ကို နောက်လူက ကြမ်းတမ်းစွာ ဆွဲပြီး သူ့
မျက်နှာကို မော့လာစေသည်။

"တို့ကို နှောင့်ရင် ဒီလိုခံရမယ်ဆိုတာ နားလည်ပြီလား
ကိုယ့်လူ"



ရာဇာထွန်း စကားမပြောနိုင်။

အသက်ကို လုရှူနေရသည်။ နောက်လူက ရယ်သည်။
အကောင့်ကိုတော့ သိသည်။

အသားမည်းကောင် မဲအိုး။

"ရှိုး ... ဒေါ်အစန်းတော့ မင်နီရည်တွေနဲ့ ညစ်ပတ်ကုန်ပါပြီ၊
တယ် ... ငါ ထပ်လုပ်လိုက်ရ"

လူကျော်က သူ့ခြေထောက်တစ်ဖက်နှင့် ကန်ဖို့ ပြင်
သည်။

"ဟော့ ... ဟော့ ... ဒီမှာ လူကြားကုန်မယ်၊ တို့ နေရာရောက်မှ
သဘောရှိ"

မဲအိုးက တီးတိုးသံနှင့် ပြောပြီး ရာဇာထွန်းကို
ဆောင့်ဆွဲလိုက်သည်။

"ထ,စမ်း ကိုယ့်လူ"

ရာဇာထွန်းက သူ့လက်ထဲမှာ အရုပ်ကြိုးပြတ် ပါသွား
သည်။

သူ့ကိုယ်ပေါ်ကို လူကျော်က ရှာဖွေသည်။

လက်နက် မတွေ့။

သည်တော့မှ လူကျော်က အသံမထွက်တထွက် ရယ်ပြီး
အပြင်ဝရန်တာသို့ ထွက်သွားသည်။

လက်ဖနှောင့်ဒဏ်ကြောင့် သူ့ပါးပြင်အထက်မှာ ကွဲ
သွားသဖြင့် လက်ကိုင်ပဝါဖြင့် သွေးများကို သုတ်ဖစ်လိုက်သည်။

ဓာတ်မီးခြစ်ကို ထုတ်ခြစ်လိုက်သည်။ လမ်းပေါ်တွင်
ရှိုးအောင်းနေသည့် သူ့လူများကို အချက်ပြလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းကို မှန်ကားတစ်စီးပေါ်သို့ ဆွဲခေါ်သွားကြသည်။

သူ့နံကြားထဲကို မဲအိုးက လေးဆယ့်ငါးဘို့ ပစ္စတိုတစ်လက်နှင့် တေ့ထားသည်။

လှုပ်လိုက်ရင် အသည်းစုတ်သွားမည်သဘော။

ရာဇာထွန်း မလှုပ်ချင်ပါ။ ကားနောက်ပိုင်းတွင်သား ငြိမ်ငြိမ်လိုက်လာသည်။ သူ့ဘေးတွင် မဲအိုးနှင့် လူကျော်က ညှပ်ထိုင်ထားသည်။

ရှေ့လူက ကားမောင်းလို့။

အားလုံးမှ ရန်သူက သုံးယောက်တည်းပဲ။

ခုခံဖို့ မကြိုးစားဘဲ ရာဇာထွန်း ဝပ်စင်းပါလာပုံကား သဘောကျလောက်သည်။

“ဒီလိုတော့လည်း ကိုယ့်လူက ရေမြွေပါပဲလားကွ”

“အင်း ... ရေမြွေကို သတ်ရတာ တို့အတွက် တန်ဖိုး မရှိလှပါဘူး”

မဲအိုး စကားအဆုံးမှာ လူကျော်က စိတ်ပျက်ဟန် လေသံသုံးသည်။

“ဒီကောင်က မဆိုင်ဘဲ ဝင်ရှုပ်တာကိုး၊ လောကမှာ လူတွေဟာ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်ဘေး ကိုယ်ကြည့်တာ အလိမ္မာဆုံးပဲ”

မဲအိုးက စကားကြီးစကားကျယ်တွေနှင့် လေထွားနေသည်။

“မင်းက မင်းကိုယ်မင်း လျင်လှပြီထင်နေတာကိုး၊ ဒီကနေ ငါ မြမာလာဆေးခန်းသွားပြီး လိပ်စာကို ဖျောက်ဖို့ ကြိုးစားတာ



မင်း ဦးသွားပြီဆိုတာ ငါ သိတယ်၊ နာ့(စ်)မလေးက ပြောတယ်၊ ငါက မင်းဆီမှာ အကြွေးတစ်ထောင် တင်နေတယ်ဆို”

ရာဇာထွန်းက နှုတ်ပိတ်နေသည်။ ရှေ့သို့သာ စိုက်ကြည့်နေသည်။

“အဟင်း ... ဒီတော့ ဒီညမှာ ငါကဖဲ အကြွေးပြန်ဆပ်လိုက်ပါ့မယ်”

သူ့ကြည့်ရသည်မှာ အေးအေးဆေးဆေး။

အိတ်ထဲက ခွန်ယောခတ်ကို ထုတ်လိုက်သည်။ ကားက မြို့ပြင်ဘက် ရောက်လာသည်။ ခြံတွေကို ကျော်လာသည်။

မြို့၏ တောင်ဘက်ပဲ။

ဒီမှာဘက်တွင် မြို့သချိုင်းရှိသည်။ ရဟိုင်းသချိုင်းဟု ခေါ်ကြသည်။

သချိုင်းထဲမှာ မှောင်မည်းနေသည်။

ရာဇာထွန်းကို ကားပေါ်မှ ဆင်းခိုင်းသည်။

သည်တော့မှ ရာဇာထွန်း သတိပြုမိသည်။ သူတို့နှင့် ခနီးမဝေးတွင် ကားတစ်စီး ထိုးရပ်လာသည်။ ဘယ်သူ့ကားလဲ။

“ဒီကောင့်ကို သူ့လက်နက်နဲ့သူ ပြန်သတ်လိုက်ရင် ပြီးတာပဲ”

လူသုံးယောက်ကလည်း ကားပေါ်မှ ဆင်းကြစဉ် လူကျော်က ပြောသည်။

သူသည် တုတ်ကြီးသိုင်းကို သုံးတတ်ခြင်းမရှိ။ တုတ်နှစ်ချောင်းနှင့် ရာဇာထွန်း၏ လည်မျိုးကို ညှပ်ပြီး ညှစ်သတ်ရန် စိတ်ကူးနေသူဘည်း။

“ကဲ... ကိုယ့်လူ ဘုရားတရားသာ အောက်မေ့ပေတော့”

www.burmeseclassic.com

www.burmeseclassic.com



မဲအိုးက ရှည်ရှည်ဝေးဝေးမဆို။

သူ့သေနတ်ပြောင်းဖြင့် ရာဇာထွန်း၏ ခါးကို ဆောင့်ထိုးလိုက်သည်။

လာပြီ။

ဒီအခွင့်အရေးကိုပဲ စောင့်နေတာ။

ရာဇာထွန်းက ကိုယ်ကို ညာသို့ တစ်ဖက်လှည့်လိုက်ပြီး ညာလက်ဝါးစောင်းနှင့် မဲအိုး၏ လက်ကောက်ဝတ်ကို လှည့်ရိုက်ပစ်လိုက်သည်။

“ဒိုင်း”

သေနတ်သံက တစ်ချက်တည်း။

သေနတ်ပြောင်းမှ လိမ္မော်ရောင် မီးပွင့်တစ်ပွင့်ထလက်ခနဲ။

မဲအိုးကလည်း မခေ။

သူ့သေနတ်မောင်းကို ညှစ်ပြီးသား။

ရာဇာထွန်း၏ ဘယ်လက်ဝါးစောင်းက မဲအိုး၏ မျက်နှာထဲသို့ ကန့်လန့်ဖြတ် လက်ပြန်ဝင်သွားသည်။

“ဖြောင်း”

“အား”

အသံက အကျည်းတန်သွားသည်။ မဲအိုး ဘယ်လိုဖြစ်သွားသည်ကို မသိလိုက်ရမီ လူကျော်ဘက်သို့ ရာဇာထွန်းလှည့်လိုက်သည်။

လူကျော်၏ လက်ထဲမှာ တုတ်ကြီးသိုင်းကို ဆတ်ခနဲယူလိုက်စဉ် သူ့ညာခြေက လူကျော်၏ ဝမ်းဗိုက်ထဲသို့ ကျုံးထည့်ပစ်လိုက်သည်။



နောက် ကားထဲမှ လူတချို့ သူ့ဆီသို့ ပြေးလာကြခြင်းကို ရိပ်ခနဲ မဲခနဲ မြင်လိုက်သည်။

ရာဇာထွန်းကို သယ်လာသော ကားမှ ကားမောင်းသမားက သူ့ကုတ်အင်္ကျီထဲသို့ လက်နှိုက်လိုက်သည်။

မျက်စိရှုပ်ရှာတယ်။ သွားရော့။

တုတ်နှစ်ချောင်းကို လက်တစ်စောင်းထဲမှ စုကိုင်ပြီး တုတ်မှ နိုင်လွန်ကြိုးနှင့် ကားမောင်းသမား၏ လည်မျိုကို ရိုက်ပတ်လိုက်သည်။

သူ့ဆီသို့ ဆောင့်ဆွဲလိုက်သည်။

နောက်ကောင်တော့ ခြေကားယား လက်ကားယားနှင့် ပါလာသည်။

“ဒုတ်”

အနားသို့အရောက် သူ့ခေါင်းကို ဘယ်လက်ဝါးစောင်းနှင့် မိုးခုတ်ချလိုက်သည်။

နောက်ကောင် ခွေးသူတောင်းစား။

ပျော့လွန်းလှသည်။ မြေပြင်ပေါ်မှာ ကွေးကွေးလေးနှင့် အမှောင်ကို ကွင်းဆင်းလေ့လာသွား၏။

မဲအိုးက ဝေဒနာကြားမှ မမြင်မကန်း လှမ်းဆော်သည်။

“ဒိုင်း”

ကျည်ဆံက ရာဇာထွန်း၏ နားရွက်နှင့် တစ်ထွာလောက်မှ ဝီခေါ်သွားသည်။ ကားမှန်တစ်ချပ်ကို ချေမွပစ်လိုက်သည်။

“ဒုတ်”

“အမယ်လေး”

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းက သူ့တုတ်ကြီးသိုင်းမှ တုတ်တစ်ချောင်းနှင့် နောက်ထပ် ပစ်ဟန်ပြင်သည့် မဲအိုး၏ လက်ကောက်ဝတ်ကို ဖမ်းဆော်ပစ်လိုက်သည်။

မဲအိုး လက်အခြေအနေ ဆိုးဝါးသွားရသည်။

လက်ကောက်ဝတ် သွင်သွင်ကျိုးသွားသည်။ သေနတ်ကလည်း သခင်နှင့် ဝေးကွာသွားသည်။

တစ်ချိန်တည်းမှာပင် ကုန်းထနေသည့် လူကျော်၏ မျက်နှာကို ကြိုးဖြင့် ဖြတ်ချလိုက်သည်။

ရှမ်းခနဲ ရှမ်းခနဲ ကြာပွတ်ရိုက်သံလို ပေါ်လာသည်။ လူကျော် မြေပြင်သို့ ဒူးခံထောက်ကျသွားသည်။ ရိုက်ချက်များဒဏ်ကို မခုခံနိုင်။

မြေပေါ်မှာ ငါးဖယ်လူး လူးနေသည်။

နောက်ကားက လူတွေ နီးလာသည်။ သည်လူတွေက လူကောင်းများလား၊ လူဆိုးများလား။

"ဒုတ်"

"ခွပ်"

"အား"

ဒုတ်ဆိုတာက ခွန့်ဟော့ခတ်တုတ်နှင့် လူကျော်၏ ခေါင်းကို မိတ်ဆက်ပေးလိုက်သည်။

ခွပ်ဆိုတာက စိုက်ကျလာသော လူကျော်၏ မျက်ခွက်ထဲသို့ ညာခြေနှင့် ကန်သွင်းသံပြုလိုက်ခြင်းဖြစ်သည်။

ရာဇာထွန်းက သူ့တုတ်ကြီးသိုင်းကို လက်တစ်ဖက်တည်းနှင့် လော့တက်ခတ်နည်း သိမ်းပစ်လိုက်သည်။

ကားပေါ်သို့ ခုန်တက်လိုက်သည်။



ကားက စက္ကန့်ပိုင်းအတွင်းမှာ စက်နိုးပြီး တစ်ဟုန်ထိုး ထွက်သွားတော့သည်။

"ဟေ့ ... ဟေ့ ... ဘယ်လိုဖြစ်ကြတာလဲ"

နောက်မှ ပြေးလိုက်လာသူတလည်း သုံးယောက်။

"မအေ ခွေးတိရစ္ဆာန် ပြေးပြီ"

"ဟာ ... ဒီလိုဆို ဘယ်ဖြစ်မလဲ၊ တို့တော့ ဘိုကျားရဲ့လက်သံအောက်မှာ အသားနီ လန်တော့မယ်"

"ဒီခွေးသားကို မင်းတို့ပဲ လိုက်"

လူသုံးယောက်ထဲမှ လူတစ်ယောက်နှင့် မဲအိုးတို့ အချီအချ ပြောသံတွေ။

သူတို့ကားနှင့် ရာဇာထွန်းနောက် လိုက်သည်။ ရာဇာထွန်းက ကားနှင့် မြို့ထဲသို့ ပြန်ဝင်သည်။ နောက်ကြည့်မှန်ထဲသို့ ကြည့်လိုက်တော့ မီးလုံးနှစ်လုံး တန်းလိုက်လာခြင်းကို တွေ့သည်။

လိုက်ပါစေ။ သင်းတို့ မိုးအဆုံးမြေအဆုံး လိုက်ကြစမ်း။

ရာဇာထွန်းက ပြုံးလိုက်သည်။ သူက သွေးအေးလှသည်။ ကားကို ကျွမ်းကျင်စွာ ထိန်းပြီး ကွေ့ချလိုက်သည်။

ညာဘက်က လမ်းထဲသို့ ကျွီခနဲ အသံစူးစူးမြည်ပြီး ကွေ့ချသွားသည်။

စက်ရှိန်မသတ်သဖြင့် ကားဘီးနှစ်ဘီးမှာ မြောက်တက်သွားသည်။ အရှိန်နှင့် ဂျိုင်းခနဲ ပြန်ကျသွားသည်။

နောက်ကားကလည်း ရှေ့ကားနည်းတူ။

www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စင်းလုံး၏ ဘီးတွေက မြေပြင်မှ ခုန့်ပုံ
မလောက် ထင်ရသည်။

မြို့တွင်းမှာ လူရှင်းနေသည်။ မြို့ထဲက လမ်းများ
ရာဇာထွန်း ဂယနကာ မသိ။

မောင်းချင်ရာ စွတ်မောင်းနေသည်။ နောက်
မှန်ထဲသို့ ကြည့်လိုက်တော့ နောက်နားက အလုမ်းကွာနေသည်

ဘယ်ဘက်က လမ်းတစ်လမ်းထဲသို့ ချိုးအဝင်
သူ သတိထားမိသည်။ တစ်လမ်းလုံး မီးလိုင်းကြီး အောက်သွား
နှင့် မှောင်မဲနေသည်။

ရာဇာထွန်း စိတ်ကူးတစ်ခု ရလာသည်။ နောက်
မှန်ထဲသို့ နောက်ကား၏ အခြေအနေကို ကြည့်လိုက်သည်။

ရှေ့မီးလုံးနှစ်လုံး၏ အရိပ်အယောင် မမြင်ရ။

သူက လာလမ်းသို့ ပစောက်ပုံ ပြန်ကွေ့မောင်း
လိုက်သည်။

လမ်းလယ်တွင် ကားရပ်လိုက်သည်။

တစ်လမ်းလုံး မှောင်နှင့်မည်းမည်းမို့ အမှောင်
သူ့ ကားကိုပါ ဝါးမျိုးထားသည်။

ဘေးနှစ်ဖက်မှာ သစ်ပင်များ အုပ်ဆိုင်းနေ၏။

လာပြီ။ လာပြီ။

မနီးမဝေးက ရှေ့ကား မီးလုံးနှစ်လုံးကို ဝင်းတော
စွာ မြင်ရသည်။

ရာဇာထွန်း ကားပေါ်မှာ ဆင်းလိုက်သည်။ မှောင်
တွင် ဆိတ်ငြိမ်စွာ ရပ်နေလိုက်သည်။ ကားမီးလုံးနှစ်လုံးမှ
ကားစက်သံကို ပီပြင်စွာ ကြားရသည်။



အကြောင်းသိကြတာပေါ့။

နောက်မှ လိုက်လာသော ငနာကောင်တွေ၏ ကားက
ကားနှင့် မီးရောင် တမီတာအရောက်တွင် သူ့ကားမှာ ဘက်ထရီ
ကို နှိပ်ချလိုက်သည်။

အမှောင်ထဲမှာ ဝပ်စင်းနေသော ကား၏ ရှေ့မီးလုံး
လုံးက စူးစူးရှရှနှင့် ဖျတ်ခနဲ ထိန်ထိန်ညီး လင်းသွားသည်။

ကားမီးရောင်ကြောင့် တစ်ဖက်က ကားမောင်းသူကို
စိကျိန်းသွားစေသည်။

ကားမောင်းလာသော ငရှုပ်မှာ မျက်စိများ ပြာဝေသွား
ဘာမှ မမြင်မိလိုက်။

သူ့ကားကို ရှေ့ကားမီးရောင်အောက်၌ ဟိုယမ်း
ည်ယမ်း ဆွဲချလိုက်သည်။

ဝုန်းခနဲ ဒိုင်းခနဲ အသံကြီး တစ်သံက အမှောင်ထုထဲ
ကြောက်ခမန်းလိလိ ပေါ်လာ၏။

ကားက လမ်းဘေးက သစ်ပင်တစ်ပင်နှင့် အရှိန်ပြင်း
ဝင်ဆောင့်လိုက်သည်။

ကားထဲက လူတွေ ဘာဖြစ်ကုန်ကြသည်ကို ရာဇာထွန်း
မကြည့်။

သူ လစ်တွက်လာသည်။

သူ့မျက်နှာတွင် ကျေနပ်သော အပြုံးကလေးများ
သိုင်းလို့။ ရာဇာထွန်းတို့ စမ်းချင်ကြဦးလေ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူ အိပ်ရာက နိုးလာတော့ ကြည်ကြည်လင်လင်

တည်းခိုခန်းမှာ ငြိမ်ဆိတ်နေသည်။ ပြတင်းပေါက် သံတိုင်နားတွင် သွားရပ်သည်။

တက်ထစွန် အစိမ်းရောင် ခန်းဆီးကို ဖယ်ရှားလိုက်သည်။

လမ်းပေါ်မှာ လူသွားလူလာ ကားသွားကားလာ ပွတ်သိပ်နေပြီပဲ။

နေက မလင်းတလင်း။

ကောင်းကင်မှာ မိုးသားတိမ်တိုက်တွေ ဟိုတစ်စု သည်တစ်ကွက်နှင့် မှောင်ရီနေသည်။

တစ်ချက် အောက်ဘက်ကို ကြည့်ကာ သမ်းလိုက်သည်။

ညက အဖြစ်ကို ပြန်တွေးသည်။

ကျောချမ်းစရာပဲ၊ သူ့ဖျတ်လတ်မှု၊ သတ္တိနှင့် ဉာဏ် ကလေးလိုက်လို့ သည်မနက် လောကကြီးကို ရှုမြင်ရသေးတာ



သူ့အန္တရာယ် မသေးတော့သည်ကို သူ ပြန်စဉ်းစားသည်။

ရေမိုးချိုးသည်။ သူ့ကိုယ်ပေါ်တွင် အနီရင့်ရောင် ကျွင်းရုပ်အင်္ကျီ လက်တိုနှင့် ဂျင်းဖလဲဘောင်းဘီကို စွပ်လိုက်သည်။

သူ ထွက်လာချိန်က မနက် ဆယ်နာရီ။

မနေ့က လေးဆယ့်ငါးလမ်းသို့ သူ ပြန်သွားချင်သည်။

အန္တရာယ်က စောင့်ကြိုချင်မှ စောင့်ကြိုလိမ့်မည်။

ဟိုငနာလူကျော်ကော ရှိမှ ရှိပါဦးမလား။

သေချာအောင်တော့ ထပ်သွားဦးမှ။

ခြေရာခံစရာဆိုလို့ ဒီကောင်ပဲ ရှိနေတာ။

သည်ကြားထဲ နှင်းအေးမြိုင်ကိုလည်း သတိရမိသည်။ မှာ နေရတာ သူ့အတွက် အဆင်ပြေလိမ့်မည်ဟု ထင်သည်။

လေးဆယ့်ငါးလမ်းရောက်သော် လမ်းထိပ်ကို စွတ်မဝင် း။

ရာသီဥတု ကောင်းနေသည်။

အခြေအနေက မှန်တိုင်းကျမည့်ဟန် မရှိ။

တိုက်ခန်းရှိရာသို့ တက်လာသည်။

အထင်သားပဲ၊ တံခါးမှာ သော့ခလောက်ကြီးနဲ့ပဲ။

သူ ပြန်ဆင်းလာသည်။ အောက်ဆုံးထပ်တွင် အိမ်ရှင် သည့် မိန်းမကြီးကို လိုက်ရှာသည်။

ခြေပစ်လက်ပစ် ထိုင်ပြီး ကန်စွန်းရွက်သင်နေသော ပုတ်ကြီးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အစတွင် ဒေါ်ပုတ်ကြီးက မမှတ်မိသလို ခပ်ကြော ကြောင်း၊

"ကျွန်တော်ပါ ဒေါ်ဒေါ်၊ မနေ့က တွေ့တဲ့လူ"

"ဪ ... မောင်သူငယ်"

မှတ်မိသွားသည်။

"မင်း သူငယ်ချင်းတော့ ဒီမနက် ဒီမှာ မနေတော့ဘူးကွယ် တစ်ခါတည်း လစ်သွားပြီ"

"ဘာကြောင့်လဲ"

"သူ မနက်မိုးလင်းမှ ပြန်လာပြီး အပေါ်မှာ ဒုန်းဒုန်းဒိုင်းဒိုင်း လုပ်လို့ သူ့အောက်ထပ်ကလူနဲ့ စကားများကြတယ်၊ ငါ လာတိုင်တယ်၊ ငါက တက်ပြောတော့ စကားများကြတယ် ငါက နှင်ချလို့ ဆင်းသွားပြီ"

လူကျော် မဆိုး။

သူ ဒီမှာနေလျှင် သူ့ကို ရာဇာထွန်းက ဆက်ခြေ ခံမည်။

ဒီတော့ သူ ကိုယ်ရောင်ဖျောက်ရမည်။

သူ့သဘောနှင့် လစ်သွားလျှင် အားလုံးက သ မကောင်း ဖြစ်မည်။ အခုတော့ အကွက်ဝင်အောင် လုပ်သွားသည်။

"မင်းက သူနဲ့ သိပ်ခင်သလား"

"သိပ်တော့ မကျွမ်းလှပါဘူး"

"ငါတော့ အိမ်လခတွေ ဆုံးတာပေါ့"

"သူ ထွက်သွားတာ ဖွတ်တစ်ကောင် ထွက်သွားတယ်လို့ အောက်မေ့လိုက်ပေါ့"



"ဖွတ်ထွက်တာထက် ဂြိုဟ်ဆိုးထွက်သွားတယ်ဆိုတာက ပိုမှန်တာပေါ့ကွယ်၊ ခုလည်း ကြည့်လေ၊ ဘယ်မှာ ရန်ဖြစ်လာသလဲ မသိဘူး၊ ခေါင်းမှာ ပတ်တည်းနဲ့၊ လူတစ်ကိုယ်လုံးလည်း အပွန်းအပဲ့နဲ့ အစုတ်ချည်းပဲ"

ရာဇာထွန်းက ကျေကျေနပ်နပ် ပြုံးလိုက်သည်။

"သူ့ကို ထိုက်တန်တဲ့ပညာ ပေးလိုက်တဲ့လူ ရှိလို့ဖြစ်မှာပေါ့ ဒေါ်ဒေါ်ရယ်"

"ငါတောင် ပါးကို ဖိနပ်နဲ့ ရိုက်လိုက်ချင်သေး"

အာဂသတ္တိမကြီး။ လူကျော်ကို သိပ်မေတ္တာထားနေ ဟန်တူသည်။

"အား ... ဟား ... ဒေါ်ဒေါ်ရယ်၊ ဆော်ထည့်လိုက်လည်း ပြီးတာပဲ၊ ဒီကောင်က အသုံးမကျတဲ့ ငမူး"

"အရူးထက် ငမူးက ပိုဆိုးတာပေါ့ မောင်သူငယ်"

"သူ ဘယ်ကိုသွားမယ် ပြောသလဲ"

"မပြောပါဘူး"

"လုံးလုံးကို မပြောဘူးလား"

"မပြောဘူး၊ အေး ... တစ်ခုတော့ရှိတယ်၊ ဒီကောင် သွားမယ်ဆိုရင်တော့ သူ့ကောင်မအိမ် သွားမှာပဲ"

"ဘယ်ကောင်မလဲ"

"မိသီတာလေ၊ ဒီကောင်မလေးက အပျက်မလေးပါ"

"မိသီတာက ဘယ်မှာနေသလဲ"

"ဘယ်မှာနေသလဲတော့ မသိဘူး၊ မင်း တွေ့ချင်ရင်တော့ ယောက်ကုန်းတဲတားကိုသွား"

www.burmeseclassic.com

www.burmeseclassic.com



ယော်ကုန်တံတားဆိုတာ မြို့လယ်တွင် ကားလမ်းများ အပေါ် မိုးတည်ထားသော မိုးပျံတံတားဖြစ်သည်။

အစတော့ ကောက်မိသည်။ အစကောင်းရင်တော့ အနှောင်းသေချာဖို့ပဲ။

သူက ကျေနပ်စွာ ထွက်လာသည်။

ဒုတိယ အစီအစဉ်ကတော့ နှင်းအေးမြိုင်ဆီ သွားဖို့။

ဒံပေါက်ထမင်း သုံးထုပ် ဝင်ဝယ်ခဲ့သည်။ ဦးသူတော်တို့ လင်မယားနှင့် နှင်းအေးမြိုင်အတွက်။

"ဟော ... မောင်မောင် လာပြီ၊ မောင်မောင်ရေ မောင်မောင်"

သူကပင် တွေ့ဖို့ မလိုပါ။ သူ့ကို တွေ့ဖို့ မြိုင်က လာနေချေပြီ။

မြိုင်သည် သပျစ်ပင်ပျိုကလေးများနွယ်တက်ဖို့ စင်ဆောက်နေသော ဦးသူတော်ကို ကူညီပေးဖို့အတွက် အနားမှာ ရပ်နေသည်။

ရာဇာကို မြင်တော့ ပြေးလာသည်။

ရာဇာက ဣန္ဒြေရရလေး ပြုံးလိုက်သည်။ မြိုင့်ကို ဖက်လိုက်ချင်ပေမဲ့ မဖက်။

သူ့မှာ သတိသမ္ပဇဉ်တရားရှိသည်။

မနေ့ကမှားခဲ့ပေမဲ့ ဒီနေ့တော့ သူ့ကိုယ်သူ ချုပ်တည်းနိုင်သည်။

မြိုင်ဆိုတာက မိမိချစ်သူ မမည်။

နှမလေး။ ညီမလေး။

"မောင်မောင်"



မြိုင်သည် ရာဇာကို ဖက်တော့မယောင် ရှိသည်။ ...ဇာ၏ တည်တည်တံ့တံ့ မျက်နှာကို မြင်တော့ ရုက်အမ်းလေး ...မ်းသွားသည်။

"ရော့ ... ဒီမှာ မြိုင်နဲ့ ဦးလေးသူတော်တို့ စားဖို့"

ဒံပေါက်ထုပ် သုံးထုပ်ကို လှမ်းပေးသည်။

"ဟင် ... မောင်မောင်ရယ်၊ မြိုင် မစားချင်ပေါင်"

ရာဇာက မြိုင့်ကို အရေးတယူ ဖက်လှဲ တကင်း မရှိ ...ဖြင့် မြိုင် စိတ်ပျက်သွားပုံရသည်။

"မစားချင်လည်း စားရမယ်၊ ဝယ်ထားပြီးပြီ"

မြိုင်သည် မျက်နှာလေး မသာမယာ ဖြစ်သွားသည်။

"မောင်မောင်ကော"

"ကိုယ် မစားဘူး မြိုင်"

"မြိုင်နဲ့ စား"

"ကိုယ် မဆာသေးဘူး"

"ဟင် ... မောင်မောင်ကလည်း"

ညည်းညူသံလေး။

မျက်နှာလေး ညှိုးသယောင်။

"မြိုင် ဆာနေမယ်ဆိုတာသိလို့ ဝယ်လာတာပါ၊ မြိုင်စားရင် ကိုယ် စားသလိုပဲပေါ့"

ချော့မော့သံ။ မျက်နှာက ပြုံးလို့။

မြိုင့် ပခုံးကလေးကို ဖျစ်လိုက်သည်။ ဝါးခြင်ကို ...နှင့် မှုတ်သည်။

"ချစ်တယ်လား"

"ချစ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမေးသည့် မြှင့်သံသောက တစ်မျိုး။

ချစ်သူလို လိုချင်သည့်သဘော။

ရာဇာထွန်းက ပြန်ဖြေသည့်သဘောက တစ်နည်း။

နှမလေးလို ချစ်သည့်အချစ်။

ဘာပဲဖြစ်ဖြစ် မြှင့် မျက်နှာမှာ ဝင်းပလာသည်။

"ဦးကြီးရေ ဟောဒီမှာ မောင်မောင်လေ ဒံပေါက်တွေ ဝယ်လာတယ်"

"မင်းကလည်းကွာ ဒုက္ခရှာလို့၊ ပိုပြီး ဝယ်လာရော့ပေါ့ကွာ ဟဲ ဟဲ ဟဲ"

ဒံပေါက်ထုပ်များကို လှမ်းယူပြီး ...

"မယ်ခရေ ... ရှင်မ ဒီမှာ ဒံပေါက်ထုပ်တွေ လာယူဦးဟေ့"

"သမီး ယူသွားပါ့မယ် ဦးကြီးရဲ့"

"ဒီလိုဆိုလည်း အိမ်ပေါ်ကို ခေါ်သွားကွယ်၊ ဒီစင်ကို ပြီးအောင် လုပ်လိုက်ဦးမယ်"

အိမ်က ဝါးကြမ်းခင်း၊ ဓနိမိုး။

တဲကလေး မခိုင့်တခိုင့် လေတိုးလျှင် ယိုင်သွားပုံမျိုး။ နေရောင်ခြည်တောင် တဲဓနိမိုးကို ဖောက်ဝင်နေသည်။

မိုးရွာလျှင် မိုးယိုဦးတော့မည်။

ဆင်းရဲရှာကြသည့် သူတို့ဘဝ။

"ဒီမှာနေရတာ ပျော်ရဲ့လား"

"ရောက်တာဖြင့် နှစ်ဆယ့်လေးနာရီ ရှိသေးတယ်၊ ဘယ်လို ပြောနိုင်ဝံ့မလဲ"

"ပျော်မှာပေါ့"

"အင်း ... မောင်မောင်လာရင်တော့ ပျော်မှာပေါ့"



"လာမှာပေါ့"

"ပေါ်ကြီး ထည့်မနေစမ်းပါနဲ့၊ လာမယ်လို့ တိတိကျကျ ပြောစမ်းပါ"

"လာပါ့မယ် ခင်ဗျာ"

"ကြည့်ပါလား မောင်မောင်ဟာလေ"

ချစ်စနိုးဟန်ဖြင့် ရာဇာထွန်း၏ နှာခေါင်းကို မနာ့တနာ လိမ်ဆွဲသည်။

ဒံပေါက်ထုပ်များကို အတွင်းသို့ သွားပို့သည်။ အဘွားကြီးက ဝမ်းသာရှာသည်။ ဆုများတောင် ပေးလိုက်သေး၏။

"အစ်ကို့ကို တစ်ခုပြောရမယ်"

"ဘာလဲ"

"မနေ့ကလူလေ"

"ဘယ်လူလဲ"

"ဩော် ... အစ်ကိုရယ်၊ ဒီခြံရှင် ... ဟို ... ဟို"

"ကိုအောင်ဒွေးလွင်လား"

"သူ့နာမည် ကိုအောင်ဒွေးလွင်တဲ့လား"

"သူ ဘာဖြစ်လို့လဲ"

ဝါးကြမ်းခင်းပေါ်တွင် တင်ပလ္လင်ခွေထိုင်နေသည့် ရာဇာထွန်းနားသို့ မြှင့်က တိုးကပ်သွားသည်။ လေသံတိုးတိုးလေးနှင့် ...

"သူ့ကို မြှင့် မြင်ဖူးတယ်"

"ဟင် ... ဘယ်မှာ"

"မြှင့်ကလေးသချိုင်းမှာ"

"ဘာ ... ဘာ ... ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားမှုကို ရာဇာထွန်း မဖုံးနိုင်။

"ဟုတ်တယ်၊ မြိုင်ကလေး သချိုင်းဘက်ကို သူလာတယ် အဖေနဲ့ စကားများကြတယ်"

"ဘာအတွက် များကြတာလဲ"

"မသိပါဘူး၊ အဖေက တင်းပုတ်ကြီး ကိုင်လို့၊ သူနဲ့ ရန်ဖြစ်ကြတယ်"

"သူက ဘာကိုင်ထားလဲ"

"ဘာမှ မကိုင်ဘူး၊ သူက သိုင်းသမားပဲ"

"သိုင်းသမား"

"ဟုတ်တယ် မောင်မောင်၊ ဒါပေမဲ့ သူ ရှုံးသွားတယ်၊ အဖေ့ တင်းပုတ်ကြီးက သူ့လက်မောင်းကို အုပ်ထည့်လိုက်တော့ သူ ဒဏ်ရာ ရသွားတယ်လေ"

"ဒီလိုလား၊ သူ ပြောတော့ လှေကားပေါ်က လိမ့်ကျလို့တဲ့"

"ဒါတော့ မြိုင် မသိဘူး၊ မြိုင်က အဖေ့ကို တိတ်တိတ်ပုန်း ထမင်းစားလာခေါ်တော့ သူ့ကို မြင်ခဲ့တာပဲ၊ သူက မြိုင့်ကို မမြင်ဘူး မောင်မောင်၊ သူဆိုတာ ကိုအောင်ဒွေးလွင်ပေါ့"

❦ ❦ ❦

ညအမှောင် ...

ကြယ်ကလေးတွေ ပုန်းလျှိုးနေသည်။

ကောင်းကင်မှာ မိုးသားများ တက်နေသည်။ မိုးနံ့ပါသောလေက ညဥ့်ရုံလွှာကို ဖြတ်တိုက်နေသည်။



သည်အချိန်မှာ ရာဇာထွန်းက တစ်နေရာ ရောက်နေသည်။

ယင်းနေရာက မိုးပျံတံတား။

ယောဘ်ကုန်းရပ်ကွက်မှာ ရှိသည်။

ယောဘ်ကုန်းရပ်ကွက်သည် လူနေသော နေရာဟု မယူဆနိုင်။

လက်လုပ်လက်စားတွေ၊ အစိုးရအမှုထမ်းတွေ၊ ဒုစရိုက်သားအချို့နှင့် ရောပြွမ်းနေထိုင်သော ရပ်ကွက်ဖြစ်သည်။

သည်ရပ်ကွက်တွင် တစ်ခါက ဒုစရိုက်ကောင်တွေ အလုပ်ဖြစ်ကြသည်။ နေ့ရော ညပါ။

အစိုးရအမှုထမ်းပိုင်းက သည်ငရှုပ်ငပွေတွေကို မလိုလားသဖြင့် မြို့နယ်ကောင်စီနှင့်ရဲ ပူပေါင်းပြီး တိုက်ထုတ်ခဲ့ကြသည်။

ဒါပေမဲ့ အနည်းအကျဉ်း ကျန်ခဲ့သေးသည်။

သူတို့က လမ်းပေါ်က ပျံကျမလေးတွေ၊ တစ်ဝမ်းတစ်ခါးအတွက် သမုဒ္ဒရာ ဝမ်းရေးတိုက်ပွဲဆင်ရာတွင် ညဘက်၌ မိုးပျံတံတားကို သုံးကြသည်။

မိုးပျံတံတားပေါ်မှာ အမှောင်ခို ရပ်နေကြသူများရှိကြသည်။ ရာဇာထွန်း အရွယ် ကောင်လေးတွေ။

အလုပ်ဖြစ်ချင်လျှင် သူတို့နှင့်သာ ဆက်သွယ်လိုက်။

"မသိတာကို သိလား"

ရာဇာထွန်းက ဆံရှည်ကောင်လေး တစ်ကောင်ကို မေးလိုက်သည်။ ကောင်လေး ကြည့်ရသည်မှာ အခြောက်ယောင်ယောင်။

ဒီသို့သော ဘဝပြပြီး ခေါင်းလုပ်စားနေကြသူတွေ။

www.burmeseclassic.com

www.burmeseclassic.com



"မသီတာတို့ လိုချင်လို့လား"

ထံတား၏ လက်ရမ်းသံဘောင်ကို မှီရပ်နေသည့် ကောင်လေးက အသံသြသြဖြင့် ပြန်မေးသည်။

"ကိုယ်က မသီတာရဲ့ဖောက်သည်ပါ၊ ဒီည ချိန်းထားလို့"

ခပ်တည်တည် ဖိန့်လိုက်သည်။

"မသီတာတော့ ဟိုဘဲရုပ်ကြီးရှိရင် လွယ်မှာမဟုတ်ဘူး"

"ဘယ်သူလဲ"

"လူကျော် ဆိုတဲ့ ဘဲတစ်ကောင်ပဲ"

ခြေရာကောက်လမ်းက ပွင့်စပြုလာပြီ။

"မသီတာနဲ့ တွေ့ရရင် တော်ပါပြီ၊ သူ ဘယ်မှာရှိမလဲ"

ငွေတစ်ဆယ်တန်တစ်ချပ်ကို ရာဇာထွန်းက ထုတ်လိုက်သည်။ ကောင်လေး လက်ထဲသို့ အကူးအပြောင်း လုပ်ပေးသည်။

"ရှေ့လမ်းမှာ ညာဘက်ချိုးရင် လမ်းတစ်လမ်း တွေ့လိမ့်မယ်၊ အဲဒီလမ်းမှာ အင်းလေးတီးဟောက်(စ်)ရှိတယ်၊ ဒီမှာ မသီတာ ရှိတယ်"

မသီတာသည် ဘယ်သို့သော အရွယ်အစားမှန်း မသိ။ ဘယ်သို့သော ရုပ်ရည်ရှိမှန်းမသိ။

"ကျေးဇူးပါပဲ အပေါင်းအသင်း"

သူ ထပ်မတွန့်။ မသီတာ ရုပ်ကို မေးနေလျှင် သူ ချွတ်ယွင်းရာ ကျမည်။ မသီတာက သူ့ဖောက်သည်လို့ ဆိုခဲ့ပြီကိုး။

ညွှန်ပြသည့် လမ်းအတိုင်း လျှောက်လိုက်တော့ ခပ်ဟောင်းဟောင်း တိုက်ဆိုင်တစ်ဆိုင် တွေ့ရသည်။

အင်းလေး တီးဟောက်(စ်)။

မေးနေဖို့ မလို။



မျက်တောင်ခတ် နီယွန်မီးကစားဆိုင်းဘုတ်ထက်မှ အလုံးတွေ။

ဆိုင်ထဲမှာ လူတွေရှိနေသည်။ ဆိုင်တစ်ဝိုက်မှာ မှောင်ကျနေသည်။

ဆိုင်တွင်းမှာ စကားပြောသံ၊ ကက်ဆက်ဖွင့်သံ။

ပြီးတော့လည်း စီးကရက်ဆေးလိပ်ခိုးငွေ့တွေ ဝေဆောင်းထောင်း။

ဆိုင်ထဲသို့ ရာဇာထွန်း ဝင်လာသည်။ သူ ဝင်လာသည်ကို ဘယ်သူမှ ဂရုမစိုက်။

လူကောင်းရော လူသွမ်းပါ ဆိုင်တွင်းမှာ ရောနေသည်။ မိန်းမရော ယောကျ်ားများပါ ဖြူနီကြောင်ကျား အရွယ်အစားစား။

မိန်းကလေးတွေ အပြင်ကတော့ မနိုတ်။

အပေါ်စား ဆန်နေသည်။

မသီတာဟာ ဘယ်သူလဲ။

ရာဇာထွန်းက စားပွဲများဆီသို့ လိုက်ကြည့်သည်။

တစ်စားပွဲတွင် သူ့အကြည့် တန့်သွားသည်။

ဟုတ်မှ ဟုတ်ရဲ့လား။

သူ့မျက်လုံးများကို ဖြကြည့်သည်။ လူမမှားနိုင်။

လူကျော်ရယ်။ သူ့စိမ်းတစ်ယောက်ရယ်။

လူကျော်ကို အဲဒီစားပွဲမှာ တွေ့ရလို့ သူ မအံ့သြ။

အဲ ... သူ အံ့သြတာက လူစိမ်းကိုပဲ။

ဒီလူက ဦးကျားကြီး။

ငြိမ်းကလေးသာချိုင်းက သမန်းကျားလို့ ခေါ်ပြောနေတဲ့ သူဘာရာဇာ ဦးကျားကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် ဒီနေရာမှာ တွေ့ရတာ အံ့သြစရာ။

ထို့ဖြင့် လူကျော်နှင့် စကားဆိုနေလိုက်သေးသည်။

သူတို့နှစ်ယောက်က သူ့ကို ဘေးတိုက်ထားပြီး စကားပြောနေသည်။ သူ့တို့ ခမြင်။

ရာဇာထွန်း လက်များတွင် သွေးများတိုးလာသည်။ နလုံးသားထဲမှာ ယားကျိကျိ။

သူတို့နှစ်ယောက် တိုးတိုး တိုးတိုးနဲ့ ဘာတွေများ ဆိုနေကြပါလိမ့်။

ဆိုင်တွင်းမှာ မှောင်ရိပ် မကျတကျ နေရာ ရှိသည်။ တစ်နေရာကို ရာဇာထွန်း ရွေးလိုက်သည်။

မသိတာအား တွေ့ဖို့ကိစ္စပင် မေ့ပျောက်သလော ဖြစ်သွားသည်။

သူ အိုဗာ(လ်)တင်းတစ်ခွက်နှင့် ပဲပလာတာတစ်ချပ် မှာလိုက်သည်။

သူတို့စကားဆိုတာ ခဏလေးပဲ။

ပဲပလာတာတစ်ပွဲ ရောက်လာလို့ တစ်ဝက်မျှ စား မကုန်မီ ဟိုနှစ်ယောက်က ထကြလေပြီ။

ဆက်စားနေလို့ မဖြစ်တော့။

စားပွဲထိုးကောင်လေးကို ခေါ်ပြီး ကျသင့်ငွေ ရှင်းပေး ခဲ့သည်။

အိုဗာ(လ်)တင်းနှင့် ပဲပလာတာက စားပွဲပေါ်မှာ မျက်နှာငယ် ကျန်ရစ်ခဲ့ချိန်မှာ သူတို့နှစ်ယောက်နောက်သို့ ရာဇာထွန်း က လိုက်နေလေချေပြီ။



လူနှစ်ယောက်က ရာဇာထွန်းကို အမှတ်မထားဘဲ ဆက်လျှောက်သွားကြသည်။

အမှောင်အား ရျားသဖြင့် သူတို့နောက်သို့ ရာဇာထွန်း လိုက်ရလွယ်သည်။

အမှောင်က ရာဇာထွန်းအား အကာအကွယ် ပေးထား သည်။

ကောင်းကင်မှ ငွေမြားတံတို့ တန်းဆင်းလာတော့ သည်။

ဝေါခနဲ သွန်မချ။

ကျဲကျဲမျှသာ ရွာလာသည်။

"မိုးတွေ ရွာလာပြီ"

မိုးပေါက်များကြားမှ ဦးကျားကြီးက အော်လိုက်လေ သည်။

"ကျွန်တော် ပြောတာကို ခင်ဗျား မမေ့နဲ့၊ မှတ်မိတယ် မဟုတ်လား"

"အေး ... မှတ်မိတယ်၊ ဟုတ်ရင်တော့ မင်းကို ငါ ကျေးဇူး တင်ပါတယ်ကွာ"

ဦးကျားကြီးက ခပ်ကျယ်ကျယ် ပြောပြီးသည့်အဆုံး လူကျော်က တစ်ဖက်ပလက်ဖောင်းသို့ ပြေးသွားတော့သည်။

လေးဘီးတက္ကစီတစ်စီးက ရပ်နေသည်။

ရာဇာထွန်းက ပြေးလိုက်ဖို့ ပြင်နေစဉ် တက္ကစီက လူကျော်ကို သယ်ဆောင်ပြီး ထွက်သွားတော့သည်။

စိတ်ကုန်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ကားမရှိတာ အင်မတန် နာသည်။ ဆေးဘီး
လည်း ဘာတစ္ဆစိကားမှ မရှိ။

ဆင်နဲ့မထိုး ကျားနဲ့ထိုးခဲ့တာကိုး။

မသိတာ ရှာမှပဲ လူကျော်နှင့် ဦးကျားကြီးကို လာတွေ့
နေရသည်။

အရှုံးမရှိ။ လူကျော် မတွေ့လည်း ဦးကျားကြီး ရှိနေ
တာပဲ မဟုတ်လား။

လူကျော်နှင့် ဦးကျားကြီး တွဲတာက တကယ်စိတ်
ဝင်စားစရာ ကောင်းသည်။

သည်ခဏတွင် သူ့ခေါင်းထဲမှာ လက်ခနဲ အတွေးဝင်
လာသည်။

ထူးထူးကို ပြန်ပေးဆွဲသွားသော လူတစ်စု၏ ခေါင်း
ဆောင်မှာ ဘိုကျားလို့ ခေါ်သည်မဟုတ်လား။

ရာဇာထွန်းက ငွေစက်ငွေပေါက်တွေ ကြားမှာထင်
ဦးကျားကြီး နောက်သို့ ဆက်လက်လိုက်လာသည်။

လူကြီးက တစ်လမ်းဝင် တစ်လမ်းထွက်။

သူရပ်လျှင် ရာဇာထွန်း ဆက်ရပ်သည်။ သူသွားလျှင်
ရာဇာထွန်း ဆက်သွားသည်။

လမ်းတစ်လမ်းဘက်သို့ အချိုးတွင် ကျားကြီးပျောက်
သွားသည်။

အမှောင်ကလည်း သည်တစ်ဝိုက်မှာ တစ်ဗိုလ်တစ်မင်း
မျက်မှောင်ကုတ်လိုက်သည်။ ကျားကြီး ပျောက်သွား
မည့်နေရာကို ကြံဆ၍ ရှေ့သို့ လျှောက်လာသည်။

ယခုမှ သတိထားမိရဲ့။



ဘယ်ဘက်မှာ လမ်းကြားကလေးတစ်ခုကို မထင်
မှား မြင်နေရသည်။ လျှပ်ရောင်က ဝင်းခနဲ ပြက်သွားသည်။

လူတစ်ယောက် လမ်းကြား၏ အမှောင်ထုထဲမှ ဝုန်း
ခနဲ ခုန်ထွက်လာသည်။

ကျားကြီးပဲ။

သူ့ကို ရာဇာထွန်းက ဘာတစ်ခုမှ မပြုနိုင်မီ သူ့လက်
ကြီးတဘက်က ရာဇာထွန်း၏ အကျီလည်ပင်းကို ဆုပ်ကိုင်ဖျစ်ညှစ်
လိုက်သည်။

"ဟေ့ကောင်"

သူ့အသံက မကျယ်ပေမဲ့ ဗုံးပေါက်ကွဲသံလို။

အနံ့အသက်ကလည်း မကောင်း။

"ဟေ့ကောင်၊ မင်း ငါ့နောက် ဘာလာလိုက်လုပ်တာလဲ"

ကြည့်စမ်း ... အဆော်လျှင်တဲ့ ကျားကြီး။

မိမိကတော့ သူ ဘာမှမသိဘူးဟု ထင်ခဲ့သည်။ သူ
သိသည်။ မိမိနောက်ယောင်ခံလိုက်နေခြင်းကို မသိဟန်ဆောင်နေခဲ့
သည်။

မိုးစက်မိုးပေါက်တို့ မျက်နှာကို မှန်နေသည့်ကြားမှ
ကျားကြီးကို မထေမဲ့မြင်သံနှင့် ...

"ခင်ဗျားက ဘယ်သူမို့လဲ၊ ကျုပ်က ခင်ဗျားနောက်ကို ဘာ
လို့လိုက်ရမှာလဲ"

"စကားမရှည်နဲ့၊ မင်း ဘယ်သူဆိုတာ ငါ သိချင်တယ်"

သေးငယ်သော အလင်းရောင်တန်း တစ်ခုက သူ့
မျက်နှာပေါ် ဖြာကျလာသည်။ ဓာတ်တိုင် လက်နှိပ်ဓာတ်မီးလေး၏
အလင်းတန်း။

www.burmeseclassic.com

www.burmeseclassic.com



"ဩ … မင်းကိုးကွ"

"မှတ်မိတယ် မဟုတ်လား"

"မှတ်မိရုံ ဘယ်ကမလဲကွ၊ မင်းကို လိုက်ရှာနေတာ ဘယ်မလဲ ငါ့သမီး"

မမျှော်လင့်လိုက်တဲ့စကား။ ရာဇာထွန်း ရင်တွင်းမှာ ဒိတ်ခနဲ။

"ဘာလဲ၊ ကျုပ် မသိဘူး"

"ဟော့ကောင်"

သူက သူ့အင်္ကျီစကို ဆွဲခါရုံမက၊ ရာဇာထွန်း ခေါင်းမှာအုံပြီး မီးပွင့်ထွက်သွားသည်။

အမယ်လေး … လက်သံပြောင်လိုက်တဲ့ လူကြီး။

"မင်း ငါ့သမီးကို ဖွက်ထားတာ ငါ သိတယ်ကွ၊ ငါ့ကို ဟိုကောင် လူကျော် ပြောထားပြီးသား"

ရှင်းသွားသည်။ လူကျော်က ငနဲကြီးကို တွန်းပို့သွားတာပဲ။

အသားကိုထိတော့ ရာဇာထွန်း ငြိမ်မနေ။

ကိုယ့်မှာလည်း လက်နဲ့ စိတ်နဲ့ပဲ။

သူ့ညာလက်က အင်္ကျီ လည်ကုပ်ကို ကိုင်ဆွဲထားသော ကျားကြီး၏ ညာလက်ခုံပေါ်သို့ ဖျတ်ခနဲ အုပ်ချ၍ အောက်သို့ ဆွဲချချိန်မှာ သူ့ကိုယ်ကိုလည်း ဘယ်မှညာသို့ လှည့်ညွှတ်ပြီးသား ဖြစ်သွားသည်။

တစ်ချိန်တည်းမှာ ဘယ်လက်ဖဝါးနှင့် ကျားကြီး၏ ညာတံတောင်ကို ဒိုင်းခနဲ ပစ်ဖိချိုးပစ်လိုက်သည်။



ကျားကြီး မြည်သည်။ ကိုယ်ခံပညာမသေးကြောင်း သိသွားသည်။ သူ့တံတောင်ကို ကွေးပစ်လိုက်သည်။

"ဖုန်း"

ရာဇာထွန်း ဖင်ထိုင်ကျသွားသည်။ သူ့ဘယ်ခြေကို ကျားကြီးက ကုန်းရာမှ ဆွဲယူပစ်လိုက်သောကြောင့် ဖြစ်သည်။

ရာဇာထွန်းကလည်း အလွတ်မပေး။ သူ့ညာခြေနှင့် ဖင်ထိုင်လဲလျက်က ပင့်ခတ်ပစ်လိုက်သည်။

"ခွပ်"

"အား"

နားထောင်ကောင်းလိုက်တဲ့ အသံလေး။ ဟင်း … ဘယ့်နှယ်ရှိစ။ သိသွားပြီလား။

ကျားကြီး အနေအထားက ရာဇာထွန်း လဲသလို ထပ်တူထပ်မျှ။ ခြေထောက်က ရှူးဖိနပ်ဦးနှင့် သူ့မေးစေ့ ထိလိုက်ပုံက လှလှလေး။

ဒါပေမဲ့ …

ကျားကြီး အသားက သံရည်ကျိုစက်က သံမဏိသားသားဟု ထင်ရသည်။

သူ ပြန်ထလာစဉ် ရာဇာထွန်းက ညာခြေကို ဆတ်ခနဲ ကောက်ခုန်တက်ပြီး ညာလက်ချောင်းထိုးနှင့် လက်ချောင်းများစုလျက် ကျားကြီးဝမ်းဗိုက်ထဲသို့ ထိုးလိုက်သည်။

ကျားကြီးက သူ့ညာခြေကို ဘယ်သို့ရွှေ့၍ ဘယ်တံတောင်နှင့် လက်ချောင်းထိုးကို ပင့်ရိုက်ဖယ်ပစ်လိုက်သည်။

သူ့ညာလက်ဝါးစောင်းကြီးနှင့် ရာဇာထွန်း၏ခေါင်းကို ခုတ်ချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာထွန်းက ဘယ်ခြေရှေ့တက်ပြီး လက်နှစ်ဘ ကြက်ခြေခတ်၍ ခံတားပေးလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ညာ နှင့် ကျားကြီး၏ ရင်ညွန့်ကို ခုန်တိုက်ပစ်လိုက်သည်။

အင့်ခနဲမြည်သံနှင့် ကျားကြီး ရှေ့သို့ စိုက်ကျ သည်။ ချက်ကောင်းထိသွားသည်။ သည်အတွင်း မိုးရေမိုးစက် ထ မျက်စိထဲ ဝင်လာသည်ကြောင့် ရာဇာထွန်း မျက်လုံးများ မှိ ပစ်လိုက်ရသည်။

ဒီအတွက် သူ ခံရသည်။

ငိုက်ဆင်းလာသော ကျားကြီးက သူ့ခေါင်းနှင့် ရာ ထွန်း၏ မျက်နှာကို တစ်ဟုန်ထိုး ခုန်တိုက်ပစ်လိုက်သည်။

ရာဇာထွန်းရော သူပါ မိုးရွှဲနေသော လမ်းပေါ်တွ ဘိုင်းခနဲ ပစ်လဲကျသွားသည်။

တစ်ယောက်ကို တစ်ယောက် လုံးလား ထွေးလ ဖြစ်သွားကြသည်။

"တီ ... တီ ... တီ"

မော်တော်ကား ဟွန်းသံတစ်ခု။

ရုတ်တရက်ဆော် မကြားမိကြ။ တစ်ယောက် တစ်ယောက် သဲကြီးမဲကြီး။

"တီ ... တီ ... တီ ... တီ"

ကားဟွန်းသံက ပိုပြီး စူးရှသွားသည်။ လူနှစ်ယော သည် လုံးထွေးနေလျက်မှ တန့်သွားကြသည်။ ထရပ်လိုက်ကြသည်

"လမ်းပေါ်မှာ ဘာဖြစ်နေကြတာလဲ"

ကားတွင်းမှ မိန်းမသံလေးတစ်ခုက ညံတက်လာ သည်။



"သတ်နေကြတာဗျို့"

ရာဇာထွန်းက စိတ်ရှုပ်စွာ အော်ပစ်လိုက်သည်။

"ရှင်တို့ သတ်ချင်ရင် လမ်းပေါ်မှာ မသတ်ကြနဲ့၊ ကျွန်မ ထောင်ကျမခံနိုင်ဘူး၊ သတ်ချင်ရင် လမ်းဘေးမှာ သွားသတ် ပြီး သေကြ"

ကားတွင်းမှ မိန်းကလေး၏ ဒေါသောနှင့် ဟောက်သံ လေးက ထပ်ဆင့်လာသည်။ ကားကို သူကိုယ်တိုင် မောင်းလာသည်။

သူ့ဘေးမှာ ယောကျ်ားတစ်ယောက်။

"ကိုယ့်လူတို့ လူစွမ်းကောင်း လုပ်မနေကြစမ်းပါနဲ့၊ ဖယ်ကြ စမ်းပါ"

အမျိုးသားကပင် မာမာပြောနေသည်။

ခက်လိုက်တာ။

သူတို့နဲ့ ထပ်ချဲရမလို ဖြစ်နေပြီ။ ရာဇာထွန်း ဒေါပွ သွားသည်။ ယင်းစဉ်မှာပင် ရာဇာထွန်း ဘေးနားမှ ကျားကြီးက လှစ်ခနဲ ထွက်ပြေးသည်။

အလွတ်မခံနိုင်။

"ကိုရာဇာ ... ကိုရာဇာ ... နေဦးလေ"

ကားထဲမှ မိန်းကလေး၏ လှမ်းခေါ်သံ။ သွေးပူသွား သော ရာဇာထွန်းမှာ ခြေလှမ်းတုံ့သွားသည်။ လှည့်လိုက်သည်။

မှောင်နေသော ကားထဲမှ မီးလင်းသွားသည်။

ကေရီဖော်ပါပဲလား၊ သူ့နားက ဘဘဲက ဘယ်သူလဲ၊ အဲ ... သိပြီ။ မောက်မာတဲ့ ခေါက်တာကြီး။

"ကေရီပါလား"

"ကေရီက ဘယ်သူများလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာကြီးလည်း ပါသကိုး"

"ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ"

ကိုသန်းထွန်း အသံက ရာဇာထွန်းကို အထင်အမြင်သေးသည့် အသံ။

"ကျွန်တော့်လက်ပတ်နာရီကို လုသွားတာပဲ"

ခပ်ပေါ့ပေါ့ပင် ဖြေလိုက်သည်။

"ဟင် ... ဒီလိုဆို လိုက်ကြမှပဲ"

"လိုက်လို့ ဘယ်မီတော့မလဲ ကေရီရဲ့၊ သွားပါစေ၊ လက်ပတ်နာရီ မပါပါဘူး"

"ကိုရာဇာ ကားပေါ်တက်"

"နေပေစေ၊ ဒီအတိုင်း ကျွန်တော် ပြန်မယ်"

"ကားပေါ်တက်ပါဆို"

"ရပါတယ်"

"ကေရီကလည်းကွာ၊ သူ မလိုက်ချင်တာ"

"ကိုသန်းထွန်း ဘာသိလဲ၊ ဟိုမှာ မိုးတွေရွာနေတာ မမြင်ဘူးလား၊ ကြည့်ပါဦး၊ သူ့တစ်ကိုယ်လုံးလည်း ရွှဲရွဲစိုနေပြီ၊ လာ ကားပေါ်တက်"

နောက်ဆုံးသံလေးက အာဏာသံလေး။

အာဏာကို ဖယ်မရတဲ့ အသည်းနှလုံးကို ရာဇာထွန်း စိုးပိုင်နေသည်။ ဒီတော့ တစ်ဖက်မိန်းကလေး၏ အာဏာတည်စေသတည်းပေါ့။

ကားနောက်ခန်းထဲသို့ သူ ဝင်ထိုင်ပြီးချိန်မှာ မိုးက ပိုသည်းလာသည်။ ကိုသန်းထွန်းက ရှုသိုးသိုး။

လမ်းတစ်လျှောက်တွင် ကေရီက သာလိကာမလေး။



သောကြာသမီးများ ဖြစ်ရော့သလား။

ပြောလိုက်တာ သူ့စကားချည်း။

တည်းနိုခန်းရှေ့ ကားရပ်တော့မှပဲ အမျှင်ပြတ်တော့သည်။

ဒါကြောင့် ဒေါက်တာသန်းထွန်း၏ မျက်နှာကြီးက ပိုပြီးသာ ရှုသိုးသိုး။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ကေရီကို တစ်ညလုံး အိပ်မက် မက်နေသည်။

သူနှင့် ကေရီ ပန်းခင်းလေးတစ်ခုထဲမှာ ပြေးကြ လွှားကြ။ ချစ်လိုက်ကြ။

ပျော်လိုက်တာ။

အလိုက်မသိတဲ့ တံခါးခေါက်သံ တစ်ခုကြောင့် သူ နိုးသွားခဲ့ရသည်။ မျက်လုံးများကို ပွတ်သပ်ပစ်လိုက်သည်။

တံခါးကို သွားဖွင့်ပေးလိုက်သည်။

"ဟင်"

သူ ခြေတစ်လှမ်း ဆုတ်သွားသည်။ မျှော်ကိုးမထား တဲ့ လူတစ်ယောက်က တံခါးဝမှာ ရပ်လို့ပဲ။

"အခုမှ အိပ်ရာက ထသလား ကိုရာဇာထွန်း"

"ခင်ဗျား တံခါးခေါက်သံကြောင့် နိုးလာတာပါ၊ ဝင်လေ ကိုမင်းလှိုင်"

ကိုမင်းလှိုင်က အခန်းကို ဟိုကြည့်ဒီကြည့် ကြည့်ပြီး ဝင်လာသည်။

"နေပင်ထိုးနေပြီ"



"နေမြို့သွားတောင် ကျွန်တော် နိုးမှာမဟုတ်သေးဘူး ကိုမင်းလှိုင်"

"အအိပ်ကြီးလိုက်တာ"

"ညက အိပ်ရေးပျက်လို့၊ ထိုင်စောင့်ဦး၊ ကျွန်တော် မျက်နှာသစ်လိုက်ဦးမယ်"

သူ မျက်နှာသစ်ပြီး ဖယ်လ်တာထဲမှရေကို ဖန်ခွက်နှင့်ခံပြီး သုံးခွက် အဝသောက်ပစ်လိုက်သည်။

ဒါက နံနက်တိုင်း သူကျင့်နေကျ သူ့အကျင့်။

ရေသည် ရောဂါပေါင်းစုံကို ပျောက်စေသည်။ လူကို ကျန်းမာစေသည်။ ဆီးဝမ်းကို မှန်စေသည်။

ဂျပန်ပြည်ရှိ ဆရာဝန်များအသင်း အဖွဲ့အစည်းတစ်ခုက ရေ၏အကျိုးအာနိသင်နှင့် သောက်ရမည့်အချိန်ကို ထုတ်ပြန်ပြီးကတည်းက သည်နည်းကို သူ ရလာခဲ့သည်။

"ဘာအကြောင်းထူးလဲ"

သူ့လိပ်စာကို ကိုမင်းလှိုင်အား လိုရမယ်ရ ပေးထားခဲ့သည်။ ကိုမင်းလှိုင် လိုက်လာနိုင်ခြင်းကို မအံ့သြ။

"သားအကြောင်းပါပဲ၊ သူတို့ ကျွန်တော်တို့ လင်မယားကို ဝမ်းနင်ပေးနေပြီ၊ အချိန်က သိပ်မကျန်တော့ဘူး ကိုရာဇာ"

"ရဲကို အကြောင်းကြားလိုက်ပါလား"

ကိုမင်းလှိုင် မျက်နှာပျက်သွားသည်။ အတိတ်ကာလက ညစ်မည်းသော အစွန်းအကွက်တွေကြောင့် သူ "ရဲ" နှင့် ရင်မဆိုင်လိုဟန် ရှိသည်။

"မလွယ်ပါဘူး"

"ဒါဖြင့်လည်း ရတနာတွေကိုပေးပြီး ရွေးလိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက နုအထိ ရတနာတွေကို ပြောနေသေးသလား"

"ရတနာတွေက ခင်ဗျားတို့ဆီမှာ"

"ကျွန်တော် ခင်ဗျားကို ပြောခဲ့တာပဲ ကိုရာဇာ၊ ရတနာတွေ ကျွန်တော့်လက်ထဲမှာ မရှိပါဘူးလို့"

"ကျွန်တော့်လက်ထဲမှာ မရှိလည်း ကျွန်တော့်မိန်းမ လက်ထဲမှာ ရှိမှာပေါ့"

"ခင်ဗျား မယုံလည်း ကျွန်တော် မပြောတတ်တော့ဘူး၊ ခင်ဗျား ကျွန်တော့်သားကို စုံစမ်းသေးလား"

"စုံစမ်းတာပေါ့၊ ဘာလဲ … ခင်ဗျားက ကျုပ်ကို ကတိမတည်ဘူး ထင်သလား"

"မဟုတ်ပါဘူး၊ ကျုပ်တို့ကို သတ်ချင်နေတဲ့ လူတစ်ယောက်က ကျုပ်တို့သားလေးကို ပြန်ကယ်ပေးမယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားလို့ သံသယ ဖြစ်နေလို့ပါ"

"အထင်သေးလှချည်လား၊ ကျုပ်မှာ အင်ဖီးရီယား ကွန်ပလက်ရှင်း(Inferier Complexion) ခေါ်တဲ့ သိမ်ဖျင်းတဲ့ စိတ်ဓာတ် မရှိဘူးဗျ"

"ဒါဖြင့် ဘယ်အခြေ ရောက်နေပြီလဲ"

"နားထောင်"

သူ ကြုံတွေ့သမျှကို ပြောပြသည်။

"အား … ဒီလိုဆို ဟုတ်ပြီ၊ ကျွန်တော် နားလည်ပြီ၊ လူကျော်ဆိုတဲ့လူကို ခင်ဗျား ခြေရာခံလိုက်နိုင်ရင် လွယ်ပြီပေါ့"

ကိုမင်းလှိုင်၏ မျက်နှာအရောင်က ပြောင်းလာသည်။ ဖြူဖျော့ဖျော့မှ သွေးရောင် လွှမ်းလာသည်။

မျက်လုံးများတွင် အရောင်ဝင်းလာသည်။



"သူ့နောက်ကိုလိုက်ဖို့ပဲ ကျွန်တော် အာရုံစိုက်နေတယ်"

"ကျွန်တော် ဘာကူညီရမလဲ"

"လိုရင် ပြောမယ်"

"လုပ်ပါဗျာ၊ ကျွန်တော့်သားလေးကို အသက်နဲ့ကိုယ် မြဲပြီး ရရင် တော်ပါပြီ၊ ကျေးဇူးမမေ့ပါဘူး"

"ဘာ … ကျေးဇူးမမေ့မပါဘူး၊ ဟား … ဟား … ခင်ဗျားက ကျွန်တော့်ကို မင်းမင်းထွန်းလို့ အောက်မေ့နေသလား"

အသံက မာတက်သွားသည်။ မရယ်ချင် ရယ်ချင်နှင့် ရာဇာထွန်းက ရယ်ပစ်လိုက်သည်။

"ပြီးခဲ့တာတွေ မေ့လိုက်ပါတော့၊ မင်းမင်းထွန်းကိုလည်း ကျွန်တော်တို့ မသတ်ခဲ့ရပါဘူး၊ သူ့ဟာသူ ပြေးရင်းလွှားရင်း တစ်နေရာမှာ သေခဲ့ရတာပါ"

ရာဇာထွန်းသည် ပြတင်းပေါက်ဘက်သို့ လျှောက်သွားသည်။

အပြင်ဘက်သို့ ကြည့်ချိန်မှာ ထူးထူးခြားခြား တစ်ခု စိတ်ထဲမှာ ခံစားလိုက်ရသည်။

သူ နောက်ဆုတ်လိုက်သည်။

ကံကောင်းထောက်မ,ပေလို့ပဲ။

သူ့မျက်နှာနားမှ ပိတုန်းတစ်ကောင် ဖြတ်ထွက်သွားသလို ဝိုးခနဲ အရှိန်နှင့် ဖြတ်ထွက်သွားသံ ပေါ်လာသည်။

အရာဝတ္ထုတစ်ခုက သူ့မျက်နှာသားက ပြတင်းပေါက်ဆောင်ကို ဖွဲထုတ်ပစ်လိုက်သည်။

သစ်သားစ,တွေ ဖွာခနဲ ပွဲထွက်သွားသည်။

သူ နောက်ထပ် အချိန်ပေး ရရှိ။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ခုန်ဆုတ်လိုက်စဉ် ဒုတိယအရာဝတ္ထုတော် က ပြတင်းပေါက်ဘောင်ကို ထိမှန်ပြန်ပါသည်။

ဟိုက် ... သူ့ကို ချောင်းမြောင်းလုပ်ကြံနေပါပကော လား။

နောက်သို့ လှည့်လိုက်သည်။

ဘားဘားချော ကိုမင်းလှိုင်က လက်တင်ကုလားထိုင် ပေါ်တွင် အေးအေးဆေးဆေး ထိုင်နေသည်။ အမြင်မတော်သဖြင့် ရာဇာထွန်း ပြေးသွားပြီး ကိုမင်းလှိုင်ကို ခုန်အုပ်လှဲချလိုက်သည်။

နှစ်ယောက်ကြမ်းပြင်ပေါ်သို့ ဗလုံးဗထွေး ကျသွား သည်။

သူတို့ခေါင်းပေါ်မှ သေမင်း၏ လေချွန်သံနှင့်အတူ ကျည်ဆောင့်တစ်ဆောင့် ပျံ့ဝဲသွားသည်။

အခန်းထဲက အဂတ်ထည့်ဗီရိုတံခါးကို ထွင်းဖောက် ပစ်လိုက်သည်။

"မထ,နဲ့"

လေသံနှင့် ဖိကြိမ်းလိုက်သည်။ ပထမသော် ကိုမင်းလှိုင် နားမလည်သလို။ ရာဇာထွန်း၏ မျက်နှာအနေအထားနှင့် ဗီရိုကို ကျည်ဖူးထိမှန်သံကြားမှ နားလည်သည်။

နောက်ထပ် ကျည်ဆန် ထပ်မလာ။

ငါးမိနစ်နီးပါးကြာပြီးမှ ထ,လိုက်ကြ၏။

"ကံကောင်းလို့ဗျို့၊ ဘယ်သူ ပစ်တာလဲ"

"ကံကောင်းတာထက် ကျွန်တော် လျှင်လိုက်လို့ပဲ ဆိုရမယ် ပစ်တာတော့ ဘယ်သူပစ်တယ်လို့ ဘယ်ပြောနိုင်မလဲ"



ပြတင်းပေါက်နားသို့ ရာဇာထွန်း ကပ်သွားသည်။ ကျည်ဆန်ရာကို ကြည့်သည်။ လမ်းဘက်သို့ ကြည့်ပြန်၏။

ဘယ်နေရာကနေ၍ သေနတ်သမားက ဆော်ထည့် သွားလေသည် မသိ။

ဗီရိုကို ကြည့်သည်။ ကျွန်းသားဗီရိုတံခါးကို ထုတ် ချင်းခတ် ဖောက်ဝင်သွားသည်။

ကျည်ဆန်ရာက လက်ညှိုးလုံးလောက် ရှိမည်။

သေနတ်သံ မကြားပုံထောက်တော့ ဆိုင်လင်ဆာတပ် ထားမှာ သေချာသည်။

"ကျွန်တော် သွားတော့မယ်"

သက်ပြင်းကြီးတစ်ချက်ချလျက် ကိုမင်းလှိုင်က ထ, လိုက်သည်။

"ဒီကျည်ဆန်ဟာ ခင်ဗျားနဲ့ ကျွန်တော့်ကို ရည်ရွယ်ထားတာ ဖြစ်မယ်"

"ခင်ဗျားကို ပိုဖြစ်နိုင်ပါတယ်"

တုန်လှုပ်သောလေသံနှင့် ပြော၍ တံခါးပေါက်သို့ ကိုမင်းလှိုင်က အလျှင်အမြန် လျှောက်သွားသည်။

"ထူးထူး အတွက် ရဲကို အသိပေးဦး"

တံခါးပေါက် ရောက်သောက်သည်တွင် ကိုမင်းလှိုင် က လှည့်၍ ...

"သားလေးအသက် မြဲမယ်ဆိုရင်တော့ ကျွန်တော်တို့လင် မယား အတိတ်က ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ရဲကို ရင်ဆိုင်ပြီး အောင် ပြရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တိတ်ခွေနှင့် ပတ်သက်ပြီး ရည်ရွယ်ပြောဟန် တူသည်။ သူ ထွက်သွားသည်။

ရာစာထွန်းက သူ့အဖြစ်ကို အသည်းယားသွားသည်။ သူသာ သတိမရှိလျှင် ရေခဲတိုက်ထဲ သွားအောင်နေရချိမ့်မည်။

သူ့ကို လုပ်ကြံသူများမှာ နှစ်ဖက်ဖြစ်နိုင်၏။ တစ်ဖက်က ထူးထူးအား ပြန်ပေးဆွဲ ခေါ်သွားသူ။

နောက်တစ်ဖက်က ကိုမင်းလှိုင်။

ကိုမင်းလှိုင်ကိုလည်း သူတော်ကောင်းစာရင်းထဲ ထည့်ထားလို့မဖြစ်။

သူ့ကို သူတို့နောက်ကြောင်း ပေါ်မှာစိုးသဖြင့် လူသတ်သမားငှားပြီး အချောက်ရှင်းတာ ဖြစ်ကောင်း ဖြစ်နိုင်သည်။

သူက မိမိထံ ဟန်ပြလာလည်သည်ကော မဖြစ်နိုင်ဘူးလား။

ဘာပဲဖြစ်ဖြစ် မိမိအတွက်တော့ သတိထားဖို့ ပိုလိုလာသည်။

နှင်းအေးမြိုင်ဆီသို့ သူ ထွက်လာသောအခါ လက်ထဲမှာ နှစ်ချောင်းဆက်တုတ်ကြိုးသိုင်းက ပါလာသည်။

နှင်းအေးမြိုင်နှင့် တွေ့ကြသည်။

တဲကလေးထဲမှာ သူတို့နှစ်ယောက်တည်း။

ဦးသူတော်တို့ လင်မယားက သည်ကနေ့တွင် ချောင်းမြင့်ဘုရားသို့ ဥပုသ်စောင့် သွားနေကြသောကြောင့် ခြံထဲမှာ သူတို့နှစ်ဦးတည်း။

"ဒုက္ခပါပဲ၊ အဖေ မြိုင့်ကို ပျောက်လို့ လိုက်ရှာနေတာပဲ"

"လူကျော်နဲ့ သူနဲ့တွေ့တာ အံ့သြစရာပဲ"



"ဒါတွေ မြိုင် မသိဘူး၊ မြိုင်တော့ ပြန်မှထင်တယ်၊ အဖေ့ကို အသိမပေးဘဲ မြိုင် ဒီကိုလာကတည်းက မှားတာပဲ"

"မြိုင် ထွက်ပြေးလာတာပဲ မှတ်လား၊ လာချင်လို့မှ လာတာ မှတ်ဘဲ"

"အဖေ စိတ်ဆိုးမှာပဲ မြိုင် ကြောက်တာ။ အဖေက မြိုင့်ကို မျက်နှာသာပေးတာ မဟုတ်ဘူး"

"မြိုင် ပြန်ရင် ဘယ်မှာသွားနေမလဲ"

"သချိုင်းဂူကြီးထဲမှာ"

မြိုင် လွှတ်ခနဲ ပြောမိသည်။

"ဘာ ... ဘယ်က သချိုင်းဂူလဲ"

မြိုင် တွေတွေလေး ငေးနေသည်။ မျက်နှာလေး အိုသွားသည်။

"ပြောလေ ... ပြောစမ်း"

"သချိုင်းထဲမှာ ဂူကြီးတစ်ဂူရှိတယ်၊ ဂျပန်စစ်ဗိုလ်တစ်ယောက်ရဲ့ အလောင်းကို မြှုပ်ထားခဲ့တဲ့ ဂူကြီးပဲ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ဂျပန်တွေ ဒီလမ်းမှာ ချီလာတော့ အင်္ဂလိပ်တပ်တွေနဲ့ တိုက်ပွဲဖြစ်ပြီး ကျသွားတယ်တဲ့၊ အဲဒီဂျပန်စစ်ဗိုလ်ကို ဂူကြီးသုပ်ပြီး မြှုပ်ပစ်ခဲ့တာပဲ"

"ဒီဂူထဲမှာ နေခဲ့ယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဒီအထဲမှာ ပုန်းနေလိုက်မယ်"

"ဘယ်လောက်ကြာကြာ ပုန်းနေမှာလဲ မြိုင်"

"ဘယ်လောက်ကြာကြာ ပုန်းပုန်း မင်း အလုပ် မပျက်ပါဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်မှ တဲပေါက်ဝမှ အသံတစ်သံ ပေါ်လာသည်။ သူတို့နှစ်ဦးလုံးရင်ထဲမှ သွေးခုန်သွားသည်။ လှည့်ကြည့်လိုက်ကြသည်။

တဲပေါက်ဝကိုကျော်ပြီး ဦးကျားကြီး ဝင်လာနေသည်။ ချောက်နှာသည် ကြောက်စရာ။

အသားပိုတွေ ထွက်နေသော မျက်နှာကြီးက သရဲရုပ်ကို ပေါက်နေသည်။

သူ့လက်ထဲမှာ လက်မလုံးနီးပါးရှိသော နွားရိုက်ကြိမ်ကြီးတစ်လုံး။

"အဖေ"

မြိုင်က လွှတ်ခနဲ အော်လိုက်သည်။ ကျားကြီးဘက်သို့ ပြေးသွားသည်။

"သွား ... နင် ငါ့နားမလာနဲ့"

ကျားကြီးက ဒေါသသံကြီးနှင့်ဆိုပြီး မြိုင်၏ပခုံးကလေးကို ဆောင့်တွန်းပစ်လိုက်သည်။

မြိုင် ခွေခနဲ လဲသွားသည်။

"အဖေရယ်"

မြိုင့်ထံမှ ငိုသံလေး ထွက်လာသည်။

ပါးပြင်လွှာ နှစ်ဖက်ပေါ်မှာ မျက်ရည်တွေနှင့်။

ပြီးတော့ ရှိုက်သံ။

"ဘာအဖေလဲ၊ နင်က ငါ့ကို ဘာအကြောင်းမကြား၊ ညာအကြောင်းမကြားနဲ့ နင့်လင်နောက် နင်လိုက်လာတာပေါ့လေ၊ နင့်ကို ငါ လိုက်ရှာနေရတာ ဘယ်လောက်မောလဲ၊ ဒီကောင်



ကို နင်သိလား၊ ဒီကောင်ဟာ ကလေးကို ဖြန်ပေးဆွဲခဲ့တဲ့ လူဆိုးကောင်"

သူ့အသံက ဝူးဝူးဝါးဝါး ဖြစ်နေသည်။

"မဟုတ်ဘူး၊ သမီးကို ဒီလိုမပြောပါနဲ့ အဖေရယ်၊ သမီးလေ ... သမီး ... အီး ... ဟင့် ... သမီး သူ့နောက်လိုက်ပြေးတာ မဟုတ်ဘူး၊ ဟင့် ... ဟင့် ..."

ရှိုက်ငင်သံနှင့် ပြောစကားသံ ထွေးနေသည်။

"သူပြောတာ မှန်တယ်၊ သူ့အန္တရာယ်အတွက် ကျွန်တော် ခေါ်လာတာ"

"မင်း ဝင်မပြောနဲ့၊ ဒီကောင်မလေးဟာ သူ့ဘဝသူ နားလည်တာ မဟုတ်ဘူး"

"ခင်ဗျားကသာ နားမလည်တာ ဦးကျားကြီး၊ အဖေတစ်ယောက် ဖြစ်ရဲ့နဲ့ သားသမီးရဲ့ တိုးတက်မှုကို မရှေ့ရှုဘဲ ကျောင်းနုတ်ပစ်ခဲ့တယ်၊ တောထဲမှာ တိရစ္ဆာန်လို အနှောင်အဖွဲ့နဲ့ ထားတယ်၊ မြိုင်ဟာ လူပါ၊ လူ့ဘဝရဲ့ လွတ်လပ်မှုတွေကို ဆုံးရှုံးနေတယ်၊ ခင်ဗျား ချုပ်ချယ်ခဲ့တယ်၊ မြိုင့်ဘဝကို နားမလည်တာက ကျွန်တော် မဟုတ်ဘူး၊ ခင်ဗျား ... ခင်ဗျား ... သိလား"

"မင်းက ငါ့ကို ဒီလိုပြောရဲလား"

"ခင်ဗျားတွင် မကဘူး၊ ခင်ဗျားအဘကြီးတောင် ပြောရဲတယ်၊ လူဖြစ်ပြီး လူ့ဘဝကို ချုပ်ချယ်တဲ့ ခင်ဗျားဟာ ကိုယ်ချင်းစာစိတ် မရှိဘူး"

"မင်းတော့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးရုပ်က ပိုသရဲရုပ် ပေါက်လာသည်။ အ
ကြီးက လည်ချောင်းသံကြီး ဖြစ်လာသည်။ သူ့ညာလက်က
ကိုင်ကြိမ်ကို မြှောက်လိုက်သည်။

"အဖေ"

တုန်ယင်ရိုက်ငင်သံလေးနှင့် မြိုင်ကအော်ပြီး
ထ လိုက်သည်။ ရာဇာထွန်း ရှေ့တွင် သူ့ကိုယ်လေးနှင့် ကွ
လိုက်သည်။

"အော် ... နင်တို့က ဒီလိုတောင် ဖြစ်နေပြီကိုး"

"ရိုက်စရာရှိ သမီးကိုရိုက်ပါ အဖေ၊ ဒီကိစ္စ မောင်မော
ဘာမှမဆိုင်ဘူး၊ သမီးသဘောနဲ့သမီး လိုက်လာတာ"

"တောက် ... နင့်ကို ငါ မုန်းတယ် မိမြိုင်၊ နင်က အ
ထက် လင်ကို ပိုချစ်တယ်ပေါ့၊ ကဲ ... ကဲ ... ချစ်ဦးဟ
ဦး"

ရှမ်းခနဲ ရှမ်းခနဲ ဆော်နှက်သံများ ပေါ်လာသ

ကျားကြီး၏ လက်ထဲမှ နွားရိုက်ကြိမ်က မြိုင့်ကိုယ်
ကလေးအပေါ် အဆက်မပြတ် ကျလာသည်။

မြိုင်သည် ကြိမ်ရိုက်ချက်များကို လက်ကလေးနှ
နှင့် ကာကွယ်ရှာသည်။

ကြိမ်ချက်များက လက်ရောကိုယ်ပေါ်ပါ အဆ
ပြတ် ကျလာသည်။

မြိုင်သည် ကြိမ်ရိုက်ချက်များကို လက်ကလေးနှ
နှင့် ကာကွယ်ရှာသည်။

ကြိမ်ချက်များက လက်ရောကိုယ်ပေါ်ပါ အဆ
မပြတ် ကျလာသည်။



မြိုင့်ခမျာ တွန့်ကာလိမ်ကာနှင့် ငါးဖယ်လူး လူးနေရှာ
ည်။

ဒေါသနှင့်ဆိုတော့ ကျားကြီးက မြိုင့်ကိုသာ မဲနေသည်။
ထွန်းကို ခေတ္တမေ့သွားသည်။

ရာဇာထွန်းက ခုန်ဝင်လိုက်သည်။ ကျားကြီး၏ ဝမ်း
ထဲသို့ ညာပင့်လက်သီးကို ပစ်သွင်းထည့်ပေးလိုက်သည်။

"မောင်မောင် မလုပ်နဲ့"

နာကျင်ကိုက်ခဲနေသော ကိုယ်လုံးကလေးကို လက်
သးနှစ်ဖက်ဖြင့် ပွတ်နေရင်းမှ မြိုင်က အော်လိုက်ရှာသည်။

ကျားကြီး နောက်သို့ ယိုင်သွားသည်။ သူ့လက်ထဲမှ
ကို ရာဇာထွန်းက ဆတ်ခနဲ လုပစ်လိုက်သည်။

ကြိမ်ကို ချိုးပစ်လိုက်သည်။

"ခင်ဗျားဟာ နွားပဲ၊ နွားကြီး၊ ကိုယ့်သမီးကို ဒီလောက်ရိုက်
ရသလား၊ ခင်ဗျားကို သတ်မှအေးမယ်"

ရာဇာထွန်း အသည်း ကျွဲခတ်ခံရသလို။

ဒေါသကြောင့် ဆတ်ဆတ်တုန်လာသည်။ တစ်နေရာ
ထောင်ထားသော နှစ်ချောင်းဆက် တုတ်ကြီးသိုင်းဘက်သို့
နဲ့ ခုန်လိုက်သည်။

"မောင်မောင် ... မောင်မောင်ရယ်၊ မလုပ်ပါနဲ့၊ အဖေ မြိုင့်
ကိုရိုက်တာ တရားပါတယ် မောင်မောင်"

သူ့ကို မြိုင်က ထဖက်သည်။ တားသည်။

ဦးကျားကြီးက မဝင်ဘဲ ရပ်နေသည်။

မျက်နှာအမူအရာက အပြောင်းလဲကြီး ပြောင်းလဲ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသတရားတို့ ကင်းစင်၍ ကြေကွဲသောအသွင်
ပြောင်းလာသည်။

"ခင်ဗျား ထွက်သွားဗျာ"

ရာဇာထွန်းက ဒေါသသံနှင့် ဆိုလိုက်သည်။

"သမီး"

"အဖေ"

"သမီးကို အဖေ ရိုက်မိတာ မှားသွားပြီ သမီး၊ သမီးဘဝ
စိုးရိမ်လွန်းလို့"

"သမီး သိပါတယ် အဖေရယ်"

မျက်ရည်ပေါက်တို့ ဦးကျားကြီး၏ မျက်လုံးနှစ်
အတွင်းမှ အိုင်ကျလာသည်။ မြိုင် သူ့အဖေမျက်ရည် တွေ့
အဖေ့ကို ဖက်ငိုမိသည်။

"သမီးရယ် ... မိုက်လှချည်လား၊ သူနဲ့မှ လိုက်လာရတာ
လို့"

"သမီးကို လူတွေဖမ်းမှာကြောက်ပြီး ထွက်ပြေးလာတာ
အဖေ၊ မောင်မောင်က သမီးကို မှဲ့တစ်ပေါက် မစွန်းအော
စောင့်ရှောက်ပါတယ်၊ အဖေ အထင်မှားတာပါ"

ငိုသံက တဲတွင်းမှာ လျှံနေသည်။ သားအဖနှ
ဖက်ငိုနေတာတွေ့တော့ ရာဇာထွန်း၏ ရင်တွင်းမှာ ကျင်သွားသ

မလှုပ်မရှားဘဲ ငေးမောရပ်ကြည့်နေမိသည်။

သူ့ရင်ထဲက ဒေါသသည်လည်း လွင့်စဉ်သွား

"သမီး အဖေနဲ့လိုက်ခဲ့"

မြိုင်က ငိုလျက်က ခေါင်းကို ညိတ်သည်။
ခေါင်းသည် အဖေ၏ရင်အုံကို မှီထားသည်။



"မောင်မောင်"

မြိုင်က ရာဇာထွန်းကို လှည့်ခေါ်သည်။

"ကိုယ် နားထောင်နေတယ်၊ မြိုင့်အဖေနဲ့ မြိုင် လိုက်သွားမယ် မှတ်လား"

"ဟုတ်ကဲ့ မောင်မောင်"

"ကောင်းပါတယ်"

ရာဇာထွန်း အသံက တိုးတိုးလေး။

ရင်တွင်းမှာတော့ ဟာသလိုလို။

မြိုင်သည် မျက်ရည်များကို လက်ဖမိုးနှင့် သုတ်ပစ်လိုက်သည်။ ရာဇာထွန်း ရှေ့သို့လာ၍ ကြို့ကြို့ကလေး ပုဆစ်တုတ်ထိုင်ပြီး ကန်တော့သည်။

"မောင်မောင်"

"ဟင်"

"မြိုင် နှုတ်ဆက်ခဲ့ပါတယ်၊ မြိုင့်ကို ချစ်ရင် မြိုင့်ဆီကို မောင်မောင် မလာပါနဲ့နော်၊ အဖေက မောင်မောင့်ကို အန္တရာယ်ပေးမှာ"

ရာဇာထွန်း တုံ့ကိုတာဝေ။

"မြိုင် မောင်မောင့်ကို နှုတ်ဆက်ခဲ့ပါတယ်၊ မမကေရီကို လည်း ပြောပါ၊ မြိုင် နှုတ်ဆက်သွားပါတယ်လို့"

ရာဇာထွန်းက သက်ပြင်းချလိုက်သည်။

"မြိုင်လေ မောင်မောင့် ကျေးဇူးကို မမေ့ပါဘူး"

ရာဇာထွန်းက ပြုံးလိုက်သည်။

"မြိုင် သွားမယ် မောင်မောင်၊ မြိုင်လေ မောင်မောင့်ကို သတိရနေပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးသည် ရာဇာထွန်းကို နှုတ်လည်းမဆက်။ ကြည့်လည်း မကြည့်။

သူတို့သားအဖနှစ်ယောက် ထွက်သွားရာကို ရာဇာထွန်းက မျက်စိတစ်ဆုံး လိုက်ကြည့်သည်။

မြိုင်သည် ခြံဝမှ ထွက်ကာနီး နောက်လှည့်ကြည့်ရှာသည်။ ရာဇာထွန်းက လက်မြှောက်ပြီး လှုပ်ယမ်းပြလိုက်သည်။

စိတ်ချမ်းသာပါစေတော့။

မြိုင်က ခေါင်းကလေး ငိုက်ဆိုက်ချ၍ သူ့အဖေနောက် လိုက်သွားသည်။

လာတဲ့လူ ပြန်သွားပြီ။

ကိုယ့်ရင်ထဲမှာတော့ တစ်မျိုးပါပဲကွယ်။

မြိုင် ပြန်သွားပြီကို ကိုအောင်ရွှေးလွင်တို့ မောင်နှမအား ပြောဖို့လိုလာပြီဟု သူ ယူဆမိသည်။



## ၁၃

ကေရီ၏ အိမ်ရောက်တော့ ကေရီ တစ်ယောက်တည်း။

ချက်ပြုတ်ပြီးလို့ ရေချိုး၊ အလှပြင်နေဆဲ ရာဇာထွန်း က်သွားသည်။

"ဟင် ... သူပါပဲလား"

ကေရီ၏ လက်ထဲမှာ ခေါင်းဖြီးဘီးရှည်ကိုင်ထား၏။

"သူ မဟုတ်ပါဘူး၊ ကျွန်တော်ပါ"

ကေရီကိုတွေ့တော့ သူ့စိတ်တွေ လန်းသွားသည်။

"ကိုအောင်ရွှေးလွင်ရော"

"မနက်ကတည်းက ထွက်သွားတာ"

"ဒီလူ လက်မာကြီးနဲ့ ဒီလိုပဲ လျှောက်သွားနေလား"

ဤသို့အပြောတွင် ဖျတ်ခနဲ သတိရလိုက်သည်။ သူ့ တ်ကို ဦးကျားကြီးက ဆော်ထည့်လိုက်သည့်အကြောင်း။

"နေဦးနော်၊ ကေရီ အဝတ်လဲလိုက်ဦးမယ်"

"သဘောပါ ခင်ဗျာ"

ကြည်ကြည်လေးပြုံး၍ ကေရီက အခန်းထဲ ပြန်ဝ သည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားနားသို့သွားပြီး အဖုံးကို ဖွင့်လိုက်သည်။ စန္ဒရား ခလုတ်များကို လက်နှင့်နှိပ်၍ သံစဉ်တီးလုံးများကို စမ်းကြည့်သည်။

နောက် စန္ဒရားရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

စတ္တန့်ပိုင်းအတွင်းမှာပင် စန္ဒရားသံက အခန်းထဲမှာ လှိုမ့်ဝင်လာသည်။ လက်သံစိပ်သလောက် မြူးမြူးကြွကြွ ရှိသည်။

ခေတ်ပေါ်တေးတစ်ပုဒ်ကို တီးလုံးနှင့် တီးခတ်လိုက် သည်။

စိတ်ပါလက်ပါတီးပြီး စန္ဒရားသံတိတ်သွားမှပဲ နောက် သို့ လှည့်ကြည့်လိုက်သည်။

လက်ခုပ်သံလေး ကြားရသောကြောင့် ဖြစ်သည်။

ဇာလက်ရှည် ခေါင်းလောင်းအင်္ကျီနှင့် ငုဝါရောင်ထ လေးကို ဝတ်ထားသော ကေရီ၏အလှမှာ ကြွချင်တိုင်း ကြွနေသည်။

ကြည့်ပြီးရင်း ထပ်ကြည့်ချင်သည့် အလှ။

"တို့များ ကိုရာဇာက သိပ်တော်တာပဲကွာ၊ အစက အတီး ဒါလောက်ကောင်းမှန်း မသိဘူး"

"ကျွန်တော် တီးတာ သိပ်ကောင်းတယ်လို့ ဆိုရင်တော့ - ကေရီက ကျွန်တော့်ကို တစ်ခုခု ဂုဏ်ပြုရလိမ့်မယ်"

ပြောပြီး အသံတိုးတိုးလေးနှင့် ရယ်သည်။

"ကိုရာဇာ မနက်စာ မစားရသေးဘူး မဟုတ်လား"

"မစားရသေးဘူး"

"ကေရီက မနက်စာနဲ့ ဂုဏ်ပြုမှာပေါ့ကွာ"

"ကျေးဇူးတင်ပါတယ်၊ ဘယ်တော့လဲ"

"ငြင်းလှချည်လား"

"ဆာနေပြီလေ"



သူ့ဗိုက်ကို ရာဇာထွန်းက ပွတ်ပြသည်။

ကေရီတို့အိမ်တွင် ထမင်းစားခြင်းသည် ရာဇာထွန်း အတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ လူကောင်ငယ်ပေမဲ့ အစား မသေး။

ဆန်နှစ်လုံးချက်နီးပါးလောက်ကို စားပြလိုက်သည်။

ကေရီ့လက်ရာတွေက လက်ရာကောင်း။

အစပ်မကြိုက်သည့် ကေရီက ဟင်းတွေကို အားလုံး ဂျော်ရောင်လေးပေးပြီး အချိုချက် ချက်ထားသည်။

ထမင်းတော့ စားပြီးပြီ။

ရေခဲသေတ္တာထဲမှ နံ့သာပုငှက်ပျောသီးကို ထုတ်ပြီး အိမ်ရှေ့မှာ တည်ခင်းပေးသည်။ စားပွဲအောက်တွင် ဘော(လ်)ပင်နှင့် သတင်းစာတစ်စောင်က ရှိနေပြီး ဖြစ်သဖြင့် ငှက်ပျောသီးစားလိုက်၊ သတင်းစာဖတ်လိုက် ပြုနေသည်။

ပန်းကန်များကို ဆေးကြောပြီးမှ ကေရီ ထွက်လာ သည်။

"စားလို့ ကောင်းရဲ့လား"

"ဟား ... သိပ်ကောင်း"

"နောက်ထပ် ဘာလိုချင်သေးလဲ"

ကေရီက ညှို့မျက်လုံးကြီးများနှင့် ရာဇာထွန်းကို ကြည့်ပြီး မေးခွန်းထုတ်သည်။

ရာဇာထွန်း ရင်မှာ မရိုးသိပ်နိုင်။

အဆင်သင့် တွေ့ရသော ဘော(လ်)ပင်ကို ကောက်ယူ လျှက် သတင်းစာထဲတွင် ရေးခြစ်လိုက်သည်။

ကေရီကို လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေရီက လှမ်းယူလိုက်မိသည်။ ဖတ်ကြည့်တော့ ...

လိုချင်တာက ကေရီကိုပဲ။

အမယ်လေးဟယ် ...

ရင်တုန်ချင်စရာကြီးပါလား။

ကေရီက သူ့ကို မျက်လုံးကလေး ပြူးကြည့်လိုက်လေသည်။

"စိတ်ဆိုးသွားသလား ကေရီ"

"စိတ်ဆိုးရမှာထက် ဝမ်းသာမိတယ်"

"အဟုတ်လား"

"ဟုတ်တယ်၊ စောစောစီးစီး သိရလို့"

"ဟင်"

"တစ်နေ့မှာ ဒီစကား ကြားရလိမ့်မယ်လို့ ထင်ပြီးသား"

"ကျ ... ကျွန်တော်၊ ... ဓ ... ကေရီကို ချစ်လို့ပါ"

"ကေရီကို ကိုရာဇာထွန်း ချစ်တယ် ဆိုတာတော့ ကေရီ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ..."

ကေရီ အသံလေးက သံမှန်သည်။ အမူအရာက မပျက်။ လက်ထဲက သတင်းစာကို ချလိုက်သည်။

"ဒါပေမဲ့ ဆိုတာ"

"ဒါပေမဲ့ဆိုတာ နောက်ဆက်တွဲ မနိုတ်တဲ့စကား ပြောရမှာပဲ၊ ကိုရာဇာ နောက်ကျနေပြီ၊ ကေရီနဲ့ ကိုသန်းထွန်းနဲ့"

"ချစ်နေကြလို့လား"

"ချစ်တာထက် အင်ဂေ့(ဂျ်)မင့် လုပ်ထားတယ် ကိုရာဇာ၊ ကေရီရဲ့မိခင် မဆုံးမီက မာမီ့စကားကို နားထောင်တဲ့အနေနဲ့ ကေရီနဲ့ ကိုသန်းထွန်း စေ့စပ်ကြောင်းလမ်းခဲ့ကြတယ်"



ရာဇာထွန်းက ဇ်ကရီကို ကြည့်နေသည်။ ကေရီက ပြုံးပြလို့ နေသည်။ သူ့အပြုံးက ကြင်နာပြုံးလေး။

ရင်မောရပါလားကွယ်။

တို့ ရင်ကို သော့ခတ်ထားတာကမှ ကောင်းဦးမယ် ကေရီရယ်။

"ကိုသန်းထွန်း အမေရိကားကို မသွားခင်ကတည်းက စေ့စပ်ကြောင်းလမ်းခဲ့တာပါ"

"ကျွန်တော် တောင်းပန်ပါတယ် ကေရီ၊ ဆောရီး ... ရီးယဲလီး ဆောရီး"

ရာဇာထွန်း အသံက မသိမသာ တုန်နေသည်။

"ဆောရီး ဆိုတာ ကေရီက ပြောရမှာပါ၊ ကိုယ့်အသည်းကို စစ်မှန်တဲ့အချစ် ရှိရက်သားနဲ့ ပြန်မပေးနိုင်တာကိုပဲ ကေရီက ကိုရာဇာ အတွက် ဝမ်းနည်းမိတာပါ"

"ဘာကို ဆိုလိုတာလဲ ကေရီ"

"ကေရီလည်း ကိုရာဇာကို ချစ်နေမိတာပါပဲ"

"ဟင် ... ကေရီ"

"အံ့သြသွားသလား၊ ကေရီရဲ့ အချစ်ကို ဖွင့်ဟလို့ မအံ့သြနဲ့၊ ချစ်တယ်ဆိုရင် ပြောင်ပဲ"

"ပွင့်ပွင့်လင်းလင်း သိရတာ ကျွန်တော် ဝမ်းသာပါတယ် ကေရီ၊ ဂုဏ်ယူပါတယ်"

"ဂုဏ်ယူစရာတော့ မရှိပါဘူး၊ ကိုရာဇာအတွက် ရလဒ်မှ မရှိဘဲကိုး"

ရာဇာထွန်းသည် ကေရီကို နှမြောကြေကွဲစွာ ခေါင်းကိုညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုရာဇာ"

"ဆိုပါဦး ကေရီ"

"သာမန်မိန်းကလေးတစ်ယောက် ဆိုရင်တော့ ကိုရာဇာကို ချစ်ရဲမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

"ကိုရာဇာမှာ အတိတ်လည်း မရှိဘူး၊ အနာဂတ်လည်း မရှိဘူး၊ ကိုရာဇာ ဘယ်လိုလူစားလဲ"

"ကေရီ သိချင်သလား"

"ကေရီ ကိုရာဇာကို စိတ်ဝင်စားမှုနဲ့ ချစ်လာတာပါ၊ ကိုရာဇာ ဘယ်သူလဲ ဆိုတာ ကေရီကို ဖွင့်ပြောလို့ မရဘူးလား၊ ပြီးတော့ ကိုမင်းလှိုင်နဲ့ ကလျာလှိုင်ကို ဘာလို့ သတ်ချင်ရတာလဲ"

အတော် အဖြေရခက်ပါသည့် မေးခွန်း။

"ပြောစမ်းပါ ကိုရာဇာ၊ ကိုရာဇာ ဘယ်လိုလူစားလဲ ဆိုတာ ကေရီ သိပါရစေ"

"ကေရီ သိလို့ကော အကျိုးထူးမှာလားကွယ်"

"ကေရီ စိတ်ဝင်စားတဲ့ လူတစ်ယောက်ဆိက သူ့အကြောင်းကို သိရတယ်ဆိုရင် ကေရီ အကျိုးရှိတာပေါ့ ကိုရာဇာရယ်"

"ပြောရခက်ပါဘိတော့"

"မပြောချင်ဘူးလား၊ ကြည့်စမ်း ... သူ မျက်နှာပျက်နေပြီ"

"မပျက်ဘူး၊ စိတ်ပျက်တာပါ"

"အေးပေါ့ ... သူက လူဆိုးဆိုတော့၊ သူ့အကြောင်း လူသိမှာစိုးတော့ စိတ်ပျက်မှာပေါ့"



"မပြောရင် မဖြစ်ဘူးလား ကေရီ"

"နိုး ... နိုး ... မရဘူး၊ ပြောရမယ်"

"မပြောရင်"

"ကေရီကို မချစ်လို့ပေါ့"

"ကေရီကို ချစ်လည်း ရမှ မရတာပဲဟာ"

"အံမယ် ... ဒီလိုပြောလို့ ဘယ်ရမလဲ"

"မလုပ်ပါနဲ့"

"လုပ်မနေနဲ့၊ မပြောရင် ဒီအိမ်က မပြန်ရဘူး"

"တစ်သက်လုံး ကျွေးထားမလား"

"ကျွေးမယ်၊ ဇလားနဲ့အပြည့်"

"ကေရီ ညစ်ပတ်တယ်ကွာ"

"အပိုတွေ လုပ်မနေနဲ့၊ ပြောမှာသာ ပြော"

ပြောရအခက်၊ မပြောရ အခက်။

ကဲ ... သိချင်မှတော့ အထုပ်ဖြေပြလိုက်တာ ယထာဘူတ အကျဆုံး။

"နားထောင်၊ ကျွန်တော့်နာမည်က ရာဇာထွန်း၊ ကျွန်တော် နေတာက ရန်ကုန်၊ ကျွန်တော် ဘွဲ့ယူလာတာက ဘီအက်စီဘွဲ့၊ တက်ခဲ့တာက ရန်ကုန်တက္ကသိုလ်၊ မိန်းမ မရှိဘူး၊ လူပျို"

"ကြွားမနေနဲ့ သိတယ် ... သိတယ်"

"ပြောရတာလေ၊ ဒါမှ ပြည့်စုံမယ်၊ ကျွန်တော့်မှာ မိဘမရှိဘူး၊ အစ်ကိုတစ်ယောက်နဲ့ အဒေါ်တစ်ယောက်ပဲ ရှိတယ်၊ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်က သိပ်ချစ်ကြတာ၊ ကျွန်တော့်အစ်ကိုက ပွေတယ်၊ အလုပ်ကောင်းကောင်း မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဆယ်တန်းမှာ လေးခါကျလို့ ကျောင်းမနေတော့ဘူး ပြောလည်း မပြောဘူး"

"သူ့အမည်"

"မင်းမင်းထွန်း"

"ဆက်"

"အဒေါ်က မင်းမင်းကို အိမ်ကနှင်ချလိုက်တယ်"

"ဘာကြောင့်"

"အိမ်ကပစ္စည်းတွေ ခိုးလို့"

"သိပ်ကောင်း"

"မင်းမင်းက ပိုဆိုးသွားတယ်၊ လူဆိုးသူဆိုးတွေနဲ့ ဆက်သွယ်ပြီး ခုစရိုက် အသက်မွေးဝမ်းကျောင်းနဲ့ မွေးလာတယ်"

"ပိုဆိုးလာတဲ့လူပဲ၊ ကိုရာဇာလိုပဲပေါ့နော်"

"ခနဲ့စမ်းပါနဲ့၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ကျွန်တော်က 'ဟာလီမူးလီးယန်း' ပင်လယ်ကူးသင်္ဘောလိုင်းမှာ ရေဒီယိုဆက်သွယ်ရေးအရာရှိ အဖြစ် အလုပ်ရတာနဲ့ ဂျပန်ကိုလိုက်သွားတယ်၊ ကျွန်တော် နိုင်ငံပေါင်းစုံကို သင်္ဘောနဲ့ရောက်တုန်း မင်းမင်းနဲ့ အဆက်အသွယ် ပြတ်သွားတယ်"

"နောက်ကြောင်းတွေ ဘယ်လိုလုပ်သိလဲ"

"လွန်ခဲ့တဲ့ တစ်လက အိမ်ကို ပြန်ရောက်တော့ အဒေါ်က ပြောပြတယ်၊ မင်းမင်းဟာ ခုစရိုက်မလေးတစ်ဦးဖြစ်တဲ့ ကလျာလှိုင်နဲ့ မေတ္တာမျှကြတယ်၊ ကလျာလှိုင် ဆိုတာကလည်း လွတ်လပ်တဲ့ မိန်းကလေး မဟုတ်ဘူး၊ သူ့မှာ ယောကျ်ားရှိတယ်၊ အဲဒီယောကျ်ားက ခါးပိုက်နှိုက် ခေါင်းဆောင်တစ်ဦးပဲ၊ ကိုမင်းလှိုင်တဲ့၊ သူတို့က မင်းမင်းကို ကြိုးကိုင်ခြယ်လှယ်



တယ်လို့ ပြောတယ်၊ အဒေါ်က သူသိသရွေ့ကို ကျွန်တော့်ကို ပြောပြတယ်၊ စာအိတ်တစ်ခုလည်း ထုတ်ပြတယ်၊ အဲဒီစာဟာ မင်းမင်းက ကျွန်တော့်ဆီ ရေးလိုက်တဲ့ စာပဲ"

"စာထဲမှာက"

"အဲ... စာထဲမှာက မင်းမင်းဟာ ကလျာလှိုင်နဲ့ ချစ်နေကြတယ်[illegible] သူရယ်၊ ကလျာလှိုင်ရယ်၊ လူတစ်ယောက်ရယ်၊ ကို[illegible]င်းလှိုင်ရယ် အကြံအစည်တစ်ခု ရေးဆွဲကြတယ်ဆိုပဲ၊ မင်္ဂလာဆောင်တစ်ခုမှာ ဓားပြတိုက်ဖို့ပေါ့၊ တိုတိုပြောရရင် မိုက်ကန်းကန်းနဲ့ လုပ်ရဲကိုင်ရဲတဲ့ မင်းမင်းထွန်းကို ကလျာလှိုင်တို့က မြှောက်ပေးပြီး ပဲခူးက သူဌေးတစ်ဦးရဲ့ မင်္ဂလာဆောင်ညစာစားပွဲကို ဓားပြတိုက်ကြတယ်၊ ခုပေါက်ဈေးနဲ့တွက်ရင် ငါးသိန်းကျော်ဖိုးလောက်ရှိတဲ့ ရွှေထည် စိန်ထည် လက်ဝတ်ရတနာပစ္စည်းတွေ ရလာတယ်၊ ပစ္စည်းလည်းရရော သူတို့တတွေ စေ့စပ်မတည့်ကြဘူး၊ လူတစ်ယောက်ကတော့ ဘာပစ္စည်းမှ မယူဘဲ ထွက်သွားတယ်"

"အဲဒီလူက ဘယ်သူလဲ"

"မင်းမင်း စာထဲမှာ နာမည်ဖော်မထားဘူး၊ မင်းမင်းကိုတော့ ကလျာလှိုင်နဲ့ ကိုမင်းလှိုင်က ဖမ်းလိုက်ကြတယ်၊ သူ့ကိုသတ်ဖို့ စီစဉ်ထားတာမို့ ဒီစာကို ကျွန်တော် နိုင်ငံခြားက ပြန်လာရင် သိရအောင် ကိုမင်းလှိုင်တို့ မသိအောင် ရေးပို့လိုက်တာတဲ့"

"ဪ... မင်းမင်း သေရလို့ ကိုရာဇာက ကလျာလှိုင်တို့ကို သတ်ချင်တာကိုး၊ ကလျာလှိုင်တို့က အခုက မြို့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ၊ အစက ရန်ကုန်မှာပဲ၊ ဓားပြမှုပြီးတော့ ဒီမြို့ကို ခြေရာဖျောက်လာတာ"

"ရဲတိုင်လိုက်ရင် မကောင်းဘူးလား"

"အစကတော့ ရဲကိုမတိုင်ဘဲ ကိုယ်တိုင် ကလဲ့စားပြန်ချေမယ်လို့ စိတ်ကူးလာတယ်"

"ကလဲ့စားချေတယ် ဆိုတာ ကောင်းတဲ့အင်္ဂါရပ်စ်ခု မဟုတ်ပါဘူး ကိုရာဇာရယ်"

"ဒါတွေ ကျွန်တော် နားလည်ပါတယ်၊ ဗထမတော့ ဒေါသအလျောက်ပဲ၊ ကျွန်တော့်မှာ ကျွန်တော့် အစ်ကိုတစ်ယောက်တည်း ရှိတယ်၊ သူ့ကို ချစ်တယ်၊ သူ့ကိုချစ်စိတ်ကြောင့် ပါးကိုက်ရင် နားကိုက်မယ်ဆိုတဲ့စိတ်. ရှိခဲ့တယ်"

"ခုတော့ကော"

"မလွယ်ပါဘူး၊ မလွယ်ဘူး ဆိုတာ လူတစ်ယောက်အသက်ကို သတ်ဖို့မလွယ်တာကို ပြောတာပါ၊ ကျွန်တော်ဟာ ကိုမင်းလှိုင်တို့ လင်မယားကို မတွေ့ခင်က သွေးအေးအေးနဲ့ သတ်နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်၊ လက်တွေ့ကျတော့ သတ်ဖို့အခွင့်အရေး ရတာတောင် မလွယ်ဘူး၊ သတ်လည်း မသတ်ရဲဘူး"

"ဒါ ပိုကောင်းတာပေါ့"

"ကျွန်တော်တို့ ညီအစ်ကို,ကို ငယ်ငယ်တုန်းက သိုင်းသင်ပေးခဲ့တဲ့ ဆရာတစ်ဦးကလည်း ပြောခဲ့ဖူးတယ်၊ သတ္တဝါတွေရဲ့ အသက်ထဲမှာ လူတစ်ယောက်ရဲ့ အသက်ကို သတ်ရတာ အခက်ဆုံးပဲတဲ့၊ လူမှာ ပင်ကိုက မေတ္တာတရား စိတ်ဓာတ်က



ရှိနေတော့ လောဘနဲ့ ဒေါသမရှိရင် သွေးအေးအေးနဲ့သတ်ဖို့ မလွယ်ဘူးတဲ့"

"ခုတော့ မှန်နေပြီပေါ့လေ"

"ဒါပေါ့"

"ကိုရာဇာရဲ့အကြောင်းကို သိရလို့ ကေရီ ဝမ်းသာပါတယ်"

"ဘာတွေ ဝမ်းသာနေတာလဲ"

မေးလိုက်သံနှင့်အတူ အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ ဒေါက်တာသန်းထွန်း။

သူ့မျက်နှာက ကေရီတို့ နှစ်ယောက်လုံးကို မသင်္ကာန် ပေါ်နေသည်။ အခန်းထဲက လူနှစ်ယောက်မှာ မိမိတို့စကားကို မိတို့ စိတ်ဝင်စားနေသဖြင့် ကားရပ်သံကို မကြားသိလိုက်ခြင်းဖြစ်သည်။

"ပြောလေ ... ဘာတွေ ဝမ်းသာနေတာလဲ"

ကိုသန်းထွန်းက ခပ်ကျယ်ကျယ် မေးလိုက်သည်။ မျက်နှာက ခပ်ထန်ထန်။

"ဝမ်းသာစရာရှိလို့ ဝမ်းသာတာပေါ့"

ကိုသန်းထွန်း၏ အမူအသင်ကို ကေရီ မကြိုက်။ ပြန်ပြောလိုက်ပုံက ခပ်ပြတ်ပြတ်။

"မိန်းကလေး တစ်ယောက်နဲ့ ယောကျ်ားလေး တစ်ယောက် အိမ်ခန်းထဲမှာ နှစ်ဦးစကားပြောပြီး ဝမ်းသာတယ် ဆိုတာ တစ်မျိုးပဲ"

"ကိုသန်းထွန်း ဘာစကား ပြောတာလဲ"

"မလိုသားဘဲ့ စကားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မလိုလားရအောင် ကေရီက ကိုသန်းထွန်း မယား မဟုတ်
သေးဘူး"

"နောင် ကိုယ့်မယား ဖြစ်ရမှာပဲ"

"ဟင် ... ရှင် လူကြီးလူကောင်းလုပ်ပြီး စကားပြော နိုင်
လှချည်လား"

"အချစ်နဲ့ ပတ်သက်လာရင် ရိုင်းတယ်လို့ မရှိဘူး"

"ဘာ ... အချစ် ဟုတ်လား"

ဆတ်ခနဲ ထရပ်လိုက်သည်။ ကေရီက ခါးတွင်လ
ကလေးနှစ်ဖက် ထောက်လိုက်သည်။

"ဒီမှာ ကိုသန်းထွန်း၊ လူဟာ လူစိတ်ရှိရတယ်ရှင့်၊ ကေရီ
အိမ်မှာ ကေရီက လူတစ်ယောက်ကို လူလိုဧည့်ခံရမှာ
ဒီတော့ ကိုယ့်အိမ်မှာ ကိုယ်ဧည့်ခံတာကို ရှင်က ဘာ
ချုပ်ချယ်စရာ မလိုဘူး"

"မချုပ်ချယ်ပါဘူး၊ ဟင်း ဟင်း ... ကေရီကို ကိုယ်မချု
ချယ်ဝံ့ပါဘူး၊ ဒါပေမဲ့ ဘာမှန်း ညာမှန်းမသိတဲ့ လူတစ်ယော
ကို လက်ခံစကားပြောနေတာဟာ သိက္ခာမကျပေဘူးလား
ဟင်း ... ဟင်း ..."

ကိုသန်းထွန်း၏ မခိုးမခန့် ရယ်သံလေးက တစ်
နားခါးစရာ ကောင်းလိုက်တာ။

"တော်ပါတော့ ကေရီ၊ ကိုသန်းထွန်းကိုလည်း ကျွန်မ
တောင်းပန်ပါတယ်"

ထိုင်နေလို့ မဖြစ်တော့။ ကေရီနှင့် ကိုသန်းထွန်း
ပဋိပက္ခ ဖြစ်မည့်ကြားထဲ ဝင်ပြီးဖျန်ဖြေရတော့ ထရပ်ပြီး ဖျန်ဖြေ
ရသည်။



"မင်းနဲ့ မဆိုင်ပါဘူး"

ကိုသန်းထွန်းက အထင်သေး ရွတ်ချသံ။

"ကိုသန်းထွန်း ... ရှင် လွန်လာပြီနော်၊ သူနဲ့ ဘာမှမဆိုင်
ဘူး"

"ကေရီနဲ့ကော သူနဲ့ဆိုင်လို့လား"

"ဖြန်း"

ကေရီ စိတ်မထိန်းနိုင်။ ကိုသန်းထွန်း ပါးကို လက်တစ်
ဖက်နှင့် ဆော်ထည့်ပစ်လိုက်သည်။

ကိုသန်းထွန်း မျက်နှာကြီး နီသွားသည်။

"ခွပ်"

သူ့လက်သီးက ရာဇာထွန်း၏ မေးရိုးပေါ်သို့ ပြတ်
ပြတ်သားသား ကျလာသည်။ အမှတ်တမဲ့မို့ ရာဇာထွန်း မရှောင်သာ။
မေးရိုး ကျင်သွားသည်။

မျက်လုံးထဲတွင် မီးပွားတွေ လက်ခနဲ။

ကိုယ်က ယိုင်သွားသည်။

"ကေရီက ဒီကောင့်အတွက်နဲ့ ကိုယ့်ကို ပါးရိုက်တော့
ကိုယ်က ဒီကောင့်ကို ပြန်အကြွေးဆပ်လိုက်တာပေါ့"

ကိုသန်းထွန်းက ခပ်အေးအေး။ အမူအရာက ဝမ်း
ခနဲ့။ မျက်လုံးတို့က ရာဇာထွန်းအား စိန်ခေါ်နေသည့်မျက်လုံး။

ခံလိုက်ရတော့ ရာဇာထွန်း ဒေါပွသွားသည်။

တစ်ခုခု တုံ့ပြန်ဖို့ စိတ်ကူးလိုက်၏။

သော်မှာ ကေရီရယ်။

မသင့်တော်ပါလား။

"ရှင် ... ရှင်ဟာ ... ခွေး ... ခွေး"

www.burmeseclassic.com

www.burmeseclassic.com



ကေရီက ဒေါသသံလေးနှင့် ဗလုံးဗထွေး ပြော
ကိုသန်းထွင့်၏ ရင်အုံကို လက်သီးဆုပ်ကလေးများနှင့် ထုပစ်လိုက်
သည်။

မျက်နှာကို လက်ဝါးနှင့်အုပ်လျက် အိမ်အတွင်း
ထဲသို့ ဝင်ပြေးသွားသည်။

ကိုသန်းထွင့်က မလှုပ်မရှား ကျန်ခဲ့သည်။

ကေရီ အတွက် ရာဇာထွန်း စိတ်ထိခိုက်သွားခဲ့သည်။

လေးကန်သော ခြေလှမ်းများနှင့် တစ်လှမ်းချင်း
ထွက်လာသည်။ တိုက်ပြင်သို့အရောက်။

"ဟေ့လူ ... နေဦး"

ခြေလှမ်းများ တန့်သွားသည်။ တည်ငြိမ်အေးဆေးသော
မျက်နှာနှင့် ကိုယ်ကို လှည့်ကြည့်သည်။

သူ့နားသို့ ကိုသန်းထွင့် ကပ်လာသည်။

"မင်းကြောင့် ငါ့ကို ကေရီက စိတ်ဆိုးသွားပြီ"

"ကျွန်တော့်ကြောင့်လား၊ ခင်ဗျားကြောင့်လား ကိုသန်းထွင့်
စဉ်းစားစမ်းပါဦး"

"ဘယ်သူ့ကြောင့်လို့ ပြောမနေနဲ့၊ မင်းကြောင့်"

"ခင်ဗျား ဆရာဝန်လုပ်ပြီး သိပ်သိမ်ဖျင်းတဲ့လူ"

"ကေရီဟာ ငါ့ချစ်သူ၊ နောက် မင်း ဒီအိမ်ကို မလာခဲ့နဲ့
ကြားလား"

"မလာစေချင်ရင် ထိုင်ရှိခိုးလေ"

"နွေးမသား"

"ခင်ဗျားလည်း နွေးပဲ၊ ကေရီ ခင်ဗျားကို နွေးလို့ပြောခဲ့တာ
လည်း မမေ့နဲ့"



မြင်ပြင်းကတက်လာတော့ အငေါ်တူးပစ်လိုက်သည်။

ကိုသန်းထွင့်က လက်နှင့်တုံ့ပြန်လာပြန်သည်။

သူ့ညာလက်သီးက ဖြတ်လက်သီးအဖြစ် ရာဇာထွန်း
၏ မေးအောက်သို့ ဗွတ်ဗွတ်ရွတ်ရွတ် ဝင်လာသည်။

သည်တစ်ခါ မရတော့။

ဘယ်ဘက်သို့ ကိုယ်ကိုညွတ်ပေးလိုက်သည်။ လက်သီး
က ညာမျက်နှာနားမှ ကပ်အထွက် ရာဇာထွန်းလက်မှ နှစ်ချောင်း
ဆက်ပဲ တုတ်ကြိုးသိုင်း ထည့်ထားသောအိတ်က ကိုသန်းထွင့်၏ရင်ဝ
ထဲသို့ ဆတ်ခနဲ ဝင်သွားသည်။

"အွတ်"

အသံကလေးက လည်ချောင်းထဲမှ ရုန်းထွက်လာ
သည်။ ရာဇာထွန်းကို အရှိအသေ ပြုလာသည်။

"ဘုန်း"

ခန္ဓာကိုယ်နှင့် မြေကြီးရိုက်သံက နောက်ဆက်တွဲ။

ကိုသန်းထွင့်၏ ခြေဖျားကို ရာဇာထွန်းက သူ့ခြေ
ထောက်တစ်ဖက်နှင့် ရိုက်ထည့်ပစ်လိုက်သောကြောင့် ဖြစ်သည်။

ကိုသန်းထွင့် လှလှပပ ခံသွားရသည်။

"ခင်ဗျားကို သင်ခန်းစာ ပေးလိုက်တာပဲ ကိုသန်းထွင့်၊
လူတွေကို ခင်ဗျားလောက် အသုံးမကျဘူး မထင်လေနဲ့၊ လူ
မှန်ရင် သူ့စွမ်းအား သူ့စွမ်းရည်တော့ ရှိကြတာချည်းပဲ"

ကိုသန်းထွင့် မြေပြင်တွင် ဒူးထောက်၍ မျက်နှာကြီး
ရှုံ့မဲ့နေသည်။ လက်တစ်ဖက်က ရင်ဝကို ဖိထားသည်။ ဝေဒနာ
ကြောင့် သူ့စကားကို ကြားချင်မှ ကြားမည်။ မကြားလည်း ကြား
အောင် ပြောရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ကေရီကို ကျွန်တော် ချစ်တယ်၊ ဒါပေမဲ့ ကျွန်တော် နောက်ကျသွားတယ်၊ ကေရီဟာ ခင်ဗျားပေါ် သစ္စာရှိပါတယ်၊ ခင်ဗျားနဲ့သူ စေ့စပ်ထားကြောင်း ပြောပြီး ကျွန်တော့်အချစ်ကို ဟန့်တားလိုက်တယ် ကိုသန်းထွန်း"

သူက ဒါပဲပြောၿပီး ချာခနဲ လှည့်ထွက်လာသည်။

လှည့်မကြည့်တော့။



# ၁၄

"မသီတာကို တွေ့ချင်တယ်"

ညဘက်သို့ ကူးပြောင်းလာခဲ့ပါချေပြီ။

ထူးထူး အတွက် လမ်းစရှာဖို့ လိုအပ်နေသေးသည်။

ယင်းကြောင့် ရာဇာထွန်းသည် ယော်ကုန်းဘက်က အင်းလေးတီးဟောက်(စ်)သို့ သူ ရောက်လာသည်။

မနေ့ကညလိုပင် လူစည်ကားနေသည်။ ဦးရှာ သူ သိလိုသူများကို ရာဇာထွန်းက ရှာသည်။ မျက်နှာကျက်မိသူများကို ရွေးထုတ်မိသည်။

အထူးသဖြင့် လူရှော့် ဆိုတဲ့ကောင်၊

မတွေ့ရ။

အဆက်အသွယ်မိဖို့အတွက် ကိုယ်ပွားတစ်ခု ရှာရမည်။ လူကျော်၏ ကိုယ်ပွား မသီတာ။

ဆိုင်တွင် ငွေသိမ်း ကောင်တာမှာ ငွေသိမ်းနေသော အမျိုးသားတစ်ယောက်ကို မေးလိုက်သည်။

"မသီတာကို တွေ့ချင်တယ်"

"မသီတာကို တွေ့ချင်ရင် ထိုင်စောင့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နနာရီလောက် လာမလဲ"

"ပြောဖို့ခက်တယ်"

သိပ်စကားမပြောချင်။

ဘာလို့မှား မသီတာနဲ့ ပတ်သက်ပြီး မပြောချင်ပါ လိမ့်။

အင်း ... သဘောပဲ။

မသီတာ ဆိုတာ မြင်လည်း မမြင်ဘူး။

အေးလေ ... တနည်းနည်း ထွင်ဦးမှ။

သူ စားပွဲတစ်ခုသို့ ဝင်ထိုင်ချိန်တွင် ကောင်လေးတစ် ယောက်က အနားသို့ ကပ်လာသည်။ မနေ့က အိုဗာ(လ်)တင်းနှင့် ပဲပလာတာ လာချပေးတဲ့ ကောင်လေး။

"မင်း ငါ့ကို သိလား"

"သိသားပဲ၊ မနေ့က အစ်ကိုလာခဲ့တာ"

"ဒီနေ့ အအေးတစ်ခုခု ပေးကွာ"

"ဆင်နယ်လ်ကို၊ လီမွန်ဘာလီ၊ အော်ရိန့်(ဂျ်)ပင်မှည့်၊ ဆီး နာနတ်၊ ကရင်ဆိုဒါ၊ ကြိုက်ရာမှာ အစ်ကိုရေ့"

"ဆင်နယ်လ်ကိုနဲ့ ကိတ်မုန့်တစ်ပွဲ ပေးကွာ"

ကောင်လေး လာချသောအခါ ငွေတစ်ဆယ်တန်တို့ ထုတ်ပေးပြီး ...

"မင်း ပြန်မအမ်းနဲ့ကွာ၊ ပိုကာ မင်းအတွက်"

ကောင်လေး နားလည်သည်။ အထာသိသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်ကို"

"မသီတာနဲ့ တွေ့ချင်တယ်ကွာ"



ကောင်လေးက ဆိုင်ပတ်ပတ်လည် လျှောက်ကြည့် ၍...

"မသီတာ မလာသေးဘူး အစ်ကိုရ၊ အစ်ကိုက မသီတာရဲ့ ဖောက်သည်လား"

"အခုညမှ စမှာပါကွာ၊ မသီတာ နာမည်ကြီးလို့ နှစ်ပါးသွား ချင်တာနဲ့ ခက်နေတာက"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ခက်နေတာက သူ့ကို ငါ မမြင်ဖူးဘူးကွ"

"သူလာရင် ကျွန်တော် ပြပေးမယ်လေ၊ သူနဲ့လည်း ဆက် ပေးမယ်"

"အေး ... ကျေးဇူးပဲကွာ"

ကောင်လေးက ကတိတည်သည်။ ဆင်နယ်(လ်)ကို တစ်ပုလင်းကို အချိန်ဆွဲသောက်၍ ကိတ်မုန့်နှစ်ချပ် ကုန်ကာနီးတွင် ကောင်လေးက အနားကပ်လာသျှက် ...

"ဟိုမှာ မသီတာ"

သူ မေးငေါ့ပြရာကို ကြည့်လိုက်တော့ မိန်းမပျိုတစ် ယောက်က စားပွဲတစ်လုံးတွင် ထိုင်နေသည်ကို မြင်ရသည်။

ဆံတို ကုပ်ဝဲမလေး။

ကိုယ်လုံးကိုယ်ပေါက် ဖွံ့သည်။ မျက်နှာက လှတာ ထက် ရမ္မက်ကြွစေသော မျက်နှာ ဖြစ်သည်။

ထဘီအနီနှင့် အကျီလက်ပြတ် အနီကို ဝတ်ထားရာ ပြည့်ဖြိုးဝင်းဝါသော ဆင်နှာမောင်း လက်မောင်းအိုးက သူနှင့်ဆက် သွယ်ဖို့ ဖိတ်ခေါ်သလို ဖြစ်နေသည်။

"အစ်ကို သွား၊ ကျွန်တော် ပြောထားပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးစကားကြောင့် သူက ထသွားသည်။ မသီတာသည် ခေါင်းချင်းရိုက်ထပ် ထိုင်နေပြီး စီးကရက်တစ်လိပ်ကို အစွာမရှုတ် ရှိုနေသည်။

သူ့စားပွဲတွင် လာထိုင်သော ရာဇဝတ္ထုန်းအား မျက်လုံးကလေးများ ပင့်ကြည့်လိုက်သည်။ မသီတာ၏ မျက်လုံးတို့သည် ညိုမှောင်နက်ရှိုင်းနေသည်။

ဆွေးရိပ်မပြယ်သော မျက်လုံးများပါတည်း။

"ကဲ ... ဆိုး ရှင်နဲ့ ကျွန်မ စျေးစကား ပြောရအောင်"

ဟော ... သူကပဲ စတင်လို့ ရဲတင်းစွာ စျေးစကား စတင်ပါချေပြီ။

"ခင်ဗျားနဲ့ ကျွန်တော် စျေးစကား မဆိုပါနဲ့"

သူတလေး၏ မျက်နှံးသေးသေးကလေးတွေက ကုပ်ဆင်းသွားသည်။

"ရှင် ဘာပြောချင်တာလဲ"

"ဒီလိုပါ၊ မသီတာနဲ့ ကျွန်တော် ဟိုဒင်းကိစ္စအတွက် စျေးစကား မပြောနဲ့လို့၊ ပြောချင်းပြောရင် ကျွန်တော် သိလိုတာလေးအတွက်ပဲ စျေးစကား ပြောရအောင်"

"ရှင်က ထူးထူးခြားခြား ဘာများ သိချင်လဲ၊ အင်း ... ရှင့်လို ကိုလူချောကလေးတစ်ယောက်နဲ့ ကျွန်မ ဒီည ပျော်ရရင်တော့ သိပ်ကောင်းမှာပါပဲ"

"ကျွန်တော် ပျော်ဖို့ အချိန်မရှိဘူး မသီတာ"

"ရှင် သိချင်တာက ဘာလဲ"

"ကျွန်တော် ကိုလူကျော်နေတဲ့ နေရာကို သိချင်တယ်"

"ဘယ်က ကိုလူကျော်လဲ၊ ကျွန်မ မသိပါဘူး"



"ခေါင်းမယမ်းပါနဲ့ မသီတာ၊ ခင်ဗျားအဆက် ကိုလူကျော်ကို ခင်ဗျား သိမှာပါ၊ ခင်ဗျား မျက်လုံးကလေးတွေက သိကြောင်းကို ဖော်ပြနေတယ်"

"ရှင်က ဘယ်သူလဲ"

"ကျွန်တော်က သူ့မိတ်ဆွေပါ"

"ရှင့် နာမည်"

"စိုးထိုက်"

နှုတ်မှ ရောက်တတ်ရာရာ အမည်တစ်ခုခု ထွက်မိသည်။

မသီတာက မျက်မှောင်လေး ပိုကုတ်လိုက်မိသည်။

"သူ့မိတ်ဆွေထဲမှာ ဒီအမည် မကြားမိပါဘူး"

"ဟော ... ခင်ဗျား ကျွန်တော့်ကို လှည့်လို့မရဘူး၊ အခု ကိုလူကျော်ကို သိနေပြီ မဟုတ်လား"

မသီတာ အငိုက်မိသွားရှာသည်။

မိန်းကလေးက ရှက်ပြုံးပြုံး၍ ...

"ကောင်းပြီ၊ ကိုလူကျော် ရှိတဲ့ နေရာကို ကျွန်မ ပြောပြရင် ရှင်က ဘယ်လောက်ပေးမလဲ"

"တစ်ရာပေးမယ်"

"သိပ်နည်းတာပေါ့"

"တစ်ရာ့ငါးဆယ်ဗျာ"

"ထပ်တိုးဦး"

"နှစ်ရာ၊ ဒါ နောက်ဆုံးစျေးကွက်ပဲ မသီတာ၊ ခင်ဗျားနဲ့ ပျော်ရင်တောင် ဒီလောက်ပေးရမှာ မဟုတ်ဘူး"

"မထင်နဲ့၊ ရှင်က ဘာလို့ သူနဲ့တွေ့ချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မသီတာ စစ်သည်မှာ သဘာဝကျသည်။ ဒီလိုပဲ စစ်ဆေးမေးမြန်းရမည်ဖြစ်သည်။

"ကိုလှကျော်က ကလေးတစ်ယောက်ကို ပြန်ပေးဆွဲထားတယ်၊ အခု ရဲက လိုက်နေပြီ၊ အဲဒီကလေးကို ထားတဲ့နေရာ ရဲက သိသွားပြီလေ၊ ဒါကြောင့်"

"တော်တော့၊ ကျွန်မ သိပြီ"

မသီတာက ဟန့်လိုက်သည်။ အသံက မှုမဖျက်ပေမင့် မျက်လုံးတိဘွင် စိုးရိမ်မကောင်းစိတ်များ ဝင်ရောက်နိုအောင်းလာသည်။

"ကျွန်မ ပြောမယ်၊ နားထောင်"

သူက လိပ်စာတစ်ခုကို ပြောပြ၍ ...

"ရှင် အခုသွားမတွေ့နဲ့ သူ အဲဒီမှာ မရှိဘူး၊ တွေ့ချင်ရင်တော့ နက်ဖြန်မှသွား"

"သိပ်အရေးကြီးနေတော့"

"မစိုးရိမ်ပါနဲ့ရှင်၊ ကဲ ... ကျွန်မကို ပေးမဲ့ငွေသာ ပေးပါ ကိုစိုးထိုက်"

လက်ဖျစ်တီးပြီး ငွေတောင်းလိုက်သည်။ အမူအရာက ရင့်လိုက်တာ။

ရာဇာထွန်း မငြင်း။ ရာတန်နှစ်ရွက်ကို သူ့လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကဲ ... ရှင် သိချင်တာ သိရပြီ မဟုတ်လား၊ သွားတော့လေ သွားတော့"

နှင်ပါချေပြီ။ ရာဇာထွန်းကလည်း အချိန်ဆက်မဖြုန်နိုင်။ ထ,ပြီးထွက်လာသည်။ ဆိုင်ထဲကကို ထွက်လာသည်။

ဝေးဝေးလဲလဲ မသွား။



မှောင်ရိပ်ခိုပြီး ဆိုင်ဝကိုသာ အကဲခတ် စိုက်ကြည့်နေသည်။

သိပ်မကြာ။

ဆိုင်ထဲမှ မသီတာ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ မှောင်ရိပ်ထဲမှ သစ်ပင်တစ်ပင်ကို အကာအကွယ်ယူနေသော ရာဇာထွန်းကို မသီတာ မတွေ့။

ခပ်လှမ်းလှမ်းမှ ဆိုက်ကားတစ်စီးကို ငှားစီးသွားသည်။ ရာဇာထွန်းကလည်း တွေ့ရာဆိုက်ကားတစ်စီးကို ငှားလိုက်သည်။

မသီတာသည် အတော်လည်တဲ့ ပျံကျမလေး။

သူ့ကိုပေးတဲ့ လိပ်စာက တစ်မျိုး။

မသီတာ သွားတဲ့ နေရာက တစ်မျိုး။

ရပ်ကွက်ကလေးတစ်ခု ဖြစ်သည်။

တဲအိမ်ကလေးတွေ ပြည့်ပြီး မီးကလေးတွေက မှိတ်တုတ် မှိတ်တုတ်။

သည်နေရာကို မှတ်မိသည်။

ရပ်ဟိုင်းသချိုင်းရပ်ကွက် ဖြစ်သည်။ အဲဒီမှာက အကြော်ဖိုရော၊ သူတောင်းစားရော၊ သူခိုးဓားပြရော၊ ဒုစရိုက်သမားတို့ပါ နေရာချကြသည့် ရပ်ကွက်ဖြစ်တော့သည်။

လမ်းကျဉ်းကလေး တစ်ခုတွင် မသီတာက ဆိုက်ကားကိုရပ်ခိုင်းသည်။ သူတို့ဆိုက်ကားနှင့် အလှမ်းကွာကွာတွင် ရာဇာထွန်းက ရပ်ခိုင်းသည်။

မသီတာက လမ်းကျဉ်းကလေးထဲဝင်ပြီး တဲကလေးတစ်ခုပေါ် တက်သွားသည်။ ရာဇာထွန်းက တဲနားသို့ လျှောက်လာပြီးသော် တဲထရံနားသို့ တိုးကပ်လိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာခေါင်းက စိုးထိုက်တဲ့လား"

"စိုးထိုက်တဲ့၊ အဲဒီ အမည်ပဲ သိခဲ့တယ်"

"လူပုံပန်းကို ပြောပြစမ်း"

"လိုင်းတွန့်ဆံပင်အရှည်နဲ့၊ ရုပ်ချောတယ်၊ နှုတ်ခမ်းလှတယ် ကိုယ်လုံးကျစ်ပြီး ပခုံးကျယ်တယ် အစ်ကိုရဲ့"

"ငါ့မိတ်ဆွေတွေထဲမှာ ဒီလိုသဏ္ဌာန်မျိုး မရှိပါဘူးဟာ ရဲဘက်ကများ ဖြစ်နေမလား"

"ကျွန်မတော့ ထင်တာပဲ၊ ဘာပဲဖြစ်ဖြစ် ရှင် ရှောင်ဖို့ကောင်းတယ်၊ ကလေးထားတဲ့ နေရာကိုလည်း ရဲက သိနေပြီလို့ ပြော"

"နေဦး မိသီတာ၊ ငါ ဒီကောင်ကို သိပြီ၊ ဒီကောင်ဟာ ရာဇာထွန်း ဆိုတဲ့ အကောင် ဖြစ်ရမယ်"

"ဘယ်က ရာဇာထွန်းလဲ"

"နင် မသိပါဘူးဟာ"

"ကျွန်မတော့ ကြောက်တယ်"

"နင်က လုံဖျား ပုစဉ်းနား၊ ကျီးကန်း ကြောက်ချေးပါ လုပ် မနေစမ်းနဲ့၊ ကြောက်ရမှာက ငါပါ"

"ကျွန်မက ရှင့်ကို ချစ်တာကိုး၊ ကျွန်မဘဝမှာ ဘယ်သူကမှ ကျွန်မကို တန်ဖိုးထားတာ မဟုတ်ဘူး။ ရှင်ကတော့ သူများ ထက် နည်းနည်းထူးလို့ ကျွန်မ ချစ်မိတာ"

ယောကျ်ားသံက လူကျော်မှ လူကျော်၏ အသံ။

လူကျော်က ဘာတွေလုပ်လိုက်သည် မသိ၊ ကောင်မ လေး၏ ခိုးခိုးခစ်ခစ်ရယ်သံ ကြားရသည်။

"ရှင်ဟာလေ ... ကဲကို ကဲတယ်၊ သွားစမ်းပါ"



"နင့်မြင်ရင် ငါ့မှာ ချစ်စိတ်တွေ တိုးလာတယ်"

"လုပ်မနေနဲ့၊ သွားမှာသာ သွား"

"နင် ဘာနဲ့လာသလဲ"

"ဆိုက်ကားနဲ့ ... အဲဒီဆိုက်ကားကို လမ်းထိပ်မှာ ထားခဲ့တယ်"

"ဆရာကျားကြီးနဲ့တော့ ဆက်ဦးမှ၊ ဟိုခွေးမသား လိုက်ချောင်းနေတာ၊ စိတ်မချရဘူး၊ နင်လာတော့ တစ်ယောက်တည်းလား"

"ကျွန်မ တစ်ယောက်တည်းပါ၊ ကျွန်မနောက်က ဘယ်သူမှ လိုက်လာတာ မဟုတ်ဘူး"

မသိတာ ဖြေးလိုက်ခြင်းသာ။ မသိတာ လာကတည်းက နောက်သို့ လှည့်မကြည့်မိခဲ့။

တဲတွင်းမှ လှုပ်ရှားသံ၊ လမ်းလျှောက်သံများ ပေါ်လာသည်။ တဲအောက်တွင် ဝပ်လျောင်းပြီး ရာဇာထွန်း ချောင်းနေသည်။

အောက်ဘီကိုလည်း ကြည့်ရသေးသည်။ အချို့တဲများမှာ မသိမသာကွာလှမ်းလျက် တဲပေါ်မှ လူတွေ၏စကားသံ၊ ရယ်သံ၊ ကလေးငိုသံတို့ကို ခပ်သဲ့သဲ့ ကြားနေရသည်။

တဲပေါ်မှ လူကျော် ဆင်းလာသည်။

လူကျော် နောက်မှ ရာဇာထွန်း လိုက်လာသည်။ မသိတာစီးသည့် ဆိုက်ကားကိုပဲ လူကျော်က အသုံးပြုသည်။

လူကျော် အင်းလေးတီးယောက်သို့ ဖြန့်သွားသည်။ ဆိုင်ထဲသို့ ဝင်အသွား ရာဇာထွန်းက လိုက်ချောင်းသည်။

ဆိုင်ထဲတွင် လူကျော်က မိမိကို ရှာဖွေနေဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရလျှင် ငွေသိမ်းကောင်တာမှ ကောင်မလေးနှင့် စကားအနည်းငယ်ပြောပြီး တယ်လီဖုန်း လှမ်းကိုင်လိုက်ခြင်းကို မြင်ရသည်။

သူသည် ခေါင်းတခါခါ လည်တဆတ်ဆတ်နှင့် စကားပြောနေသည်။

သူ့အသံကို ရာဇာထွန်း ကြားဖို့ဝေးစွ ကောင်တာမှ ကောင်လေးပင် ကြားမည်မထင်။

လူကျော် ပြန်ထွက်လာတော့ ဆိုင်ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ သစ်ပင်တစ်ပင်နောက်ကွယ်တွင် ရာဇာထွန်းက သူ့ကိုယ်ကို မြှုပ်နှံထားသည်။

ဆိုင်နှင့် မနီးမဝေးမှာ တက္ကစီစတင်း ရှိသည်။

လူကျော်က တက္ကစီကားတစ်ခုပေါ်သို့ လှမ်းတက်သွားသည်။

တက္ကစီက ဂျစ်ကား။

ဂျစ်ကား ထွက်သွားချိန်တွင် ဖို့(ဒ်)အင်ဂလီးယား မှန်ကားတစ်စီးပေါ်သို့ ရာဇာထွန်းက ရောက်နေသည်။

"ရှေ့က ကားနောက်ကို မသိအောင် နောက်ယောင်ခံလိုက်ပေးဗျာ၊ ခင်ဗျား ကားမီးကို မထွန်းနဲ့၊ တကယ်လို့ လိုအင်တဲ့နေရာကို အောင်အောင်မြင်မြင် ရောက်ရင် ခင်ဗျား တက္ကစီကားခ တစ်ဆပိုပေးမယ်"

"စိတ်ချ ငါ့ညီ"

ဖို့(ဒ်)အင်ဂလီးယားကို မောင်းသူက လူဝဝကြီးတစ်ယောက်။

ဘာဘာညာညာ မေးမနေ။



ရာဇာထွန်းက လူကျော်ကို ရင်ဆိုင်တွေ့ဖို့ထက် ...ကျော် ဘာလုပ်မည်ကို ပိုသိချင်နေသည်။

လူကျော် စီးသော ဂျစ်ကားက ရှေ့မှ မှန်မှန်မောင်း...သည်။ နောက်ကား ပါလာခြင်းကို ရိပ်မိဟန်မတူ။

နောက်ကားကလည်း ပါးသည်။

ရှေ့မီးကိုမဖွင့်ဘဲ ခပ်ဝေးဝေးမှ ရှေ့ကား၏နောက်မီး...ကို မှန်းဆကြည့်ပြီး လိုက်လာသည်။

ကားက မြို့အလယ်ပိုင်း ရွှေကြီးမြင့်ဘုရားကို ဖြတ်...ပြီး ညာဘက်က မြေနီလမ်းထဲသို့ မောင်းဝင်သွားတော့သည်။

"ရပ်တော့"

မြေနီလမ်းမှာ ကားတစ်စီး ဝင်သာရုံသာရှိသည်။ ...းတွင် ချုံနွယ် ချုံပုတ်များနှင့် အိမ်တစ်လုံး နှစ်လုံးသာ ရှိသည်။

ရာဇာထွန်း စီးလာသောကားက ရပ်သွားသည်။ ...းတစ်စီးသာ ဝင်သာသောလမ်းတွင် ကားကို နောက်မှလိုက်နိုင်...မလွယ်။

ရှေ့ကားကလည်း သည်လမ်းထဲဝင်မှတော့ ရှေ့ဆက်...းမှာ မဟုတ်။

"ဒီမှာ ခင်ဗျား ကျွန်တော့်ကို တစ်ခုကူညီစမ်းပါ"

"ဘာကူညီရမလဲ"

ဒရိုင်ဘာဝဝကြီးက ရာဇာထွန်းကို စိတ်ဝင်စားလာ...ည်။

"ရှေ့ကားမှာ လူဆိုးတစ်ယောက် ပါလာတယ်၊ ဒီလူဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ထားတယ်၊ အဲဒါ ရဲလက်ကို အပ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်ပြီ၊ ရဲကို အကြောင်းကြားပေးရမယ် ဆို
တော့"

"ဟုတ်တယ်၊ သူ ဘယ်ကိုသွားသလဲ ဆိုတာ ကျွန်တော်
လိုက်ကြည့်မယ်၊ ပြီးတော့ ခင်ဗျား ရဲကိုသွားခေါ်ပေးပါလား
ခင်ဗျား အကျိုးမယုတ်ပါဘူး၊ ခင်ဗျားအဖို့ နာမည်ကောင်း
လက်မှတ်နဲ့ ဆုငွေကို ရဲက ချီးမြှင့်မှာပါ"

"အလိုက်သိသော လုပ်သားပြည်သူတစ်ဦး ဆိုပါတော့"

"အလိုက်သိ လုပ်သားပြည်သူထက် တာဝန်သိ လုပ်သား
ပြည်သူ ဆိုတာက ပိုမှန်တာပေါ့"

သူတို့နှစ်ယောက် ရှေ့ကားနောက်သို့ ပြေးလိုက်
သည်။

"ဟိုမှာ ဘာလက်နက်မှ မပါဘဲ၊ ဟိုက အုပ်ထည့်လိုက်ရင်"

"မစိုးရိမ်ပါနဲ့"

"ဖြစ်ပါ့မလား၊ ငါ့မှာ ကလေးငါးယောက်နဲ့ကွ"

"ဟာ ... ဖြစ်ပါတယ်၊ ခင်ဗျားကို မှဲ့တစ်ပေါက် မစွန်းစေ
ရဘူး"

လူဝကြီးကို ရာဇာထွန်းက ပြောပြီး ကျိတ်ပြုံး ပြုံး
သည်။

ရှေ့ကားက ဖြည်းဖြည်းပဲ မောင်းသည်။

တစ်ဖာလုံလောက်မောင်း၍ ရပ်သွားသည်။ ခြံကျ
ကြီးတစ်ခြံရှေ့မှာ ရပ်သွားသည်။

"ကဲ ... ကဲ ... လမ်းတော့ဆုံးပြီ၊ ဒီခြံထဲကိုသာ ရဲနဲ့ခင်ဗျား
လာခဲ့ပေတော့"

"အေး ... ငါသွားမယ်"



လူဝကြီး သုတ်သုတ် သုတ်သုတ် ထွက်သွား၏။ ခြံ
သို့ ရာဇာထွန်း ပြေးကပ်သွားသည်၊ ကားထွက်သွားသည်အထိ
စောင့်နေလိုက်သည်။

လူကျော်က ခြံထဲသို့ ဝင်သွားသည်။

ခြံဝတွင် လူတစ်ယောက်က ကုလားထိုင်တစ်လုံးတွင်
ထိုင်ပြီး စီးကရက်သောက်နေသည်။

"ဟေ့ ... ဘယ်သူလဲ"

လူကျော် ဝင်လာသဖြင့် ယင်းလူက ထရပ်၍မေး
လိုက်သည်။

လက်နှိပ်ဓာတ်မီးရောင် တစ်ခုကလည်း လူကျော်
ပေါ်သို့ ဖြာကျလာသည်။

ခြံမှာ အုတ်တံတိုင်းဖြစ်ပြီး လူတစ်ရပ်ကျော် မြင့်သည်။

"မီးကွက်"

"ဘာမီးကွက်လဲ"

"ညမီးကွက်"

"ဘယ်ကိုပျံမလဲ"

"အထဲကို"

"ဝင်"

အံမယ် ... မသာတွေက ကြီးကျယ်လိုက်တာ၊ စကား
ဝှက်တွေနဲ့။

လူကျော်က ခြံထဲသို့ ဝင်ရောက်သွားသည်၊ လူကျော်
ခြေသံက ခြံထဲသို့ တဖျပ်ဖျပ်ဝင်ပြီး ကွာလှမ်းသွားတော့သည်။

ခြံပတ်လည်တွင် အုတ်တံတိုင်း ကာထားသဖြင့်
လွယ်တကူ ဝင်နိုင်ဖို့ လမ်းမမြင်။

www.burmeseclassic.com

www.burmeseclassic.com



စကားဝှက်တော့ သိသည်။ ဒါပေမဲ့ ထိုင်နေသ
မိမိကို ချက်နှာစိမ်းမှန်း သိခဲ့သော် မလွယ်ကြောမှာ ဖြသွာ
သည်။

စကားဝှက်နှင့် ဝင်ဖို့ရန် သူ မရဲ။

ခြံရှေ့မှာက သစ်ပင်နှင့် ချုံနွယ်တွေ ရှိနေသ
ရာဇာထွန်း စိတ်ကူးရလာသည်။

သူ့နှစ်ချောင်းဆက် တုတ်ကြိုးသိုင်းအိတ်ကို
နောက် ဘောင်းဘီခါးကြားထဲမှ ဆွဲဖြုတ်လိုက်တော့သည်။ အိတ်
မှ တုတ်ကြိုးသိုင်းကို အသာဆွဲထုတ်လိုက်သည်။

နောက်တစ်ခဏတွင် ...

"ကစ် ... ကစ် ... ကစ်"

ခြံဝရှိ သစ်ပင်များနောက်မှ အသံတစ်မျိုး ပေါ်
သည်။ အသံက ကျယ်သည်။

ခြံဝမှာရပ်ပြီး စီးကရက် သောက်နေသူက ထ
လိုက်သည်။ ခြံဝက သစ်ပင်များဘက်သို့ လက်နှိပ်ဓာတ်မီးနှင့်
ကြည့်သည်။

ဓာတ်မီးရောင်အောက်တွင် သစ်ပင်များ ချုံနွယ်
က ငြိမ်သက်နေသည်။

လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်သည်။

"ကစ် ... ကစ် ... ကစ် ... ကစ် ..."

အသံက ပြန်ပေါ်လာပြန်သည်။ အစောင့်က
ထဲမှ စီးကရက်ကို ပစ်ချလိုက်သည်။

တဒင်္ဂအတွင်း သူ့လက်ထဲမှာ ပစ္စတိုတစ်လက်
ရောက်နေသည်။



အသံပေါ်လာရာသို့ မီးထိုးပြီး တစ်လှမ်းချင်း ထွက်
လာသည်။ အသံက ပျောက်သွားသည်။

သူ မကျေနပ်။

မီးကို ဘေးဘီသို့ လှည့်ထိုးလိုက်သည်။

သစ်ပင်များ၊ ချုံနွယ်များက ပကတိ ငြိမ်သက်ပြီး
သတ္တဝါတစ်ကောင်၏ တိုးခွေ့ခြင်း၊ ပွတ်လျှောက်ခြင်း ခံရမှု
အလျဉ်းမရှိသလို။

ခြံစောင့်ငနဲ ကြောင်နေသည်။

သည်အတွင်း သူ့စိတ်ထဲ မျှော်မှန်းတာထက် ပိုမြန်
ဆန်စွာ ခံစားလိုက်ရသည်။

ကြိုးနှစ်ပင်က သူ့လည်မျိုကို အရှိန်နှင့် လာရောက်
ရစ်ပတ်ပြီး တစ်ဖက်သို့ ဆောင့်ဆွဲခြင်း ခံလိုက်ရသည်။

သူ့တစ်ကိုယ်လုံး မထိန်းနိုင်ဘဲ တစ်ဖက်ဆောင့်ဆွဲ
ရာသို့ ပါသွားသည်။ လက်တွင်းတွင် ကိုင်ထားသော သေနတ်မှာ
လွင့်ထွက်သွားသည်။

သေနတ်ကိုင်လက်ကောက်ဝတ်မှာ ကျင်ပြီးနာသွား
သောကြောင့် ဖြစ်သည်။

ခေါင်းတစ်ခုလုံး ပေါက်ကွဲမတတ် ခံလိုက်ရသည်။

မီးပွင့်တွေ လက်ခနဲ ဝင်းခနဲ ဖြာခနဲ။

အမှောင်ကို သူ ကွင်းဆင်း လေ့လာလိုက်သည်။

မြေပေါ်မှာ မှောက်ရက်။

ငရဲကြီးရှစ်ထပ်ကို လေ့လာရှာဖွေနေတဲ့ပုံစံ။

သူ့ကို ရာဇာထွန်းက ငုံ့ကြည့်လိုက်သည်။ တစ်နာရီ
လောက်တော့ မေ့နေမှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့သားကို လည်ပင်းကြိုးနှင့် ရစ်ပတ်ဆွဲငင်ယူအပြီး သေနတ်ကိုင်လက်ကို ခွန့်ယောခတ် တုတ်နှင့် ရိုက်ချအပြီး ကျန်တုတ် တစ်ချောင်းနှင့် ခေါင်းကိုပါ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

ရာဇာထွန်းက ပြူးဖြဲဖြဲနှင့်ငုံ့ကာ လက်နှိပ်ဓာတ်မီး ကို ယူပိတ်လိုက်သည်။

ပါးစပ်ထဲတွင် လျှာကို အထက်ခေါက်ပြီး မတိုးမကျယ် အသံပြုလိုက်သည်။

"ကစ် ... ကစ် ... ကစ် ..."

နောက်တစ်ခဏမှာ သူက ခြံထဲသို့ ဝင်ပြီးသား ဖြစ် နေသည်။ ဤညတွင် မိုးမရွာသည်ကို ကျေးဇူးတင်လိုက်တာ တကယ်ပါပဲ။

ကြယ်ရောင်တွေ လက်တော့ ကြယ်ရောင်ကြောင်း မသဲမကွဲ မြင်နေရသည်။

ရှေ့မှာက အဆောက်အအုံတစ်ခု။

အနီးသို့ ကပ်ရောက်မှပဲ ဂိုဒေါင်ဟောင်းတစ်လုံးဖြစ် ကြောင်း သိနိုင်သည်။

သူ ဘာတိထားသည်။ အစောင့်၏ သေနတ်ကို သူ ယူမလာ။ သေနတ်ကို သူ မကျွမ်းကျင်။

သူ ကျွမ်းကျင်တာက သေနတ် မဟုတ်။

ခွန့်ယောခတ်ခေါ်တဲ့ ပလောင်ရိုးရာ နှစ်ချောင်းဆက် တုတ်ကြိုးသိုင်းသာ ဖြစ်သည်။ မသိတဲ့လူတွေခေါ်တော့ နံချပ်ကူသော်

ဂိုဒေါင်ထဲမှာ မီးရောင်ကို တွေ့ရသည်။

သူက ဂိုဒေါင်နား ကပ်သွားသည်။ ဂိုဒေါင်တံခါးမှာ သွပ်ပြားတံခါးရွက်များဖြစ်၍ စေ့ရုံ စေ့ထားသည်။



သူ အထဲသို့ ချောင်းကြည့်သည်။

လူတစ်ယောက်က စေ့ထားသော တံခါးရွက်နှစ်ခု ကြားကို ကျောခိုင်းထားသည်။

လူကျော်မှန်း သိသာသည်။

"ဒီကောင် ရာဇာထွန်းပါပဲ၊ ဒါကြောင့် ဆရာ့ဆီ ဖုန်းဆက် လိုက်တာ"

"ဒီကောင်က လျင်တယ်၊ ငါလည်း မင်းဆီက ဖုန်းရရချင်း လာခဲ့တာပဲ"

ရာဇာထွန်း မျက်စိုးများ မြင့်တက်သွားသည်။ သူ ကြားဖူးသော အသံ။

ဆိုင်းမနေဘဲ ဂိုဒေါင်တံခါးကို ခြေနှင့်ဆောင့်ကန်ဖွင့် လိုက်သည်။

"ဝုန်း"

လူတွေက ဝရုန်းသုန်းကား ဖြစ်သွားသည်။

အထဲမှာ လူလေး၊ငါးယောက်ကို မြင်နေရသည်။

ရာဇာထွန်းက လက်နှစ်ဖက်ကို ဆားချပြီး ရပ်နေသည်။

"အခုလို အချိန်မှာ တွေ့ရတာ မင်္ဂလာပါပဲ ကိုအောင်ရွှေးလွင်"

အောင်ရွှေးလွင်။

ဟုတ်သည်။ အောင်ရွှေးလွင်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

အောင်ဒွေးလွင်က သူ့လူတွေ အလယ်မှာ ရပ်နေသည်။ ရာဇာထွန်းကို ပါးစပ်ကြီးဟပြီး ငေးကြည့်နေသည်။

သူ့ညာလက်မှာ အဝတ်သိုင်းထားမြဲ သိုင်းထားသည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတာကိုး၊ ခင်ဗျားကို ကျွန်တော် အစကတည်းက သက်ာမကင်း ဖြစ်နေခဲ့တာ"

အောင်ဒွေးလွင် သတိပြန်ဝင်လာသည်။

"ဟေ့ ... ဒီကောင့်ကို ဝိုင်းထား၊ မလွှတ်စေနဲ့"

သူတို့က စုစုပေါင်း ငါးယောက်။

အော်ပြောလိုက်သူ အောင်ဒွေးလွင်၏ လက်တွင်းမှာတော့ သေနတ်က အဆင်သင့်။

"ခင်ဗျားတို့ကို တွေ့ချင်လို့ လာမှတော့ ကျွန်တော် ဘယ်ကိုမှ မပြေးပါဘူး ကိုအောင်ဒွေးလွင်"

ဣန္ဒြေမပျက် ရာဇာထွန်းက ပြောပြီး သူ့အား ဝိုင်းလာသူများကို တည်တည်နှင့် ရင်ဆိုင်လိုက်သည်။

"မင်း သချိုင်း မင်း လာတူးတာပဲ၊ မင်းမင်းထွန်းဆိုတဲ့ကောင်လည်း ဒီလိုပဲ၊ သူ့သချိုင်း သူတူးသွားတာ"



"မင်းမင်းထွန်းက ကျွန်တော့်အစ်ကိုလေ၊ ခင်ဗျားပဲ သူ့ကို သတ်ပစ်လိုက်တယ် မှုတ်လား"

"အေး_ ငါသတ်တယ်၊ ဒီကောင်က လူလည်လုပ်ချင်တာကိုး"

"ပဲခူးက မင်္ဂလာဆောင်တစ်ခုမှာ ဓားပြဝင်တိုက်တဲ့ လူစုထဲမှာ လူတစ်ယောက်ဆိုတာလည်း ခင်ဗျားပဲပေါ့"

"ဟုတ်တယ်၊ ဓားပြတိုက်ပြီးတဲ့အခါ ရတနာတွေကို အချိုးကျမယူဘဲ ကလျာလှိုင်တို့ လင်မယားနဲ့ မင်းမင်းထွန်းက အပိုင်ကြံပြီး ငါ့ကိုသတ်မယ်လုပ်လို့ ငါ ထွက်ပြေးရတယ်၊ အဲဒီနောက် ကလျာလှိုင်တို့က မင်းမင်းထွန်းကို သတ်ဖို့ကြံပြန်ရော"

"ဒါတွေ ကျုပ် သိတယ်၊ မင်းမင်းကို ကလျာလှိုင်တို့က ဖမ်းထားတဲ့ အချိန်မှာ မင်းမင်းက ကျွန်တော့်ဆီ စာရေးထားခဲ့တယ်၊ ဒီတုန်းက ကျွန်တော်က နိုင်ငံခြားမှာ ရောက်နေတယ်၊ ပြန်လာတော့မှ သိပြီး ကလျာလှိုင်တို့ကို သတ်ဖို့လာခဲ့တယ်၊ ဒါပေမဲ့ မင်းမင်းထွန်းဟာ ရတနာတွေနဲ့အတူ သူတို့လက်ထဲက ထွက်ပြေးသွားခဲ့ပါတယ်လို့ ပြောတယ်"

အကြောင်းအရာတစ်ခုခု ရှင်းပြနေသလို ရာဇာထွန်းက ရှင်းပြနေလေသည်။

"ဟုတ်တာပေါ့၊ ဒီကောင် မင်းမင်းထွန်းက ငါ့ဆီ ပြေးလာတယ်၊ ငါနဲ့ ပြန်ပေါင်းဖို့ သွေးစည်းတယ်၊ သူ့နောက်က အန္တရာယ်က ထက်ကြပ်လိုက်လာပြီကိုး။ တို့နှစ်ယောက် ရတနာတွေနဲ့ ဒီမြို့ကို ပြေးလာတယ်၊ ဒါပေမဲ့ မင်းမင်းထွန်းက ငါ့ကို တစ်ပတ်ရိုက်ပြီး ရတနာတွေနဲ့ ထွက်ပြေးတော့ ငါ လိုက်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပြေးလဲ"

"မြှိုင်ကလေးဘက်ကို ပြေးတယ်လေ၊ မြှိုင်ကလေးနား ရောက်တော့ သူ့ကို သေနတ်မှန်သွားတယ်၊ သူဟာ သချိုင်းနားမှာပဲ ပျောက်သွားတယ်"

"ခင်ဗျား သူ့ကို သေနတ်နဲ့ပစ်တာ မြင်တဲ့လူတစ်ယောက် ရှိတယ် မဟုတ်လား"

"ရှိတယ်၊ အဲဒီလူက"

"ဦးကျားကြီးလေ"

"ဟုတ်တယ်၊ သုဘရာဇာ ကျားကြီးပေါ့၊ သူက ငါ့ကို ဒီလူသတ်မှုနဲ့ ငွေညှစ်တယ်၊ တစ်နေ့ သူနဲ့ငါ ဒီကိစ္စနဲ့ပတ်သက်ပြီး စကားများကြတော့ ရန်ဖြစ်ကြတယ်၊ သူ့တင်းပုတ်ဒဏ်နဲ့ ငါ့လက် ကျိုးသွားတယ်လေ"

"ဟုတ်ပြီ၊ နားလည်ပြီ၊ ရတနာတွေကော"

"ရတနာတွေတော့ မသိဘူး၊ ဒါပေမဲ့ ကလျာလှိုင်တို့ ဒီမြို့ကို လိုက်လာတော့ သူတို့က မင်းမင်းထွန်းကို ငါ့လိုပဲ ရှာတယ်၊ ငါ့စိတ်ထင် သချိုင်းနားမှာ မင်းမင်းထွန်းကို သူတို့ပဲ ဖွက်လိုက်တယ် ထင်တာပဲ"

"သူတို့ သချိုင်းထဲမှာ ရောက်နေသလား"

"သူတို့က ငါ့ကို မမြင်ဘူး၊ ငါက သူတို့ကို မြင်တယ်၊ ရတနာတွေ သူတို့လက်ထဲမှာ ရှိရမယ်လို့ ငါ တွက်ထားတယ်၊ ဒါကြောင့် ကလေးကို ရတနာတွေနဲ့လဲဖို့ ပြန်ပေးဆွဲခဲ့တာ၊ ဒီကြားထဲ မင်း ဝင်ရှုပ်လာလို့ မင်းကိုပါ ဖျောင်ရမှာပဲ"



"တစ်ညက ကိုမင်းလှိုင်တို့ဆီက အပြန် လမ်းမှာ ကျွန်တော့်ကို ဝိုင်းပြီးဖြိုကြတာ ခင်ဗျားလက်ချက်ပေါ့လေ၊ အဲဒီတုန်းက ခင်ဗျားတို့ မောင်နှမက ကိုဥှန်းထွင့်ရဲ့ ညေ့ခံပွဲမှာ"

"ငါပဲ ခိုင်းခဲ့တာပဲ၊ ဒါပေမဲ့ ဒီကိစ္စမှာ ငါ့ညီမလေး ဘာမှ မသိပါဘူး၊ သူ့ကို ဆွဲမထည့်ပါနဲ့ ရာဇာထွန်း၊ သူ့ကိုဆွဲမထည့်နဲ့"

"သေနတ်နဲ့ တည်းခိုခန်းမှာ ကျွန်တော့်ကို ချောင်းပစ်တာလည်း ခင်ဗျားပဲပေါ့နော်"

"ငါကိုယ်တိုင် ပစ်ခဲ့တာပဲ၊ ဒီတုန်းက ငါ့ယောဒီလက်နာနေလို့ ပစ်ကွင်းချော်သွားတာ"

"ခင်ဗျား ဘာလို့ ဒါတွေ ပြောနေတာလဲ"

"မင်းကို မပြန်လမ်း ပို့မလို့လေ၊ လူသေဟာ စကားပြောရိုးထုံးစံ မရှိဘူး"

"ဟုတ်လား၊ ဒါဖြင့်"

မြန်တာမှ သိပ်မြန်သည်။ လက်တစ်ကမ်းတွင်ရှိသော အောင်ဒွေးလွင်၏ သေနတ်ကိုင်လက်ကို ရာဇာထွန်းက တုတ်တစ်ချောင်းနှင့် အပေါ်စီး ရိုက်ဖယ်ပြီး သူ့ကိုယ်ကို ဘောတိုက်ခုန်လိုက်သည်။

"ဒိုင်း"

သေနတ်တစ်ချက်သာ ထွက်သွားသည်။

"အား ... လား ... လား"

ညည်းတွားသံ ပေါ်လာသည်။ ရာဇာထွန်း၏ ညာခြေထောက်က အောင်ဒွေးလွင်၏ ပေါင်ခွကြားထဲသို့ ပင့်ကန်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား"

ဂျပန်အော်နည်းအော်ပြီး မဲအိုးက သူ့လက်ထဲမှ ဓားရှည်ကို စုံကိုင်၍ ပြေးခုတ်လိုက်တော့သည်။

မိုးဓားချက်မှ လွတ်စေရန် ရာဇာထွန်းက ညာခြေရှေ့သို့ ဘယ်ခြေကို တင်ပေးလိုက်သည်။

သူ့ကိုယ်ကို တစ်ပတ်လှည့်ပေးပြီး လက်တွင်းက တုတ်နှင့် နံစောင်းထဲသို့ လက်ပြန်ဆောင့်ထိုး သွင်းလိုက်စဉ် ကျန်လက်တစ်ဖက်ရှိတုတ်က မဲအိုး၏ ဖက်ပိုးပေါ် ကျသွားသည်။

မဲအိုးတစ်ယောက် လေးဖက်ထောက်ဘဝကို ရင်ဆိုင်သွားရစဉ်မှာ ရာဇာထွန်းက လေးကွက်ခုန့်ခုန်၍ ထွက်သွားတော့သည်။

သူ့နောက်ကို ခေါင်းကြီးလူလှနှင့် လူကျော်တို့ ပြေးလာကြသည်။ လက်ထဲမှာ ဓားမြှောင်တွေနဲ့။

"ဟိတ်"

ပါးစပ်မှ အသံပြု၍ လှည့်လိုက်သည်။ လူသုံးယောက်လုံး တို့အသွား တစ်ယောက်၏ ရင်ဝထဲသို့ တုတ်တစ်ချောင်းကို ပစ်ထိုးသွင်းလိုက်သည်။

သံကြိုးရှည်တစ်တုတ်က လူလှ၏ ရင်ဝထဲသို့ တန်းခနဲ ဝင်သွားသည်။

အင့်ခနဲ မြည်သံနှင့် လူလှ ဒိုက်ဆင်းလာစဉ် လေထဲသို့ ရာဇာထွန်း ခုန်၍ နှစ်ဆင့်ခတ် ခြေကန်နည်းဖြင့် မျက်နှာကို ခတ်ပစ်လိုက်သည်။

"ဖြောင်း"

"အား"



လူလှ လွင့်ထွက်သွားသည်။

လူကျော်က ဓားမြှောင်နှင့် လှမ်းပစ်ပေါက်ထည့်လိုက်သည်။

"ဖြောင်း"

"အိုး"

ဓားက ဝီခနဲအဝင် ရာဇာထွန်းက တုတ်တစ်ချောင်းကို လေထဲ အထက်စက်ဝိုင်း လှည့်ခတ်လိုက်သည်။

မည်းခနဲသာ မြင်လိုက်ရသည်။ ဓားမြှောင်ကို တုတ်က ခတ်ထုတ်ပစ်လိုက်သည်။

ဓားမြှောင်သွားက လူကျော်ဆီသို့ ပြန်သွား၍ ပခုံးတွင် ဝင်စိုက်သွားသည်။

လူကျော် လန့်အော်လိုက်သည်။

ခေါင်းကြီးက မဲအိုး၏ ဓားရှည်ကို ပြေးကောက်လိုက်သည်။

ဓားမြှောင်တစ်ဖက် ဓားရှည်တစ်ဖက်နှင့် ရှေ့တိုးလာသည်။

"မင်းအဖော်တွေနောက် လိုက်ချင်ပြီလား"

"ခွေးတိရစ္ဆာန်"

ခေါင်းကြီး ဆဲပစ်လိုက်ပြီး ဘယ်လက်ရှိ ဓားမြှောင်နှင့် ရာဇာထွန်း၏ ဝမ်းဗိုက်ဘေးထဲသို့ ပိုင်းထိုး ထိုးလိုက်သည်။

ရာဇာထွန်းက ခြေကို နောက်တစ်ကွက် ဆုတ်ပေးလိုက်စဉ် ခေါင်းကြီး၏ ညာလက်ကဓားက ဝင်ပျံဖြတ်စလှဲ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်သို့ ကြောင်လိမ်တက်ပေးလိုက်ပြီးလျှင် ပြီးချင်း ရာဇာထွန်း၏ ဘယ်လက်မှ တုတ်စက ကြိုးလွှဲအားနှင့် ခေါင်းကြီး၏ ရှင်ဝသို့ ကန့်လန့်ဖြတ် ဝင်သွားတော့သည်။

ခေါင်းကြီးက သိုင်းသမား။

သူ့ဓားကို ကြက်ခေါင်းစိုက်ခံပြီး တုတ်ကို တားလိုက်နိုင်သည်။

ဒါပေမဲ့ ...

တုတ်ကြိုးသိုင်း ဆိုတာက တုတ်ရှည်လို မဟုတ်။ ကြိုးတပ်ထားသဖြင့် လိုသလို ဆွဲလို့ရသည်။

ဓားနှင့်အခံ တုတ်က ကန်ထွက်သွားပြီး သူ့ခေါင်းပေါ်သို့ လျှပ်တစ်ပြက်အတွင်း ကျလာသည်။

"ဒုတ်"

အသံတစ်ချက်မှ မထွက်နိုင်။

ခေါင်းကြီးမှာ ခေါင်းကွဲ ဖြစ်သွားသည်။ ခေါင်းပေါ်မှ သွေးဖြာဖြာ ကျလာသည်။

ခေါင်းဆိုတာက ချက်ကောင်း။ တစ်ချက်ထိ တစ်ချက်လဲတဲ့။ ခေါင်းကြီးသလောက် ခံနိုင်ရည်အား မရှိတဲ့ကောင်။ မှောက်နေပေရော့။

ရာဇာထွန်းက အသံလာရာကို လှည့်ကြည့်လိုက်သည်။ သူ့သေနတ်ကို ပြေးကောက်နေတဲ့ အောင်ဒွေးလွင်။

"ဖြန်း"

နှစ်ချောင်းဆက်တုတ်ကြိုးသိုင်းမှ နိုင်လွန်ကြိုးနှစ်ချောင်းက အောင်ဒွေးလွင်၏ ခြေထောက်တစ်ဖက်ကို ပတ်လိုက်သည်။

ခြေထောက်ကို ဆောင့်ဆွဲပေးလိုက်သည်။



သေနတ်ကို လက်နှင့်မထိမီ အောင်ဒွေးလွင် မှောက်ကြီး လဲကျသွားသည်။

"ရှမ်း ... ရှမ်း"

သူ့ကျောပေါ်သို့ ကြိုးများက တစ်ချက်ပြီးတစ်ချက် ကျသွားသည်။

အောင်ဒွေးလွင်သည် လူးလဲထ၍ လေထဲမှာ ခုန်လိုက်သည်။ မမျှော်မှန်းနိုင်လောက်အောင် မြန်လွန်းလှသည်။

ညာခြေထောက်က ရာဇာထွန်းဘက်သို့ ပြေးဝင်လာသည်။ ရာဇာထွန်းက ဘေးသို့ခုန်ရှောင်၍ လက်ထဲက တုတ်စတစ်ဖက်ကို လွှတ်ပြီး ဖြတ်ရိုက်ချလိုက်သည်။

"ဒိုး ..."

လေထဲမှာ တုတ်က ဝဲထွက်သွားသည်။

အောက်ဘက်သို့ အောင်ဒွေးလွင်က ကြောင်ကျ ကျသွားသည်။ အောင်ဒွေးလွင်တို့ လျင်တာ ဒီနေရာမှာ ခံဘက်ကပဲပေါ့။

တုတ်ကို အရှိန်လျော့သွားအောင် တုတ်စ ပခုံးပေါ်အရောက်မှာ ရာဇာထွန်းက တုတ်ကို ညာပခုံးနှင့်ထိန်းပြီး ဘယ်ဘက်ကတုတ်ကို ပြောင်းကိုင်လိုက်သည်။

ဝုန်းခနဲ မြည်သံကြောင့် လှည့်ကြည့်လိုက်သည်။ လူကျော် တစ်ယောက်က ဆက်မတိုက်ဘဲ ထွက်ပြေးသည်။

သူ့ကိုယ်နှင့် တံခါးရွက်ကို ဝင်တိုက်သံက ပြင်းလှသည်။

ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



လှေကျော်က မဖြို။ ယိုင်ထိုး ယိုင်ထိုးနှင့် ထွက်ပြေး သွားသည်။

လှေကျော် ထွက်ပြေးမှုက ကျန်ရစ်သူ အောင်မြေ့လွင်ကို စိတ်ဓာတ်ကျစေသည်။

အောင်မြေ့လွင်ကလည်း လိုက်ပြေးသည်။

သူတို့နောက်သို့ ရာဇာထွန်း လိုက်ဖို့ပြင်သည်။

ထူးထူး။

ထူးထူးက ရာဇာထွန်း၏ အာရုံထဲသို့ ဝင်လာသည်။ ထူးထူးကို ထားပစ်ခဲ့လို့ မလွယ်။

"ထူးထူး"

သူက အော်ခေါ်လိုက်သည်။ အော်ခေါ်သံက ဂိုဒေါင် ထဲမှာ ဟိန်းသွားသည်။

လဲနေသော ငနာတွေကို ကြည့်လိုက်သည်။ ထူးထူး ဘယ်မှာရှိနေခြင်ကို သူတို့ မေးလို့ရပါ့မလား။ မလွယ်တာ အဟုတ်မလွယ်။

ဒီကောင်တွေ မေ့နေပြီပဲ။

ထူးထူးကို မတွေ့ရသဖြင့် စိတ်အိုက်သွားသည်။

လဲနေသူ သုံးယောက်လုံးကို ကြည့်လိုက်ပြန်သည်။ သူ့ကို ပြန်ဖြေနိုင်သည့် အခြေမရှိ။

သူ ဘေးသို့ ခုန်ရှောင်လိုက်သည်။ အထက်သို့ မော့ ကြည့်လိုက်သည်။

ဂိုဒေါင်ဟောင်း၏ အထက်မျက်နှာပြင်ရှိ လျှာထိုးများ ကြားမှ ရေတွေ တစက်စက် စီးကျလာသည်။



ယင်းရေများက ရာဇာထွန်း၏ ခေါင်းနှင့်ကိုယ်ကို စိုသွားစေခဲ့သည်။ ရာဇာထွန်း၏ မျက်လုံးများက အထက်မျက်နှာ ကြက်ကို အထူးအဆန်း မော့ကြည့်သည်။

နောက် သူ့မျက်နှာက တဖြည်းဖြည်း ပြုံးလာသည်။

ဂိုဒေါင်ဘေးဘက်သို့ထွက်၍ ဝတ်ဝတ်လည် လိုက် ကြည့်သည်။ ဂိုဒေါင် အနောက်ဘက်ရောက်လျှင် မော့ကြည့်နေသော သူမျက်လုံးအစုံတွင် အပေါက်ကြီးတစ်ပေါက်ကို သွားတွေ့သည်။

အဝေးမှ ဝိုင်ယာလက်ကား၏ ဥသြသံကို ကြားလာ ရသည်။

လ,ထွက်လာပြီမို့ အားလုံးကို ထင်ထင်ရှားရှား မြင် နေရသည်။

တစ်နေရာတွင် သစ်သားလှေကားတစ်ခုကို တွေ့ရ သည်။ လှေကားကို အပေါက်ဝသို့ ယူလာပြီး ထောင်လိုက်သည်။

အထက်သို့ တက်သည်။

ဂိုဒေါင်အထက်မှာ ထပ်ခိုးလုပ်ထားသည်။ တစ်ခါက စက်ရုံထွက် ပစ္စည်းတစ်ခုခုထားသော ဂိုဒေါင်ဖြစ်ပုံရသည်။

အတွင်းမှာ မည်းမှောင်နေသည်မို့ သူ့မီးခြစ်ကို ခြစ် ရသည်။

တွေ့ရပါပြီ။

ထူးထူးလေ။

ငနာကောင်လေးက အောက်မှာ ဆူညံညံ ဖြစ်နေ တာတောင် နိုးမနေဘဲ ကာလနဂါးဘဝ ရောက်နေခဲ့သည်။

ကောက်ရိုးပုံထဲမှာ ခွေခွေလေး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်မှာလည်း အိပ်ရင်း ရှုံ့ရှုံ့ပေါက်ထားတာ ကြောင့် ခွဲလို့ဝဲ။

ဒီကောင်လေးအိပ်တိုင်း သေးပေါက်တတ်သည့်အကျင့် ရှိတာ ခုတော့ ခပ်ကောင်းကောင်း။

"ထူးထူး ... ထူးထူး ... ဟော့ ချာတိတ်"

ရာဇာထွန်းက ထူးထူးကို လှုပ်၍ လှုပ်၍ နှိုးသည်။

တော်တော်နိုးမှ ကိုယ်တော်ချောလေး ထထိုင်ပြီး ယောင်တီယောင်ကန်း ဖြစ်နေသည်။

ဩော် ... ထူးထူးရယ် ... ကိုယ့်အိမ်များ မှတ်နေလား။

❦ ❦ ❦

"မင်း ဦးဦးကို သိသလား"

"သိပ်သိတာပေါ့ ဦးဦးရာ၊ ဦးဦးရာဇာထွန်း"

ဟယ် ... ဒီကောင် မျက်လုံးသာမမြင်တာ၊ မှတ်ဉာဏ် တော့ တကယ်ကောင်း။

အသံကြားရုံနဲ့ မိမိ ဘယ်သူဆိုတာ သိနေပါလား။

"သားသားက သိပ်တော်တာပဲနော်၊ ဦးဦး ဘယ်သူဆိုတာ သိတယ်"

"ဦးဦး အသံကို သားသားက မှတ်ထားတာကိုး"

သူတို့နှစ်ယောက်က ခြံပြင်က အမှောင်ထဲမှာ။ ရဲကား ကို လမ်းဝမှာဆိုက်ပြီး ရဲအမှုထမ်းတွေ ဖြုန်းဖြုန်းဒိုင်းဒိုင်း ဝင်လာကြ ကတည်းက သူတို့နှစ်ယောက်က ရဲများမလာမီ အိမ်ထဲမှထွက်၍ တစ်နေရာမှာ ခိုနေခဲ့ကြသည်။



ရဲများ ဝင်သွားကြသည်။

"သူတို့ ဘယ်သူတွေလဲ"

"ရဲတွေ"

"ဘာလာလုပ်ကြတာလဲ"

ကောင်လေးက ခြေသံများ စကားပြောသံများကြောင့် မေးနေသည်။

"သားသားကိုဖမ်းတဲ့ လူဆိုးကြီးတွေကို လာဖမ်းကြတာပေါ့ကွာ"

"သားသားလေ အဲဒီလူဆိုးတွေကို သိပ်မုန်းတာပဲ၊ သားသားကို ရိုက်တယ်၊ ဆဲတယ်"

ကောင်လေးအသံက ရှိုက်သံ ပါလာသည်။

ရာဇာထွန်း၏ ရင်ထဲ အသည်းထဲမှာ ကျင်တက်သွားတော့သည်။ ဖခင်၏မေတ္တာက သူ့အသည်းထဲ စိမ့်လာမှုကို တသိမ့်သိမ့် ခံစားလာရသည်။

"အေးပါ သားသားရယ်၊ ဒီကောင်တွေကို သားသားကို ရိုက်တဲ့ ဆဲတဲ့ အတွက် အားရပါးရ အုပ်ထည့်ပစ်လိုက်ခဲ့ပြီးပါပြီ"

ထူးထူးကို နှစ်သိမ့်ပေးလိုက်သည်။

ထူးထူးအား သူ့ ကိုမင်းသိုင်တို့လက်ထဲ တိုက်ရိုက် ပို့ပေးလို့ မဖြစ်။

သူ့မှာ ကလေးပြန်ဆေးအမှုက ရှိနေသေးသည်။ ဘယ် နည်းနှင့်မဆို သူ့မှာ အပြစ်က အနည်းအများ ရှိနေသည်။

"သားသား ... မင်းကြောက်လား"

"ဦးဦးနဲ့တွေ့မှ မကြောက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးက သူ့အပေါ် သံယောဇဉ် ဖြစ်နေခြင်းကို စဉ်းစား၍ ရာဇဝတ္ထုနှင်း လည်ချောင်းမှာ ကျင်ပြီးဆို့သလို ဖြစ်သွားမိသည်။

"သား ရဲကြီးတွေနဲ့ သွားတွေ့ပါလား"

"ရဲကြီးတွေ ဆိုတာ ဘယ်သူလဲဟင်"

"ရဲကြီးတွေဆိုတာကွာ၊ လူဆိုးတွေကိုဖမ်းတဲ့ လူကြီးတွေ၊ သားသားကိုရိုက်တဲ့ လူဆိုးတွေကို အခု သူတို့က ဖမ်းနေကြပြီ"

"သားသား သွားမယ် ဦးဦး"

"အေး ... အဲဒီတည့်တည့်လျှောက်သွား၊ ပါးစပ်ကလည်း အဖေနဲ့ အမေကို ခေါ်၊ အဖေရေ ... အမေရေလို့"

"သားသား အဖေနဲ့ အမေက အဲဒီမှာ ရှိလားဟင်"

"ဟာ ... ရှိတာပေါ့ သားရယ်၊ သားအဖေနဲ့ အမေက အဲဒီမှာ သားသားကို စောင့်နေတယ်"

ကောင်လေးကို ရှေ့တည့်တည့် လျှောက်ခိုင်းလိုက်သည်။ နှုတ်မှလည်း အော်ခိုင်းသည်။

"အဖေရေ ... အဖေ၊ အမေရေ ... သားသား ဒီမှာဗျ"

ကောင်လေးက အော်စဉ် သူက နောက်ဆုတ်နောက်ဆုတ် လှမ်းလာသည်။ လှစ်ခနဲ အမှောင်ထဲမှာ ပျောက်သွားသည်။

စိတ်ထဲမှာ မကျေမချမ်း ရှိနေသည်။

အောင်ဌေးလွင်ကို အပိုင်ကိုင်လိုက်နိုင်ရက်သားနှင့် အပိုင်မကိုင်လိုက်မိခြင်းကို မချင့်မရဲ ရှိနေသည်။

လမ်းထဲမှ သူ မှောင်ရိပ်ခို ထွက်လာသည်။



သူစီးလာသည့် တက္ကစီကားနှင့် ရဲကားကို တွေ့ရသည်။ တက္ကစီဒရိုင်ဘာက တာဝန်သိ လုပ်သားပြည်သူတစ်ယောက်အဖြစ် အမှုထမ်းများနှင့် ပါသွားခဲ့ပြီပဲ။

တက္ကစီကားစက်ခန်းကို စစ်ဆေးသည်။

ကားအစ်ဂနေးရှင်းသော့တာ မရှိ။

ရဲကားကို သွားစမ်းကြည့်သည်။ ရဲကားလည်း ထို့အတူ။

ဤပတ်ဝန်းကျင်တွင် သူ ကြာကြာနေလို့ မသင့်။

လူနေမဲ့သော အရပ်မျိုးမဟုတ်။ မကြာခင် လူတွေ လာကြတော့မည်။

ထူးထူးကို ရဲများ တွေ့သွားမှာ သေချာသည်။ ထူးထူး အတွက် သောကပိုနေစရာမလို။ ရဲများက သူ့မိဘထံ ဝတ္တရားကျေကျေနှင့် ပို့ပေးကြမှာ သေချာသည်။

ဒီတော့ ...

စိတ်ကူးတစ်ခု ရလိုက်သည်။

မြို့ထဲသို့ သူ လျှောက်လာသည်။ နာရီဝက်လောက် လျှောက်လိုက်လျှင်ပဲ လ,ရောင်အောက်ဝယ် မြင်းခွာသံ တခွပ်ခွပ်၊ ခြူသံတလွင်လွင်နှင့် လာနေသော မြင်းလှည်းတစ်စီးကို တွေ့ရသည်။

မြင်းလှည်း အနားသို့ရောက်လျှင် တားလိုက်သည်။

"ဘယ်လဲ ဆရာ"

"ဆင်မင်ရပ်ကွက် သွားမယ်"

"အတော်ဝေးတာပဲ၊ ကောင်းပြီလေ သွားမယ်"

"ဘယ်လောက်လဲ"

"တစ်ဆယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုတော ... သွားမယ်"

ညဥ့်လေအေးအေးနှင့် မြင်းလှည်းစီးရတာ အရသာ သစ်ရှိုး။

ဆင်မင်းရပ်ကွက်က ရတနာသီရိလမ်းသို့ ရောက်လှှင် လမ်းထိပ်ဝမှာပဲ မြင်းလှည်းကို စောင့်ခိုင်းလိုက်သည်။

"ရော့ ... ဟောဒီမှာ ငွေတစ်ဆယ်၊ ခင်ဗျား မြင်းလှည်းဏ ထပ်ပြီးစီးမယ်၊ အဲဒီမှာ စောင့်နေ"

"ကောင်းပါပြီ ခင်ဗျာ"

ရတနာသီရိလမ်းမှ တချို့အိမ်မှလူများ မအိပ်ကြ သေး။

ကက်ဆက်သံများကို ကြားနေရသည်။ ရာဇာထွန်းအ သွက်သွက်လျှောက်လာ၍ ကိုမင်းလှိုင်တို့ အိမ်ရှေ့မှာ ရပ်သည်။

အကဲခတ်သည်။

သူ့မှာ ရန်သူတွေ ပိုင်းနေသည်။

ရဲနှင့် ကိုအောင်ဒွေးလွင်တို့ အစု။

လူကျော်ကလည်း လွတ်နေသည်။ သူတို့ ရှိ၊မရှိ သ သပ်ရပေမည်။

အထဲကို ဝင်လိုက်မှပဲ။

သူ အထဲကိုရောက်ပြီး တံခါးကို ဘဲလ်တီးပြီး ဖွင့် ခိုင်းသည်။ အထဲမှာက မီးတွေလင်းလို့။

သူတို့ ဘယ်အိပ်ကြဦးမလဲ။ သားကလေးအတွက် ပူလိုက် ဆွေးလိုက်နှင့် သောက ရောက်နေကြဦးမှာပဲပေါ့။

ဩော် ... လူဆိုတာ ကိုယ့်အတွက်တော့ ကိုယ်သိ သိကြတဲ့လူမျိုး။



မင်းမင်းထွန်း အကြောင်း သိရချိန်က ဂိမ်မှာ သူတို့ လို သောကဗျာပါ ရောက်ခဲ့တာကို သူတို့ သိမှသိပါလေစ။

သိရော ကိုယ်ချင်းစာမတဲ့လား။

တံခါး ပွင့်သွားသည်။ မိန်းကလေး တစ်ယောက် မျက်နှာ ပေါ်လာသည်။ သူ့ကို မီးရောင်အောက်မှာတွေ့တော့ ကောင်မလေး လန့်သွားသည်။

အိမ်ထဲမှာ စကားပြောသံ ကြွက်စီ ကြွက်စီ ဖြစ်နေလေ သည်။ ပြောနေကြသူများက ကိုမင်းလှိုင်နှင့် ကလျာလှိုင်။

"ကိုရာဇာ"

ကလျာလှိုင်က ပြေးလာသည်။ ရာဇာထွန်း၏လက် ကို ကိုင်လှုပ်၍ ဝမ်းသာအယ်လဲသံနှင့်။

"ကျေးဇူးတင်လိုက်တာ ကိုရာဇာရယ်၊ သားလေးအသက်ကို ကယ်တင်ပေးတာ ကျေးဇူးတင်လိုက်တာရှင်"

"သားလေး အသက်ကိုကယ်လို့ ကျေးဇူးတင်ရင်တော့ ရဲကို သာ ကျေးဇူးတင်ပါ၊ ဘာဖြစ်လို့လဲ"

"ကိုရာဇာရယ် ... မသိဟန် ဆောင်မနေစမ်းပါနဲ့"

"ဟုတ်တယ်ဗျ၊ အခုပဲ ဖုန်းလာတယ်၊ သားလေးကို ခင်ဗျား ပဲ ကယ်ပေးသွားပြီး ကလေးကို သူတို့လက်ထဲ ထားပစ်ခဲ့ တယ်လို့ ရဲစခန်းက ရဲအမှုထမ်းတစ်ဦးက တယ်လီဖုန်းဆက် တယ်"

"သူတို့ကျေးဇူး ပါပါတယ်၊ သူတို့လည်း ထူးထူးအလုပ် လိုက်နေကြတာပဲ မဟုတ်လား၊ ဩော် ... သူတို့က ဖုန်း တောင် ဆက်လိုက်ကြပြီကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အခုပဲ ကျွန်တော်တို့ ရဲစခန်းကို သွားကြမယ်လေ၊ ခင်ဗျားလည်း လိုက်မယ်မဟုတ်လား ကိုရာဇာ"

"ဘယ်လိုတ်လို့ ဖြစ်မလဲ၊ ကျွန်တော့်မှာလည်း အမှုနဲ့ပဲ"

"ဘာမှု"

"ခင်ဗျားသားကို ပြန်ပေးဆွဲတဲ့ အမှုလေ"

"အမှုကို ကျွန်တော် ပိတ်ပေးပါမယ်"

"ဥပဒေက ရှိသေးတယ်၊ ဥပဒေက ကျွန်တော့်ကို ချမ်းသာပေးမှာ မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားလာတာ"

"ထူးထူးကို ပြန်ပေးဆွဲတုန်းက တိတ်ခွေကို လိုချင်တယ် ကိုမင်းလှိုင်"

"ဗျာ ... ဘာလုပ်ဖို့"

"ဒါရှိရင် ခင်ဗျားတို့အတွက် အန္တရာယ်ပဲမှုတ်လား၊ ကျွန်တော် ယူသွားမယ်"

"ဟာဗျာ ... ခင်ဗျားဟာ"

သူ့ကို ကိုမင်းလှိုင်က မသင်္ကာသလို ကြည့်နေသဖြင့် ရာဇာထွန်းက တိုးတိုးလေး ရယ်လိုက်သည်။

"ကျွန်တော့်ကို စိတ်ချစမ်းပါဗျာ၊ ခင်ဗျားတို့အတွက် အန္တရာယ် မဖြစ်စေရပါဘူး၊ ကျွန်တော်ဟာ အရင်က ရာဇာထွန်း မဟုတ်တော့ပါဘူး၊ ပြီးခဲ့တာတွေ ပြည်ဖုံးကားချလို့ မီးသင်္ဂြိုဟ်လိုက်ပြီးပြီပဲ၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ထူးထူးကြောင့်လေ၊ ထူးထူးကြောင့်၊ ထူးထူးကို မိမဲ့ဖမဲ့ ကျွန်တော် မဖြစ်စေချင်ဘူး၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ဟာ မိမဲ့ဖမဲ့ နေခဲ့ရတော့ ထူးထူးကို ကိုယ်ချင်းစာတယ်၊ ခင်ဗျားတို့ထောင်ကျသွားရင် ထူးထူးအတွက် စိုးရိမ်တာပဲ"



"အို ... ကိုရာဇာရယ်"

စိတ်ထိခိုက်သွားပြီး ကပျာကသီ တီးတိုးသံလေးနှင့် ရေရွတ်သည်။ အသည်းထဲက ထွက်လာတဲ့ ညည်းသံလေး။

မျက်ရည်ပေါက်များက မျက်လုံးအိမ်မှာ လျှံတက်လာသည်။

"ကိုရာဇာရယ် ... ရှင်ဟာ မင်းမင်းနဲ့ မတူဘူး၊ စိတ်ထားမွန်မြတ်သန့်ရှင်းပါတယ်ရှင်၊ ကျွန်မကို ခွင့်လွှတ်ပါ ကိုရာဇာ"

မျက်ရည်ပေါက်ပေါက် ကျလာသည်။ ရာဇာထွန်းက မချိပြုံး ပြုံးလျက် ...

"ကျွန်တော်ဟာ တစ်ချိန်က လူနှစ်ဦးကို သတ်ချင်လောက်အောင် မုန်းပေမဲ့ ခုအချိန်မှာ ဒီအမုန်းဟာ မရှိတော့ပါဘူး၊ ဘာလို့လဲဆိုတော့ မင်းမင်းကို ခင်ဗျားတို့ကမှ မသတ်ဘဲ၊ သတ်တဲ့လူသတ်သမားကို ကျွန်တော် သိခဲ့ရပြီပဲလေ"

"သူက ဘယ်သူလဲ ကိုရာဇာ"

"သူက အောင်ဒွေးလွင် ဆိုတဲ့လူပေါ့ ကလျာလှိုင်"

"အောင် ... ဒွေး ... လွင်"

ကိုမင်းလှိုင် တစ်လုံးချင်း လေးလေးကြီး ဆိုလိုက်သည်။ မျက်နှာကြီးက ဖြူရော်သွားသည်။

"သူ ဒီမြို့မှာ ရောက်နေတာ ခင်ဗျားတို့ မသိဘူးပေါ့၊ အေး ... သူကတော့ ခင်ဗျားတို့ကို သိတယ်လေ၊ ခင်ဗျားတို့ကလည်း သူ့ကို ဘယ်လိုစာတ်မြှုပ်ခဲ့ပေမဲ့ ခင်ဗျားတို့နောက်ကို သူက အရိပ်လို လိုက်နေတာ"

"ဘုရား ... ဘုရား ... ဒါဖြင့် သားလေးကို ပြန်ပေးဆွဲခဲ့တာ သူပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူပဲပေါ့၊ သူက လွတ်သွားတယ်၊ သူ့နောက်က ကျွန်တော် လိုက်ရမယ်၊ ကဲ ... တိတ်ခွေသာ ပေးပါဗျာ"

လက်ထဲသို့ တိတ်ခွေရောက်လာလျှင် ကက်ဆက်တွင် ဖွင့်ကြည့်နိုင်းလိုက်သည်။ မှန်မှပဲ သူ ယူပြီး အိမ်မှထွက်လာသည်။

သူသွားလိုသော နေရာကို အမြန်အရောက်သွားမှဖြစ်မည်။

သူ့စိတ်ကူးအတိုင်း တိတ်ခွေလည်း ရလိုက်သည်။ တိတ်ခွေထဲမှ အသံသည် အောင်ဗွေးလွင်၏ အသံမဟုတ်သည်ကို သူ သိပြီးဖြစ်သည်။

အောင်ဗွေးလွင် ပြန်ပေးခေါင်းဆောင် ဖြစ်သည်ကို မိမိနှင့် ကလျာတို့ လင်မယားမှလွဲပြီး ဘယ်သူမှ မသိ။

ရဲကလည်း မသိ။

အဲ ... သူ့တပည့်တွေ သစ္စာမရှိလျှင် ရဲက သိနိုင်သည်။

အောင်ဗွေးလွင် သူ့အိမ်မှာပဲ ရှိမည်။

တိတ်ခွေထဲမှ တိတ်ကြိုးများကိုထုတ်၍ အပိုင်းပိုင်း ဖြတ်ပစ်လိုက်သည်။

တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။

အမှောင်တွင်းမှာ သူ ဆက်သွားနေဆဲ။

❦ ❦ ❦



တံခါးရွက်က ပွင့်သွားသည်။

မီးရောင်အောက်မှာ သူ့မျက်နှာလှလှကလေးက ချစ်စရာ။

မိုးတိမ်ကြားမှ သော်တာလမင်း ပေါ်လာသလို ...

"ကိုရာဇာ"

"ကျွန်တော်ပါ"

တံခါးတွင် ရာဇာထွန်း ရပ်၍ ပြန်ဖြေလိုက်သည်။ ကေရီကို ကျော်လျက် အတွင်းခန်းဘက်သို့ အကဲခတ်လိုက်လေသည်။

ရာဇာထွန်း၏ မျက်နှာသည် တင်းမာနေသည်။ လှပပါးလွှာသော နှုတ်ခမ်းလေးနှစ်ခုက စေ့တင်းနေသည်။

မျက်လုံးတို့က ဖော်ရွေခြင်း ကင်းနေသည်။

လှိုင်းတွန့်ဆံပင်တို့သည် ခေါင်းထက်မှာ ဖရိုဖရဲကျပြီး ဝတ်ထားသော အဝတ်အစားတို့သည်ပင် တွန့်ကြေနေသည်။

ဤသို့သော အသွင်သဏ္ဍာန်ကပင် ကေရီ၏ရင်ကို လှုိက်ဖိုစေသည်။

"ဘာဖြစ်လာတာလဲ ကိုရာဇာ၊ ဝင်လေ"

ကေရီကို ရာဇာထွန်းက တွန်းဖယ်လိုက်သည်။

"အို"

ကေရီ ယောင်ပြီး အသံကလေး ထွက်သွားသည်။

ရာဇာထွန်း တွန်းဖယ်ပုံက ညင်ညင်သာသာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကေရီ ယိုင်သွားသည်။ တစ်မှုထူးနေသော ရာဇာထွန်းကို ကေရီ ဘာပြောရမည် မသိ။

ငေးကြောင်ကြောင်။

အိမ်တွင်းသို့ ခက်ထန်သော မျက်လုံးများနှင့် လှည့်ပတ်ကြည့်ရှုပြီးနောက် ရာဇာထွန်း အသံက ထွက်လာပြန်သည်။

"သူ ဘယ်မလဲ ကေရီ"

"ဘယ်သူလဲ ကိုရာဇာ"

"ကိုအောင်ဒွေးလွင်လေ၊ လူ့အရေခြုံကြီး ကိုအောင်ဒွေးလွင်"

"ရှင်"

ကေရီ မင်သက်မိနေသည်။ ရာဇာထွန်းက ကေရီကို ဂရုမစိုက်ဘဲ ...

"ကိုအောင်ဒွေးလွင် ... ကျွန်တော် လာပါပြီဗျ၊ ပုန်းမနေစမ်းပါနဲ့၊ ယောကျ်ားပီပီ ထွက်ပြီး ရင်ဆိုင်လှည့်စမ်းပါ"

သူ့အသံက ကျယ်လောင်သည်။ သူ့အသံနောက်မှာ တစ်ခန်းလုံးက တိတ်ဆိတ်နေသည်။

"ထွက်ခဲ့စမ်းပါ ကိုအောင်ဒွေးလွင်"

သူက စိန်ခေါ်နေသည်။

ကေရီ သတိဝင်လာသည်။

"ကိုရာဇာ ... ကိုရာဇာ ... ဘာဖြစ်လာတာလဲ"

ရာဇာထွန်း၏ ပခုံးကို ကိုင်လှုပ်ပစ်လိုက်သည်။

"နေစမ်းပါ"

ရာဇာထွန်းက ကေရီ၏ လက်များကို ပုတ်ခါချလိုက်လေ၏။

"ခင်ဗျား မလာရင် ကျုပ် လာမယ်ဗျို့"



သူက ညှော်ခန်းနောက်ဘက်ကို မဝင်မီ ညှော်ခန်းတွင်းတွင် လှည့်ပတ်ရှာသည်။ သူ ဒီအိမ်ကို ရောက်စ,လို စန္ဒရားနောက်ဘက်မှာ ပုန်းနေမလားလို့ စန္ဒရားခုံနောက်ဘက်မှာ ရှာသည်။

"ကိုရာဇာ ... ကိုကိုနဲ့ ဘာဖြစ်လာသလဲ"

ကေရီက ကြောက်ရွံ့ ချောက်ချားစွာ ပြန်မေးနေသည်။ ရာဇာထွန်း နားသို့ တိုးလျှောက်လာသည်။

ရာဇာထွန်းက ဆတ်ခနဲ သမင်လည်ပြန်လှည့်၍ ...

"ခင်ဗျားအစ်ကိုက လူသတ်သမားလေ၊ ကျုပ်အစ်ကို မင်းမင်းထွန်းကို သတ်ခဲ့တဲ့လူ"

"အို"

ကေရီ နောက်သို့ တစ်လှမ်းဆုတ်သွားသည်။

"ဘုရား ... ကယ်ပါ"

သူမရင်လေးကို ညာလက်ဝါးလေးနှင့် ဖိထားမိပြန်သည်။ အထိတ်တလန့်နှင့် မျက်လုံးလေး ကလည်ကလည်ဖြစ်သွားသည်။

ဒါတွေကို ရာဇာထွန်း ဂရုမထား။

အိမ်အတွင်းခန်းထဲသို့ သူ ဝင်ရှာသည်။ ထမင်းစားခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာခန်း၊ စာကြည့်ခန်း။

ရှိင်းတယ်ပဲ ဆိုချင်ဆို၊ အခန်းစုံကို ရှာဝစ်လိုက်တော့သည်။

မတွေ့တော့မှ ပြန်ထွက်လာ၍ ကျားဟိန်းသံနှင့် ...

"ဘယ်မလဲ ကိုအောင်ဒွေးလွင်"

"ကိုရာဇာရယ် ... ဘာဖြစ်လာတာလဲ၊ ကေရီဖြင့် ကြောက်ကိုကြောက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဟန်ဆောင်မနေပါနဲ့ ကေရီ၊ ဒီကိစ္စထဲမှာလည်း ခင်ဗျား ပါမှာပါ လူဆိုးမကြီးရဲ့"

"အို … ကိုရာဇာ ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုရာဇာနဲ့ ကိုကိုနဲ့ ဘာတွေဖြစ်ကုန်ကြပြီလဲ ကိုရာဇာရယ်"

"ဘာတွေ ဖြစ်ရမလဲ၊ ခင်ဗျားကို ကျုပ် ပြောခဲ့ပြီးပြီ မဟုတ်လား၊ ကျုပ်အစ်ကို မင်းမင်းထွန်းကို သတ်တာ ကိုအောင်ဒွေးလွင်ပါလို့"

"အို … မဖြစ်နိုင်တာ"

"အိပ်ချင်ဟန်ဆောင်နေသူကို အနှိုးရခက်တယ်တဲ့ ကေရီ၊ ဒါတွေ ခင်ဗျား သိပြီးသားပါ"

"အို … မသိဘူး၊ မသိဘူး၊ ကေရီကို ဒီလိုမပြောနဲ့၊ ကေရီ မကြားချင်ဘူး"

ကေရီက နားလေးနှစ်ဖက်ကို ပိတ်လိုက်သည်။ ခေါင်းကလေးကို ခါယမ်းပစ်လိုက်သည်။

မျက်ရည်ခဲလေးများ ပါးပြင်သို့ လိမ့်ဆင်းလာသည်။

"ခင်ဗျားအစ်ကို ကိုယ်တိုင်က ကျုပ်အစ်ကိုကို သတ်ပါတယ်လို့ ဖွင့်ပြောခဲ့တာပဲ"

"ရှင် ဘာတွေပြောနေတာလဲ ကိုရာဇာ"

"ခင်ဗျား အစ်ကိုဟာ ထူးထူးကို ပြန်ပေးဆွဲထားတဲ့ လူဆိုးတာလည်း ခင်ဗျား သိဂါတယ်"

"ကိုရာဇာ၊ ရှင် ရူးနေပြီလား"

"ကျုပ် မရူးဘူးဗျ၊ ကျုပ်ကို အရူးဖြစ်အောင် လုပ်ချင်တဲ့ ခင်ဗျားတို့မောင်နှမသာ ရူးကျန်ရစ်မှာ"

"ရှင် တော်တော့"



"တိုယ့်အကြောင်းတွေ ပေါ်ကုန်ပြီမို့ ဖော်ခိုင်းတာပေါ့"

"ရှင် ကျွန်မကို မစွပ်စွဲနဲ့၊ ကိုကိုက ကိုရာဇာ့အစ်ကို မင်းမင်းထွန်းကို သတ်တယ် ဆိုတာလည်း ကေရီ မယုံဘူး၊ ထူးထူးကို ပြန်ပေးဆွဲတာလည်း မဖြစ်နိုင်ဘူး"

"အောင်ဒွေးလွင်နဲ့ တွေ့ရှင်းမယ်လေ၊ ပြီးတော့ ဥပဒေနဲ့ ရင်ဆိုင်ခိုင်းလိုက်မယ်"

"သူ ကိုးနာရီလောက်ကတည်းက ထွက်သွားတာ၊ ခုထိပြန်မလာသေးဘူး"

"သူ မသွားခင် ဖုန်းလာသေးတယ် မဟုတ်လား"-

"လာတယ်"

"အဲဒါ သူ့တပည့် လူကျော် ဆက်လိုက်တာပေါ့"

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

"ဘယ်ဖြစ်နိုင်မလဲ၊ လယ်ပြင် ဆင်သွားသလို ထင်ရှားနေပြီကိုး"

"ရှင် မစွပ်စွဲနဲ့"

"အခိုင်အမာ တွေ့ရတာပဲ"

"ရှင် သိပ်ရိုင်းတာပဲ"

"ကျုပ်အစ်ကို တစ်ယောက်လုံး သေထားရတာကိုး"

"သွား … ရှင့်ကို ကျွန်မ မုန်းတယ်"

"နောင်ဘဝထိအောင် မုန်းလိုက်ပေါ့၊ တောက် … ကျုပ်မှာ ခင်ဗျားကို ချစ်တတ်တဲ့အသည်းရှိလို့၊ နို့မို့ ခင်ဗျားလည်တိုင်လှလှလေးကို ကျုပ်လက်နဲ့ ညှစ်သတ်ပစ်လိုက်တယ်"

"ရှင် မဟုတ်မတရား စွပ်စွဲတာကို ကျွန်မ မခံနိုင်ဘူး၊ အခုထွက်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဒွေးလွှင် လာတဲ့အထိတော့ ကျုပ် စောင့်ရမှာပဲ"

"ရှင့်ကို မလိုချင်ဘူး၊ ထွက်သွား၊ အခုထွက်"

"မသွားဘူး"

"မသွားရင်"

ကေရီ ဘာလုပ်လိုက်သည်ကို သူ့ကိုယ်သူ သိချင်မှသိမှာပဲ။

ကေရီ၏ ညာလက်ဝါးက ရာဇာထွန်း၏ ပါးပြင်ပေါ်သို့ ဖြန်းခနဲ ကျသွားသည်။ ရာဇာထွန်းက ပြုံးလိုက်သည်။

"ကေရီက စမ်းလိုက်တာကိုး"

သူက မထေမဲ့မြင် ပြောလိုက်ပြီးသည့် အဆုံး ကေရီ၏ ပခုံးကလေးနှစ်ဖက်ကို သူ့လက်ကြီးနှစ်ဖက်နှင့်ကိုင်၍ သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

သည်နောက် ...

ကေရီ၏ ပါးပြင်ကလေး နှစ်ဖက်သို့ သူ့နှာခေါင်းနှင့် ခပ်သွက်သွက် နမ်းပစ်လိုက်သည်။

တစ်ခါ တစ်ဆင့်တက်လိုက်တာက ...

နှင်းဆီဖူးနဲ့တူတဲ့ ကေရီရဲ့ နှုတ်ခမ်းလေး။

ကေရီ ပထမ ရုန်းသည်။ နောက်တော့ အရုပ်ကြိုးပြတ်။

အားရအောင် နမ်းပြီးမှ ရာဇာထွန်းက ကေရီကို သူ့ရင်ခွင်ထဲမှ ခွာထုတ်ပစ်လိုက်သည်။

"ရာဇာထွန်းကို လာမစမ်းနဲ့၊ ကေရီကစမ်းတော့ ကိုယ်က နမ်းပစ်လိုက်ရမှာပဲ"

သူက ပြုံးဖြီးဖြီး ဆိုသည်။ ကေရီက ငေးနေသည်။



"ကျုပ်သွားမယ် ကေရီ၊ အခုဟာ ကျုပ်အသည်းနှလုံးရဲ့ အချစ်လက်ဆောင်မွန် တစ်ခုပါ"

ကေရီ ကျောခိုင်းလိုက်သည်။ ကေရီကို ပထမ သူ ...တ်ဆိုးသည်။ အောင်ဒွေးလွှင်နှင့် ရောအေါ်ခွသည်။

ယခုတော့မူ ...

ကေရီ့အပေါ် ဒေါသနှင့် အမုန်းတရားက လွင့်ပြယ် ...သွားသည်။ ကေရီသာလျှင် သူ့ချစ်သူ။

အပြင်တွင် အမှောင်အားကောင်းဆဲ။

သူ နမ်းခဲ့သော သူ့နှာခေါင်းကို ယောင်ကိုင်မိသည်။ ...သူ့နှုတ်ခမ်းကို စမ်းမိသည်။

ချစ်ရသူ၏ အငွေ့အသက်က သည်နှာခေါင်းနှင့် ...သည်နှုတ်ခမ်းတွင် ရစ်တွဲပါလာသည်လို့ပဲ ထင်မိသည်။ ချစ်သူ့ ...ငွေ့အသက်။

မွှေးလိုက်တာကွယ်။

ရင်ထဲမှာတောင် တွဲလောင်းခို ကျန်ရစ်ခဲ့ပြီပဲ။

ဆုတောင်းလိုက်ပါရဲ့။

ဒီဘဝမှာ ဆုံစည်းကြပါစေလို့။

ဒါပေမဲ့ သူ့မှာ မှတ်ပုံတင်ကြီးနဲ့ဆိုတော့ ...

အင်း ... ရင်မောပါတယ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ညက စောင့်ခဲ့ပါသေးသည်။

အောင်ဒွေးလွင် ပြန်လာသည်အထိ။

သကောင့်သားက ပေါ်မလာ။ ကေရီ အိမ်နား အရိပ်နိုစောင့်ပေမဲ့ အောင်ဒွေးလွင် ပြန်မလာ။

နံနက် နှစ်နာရီကျော်မှ သူ့တည်းခိုခန်းသို့ ရောက်သည်။ ပြန်ရောက်ရောက်ချင်း သူ့တည်းခိုခန်းမှာ ရာဇာ မနေ။

အခန်းသော့ကို ပြန်အပ်လိုက်သည်။

တည်းခိုရိပ်သာမှ သူ ထွက်လာသည်။ အခြား ပေါသော တည်းခိုခန်းဘက်သို့ သူ ပြောင်းလိုက်၏။

သူ့နောက်သို့ ရဲပဲဖြစ်ဖြစ်။

အောင်ဒွေးလွင်ကပဲဖြစ်ဖြစ် ခြေရာခံမလိုက်နိုင် ဖြစ်သည်။

တည်းခိုခန်းအသစ်တွင် ရာဇာထွန်း အိပ်လို့မ ခေါင်းထဲမှာလည်း မကြည်မလင် ဖြစ်နေသည်။

အောင်ဒွေးလွင်သည် သူ့အကြံ ပျက်ပြားသွား အိမ်သို့ မလာရဲမှာ သေချာသည်။



သူ ထွက်လိမ့်မည်။

ရဲက သူ့အိမ်ကို စောင့်ကြည့်နေမည် ဆိုတာ။

သူ့အတွက် လွဲမှာသေချာသည်။

ရဲက သူ့ကို သိသေးသည် မဟုတ်ပါ။

တစ်ခုပဲ သူ့ကို တွေ့နိုင်စရာ နေရာရှိသည်။ မြိုင်က ားသချိုင်းမှ သုဘရာဇာ ဦးကျားကြီးဘက်သို့ သူ သွားမည်။

မင်းမင်းထွန်းအား သူ သတ်ခဲ့ခြင်းကို ဦးကျားကြီး ပြီး သူကို ငွေညှစ်ခဲ့သေးသည်ပဲ။

ဦးကျားကြီးအား အောင်ဒွေးလွင် ချမ်းသာပေးလိမ့် ည် မထင်။

မနက် မိုးလင်းကာနီး အိပ်ပျော်သွားတာတောင်မှ နှင့် အောင်ဒွေးလွင်က အိပ်မက်ထဲမှာ ဖိုက်လို့မဆုံး။

မိုးလင်းမှ အိပ်မက်မှန်း သိတော့။

တော်က် ... နာလိုက်တာ။

ရင်ထဲ အသည်းထဲကကို အောင်ဒွေးလွင်ကို ဆော်ချင် သည်။

သူ ပြန်အိပ်ပျော်သွားသည်။ မိုးတွေ တဖြိုးဖြိုးတဖျင်း းချမှ သူ ပြန်နိုးလာသည်။

မျက်နှာသစ်သည်။ ရေချိုးသည်။ အဝတ်အစားလဲ သည်။ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ဆယ်နာရီကျော်။

သွားဖို့ ကောင်းပြီ။

ဟိုငနာ စောစောတောင် ရောက်နေပြီလားပဲ။

ကားဂိတ်ကိုရောက်တော့ ဆယ်နာရီခွဲပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ကလေးနား ကားရောက်လျှင် မြိုင်ကလေးထဲသို့ သူ မဝင်။

ကားကိုရပ်ခိုင်းပြီး ဆင်းလိုက်သည်။ မြိုင်ကလေး ကားဂိတ်နားသို့ ခြေလျင်ပင် လာသည်။

ကားဂိတ်တွင် ဦးကျားကြီး အကြောင်းကို ဝင်စုံစမ်း ချင်သေးသည်။

ကားဂိတ်နားသို့ ရောက်လျှင် လက်ဖက်ရည်ဆိုင်ဘက် သို့ ကြည့်လိုက်သည်။ ဆိုင်ထဲမှာ လူသုံးလေးယောက်သာ ရှိသည်။

စားပွဲသို့ဝင်ပြီး လက်ဖက်ရည်တစ်ခွက် မှာလိုက်သည်။

ကိုင်လာသော နှစ်ချောင်းဆက်တုတ်ကို ဘေးတွင်ချ ထားသည်။

“ရဲတွေ လာပြီလား”

“လာမယ်လို့ ပြောတယ်၊ သူတို့ လင့်စင်ထိုးပြီး ကျားကိုပစ် မယ်လို့ ပြောတာပဲ”

“ပြည်သူ့စစ်နဲ့ရဲ တွဲပြီး ဒီကျားကိုဖမ်းရင် ရမှာပဲ၊ ကျားက လည်း သမန်းကျား ဆိုတော့ လူ့အသိစိတ်ရှိသလား မသိဘူး ပါးနပ်လိုက်တာ”

လူသုံးယောက် ထိုင်နေသော စားပွဲမှ စကားသံများ ပေါ်လာသည်။

စိတ်ဝင်စားမှုဖြင့် ရာဇာထွန်းက မသိမသာ နားထောင် နေသည်။

“ဘယ်တော့ လုပ်မှာလဲ”

“ဒီညလုပ်မှာ”

“ဟ … မမြန်လွန်းဘူးလား”



“ကျားက နွားဆွဲ ကျွဲဆွဲရာက ကြာရင် လူပါဆွဲလာလိမ့်မယ်၊ မြန်မှ ဖြစ်မယ်၊ အခု လူသေဘာတောင် သေနတ်မှန် သေပေမဲ့ ကျားကိုက်လို့ သေတာနဲ့ ဘာထူးမှာလဲ”

“လူသေပြီးမှ အလောင်းကြီး ရှာပြန်ယူလာတာ ကျုပ်ဖြင့် သဘောမကျပါဘူး၊ ရှာနာတယ်”

“ခေတ်မမီတဲ့ အတွေးအခေါ်တွေ ခေါက်ထားလိုက်စမ်းပါဗျာ၊ အလောင်းကို ရွာထဲလည်း ယူလာတာ မဟုတ်ဘူး၊ ရွာပြင်ထုတ်ထားခဲ့တာ”

“ခင်ဗျားတို့ကလည်း အစိုးရိမ် ကြီးနေလိုက်ကြတာ၊ အခုပဲ မသာချနေကြပြီ”

သူတို့ တစ်ယောက်တစ်ပေါက် ပြောနေစဉ် ကျန်တစ်ယောက်က …

“ကျုပ်တော့ ဟိုကောင်ကြီးကို သချိုင်းထဲက နှင်ထုတ်ပစ်လိုက်ရင် အန္တရာယ်ကင်းလိမ့်မယ်လို့ ယူဆတယ်”

“ကျားကြီးလား”

“ဒီကောင်ပဲ ကျားဖြစ်နေတာ၊ နှင်ပစ်လိုက်ရင် အေးတာပေါ့”

“တစ်ရွာလုံး သူ့ကို ဒေါသဖြစ်နေကြတယ်”

ဆက်ပြီး နားထောင်နေလိုစိတ် မရှိတော့။

သူ သချိုင်းဘက်ဆီသို့သာ သွားချင်နေသည်။

သွားဖို့လည်း အကြောင်းဖန်လာသည်။

ခပ်ဝေးဝေးတွင် လင့်ရိုဗာကားပြာတစ်စီး လာနေ၏။

ရဲကားပါပဲလား။

သူက လက်ဖက်ရည်ဖိုး ပေးခဲ့ပြီးသော် ခပ်သုတ်သုတ် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှ လူများက သူ့ကို စိတ်ဝင်စားဟန်မတူ။ သူတို့လေကိုသာ သူတို့ဆက်နေကသည်။

သူ လယ်ကွင်းများကို ဖြတ်လာသည်။ မိုးမရွာတော့ဘဲ နေရောင်ခြည် တောက်လာသည်။

ကွင်းများတွင် လယ်သမလေးများ ကောက်စိုက်နေကြသည်။ သူတို့သည် ရာဇာထွန်းကို ကြည့်ကွက် ကြည့်ကွက် လုပ်ကြသည်။

တစ်ယောက်နှင့် တစ်ယောက်လည်း နောက်ပြောကြသည်။ အချင်းချင်း နောက်ရာမှ ရယ်မောသံ ကြည်ကြည်ကလေးများက လေတွင် လိမ့်၍ လိမ့်၍ ပါလာသည်။

သူတို့ ဆင်းရဲပေမင့် စိတ်ချမ်းသာကြရတဲ့ဘဝ။

"ဟိုအဝေးက ဆောင်းဘီလက်ရှည်နဲ့လူကြီး ကြည့်လည်းသွားဦးနော့၊ မြှော့မနောက်ပိုင်းနဲ့ တွေ့နေဦးမယ်တော့"

တစ်ယောက်က လှမ်းအော်ပြီး စသည်။

"တော်တို့ ဘောင်းဘီ ကားကားကြီးထဲမှာ ကျွတ်တွေ မင်္ဂလာဆောင်ကုန်မှာ မကြောက်ဘူးလား"

အတော်နောက်တဲ့ ဟာလေးတွေ။

မကြားဟန် ပြုနေရသည်။ လယ်ကွင်းများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာသည်။

မြိုင်ကလေးသချိုင်းနှင့် နီးလာသည်။

လူတစ်ယောက် ပြေးလာနေသည်။ လယ်ကွင်းများပေါ်တွင် ဖြတ်ကာ ပြေးလာသည်မှာ ရိပ်ခနဲ၊ ရိပ်ခနဲ။

ဘာလို့ ပြေးလာရပါလိမ့်။



နီးလာတော့ ပုံသဏ္ဌာန်ကို ဖမ်းလို့ရလာသည်။ ပိုပြီးနီးလာလျှင် ပုံသဏ္ဌာန် သဲကွဲလာသည်။ ရာဇာထွန်း ရင်ထဲမှာ ထိတ်ခနဲ။

ပြေးလာသူက မိန်းကလေး။

မြိုင်မှ မြိုင်ပဲ။

မြိုင် ဆိုတော့ သူ ကိုယ်တိုင် အေးအေးသက်သာ မလျှောက်တော့ဘဲ ပြေးသွားသည်။ သဏ္ဌာန်နှစ်ခုသည် တစ်ဦးနှင့်တစ်ဦး ဆုံစည်းဖို့ သုံးလေးမိနစ်သာ ကြာသည်။

လယ်တောစပ်မှာ ဆုံမိကြသည်။

"မောင်မောင် ... ဟောဟဲ"

မြိုင်က မောင်မောင့်ကို မောသံလေးနှင့် ခေါ်လိုက်သည်။ မြိုင် မျက်နှာလေး နီနေသည်။

"မြိုင်ပါလား၊ ဘာဖြစ်လာ ..."

"လာပါ မောင်မောင်၊ လာပါ၊ အဖေရယ် ..."

"သူ ဘာဖြစ်လဲ"

"သူ့ကို လူတွေ ဒေါသဖြစ်နေကြတယ် မောင်မောင်၊ လူတွေက သူ့ကို သတ်ကြတော့မယ်"

"ဘယ်သူတွေလဲ"

"မသာလာပို့တဲ့ လူတွေ၊ ဟောဟဲ"

မြိုင့် အသံကလေးက တုန်တုန်ယင်ယင်။ ပါးစပ်ကလေး ဟပြီး လေကိုအပြင်းအထန် ရှူနေရသည်။ မြိုင့်ရင်အုံ လုံးလုံးကျစ်ကျစ်ကလေးမှာ အနိမ့်အမြင့် မမှန်။

"လာ ... သွားမယ်"

သူက မြိုင့်လက်ကလေးကို ဆွဲခေါ်ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦး၊ မြိုင် မောနေတယ်၊ ဖြည်းဖြည်းလိုက်ခဲ့"

"အမေ့အတွက် စိုးရိမ်"

"တိုယ်တစ်ယောက်လုံး ရှိပါသေးတယ် မြိုင်"

မြိုင့်ကို ထားခဲ့သည်။ သူ တတ်စွမ်းသရွေ့ ခွန်အားနှင့်လိုက်လာပါစေတော့။

မိမိကတော့ လတ်လတ်ဆတ်ဆတ် ခွန်အား။

သူ ပြေးလွှားလာသည်။ သူ့ဦးနှောက်ထဲမှာ ရှုပ်ထွေးနေသည်။ မြိုင်ကလေးမှာ လူတွေနှင့် ဦးကျားကြီး သဟာဇာတမဖြစ်ခြင်းကို သိထားပြီးပြီ။

နောက်လှည့်ကြည့်လိုက်သည်။

သူ့နောက်နှင့် ခပ်ဝေးဝေးမှ လူတစ်စု လာနေသည်။

သိပြီးဖြစ်သည်။ ရဲတွေပဲ။

သူ သချိုင်းနား ရောက်တော့ ဆူဆူညံညံ အသံများနှင့် လူအုပ်ကြီးကို မြင်တွေ့နေရသည်။

လူအုပ်ကြီး၏ လက်ထဲမှာက ဓားတွေ၊ တုတ်တွေ၊ အုတ်ခဲတွေ၊ လှံတွေနှင့်။

"သူ့ကို အရှင်မထားနဲ့။ တို့ လူသေရတာ သူ့ကြောင့်"

"ဘသိန်း သတ်တာ မဟုတ်ဘူး၊ သူ သတ်တာ"

"သူပဲ ရွာကို ဒုက္ခပေးနေတာပဲ၊ ရွာထဲက ကျွဲနွားတွေလည်း သူ ဆွဲတာ မနည်းတော့ဘူး"

"သတ်ကွာ"

"ချကွာ"

အသံမျိုးစုံတွေ မြည်နေကြသည်။ ဒီလူစုထဲသို့ ရာဇာ ထွန်းဘ ဖြတ်ဖောက်လိုက်သည်။ ကြည့်လိုက်၏။



လူအုပ်ကြီး၏ ရှေ့မှာက မသာခေါင်းတစ်လုံးနှင့် ငိုနေသော ယောကျ်ားမိန်းမ လူတစ်စု။

သေသူ၏ ဆွေမျိုးသားချင်းများ ဖြစ်လိမ့်မည်။

သူတို့ ငိုသံတွေကလည်း လူအုပ်ကြီးနှင့် ရောထွေးနေသည်။

လူအုပ်ကို ခေါင်းဆောင်ထားတာက ကိုအေးမောင်။

ဦးကျားကြီးသည် လက်တစ်ဖက်က မြေတူးပေါက်ပြား၊ အခြားလက်တစ်ဖက်က သူ့သစ်သားတင်းပုတ်ကြီးကို ကိုင်ရပ်နေသည်။

မျက်နှာကြီး တစ်ခုလုံးက မကောင်းဆိုးဝါးအသွင်ဝင်နေသည်။

"မင်းတို့ ငါ့ကို စမ်းရဲစမ်းကြည့်လေ၊ အလောင်းချင်း ထပ်သွားပြီး ဒီကောင်နဲ့ လိုက်သွားရမယ်"

မြေတွင်းနားမှာ ချထားသော လူသေခေါင်းကို ဦးကျားကြီးက လက်ညှိုးထိုးပြသည်။

အသံကြီးက ကြောက်စရာ။

"ဒီလူကြီးက တို့ကို ခြောက်တာကွ"

"အကြောင်းပြလိုက်ရင် ကောင်းမယ်"

"သမန်းကျားကို အကြောင်းပြရတာပေါ့ကွာ"

ရွာလူထုသည် ဒေါသအကြီးအကျယ် ဖြစ်နေကြသည်။ သူတို့လူတစ်ယောက် သေထားရခြင်းကို လုံးဝမကျေမနပ် ဖြစ်နေကြသည်။

မကျေမချမ်း စိတ်ဓာတ်ကို ထိတွေ့ခံစားနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံတစ်ချောင်းက ဦးကျားကြီးဆီသို့ ဝဲခနဲ ဖြတ်ပြေး ဝင်လာသည်။

"အောင်"

ဦးကျားကြီး တင်းပုတ်နှင့် ရိုက်ထုတ်ပစ်လိုက်သည်။ လုံဆာ လွင့်စဉ်သွားသည်။

ငိုနေသော မိန်းမတစ်ယောက်က လန့်အော်သည်။ လုံရှောင်မထိတာကြောင့် အော်ဖွနေသော လူစုက ပိုပြီး အော်ပြင်းလာကြသည်။

ဆဲဆိုအော်ဟစ်သံများနှင့် ဦးကျားကြီးဘက်သို့ တိုးလာကြသည်။

"နေကြပါဦး၊ နေကြပါဦး၊ ရပ်ကြပါဦး"

သူတို့အသံများထဲမှ ထိုးဖောက်လာသော အသံတစ်သံက ဆူညံသံများကို လွှမ်းသွားသည်။

ရာဇာထွန်း၏အသံ ဖြစ်သည်။

လူအုပ်ကြီးမှာ ငြိမ်ကျသွားသည်။

"ကျွန်တော် ပြောပါရစေဦး၊ ကျွန်တော် ပြောတာကို နားထောင်ကြပါ"

ရာဇာထွန်းသည် လူအုပ်ရှေ့ ထွက်ရပ်လာသည်။ လက်နှစ်ဖက်ဖြင့် တားဆီးကာရံထားသည်။

"မင်း ဘယ်သူလဲ၊ ဘာပြောမလဲ"

ကိုအေးမောင်က အော်လိုက်သည်။ လက်ထဲက ဓားကိုလည်း ဆ,လိုက်သေးသည်။

"ကျွန်တော့်နာမည် ရာဇာထွန်းပါ၊ ကျွန်တော် မြို့ကလာတာပါ၊ ဒီမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေလို့ လာကြည့်မိတာပါ၊ ခင်ဗျားတို့ကို ကျွန်တော် အန္တရာယ်မပြုပါဘူး"



"ဒါဖြင့် မြန်မြန်ပြော"

"ကျွန်တော် ဆိုလိုချင်တာက ဒီရွာသူရွာသားတွေဟာ လူတစ်ယောက်မှာ အပြစ်ရှိရင် အပြစ်ရှိသလို အစီအမံ တရားဥပဒေလက်တွင်းကိုသာ ထည့်ပြီး တရားဥပဒေရဲ့ အစီရင်ကိုသာ ခံထိုက်စေလိုပါတယ်"

"ဟေ့ ... တို့ကို ဆရာလာမလုပ်နဲ့"

တစ်ယောက်က အော်သည်။ ဦးကျားကြီးမှာ ရာဇာထွန်းကို တွေ့သဖြင့် အံ့အားသင့်နေသည်။

"ကျွန်တော် ဆရာလုပ်တာ မဟုတ်ပါဘူး၊ လူတစ်ယောက်ကို သဘာဝမကျ ယုတ္တိမရှိတဲ့ သမန်းကျားဆိုတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ စွပ်စွဲပြီး ဒုက္ခပေးသတ်မယ်ဆိုရင် ခင်ဗျားတို့မှာလည်း ရာဇဝတ်မှု မကင်းဘူး၊ ဒါကိုလည်း သိဖို့ကောင်းပါတယ်"

"မင်း ဝင်မရှုပ်နဲ့၊ ရွာမှာ ကျွဲနွားတွေဆွဲတာ ဒီကောင်ကြီး၊ တောလမ်းခရီးမှာ လူတွေ မသွားရဲ မလာရဲအောင် ဒုက္ခပေးတာ ဒီကောင်ကွ"

ကိုအေးမောင်က အော်ပြော၍ သူ့လူများဘက် လှည့်လျက် ...

"ကျုပ်ပြောတာ မဟုတ်ဘူးလားဗျို့"

"ဟုတ်တယ် ... ဟုတ်တယ်"

"ခင်ဗျားပြောတာ မှန်တယ်၊ ဒီကောင်ကြီးဟာ အန္တရာယ်ကောင်ကြီး၊ အခုကြည့်ပါလား၊ သူ့ရုပ်ကြီးကိုက ကျက်သရေမရှိဘူး"

တစ်ယောက်တစ်ပေါက် ပြောလာကြပြန်သည်။

"ဟေ့ကောင် ... မင်း ဝင်မရှုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မြို့သားက မြို့သားလို အေးအေးနေကွ၊ တို့အထဲ ဝင်မရှုပ်နဲ့"

"မင်းဝါ သေသွားချင်သလား"

ရာဇာထွန်းကို ခြိမ်းခြောက်လာကြပြန်သည်။ ဦးကျားကြီးသည် သူ့အန္တရာယ်ကို ချက်ချင်းမြင်သည်။

လူသေတွင်း ဘေးနားတွင် ရပ်နေရာမှ လက်တစ်ဖက်က ဝေါက်တူးကို ပစ်ချပြီး ဖျတ်ခနဲ လှည့်ပြေးတော့သည်။

"ဟော ... ပြေးပြီ၊ ပြေးပြီ"

"ဟာ ... ပြေးပဟေ့"

ချက်ချင်းတော့ မလိုက်ဖြစ်။

လူအုပ်ကြီး ကြောင်ကျန်ခဲ့သည်။ အနည်းငယ်အလှမ်းကွာသွားမှ ...

"လိုက်ဟေ့ ... လိုက်ဟ ... လိုက်ဟ"

လူအုပ်ကြီးက ဝုန်းခနဲ ပြိုဆင်းသွားသည်။ ထွက်ပြေးသော ဦးကျားကြီး နောက်သို့ တစ်စုတစ်ရုံးတည်း လိုက်ပြေးကြသည်။

ဦးကျားကြီး လှုပ်ရှားပုံများက တကယ် ချီးမွမ်းလောက်သည်။ ခြေထောက်များက သူ့ခန္ဓာကိုယ်ကို အလျင်ဆုံး သယ်သွားသည်။

လူအုပ်နှင့်ပင် အလှမ်းဝေးသွားသည်။

တစ်ယောက်နှင့် တစ်အုပ် ပြေးပုံချင်းမကူ။

တစ်ယောက်သမားက လွတ်လွတ်လပ်လပ် ပြေးနိုင်သည်။ အုပ်နှင့်ကတော့ လူချင်းတိုက်လိုတိုက်၊ ထပ်လိုထပ်။

ပြေးလမ်းမှာ ပိတ်ပြီး လဲသူလဲ ကွဲသူကွဲ။



သည်လူများကို ရာဇာထွန်း အတော်ရှောင်ကွင်း၍ လိုက်နေရသည်။ ဦးကျားကြီးက မြေပုံများကို လွှားခနဲ လွှားခနဲ ကျော်သလို သူကလည်း လွှားခနဲ လွှားခနဲ။

ဒါကြောင့် ...

ဦးကျားကြီးနောက်လိုက်သည့် လူအုပ်ကြီးရှေ့မှာ ရာဇာထွန်းက ရောက်နေသည်။ သူ့ခွန့်ဟောခတ်ကို ရာဇာထွန်း မလွှတ်အောင် ကိုင်ထားသည်။

"သူ ဂျပန်စစ်ဗိုလ်ဂူဘက်ကို ပြေးတာဗျို့"

လူတစ်ယောက်က ဦးကျားကြီး ဦးတည်ရာကိုသိပြီး အော်သည်။

ဂျပန်ဂူကြီး၏ တံခါးများက သစ်သားတံခါးမျှားပင်ဖြစ်လေမင့် ဟောင်းနွမ်းဆွေးမြည့်နေပြီ။

သည်ဂူထဲကို ဦးကျားကြီးက ဝင်ပုန်းဦးတော့ လွတ်လမ်းမရှိနိုင်။

"ဦးကျားကြီး ... ခင်ဗျား မပြေးနဲ့"

ရာဇာထွန်းက ဟန့်သည်။ ဘာကြောင့် သူ ဒီလိုအော်မိသည်ကို မသိ။

သူ့မျက်စိရှေ့တွင်ဝင် ဦးကျားကြီးက မျက်နှာမူ ရပ်လိုက်သည်။ သူ့ တင်းပုတ်ကြီးကို လက်တစ်ဖက်နှင့် မြှောက်လျက် ...

"မင်းတို့ သတ္တိရှိရင် လာ"

လူအုပ်ကြီးမှာ တန့်ခနဲ။

ရာဇာထွန်း ရပ်သွားသည်။ သူနှင့် ဦးကျားကြီးက စိတ်ထင် ဆယ်ကိုက်ကျော်လောက် ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

ဦးကျားကြီးက ပွင့်နေသော ဂူတံခါးဝရှေ့တွင် နောက်ပြန်ကျွမ်းပစ်လိုက်သည်။ မြေပေါ်သို့ နောက်ကျွမ်း ပစ်ကျကာ ဂူထဲသို့ လိမ့်ဝင်သွားသည်။

ရုတ်တရက်တော့ ဘယ်သူမှ မလိုက်ရဲ။

ရန်သူ့ပိုင်နက်။

လူစွမ်းကောင်းလုပ်လည်း ဘယ်သူကမှ ချီးမွမ်းမည် မထင်။

ရာဇာထွန်းတောင် အကဲခတ်ကြည့်နေသည်။ သူ့နောက်တွင် လူအုပ်ကြီးက မဝေးလှ။

"ဟေ့ ... ဝင်ပါတော့လားကွ၊ ဘာကြည့်နေသလဲ"

ကိုအေးမောင်၏ အသံ။

အတော်ခက်တဲ့လူ။

သူ မလုပ်ရဲတာနဲ့ လူတကာကို မြှောက်ထိုးပင့်ကော် ပြုနေသည်။

"ခင်ဗျား ဝင်ပါလား၊ ခင်ဗျားက ပြည်သူ့စစ်ခေါင်းဆောင်ကြီးပဲ၊ ဗန္ဓုလသွေးပါတယ် မဟုတ်လား"

လူအုပ်ကို သွေးဆောင်သူမှာ သူပင်ဖြစ်ကြောင်း သိသာနိုင်သည်။ ယုံမှားဖွယ်မရှိ။



## ၁၇

သည်စဉ် ...

"ဝေါင်း"

ဟိန်းသံကြီးတစ်ခုက ဂူထဲမှ ပေါ်လာသည်။ မြေတုန်ခမန်းဟိန်းသံ။

အတော်သတ္တိကောင်းကြသည်။ ရာဇာထွန်းမှလွဲ၍ လူတွေ နောက်သို့ တွန့်ဆုတ်သွားကြသည်။

"ဝေါင်း"

အာခေါင်ဝမ်းခေါင်းသံကြီးနှင့် ဟိန်းသံက ဒုတိယတစ်ကြိမ် ပေါ်လာသည်။ အမည်းစင်းနှင့် အဝါစင်း ထင်းထင်းကြီးမြင်နေရသော သတ္တဝါတစ်ကောင်က ဂူရှေ့သို့ ဂူထဲမှ လွှားခနဲ ခုန်ထွက်လာသည်။

"အမယ်လေး ... ကျားကြီးဗျ"

တစ်ယောက်က လန့်အော်လိုက်သည်။

"ကျားဟေ့ ... ကျား ... ကျား"

"ဘာကြောက်စရာရှိလဲ၊ သတ်ပါတော့လား"

www.burmeseclassic.com

www.burmeseclassic.com



အောင်သံများကြားမှ ကျားကြီးက ရှေ့သို့ တိုးလာသည်။ ပါးစပ်ကြီးကို ဟထားသဖြင့် အစွယ်လေးချောင်းကို ဝါဝါထိန်ထိန် မြင်နေရသည်။

တစ်လှမ်းချင်း၊ တစ်လှမ်းချင်း။

တစ်ယောက်က ကျားရင်အုံထဲသို့ မှန်းပြီး လှံနှင့်လှမ်း ပစ်လိုက်သည်။

ကျားက ပါးနပ်သည်။ လှံသွားက သူ့ဆီအဝင် သူ့ရှေ့ခြေတစ်ဖက်နှင့် ပုတ်ထုတ်ပစ်လိုက်၏။

လှံသွား ကျားရင်အုံကို ခြစ်မိရုံလေး။

ဓားတစ်ချောင်းက သူ့မျက်နှာရှေ့ဖြတ်ကာ မြေကြီးထဲသို့ စိုက်ဝင်သွားသည်။ ယင်းဓားကို ကျားက ဒေါသတကြီးဟိန်းကာ ကိုက်ပစ်လိုက်သည်။

"ဝေါင်း"

ဟိန်းသံကြီးပေးကာ လူတွေဘက်သို့ ဝုန်းခနဲ ခုန်အုပ်လိုက်သည်။

လူအုပ်ကြီးမှာ ညာသံပေးပြီး ကစဉ့်ကလျား သုတ်ခြေတင်ကြသည်။ သတ္တိကောင်းသူတချို့သာ ဓားတပြပြ၊ လှံတဖွေးဖွေးနှင့် ကျန်ခဲ့သည်။

သူတို့ အသေအချာ မကြည့်တာ သူတို့ချွတ်ယွင်းချက်။

ကျားက မာန်သွင်းပြီး ခုန်အုပ်လိုက်ခြင်း ခံရသူက ရာဇာထွန်းမဲ့။

ရာဇာထွန်းက ဘေးသို့ ကြိုးတန်းလျှောက်ခုန်ထွက်သွားသည်။



သူ့ညာလက်မှ တုတ်စတစ်ဖက် လွင့်ထွက်သွားပြီးသော် ကျား၏ ရင်အုံကို ဖမ်းရိုက်သွားသည်။

"ဝေါင်း"

ဒေါသတကြီး မာန်ဖီပြီး ကျားက မြေသို့ ညွတ်အကျ ရာဇာထွန်း၏ ခွန့်ယောခတ်တုတ်စက ကြိုးရှိန်နှင့် အထက်သို့ ပင့်တက်သွားသည်။

ကျားတစ်ကိုယ်လုံး ခါထွက်သွားသည်။

ရာဇာထွန်းဘက် ပြန်လှည့်လာသည်။ နှုတ်ခမ်းမွေး တလှုပ်လှုပ်၊ နှာတပွပွနှင့် ကြည့်ပြီး စိုက်ကြည့်နေသည်။

ရာဇာထွန်းက တုတ်စနှစ်ဖက်ကို တစ်ဖက်တစ်ချက် ဆုတ်ပြီး ခြေကို ကြိုးတန်းလျှောက်ခင်းပြီး စောင့်နေသည်။

ပြေးလွှားနေသော လူအုပ်ကြီးက ရပ်သွားကြသည်။ ပြန်လှည့်လာကြသည်။ ပြိုင်ပွဲတစ်ခုသဖွယ် ကြည့်နေသည်။

"ဟော့"

မြေကို ခြေဆောင့်လိုက်ပြီး ရာဇာထွန်းက အော်လိုက်သည်။ ကျားက လွှားခနဲ အခုန်၊ သူ့ကိုယ်ကို မြေတွင် ဝပ်စင်းပြီး ကျားအောက်မှ လိမ့်ထွက်သည်။

ကျားက သည်တစ်ခါ ပါးသွားသည်။

သူ ခုန်မည့်အတိုင်းအတာ မခုန်ဘဲ တစ်ဝက်ကျော်ကျော်အခုန် ရာဇာထွန်းက အလိမ့်မှတွင် ရာဇာထွန်း ကိုယ်ပေါ်သို့ ကျားက ကျသွားတော့သည်။

"ဟယ်"

"သေပြီ"

"အမယ်လေး … ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသူများက အော်လိုက်သည်။

ဒါပေမဲ့ ...

ရာဇာထွန်းဆိုတဲ့ ကောင်လေး၏ သတ္တိကိုတော့ တစ်သက်လုံး သူတို့ မေ့လို့ရချင်မှ ရမည်။

ရာဇာထွန်း၏ ညာဘက်လက်က ဆတ်ခနဲ မြောက်တက်သွားပြီး တုတ်နှင့် ကျား၏ ဝမ်းဗိုက်ထဲသို့ ထိုးသွင်းလိုက်သည်။

တုတ်စက ကျားဝမ်းဗိုက်ထဲသို့ ဖောင်းခနဲ ဖောက်ဝင်သွားသည်။ ကျား၏ နာကျင်စွာ အော်ဟစ်သံများနှင့်အတူ ရာဇာထွန်း၏ ပခုံးကို ဖမ်းကိုက်လိုက်သည်။

သို့တစေ ...

ရာဇာထွန်း၏ ကျန်လက်မှ တုတ်စတစ်ဖက်ကသာ ကျားပါးစပ်ထဲသို့ ရောက်သွားသည်။ ကျားကြီးက တုတ်ကို ဖိကိုက်ပြီး ယမ်းခါပစ်လိုက်သည်။

"ဖြောင်း"

တုတ်ကျိုးထွက်သွားသည်။ ရာဇာထွန်း၏ ကျန်လက်တစ်ဖက်မှ တုတ်က ကျား၏ ဝမ်းဗိုက်မှာ တန်းလန်းကျန်ခဲ့သည်။

ရာဇာထွန်း ကျွမ်းပစ်ထွက်သွားသည်။

ကျားမှာ မာန်ဖီသံနှင့် မြေတွင် လိမ့်သွားသည်။

တဝုန်းဝုန်း အော်သံက အဆက်မပြတ်။

"သတ်ပေါ့၊ ဒီကျား သတ်ဟ"

"လူက ကျားဖြစ်သွားတာပေါ့၊ လူက ကျားဖြစ်သွားတာ"

"ဘာကြည့်နေကြတာလဲ၊ ဝင်ခုတ်ကြပါတော့လား"



လူအုပ်ကြီးက ပြေးဝင်လာသည်။ ကျားမှာ ရာဇာထွန်း လက်ချက်ဖြင့် မထနိုင်တော့ပြီကိုး။

သည်မှာတွင် သတ္တိပြကြသည်။

တစ်ယောက်တစ်ချက်နှင့် ဆော်လိုက် ဘောလိုက်ကြတာကြောင့် ကျားမှာ အသက်တောင် ဘယ်က ထွက်သွားသည်မသိ။

သူတို့ ဓားတွေ၊ လှံတွေမှာလည်း သွေးတွေ ရဲလို့။

မြေမှာလည်း သွေးကမ္ဘာလာခင်းပြီးသား။

"ကျားကြီး သေပြီဟေ့"

"တို့ကို တစ်သက်လုံး နှောင့်ယှက်တဲ့ကျား၊ အခုတော့ ဘယ့်နှယ်ရှိစ"

"လူက ကျားဖြစ်ပြီး အခုသေတော့ လူပြန်ဖြစ်ပါဦးလားကွ"

"သမန်းကျားဆိုကွ၊ ဘာသမန်းကျားလဲ"

လူတွေက တစ်ယောက်တစ်ပေါက် ပြောဆို ဆူပွက်နေကြသည်။

ရာဇာထွန်းက ထလာသည်။ လူအုပ်နှင့် ရောလိုက်သည်။

သည်စဉ်ခိုက် ...

"ခွေးမသားတွေ၊ ကျားသေပေမဲ့ ငါ ရှိပါသေးတယ်ကွ၊ သိကြရဲ့လား၊ ငါ ရှိပါသေးတယ်"

အော်ကြီးဟစ်ကျယ် ပြောလိုက်သံက ဝှမှ လွင့်ပြန်လာသည်။

ဦးကျားကြီးသည် တင်းပုတ်ကို လက်ကြီးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး မားမားရပ်နေသည်။

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် _"

"ဟ _ ဘယ်လိုလဲ"

"ဦးကျားကြီးပါပဲလား"

တချို့ လူတွေ နှုတ်မှ အသံထွက်ကုန်ကြသည်။ ဦးကျားကြီးကို ငိုင်ကြည့်နေကြသည်။ ဦးကျားကြီး၏ အသံက ဒေါသသံနှင့် မုန်းတီးသံများ ပြည့်လျှမ်းနေသည်။

"မင်းတို့ သတ်လိုက်တဲ့ကျားဟာ ငါ မွေးထားတဲ့ ကျားကွဲ သိလား၊ ငါ မွေးထားခဲ့တာ၊ မွေးစကတည်းက ငါ မွေးထားခဲ့တာ၊ အခုတော့"

ဦးကျားကြီးအသံ တိမ်ဝင်သွားသည်။

သူက ဝှဝှ ပြေးလာသည်။

လူတွေ ရှုံခနဲ ဖြစ်၍ နောက်သို့ ဆုတ်ပြေးကြသည်။

သွေးအိုင်ထဲတွင် ရုပ်ပျက် ဆင်းပျက် သေနေသော ကျားသေကောင်ကြီးကို ငုံ့ကြည့်လိုက်သည်။ ဦးကျားကြီး၏ မျက်လုံးများထဲမှ မျက်ရည်ပေါက်များ လိမ့်စီးလာသည်။

"သားရယ် _ မင်း သေပုံကို အဖေ မရှုရက်ပါလားကွယ်၊ မင်းကို ဘေးတွေ့မှာစိုးလို့ အဖေ အတန်တန် ထိန်းချုပ်ပြီး အဖေကပဲ လူတွေ ထင်ယောင်ထင်မှားဖြစ်အောင် သမန်းကျားဟန်ဆောင်ခဲ့တယ်၊ အခုတော့ မင်း အမေ့ကို ခွဲသွားပြီ"

သူသည် ကျားသေအေးတွင် ထိုင်ကာ မျက်ရည်များ ကျပြီးမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"မင်းတို့ လူတွေဟာ လူ့လောကကြီးမှာ ယုတ်မာကြလို့ အားမရဘူး၊ အခု တိရစ္ဆာန် လောကထဲကိုဝင်ပြီး တိရစ္ဆာန်



နဲ့ ပြိုင်ပြီး မိုက်ကြတယ်၊ ယုတ်မာကြတယ်၊ မင်းတို့ကို သတ်မယ်"

သူသည် တင်းပုတ်ကို ဆွဲယမ်း၍ ပြေးလာသည်။ လူတွေ ဝေါခနဲ နောက်ဆုတ်သွားကြသည်။

မဆုတ်သူက ရာဇာထွန်းပဲ။

ရာဇာထွန်းက ဦးကျားကြီးနှင့် လူအုပ်ရှေ့မှ ဝင်ရပ်လိုက်သည်။

"ဦးကျားကြီး ခင်ဗျား သတိထား"

"မအေ ... လေး၊ မင်းကို အရင် မျိုးဖြုတ်ပစ်မယ်"

သူ့တင်းပုတ်ကြီးကို စုံမြှောက်ကိုင်ပြီး ရာဇာထွန်း၏ ခေါင်းကို ထုချလိုက်သည်။

မြန်သည်။ တည့်မတ်သည်။

အုံးခနဲ မြည်သံ။

ရာဇာထွန်းက ဘယ်ခြေရှေ့သို့ ညာခြေတက်ကာ ကိုယ်ကို ညွှတ်ပေးလိုက်သည်။ မြေကြီးနှင့် တင်းပုတ် ထိခိုက်သံ ပေါ်လာသည်။

ရာဇာထွန်း ခြေမပြင်မီ ဦးကျားကြီးက သူ့တင်းပုတ်နှင့် လက်ပြန်တွက်ထုလိုက်သည်။

ရာဇာထွန်းက သူ့လက်နှစ်ဖက်နှင့် ဦးကျားကြီး၏ ညာဘက်တံတောင်ဆစ်ကို ဟန့်တားပစ်လိုက်သည်။

"အင့်"

ဦးကျားကြီး၏ ညာနံဘေးကို ဒူးပုံနှင့် ခုန်တိုက်ပြီး ဘေးသို့ သုံးကွက်တန်း လျှောက်ခုန်ထွက်သွားသည်။

ဦးကျားကြီး ဒေါသကို မချုပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများက မီးဝင်းဝင်းထွက်မတတ်။

နှုတ်မှ ဆဲဆိုရေရွတ်သံတို့နှင့်အတူ သူ့တင်းပုတ်ကြီးကို မြှောက်လိုက်သည်။

ရာဇာထွန်းက ခြေကို ကြီးတန်းလျှောက်ခင်းကာ လက်နှစ်ဖက်ကို အရန်သင့် ပခုံးရှေ့မှာ တင်ထားသည်။

"ဒိုင်း"

ပတ်ဝန်းကျင်ကို သေနတ်သံတစ်ချက်က လွှမ်းသွားသည်။

"ဦးကျားကြီးခေါ် ဘိုထွန်းရွှေ၊ ခင်ဗျား လက်ထဲက လက်နက်ကို ချလိုက်ပါ"

သေနတ်သံ နောက်မှ အော်ဟစ်အမိန့်ပေးသံတစ်ခု ပေါ်လာသည်။

အားလုံး ငြိမ်သက်သွားကြသည်။

ခုရဲအုပ် ဦးစိုးဝင် လက်တွင်းတွင် ပွိုင့်သရီးအိတ်ဝက်ဘလေ ခြောက်လုံးပြူး ကိုင်ထားသည်။

လက်က အထက်သို့ မြှောက်ထောင်ထားခဲ့သည်။

ရဲသားများနှင့်အတူ ရပ်နေသူက မြိုင်။

မြိုင်၏ မျက်နှာကလေးက ဖြူရော်နေရှာသည်။

"မင်းတို့က ဘာလုပ်မှာလဲ"

"ဦးကျားကြီး ခင်ဗျားလက်ထဲက တင်းပုတ်ကိုသာ ချလိုက်စမ်းပါ၊ အဲဒီလို မလုပ်ရင်တော့ ခင်ဗျားလက်ကို ပစ်ချရလိမ့်မယ်၊ မိုးပေါ်ကို ထောင်ပြီး ကျည်ဖြုန်းမှာ မဟုတ်တော့ဘူး"



ဦးစိုးဝင် သေနတ်က အနေပြောင်းလာသည်။ ဦးကျားကြီး၏ လက်ကို ချိန်ထားသည်။

သူ့သမီးကို ဦးကျားကြီးက လှမ်းကြည့်သည်။

"အဖေ"

မြိုင်က သူ့အဖေ ခြေထောက်ကို ပြေးဖက်သည်။

"သမီး ဟိုကောင်ကြီး သေပြီ"

"သတ္တဝါတစ်ခု ကံတစ်ခုပါ အဖေရယ်၊ သူ့ကို သံယောဇဉ်ဖြတ်လိုက်ပါ"

"ဦးကျားကြီး၊ ခင်ဗျား လက်နက်ချ အဖမ်းခံလိုက်ပါ၊ ခင်ဗျားဟာ တောတွင်းအဖျက်သမား ဘိုထွန်းရွှေဖြစ်ကြောင်း ခင်ဗျားသမီးက ကျွန်တော်တို့ကို ပြောခဲ့ပြီးပြီ"

လူတွေက တစ်ယောက်ကိုတစ်ယောက် တီးတိုးပြောလာကြသည်။

"အဖေရယ် မှန်တဲ့အတိုင်း ပြောလိုက်ပါတော့၊ သမီးကို သူတို့ ဖမ်းမိခဲ့လို့ သမီး လမ်းမှာ ဖော်ခဲ့ပြီးပြီ၊ အဖေဟာ သူပုန်လို့"

"သမီးကို အဖေ စိတ်မဆိုးပါဘူး၊ ဘယ်လောက်ပဲ အဖေ ဇာတ်မြှုပ်နေနေ တစ်နေ့ကျရင် ဇာတ်ရုပ် ပေါ်မယ်ဆိုတာ အဖေ သိပြီးသားပါ"

ရာဇာထွန်းသည် မြိုင့်ကို စူးစူးကြည့်နေသည်။ မျက်လုံးတို့တွင် ကြေကွဲမှုများ လွှင်နေသည်။

"ကျုပ်အမည်ရင်းက ထွန်းရွှေပါ၊ ပဲခူးရိုးမမှာ ခိုနေခဲ့ကြတဲ့ အဖျက်သမားအဖွဲ့က တိုက်ခိုက်ရေး တာဝန်ခံတစ်ဦးပါ၊ သခင်သန်းထွန်း သေပြီးတဲ့နောက်မှာ ကျုပ်တို့အဖွဲ့တွေ ပြို

www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားကြတယ်၊ ကျုပ်ဟာ ဒီတောတွင်းလမ်းစဉ်ကိုလည်း စိတ်ပျက်တယ်။ ကျုပ်ရဲ့ မိန်းမဟာလည်း တောတွင်းအဖွဲ့က အကောင်တစ်ကောင်နဲ့ ဖောက်ပြန်ပြီး လစ်ပြေးတယ်၊ ကျုပ်မှာ သမီးလေးမြိုင်နဲ့ ကျန်ခဲ့တာပါ"

"ခင်ဗျား ဘာကြောင့် ဒီမှာလာပြီး သုဘရာဇာ လုပ်နေရတာလဲ"

"ရဲအုပ်မေး ဘာ မှန်တယ်၊ ကျုပ် သုဘရာဇာလုပ်တာ ကျုပ်ဘဝကို ကျုပ် မြှုပ်နှံပစ်လိုက်တာပဲ၊ ကျုပ်ဟာ လူရှင်ထက် လူသေကို အဖော်ပြုချင်တယ်၊ လူရှင်ဟာ လူလူချင်း အန္တရာယ်ပြုပေမဲ့ လူသေက လူလူချင်း အန္တရာယ် မပြုဘူး၊ ရန်မလုပ်ဘူး၊ သစ္စာမဖောက်ဘူး"

"ဒီကျားကကော"

"ကျုပ် တောတွင်းထဲက ဂူတစ်ခုမှာ ရလာလို့ မွေးလာပြီး ဒီအရွယ် ရောက်တဲ့အထိ သံယောဇဉ်ဖြစ်နေလို့ တိတ်တိတ် ခေါ်လာခဲ့တယ်၊ ကျုပ်လိုပဲ သူကလည်း ကျုပ်အပေါ် သံယောဇဉ် ဖြစ်နေတာကြောင့် တောထဲမှာ မသွားဘဲ ဒီသင်္ချိုင်းဂူထဲမှာပဲ ခိုအောင်းခဲ့တယ်၊ ကျားက အထီးဆိုတော့ သူ မိတ်လိုက်ချိန်ကလွဲပြီး ဒီဂူထဲမှာပဲ နေခဲ့တယ်၊ အစက တော့ သူဟာ တောထဲမှာ သူ့ဟာသူ အစာရှာတာပဲ၊ နောက်တော့ ရွာနားက နွားတစ်ကောင်ကို ဆွဲမိတာကအစ သူ့စားကျက်ကို သိသွားတယ်၊ ကျုပ်နဲ့ ကျားက ခွဲမရတော့ လူတွေက ကျုပ်ကို သမန်းကျားလူ အောက်မေ့လို့ ကျုပ်က လည်း သမန်းကျားသဘောမျိုး အထင်ခံနေခဲ့ပါတယ်"

"သမီးကျတော့ကော"



လက်တွင်းမှ တင်းပုတ်ကို ချလိုက်သည်။ သူ့သမီးကို ငုံ့ကြည့်သည်။ ဦးကျားကြီး၏ မျက်လုံးမှ မျက်ရည်ပေါက်တို့က မြိုင့်အပေါ်သို့ တစ်ပေါက်ချင်း ကျလာပြန်သည်။

"ကျုပ်သမီးလေးဟာ မိတဆိုးလေးပါ၊ သူ့ကို တောတွင်းမှာပဲ မွေးခဲ့ရတယ်၊ သူ့မွေးချိန်မှာ နှင်းတွေနဲ့ ချမ်းချမ်းစီးစီးမို့ နှင်းအေးမြိုင်လို့ အမည်ပေးခဲ့ပါတယ်၊ သူ သုံးနှစ်သမီးမှာ သူ့အမေဟာ ကျုပ် ကယ်တင်ခဲ့တဲ့ တောထဲက ကောင်နဲ့ပဲ လိုက်ပြေးခဲ့တယ်၊ အဲဒီကတည်းက လူတွေကို ကျုပ် စိတ်နာလာတယ်၊ တောတွင်းဝါဒီသမားတွေရဲ့ ဖောက်ပြန်ချက်ကြောင့် လူ့လောကကြီးကို ပိုမုန်းတီးလာတယ်၊ ကျုပ် သမီးလေးကို ကျုပ်လို မဖြစ်စေလိုတဲ့အတွက် တောင်ငူကို ငါးနှစ်သမီးမှာ အသိတစ်ယောက်ဆီ ပို့ပြီး ကျောင်းထားပေးခဲ့တယ်၊ ကျုပ်လည်း ခိုးခိုးပြီး သွားတွေ့ခဲ့ပါတယ်"

"ဒါဖြင့် ခင်ဗျားက ဘာလို့ တောထဲမှာ ဝှက်ထားခဲ့ရတာလဲ"

"ကျုပ် လူတွေကို မုန်းလာတယ်၊ လူတွေဟာ သစ္စာတရားမရှိဘူး၊ ကြည့်စမ်း အစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်ခဲ့တဲ့နေရာမှာ ကျုပ်နဲ့ လက်တွဲလုပ်နေတဲ့ နယ်မြေတာဝန်ခံလှသောင်ဆိုတဲ့ကောင် သေလုမြောပါး ဒဏ်ရာရနေတာကို ကျုပ် ကယ်ခဲ့ပြီး စခန်းမှာပဲ ဆေးကုသပေးခဲ့တယ်၊ ရမ့်လိုအပ်မဲ့ ဆေးတွေကို ကျုပ် အသက်စွန့်ပြီး မြေပေါ် တက်ရှာတယ်၊ ကျုပ်က ရဲဘော်စိတ်ကိုး၊ ကျုပ် မိန်းမက ဒီကောင့်ကို ပြုစုတယ်၊ ပြုစုရင်း သူတို့ အတွင်းဇာတ်ခင်းနေကြတာကို ကျုပ် မရိပ်မိဘူး၊ လှသောင်ကို ကျုပ် ယုံတာကိုး၊ ကျုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း လှဘော် ဓမားသေးတော့ နယ်မြေတာဝန်ခံကို ပူးတွဲလုပ်ရတယ်၊ အဲဒီကောင်လည်းမာလို့ မကြာပါဘူး၊ ကျုပ်မိန်းမရော ဒီကောင်ပါ ကျုပ်သမီးလေးကို ထားပြီး ပြေးကြတော့တာပါပဲ၊ ဒီတော့ သစ္စာတရားဆိုတာ ဘယ်မှာရှိမလဲ၊ ခင်ဗျားတို့ စဉ်းစားကြည့်စမ်း၊ ကျုပ်သမီးလေးကို လူ့လောက အလယ်မှာ လှဘော်လို လူယုတ်မာ၊ ကျုပ်မိန်းမလို မိန်းမယုတ်တွေနဲ့ တွေ့မှာစိုးလို့ လူတွေနဲ့မရောယှက် ရအောင် တောထဲမှာ ပြန်ခေါ်ထားငှက်ခဲ့တာပဲလေ”

လူတွေ တိတ်ဆိတ်နေကြသည်။ ငိုရှိုက်နေသော မြိုင့်ကို ဦးကျားကြီးခေါ် ဘိုထွန်းရွှေက ပခုံးမှ ကိုင်ရပ်ပြီး မတ်တတ်ရပ်စေသည်။

“ကျုပ်မှာ အဖော်တစ်ခု သမီးတစ်ခုပါ၊ လူ့လောက အလယ်မှာ ကျုပ်သမီးလေးကို မျက်နှာမငယ်စေချင်ပါဘူး၊ အန္တရာယ်လည်း မတွေ့စေချင်ဘူး၊ ကျုပ်သမီးလေးကို ဟောဒီ တိရစ္ဆာန်ကျားနဲ့ပဲ အပေါင်းအသင်း ဖြစ်စေခဲ့တယ်၊ ဒီကောင်ကြီးဟာ ကျုပ်တို့ သားအဖနှစ်ယောက်အပေါ်မှာ သစ္စာရှိခဲ့ပါတယ်၊ ဘယ်တော့မှ ရန်မမူဘူး၊ ကျုပ်သမီးထက် ကျုပ်ကို ပိုချစ်တယ်၊ ဒီကောင်ကြီး ခေါ်သထွက်နေရင် ကျုပ် အသံကြားရင် ငြိမ်သွားတယ်၊ ကျုပ် အနံ့ရရင် ငြိမ်သွားတယ်၊ ဒါကြောင့် ကျုပ် အဝတ်အစားတစ်ခုခုကို ကျုပ် သမီးလေးဟာ ဆောင်ထားပြီး လူတွေနဲ့ ဒီကောင်ကြီး တွေ့လို့ လူတွေကို ရန်ပြုမယ်လုပ်တဲ့အခါ ကျုပ် အဝတ်အစားကို နမ်းလိုက်ရတယ်”

သူ့အသံက တုန်ယင်နေသည်။



“သူ့ကို ထိန်းချုပ်နိုင်တာ ဒီတစ်ခုပဲ၊ ကျုပ်ကလည်း လူတွေကို စိတ်နာလေတော့ သူတို့ရဲ့ အသက်စည်းစိမ် အိုးအိမ်တွေကို ကျုပ် အကောင်ကြီးရဲ့ ရန်မူမှုနဲ့ ဖျက်ဆီးစေလိုခဲ့တယ်၊ သမီးလေးက ဒါကို သဘောမတူဘူး၊ လက်မခံဘူး၊ ဒီနေရာမှာ ကျုပ်တို့ သားအဖနှစ်ယောက် စိတ်သဘောကွဲခဲ့တာပဲ”

ရာဇာထွန်းသည် ဦးကျားကြီး၏ မျက်လုံးများနှင့် မျက်လုံးချင်း ဆုံမိသည်။

သူသတိရသည်။ ပိန်းနဲကုန်းမှ မြိုင်ကလေးကို လာစဉ် ကျားနှင့် တွေ့ကြသည်။ ကျားရှေ့သို့ မြိုင်က အဝတ်ပေါင်းတစ်ခု ချပြခြင်းကို ပြန်သတိရသည်။

“အေး … ခင်ဗျား ဘာပဲလုပ်လုပ် တရားဥပဒေ စိုးမိုးရေးကိုတော့ ခင်ဗျား တွန်းလှန်လို့မရပါဘူး ဘိုထွန်းရွှေ”

ဦးစိုးဝင်းက ပြောပြီး သူ့ခါးတွင် ချိတ်ထားသော လက်ထိတ်ကို ဖြုတ်လိုက်သည်။

လက်ထိတ်ကိုမြင်လျှင် ရာဇာထွန်း စိတ်ထဲမှာ ထိတ်ခနဲ။

သူသည်လည်း ရာဇဝတ်မှု မကင်းပါလား။

ကျားကြီးသည် ရာဇာထွန်းအား စိုက်ကြည့်နေလျက်မှ ဦးစိုးဝင်ဘက် လှည့်ပြီး တစ်ခုခုပြောရန် ပြင်သည်။

ရာဇာထွန်း သိသည်။

သူ့အကြောင်းကို ကျားကြီး ပြောတော့မှာပဲ။

ဒါပေမဲ့ …

ကျားကြီး တော့သွားသည်။ ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတိုသာ စိုက်၍ သူ့သမီးလေး၏ ခေါင်းကို လက်တစ်ဖက်နှင့် ပွတ်သပ်နေသည်။

သူ့သဏ္ဌာန်အသွင်သည် အရာရာကို လက်မြှောက် အရှုံးပေးလိုက်သည့်ပုံ။

ဒီတော့လည်း သနားစရာ။

လူအချို့က သက်ပြင်းချကြသည်။

အကြောင်းမှန်သိရတော့ ဒေါသတရားများသည် သူတို့ ဆီထံမှ လွင့်ပါးသွားကြသည်။

မြိုင်နှင့် ဦးကျားကြီးကို သနားစရာအဖြစ် မြင်ကြသည်။

"ဆရာရေ ... ဟောဒီမှာ တွေ့ပြီဗျို့၊ ဟောဒါတွေ တွေ့တယ်"

ရုတ်တရက် အော်ပြောလိုက်သံတစ်ခု။

အရင်းအမြစ် မရှိ အော်လိုက်သံ။

ဝူထဲသို့ ဘယ်အချိန်ကာလက ဝင်သွားမှန်း မသိရသော ရဲသားတစ်ဦးက ပြန်ထွက်လာသည်။ အော်ပြောလိုက်သံနှင့် အတူ သူ့လက်ထဲက ပစ္စည်းတစ်ခုကို မြှောက်ပြလိုက်သည်။

သံသေတ္တာလေးတစ်လုံး။

အံ့စရာပါပဲ။

ဦးကျားကြီးတစ်ကိုယ်လုံး ကင်းတုတ်ခံရသလို ဖြစ်သွားသည်။ ကျားနာကြီးလို ပါးစပ်မှာ မပီမသအော်၍ ရဲသားဘက်သို့ ခုန်လိုက်သည်။

သူ နောက်ကျသွားပြီ။

ဦးစိုးဝင်းက သူ့ဆံပင်ရှည်ကြီးကို ဖမ်းဆွဲလိုက်ပြီး သေနတ်ပြောင်းနှင့် နံဘေးကို ထောက်လိုက်သည်။



"ဦးကျားကြီး ငြိမ်ငြိမ်နေစမ်း"

"ဒါ ... ဒါ ... ဒါတော့ မလုပ်ကြပါနဲ့ဗျား၊ ကျုပ် ... ကျုပ် သမီးလေးအတွက်ပါ"

သူ့အသံက မှုပျက်လွန်းလှသည်။

သူ့လက်နှစ်ဖက်ကို ဦးစိုးဝင်းက သံမဏိကွင်းစပ် ချပေးပြီး သော့ခတ်ပစ်လိုက်သည်။

"ရှိကြီးခိုးပါရဲ့ဗျာ၊ ကျုပ်ကို လုပ်ချင်သလိုလုပ်ပါ၊ ဒီပစ္စည်း က ကျုပ်သမီးလေးအတွက် ထားတာပါ"

ဦးစိုးဝင်းက ဦးကျားကြီး တောင်းပန်နေသံများကို လစ်လျူရှုလိုက်သည်။

ရဲသား၏ လက်တွင်းမှ သံသေတ္တာကလေးကို ဆွဲယူလိုက်သည်။

ဖွင့်ကြည့်လိုက်သည်။

လက်ဝတ်လက်စား ရတနာတွေ။

ရွှေရော၊ ကျောက်ရော၊ စိန်တွေရော။

လူတွေ ခေါခနဲ မြည်သွားသည်။ ဦးစိုးဝင်း ရှိရာသို့ တစ်ဦးနှင့်တစ်ဦး တွန်းထိုးပြီး အလုအယက် တိုးလာကြသည်။

"ဘယ်သူမှ မလာကြနဲ့"

အံ့အားသင့်စိတ်ကို ဦးစိုးဝင်းက ထိန်းချုပ်ပြီး တားမြစ်လိုက်သည်။

လူဆိုတာ လောဘသား။

ဒီရတနာတွေက ဘယ်က ရတနာတွေလဲ ဆိုသိ။

ဝိုင်းပန်းလုယက်ကြလျှင် မခက်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ကြပါ၊ နောက်ဆုတ်ကြပါ၊ ဒါ ခင်ဗျားတို့အလုပ် မဟုတ်ဘူး"

ရဲသားတစ်ယောက်က အော်သည်။

"ကျေးရွာကောင်စီနဲ့ ပြည်သူ့စစ်တွေကလည်း လူတွေကို တားပေးကြပါ"

ကျေးရွာကောင်စီနှင့် ပြည်သူ့စစ်များ ရောက်လာချိန် ဦးစိုးဝင်းက အော်သည်။

"ခင်ဗျားတို့ နောက်ဆုတ်၊ ရဲတွေ သူတို့အလုပ် သူတို့ လုပ်ပါစေ"

ကိုအေးမောင်က အော်လိုက်သည်။

လူတွေ ရှုံ့ခနဲ နောက်ဆုတ်သွားကြသည်။ တစ်ယောက် တစ်ပေါက် ပြောဆိုနေကြရာမှ တိတ်သွားသည်။

"ဒါ ခင်ဗျား ဘယ်ကရလာလဲ ဘိုထွန်းရွှေ၊ တောတွင်းက ခင်ဗျား ယူလာတာလား"

ဦးစိုးဝင်းက ပြတ်ပြတ်သားသား မေးလိုက်သည်။

ဦးကျားကြီး မပြောဘဲ တွေနေသည်။ မြိုင်ကမှ ရှိက်ငင်ရာမှ ...

"ပြောလိုက်ပါ အဖေရယ်၊ ပြောလိုက်ပါ၊ ဒီပစ္စည်းတွေ မြိုင် မမက်ပါဘူး"

"အမှန်အတိုင်း ပြောပါ ဘိုထွန်းရွှေ၊ ဒီပစ္စည်းတွေ ဘယ်က ရသလဲ၊ ဒါတွေဟာ ခင်ဗျားအပိုင်တော့ ဘယ်နည်း နဲ့မှ မဟုတ်နိုင်ဘူး"

"ကျုပ် ပစ္စည်းတွေ မဟုတ်ပါဘူး၊ သေသွားတဲ့ လူရဲ့ ပစ္စည်း တွေပါ၊ ကျုပ် ရသင့်ရထိုက်လို့ ယူထားတာ"



"ဘယ်လို သေသွားတဲ့လူလဲ"

"ပြောရရင်တော့ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကို ပြန် စရမှာပဲ၊ ကျုပ် ဒီသချိုင်းထဲမှာ ဒီသုဘရာဇာအလုပ်ကို လာလုပ်ခါစက တစ်နေ့မှာ သေနတ်သံတစ်ချက် ကြားလိုက် ရတယ်၊ ကျုပ်လည်း ဒီဂူထဲမှာ ကျုပ်ကျားနဲ့ ရှိနေတုန်း သေနတ်သံ ကြားတော့ သွားကြည့်တယ်၊ သချိုင်းဘေးမှာ လူတစ်ယောက် သေနတ်ဒဏ်ရာနဲ့ လဲနေတယ်၊ သူ့ လက် ထဲမှာ အဲဒီရတနာသေတ္တာကို ကိုင်ထားတယ်၊ ကျုပ်ကို တွေ့တော့ သူ့ကိုကယ်ဖို့ ပြောတယ်၊ ကျုပ်က ဘာဖြစ်လို့လဲ မေးတော့ သူ့ကို အောင်ဌေးလွင်ဆိုတဲ လူက သေနတ်နဲ့ လိုက်ပစ်ပြီး ရတနာတွေ လိုက်လုလို့ ထွက်ပြေးရပါတယ် တဲ့၊ ဒါနဲ့ ကျုပ်လည်း သူ့ကို အဲဒီသချိုင်းဂူထဲ ပွေ့သွား တယ်၊ ဂူထဲရောက်ပြီး သူ့ကို အသာထား သူ့ကို စတွေ့တဲ့ နေရာမှာ ပြန်ကြည့်တော့ လူတစ်ယောက်ကို မြင်ရတယ်၊ သူ့လက်ထဲမှာလည်း သေနတ်နဲ့ပဲ၊ အဲဒီလူဟာ သွေးစက်တွေ ကို လိုက်ခြေရာခံနေတယ်၊ ကျုပ်က သေနတ်မှန်ခံရသူကို သွေးစက်မတွေ့အောင် သယ်လာတော့ သူ ခြေရာခံလို့ မရ တော့ဘူး"

"သူ့နာမည်က အောင်ဌေးလွင်လား"

"ဟုတ်တယ်"

"သေသူကကော"

"မင်းမင်းထွန်းတဲ့"

"ခင်ဗျားကို အောင်ဌေးလွင်က မြင်ရောလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မြင်မလဲ၊ ကျုပ်က သစ်ပင်ကွယ်တစ်ခုက ချောင်းကြည့်နေခဲ့တာကိုး၊ ကျုပ် ဂူထဲကို ပြန်ရောက်တော့ ကျုပ် မွေးတဲ့ကျွဲဟာ မင်းမင်းထွန်းရဲ့ ကိုယ်ပေါ်က သွေးတွေကို လျှက်တော့မလို့ လုပ်နေတုန်း ကျုပ် တားလိုက်ရတယ်၊ လူ့သွေးကိုသာ ဒီကောင်ကြီး လျက်မိရင်တော့ လူတွေအဖို့ မလွယ်ဘူးဆိုတာ သိတယ်၊ မင်းမင်းထွန်းဟာ သူ့ကို အောင်ဒွေးလွင်က သတ်တဲ့အကြောင်းနဲ့ ရတနာတွေ လုဖို့ ကြံစည်တဲ့အကြောင်းပြောပြီး စာတစ်စောင် ရေးခဲ့တယ်၊ သူရယ်၊ ကလျာလှိုင်ရယ်၊ ကိုမင်းလှိုင်ရယ်၊ အောင်ဒွေးလွင်ရယ်၊ လေးယောက်ပေါင်းပြီး ပဲခူးက မင်္ဂလာဧည့်ခံပွဲတစ်ခုမှာ ခိုးပြတိုက်ခဲ့တဲ့အကြောင်းတွေ ရေးခဲ့ပြီး သူ့ကိုလည်း အောင်ဒွေးလွင်က သတ်ပါတယ်လို့ ဝန်ခံစာ ရေးပေးပြီး လက်မှတ်ထိုးခဲ့တယ်၊ မင်းမင်းထွန်း သေသွားတယ်"

"အဲဒီစာရွက် ခင်ဗျားမှာ ရှိသလား"

"ရှိတယ်"

"ခင်ဗျား ရဲစခန်းကို ဒီစာနဲ့ ရတနာတွေ ပို့ဖို့ကောင်းတယ်"

"ဒါက ဒီလိုရှိတယ်၊ ရဲအုပ်၊ ကျုပ်ဘဝကို ကျုပ် မြှုပ်ထားတော့ ဒီကိစ္စနဲ့ ကျုပ် ဘဝကို မပေါ်စေချင်ဘူး၊ ပြီးတော့ အခွင့်ကြုံလို့ ရတဲ့ ရတနာတွေကို ကျုပ် လိုချင်တယ်၊ ကျုပ် သမီးလေးကို လောကကြီးမှာ တင့်တောင့်တင့်တယ် ထားနိုင်တာ ဒီရတနာတွေပဲ ရှိတယ်၊ ပြီးတော့ ကျုပ် အကြံတစ်ခု ရတယ်၊ အဲဒီအကြံက အောင်ဒွေးလွင်ကို တွေ့အောင် ရှာပြီး ငွေညှစ်ဖို့ပဲ"

"ခင်ဗျားကလည်း တကယ် အကြံကြီးပါလား"



"အောင်ဒွေးလွင်ကို ကျုပ် ခြေရာခံရှာတယ်၊ လွယ်တော့ မလွယ်ဘူး၊ လေးငါးလကြာမှ ခြေရာခံမိတော့ ဒီစာနဲ့ ကျုပ် ငွေညှစ်တာပဲ၊ သူ ကျုပ်ကို တစ်ခါတည်း ငွေတစ်ထောင်ပေးတယ်၊ နောက်တစ်ခါကျတော့ သူ ကျုပ်ဆီလာပြီး ကျုပ်ကို သတ်တော့တာပဲ"

"ဒီတော့"

"ဘာရမလဲ၊ သူ ခံသွားရတာပေါ့၊ ကျုပ် တင်းပုတ်ဒဏ်ချက်နဲ့ လက်ကျိုးသွားတယ်"

"လူသေအလောင်းကို ဘာလုပ်ပစ်လိုက်လဲ"

"ကွန်ကရိရေတွင်းထဲ သွားပစ်ချထားလိုက်တယ်၊ အပေါ်က သစ်ကိုင်းသစ်ခက်တွေ၊ သစ်ပင်လေးတွေ၊ နွယ်ပင်တွေကို ပစ်ချဖုံးဖိလိုက်တယ်"

"အောင်ဒွေးလွင် ဘယ်မှာနေလဲ"

"မြို့ထဲမှာ၊ ဒါပေမဲ့ မနက်က ကျုပ်ဆီ လာသွားတယ်၊ ကျုပ်ကို မင်းမင်းထွန်း အလောင်းမေးတော့ ရေတွင်းထဲကို ပစ်ချလိုက်တဲ့အကြောင်း ပြောလိုက်တယ်၊ သူကလည်း ပြောသွားတယ်၊ သူ့လူသတ်မှုဟာ ပေါ်သွားပြီတဲ့၊ မင်းမင်းထွန်းရဲ့ ညီတစ်ယောက်ဟာ သူ့အစ်ကိုအတွက် စုံစမ်းဖို့ကော၊ လက်စားချေဖို့ကော ရောက်လာသတဲ့၊ ဒါကြောင့် ကိုမင်းလှိုင်နဲ့ ကလျာလှိုင်ရဲ့ သားလေးကို ပြန်ပေးဆွဲခဲ့တာပဲ၊ ဒါကို အောင်ဒွေးလွင်က သိတယ်၊ ရာဇာထွန်းက ကလေးကို သနားတာနဲ့ သူ့အဖေအမေဆီကို ကလေး ပြန်အပ်ဖို့ အောင်ဒွေးလွင်တို့က ကြားဖြတ်ဖမ်းယူသွားခဲ့တာပဲ၊ အဲဒါကို ရာဇာထွန်းက သိပြီး ကလေးကို ပြန်ကယ်သွားပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကျုပ်တို့ သိပြီးပြီ၊ ကလေးက ပြောပြတယ်၊ ရာဇာထွန်းကိုကော ခင်ဗျား သိလား"

"သိတယ်"

"ဘယ်မလဲ"

"ဒီလှုအုပ်ထဲမှာ"

မထူးတော့သည်မို့ ဦးကျားကြီး ဖွင့်ချလိုက်သည်။ ဦးကျားကြီးနှင့် ရဲများက ရာဇာထွန်းကို လှုအုပ်ထဲတွင် ရှာကြသည်။

မတွေ့ရ။

ရာဇာထွန်း ပျောက်ကိုသွားပြီ။

"ဘယ်မလဲ ရာဇာထွန်း၊ ပြောလေဗျာ ဦးကျားကြီး"

"ဒီကောင်လေး မရှိတော့ဘူး၊ ကျုပ် သိပြီ၊ ကျုပ်စကားကို ကြားလို့ ကွန်ကရိရေတွင်းပေါင်းကြီးကို လစ်သွားတာဖြစ်မှာပဲ၊ ဟိုမှာက သူ့အစ်ကိုအလောင်း ရှိတယ်လေ"

* * *



၁၈

ပင်ပန်းတာတောင် ပင်ပန်းရကျိုးမနပ်။

ရေတွင်းပေါင်းထဲက သစ်ပစ်ချုံနွယ်တွေကို ပေါက်ပြားနှင့် ခုတ်ထွင်ဖယ်ရှားရတာကိုက လွယ်လွယ်လူလု အလုပ်မျိုး မဟုတ်။

ချွေးပေါက်ပေါက် ကျနေသည်။ သူ့အောက ဒီမှာပဲ ကပ်နေသည်။

ရတနာတွေ။ ရတနာတွေ။

သေသူနှင့်အတူ ရှိနေရမှာပဲ။

သစ်ပင်ချုံနွယ်တွေ ရှင်းပြီး အထဲက မြေ ပေါ်လာသည်။ မြေထဲကို ပေါက်တူးသုံးလေးချက် ဝင်သွားရုံနှင့် မြေသားဖုံးနေသော အရာက ပေါ်လာသည်။

အရိုးတွေ။ လူ့အရိုး ဖြူဖြူဖွေးဖွေးတွေ။

ကြာကြာလုပ်တော့ မျှော်လင့်ချက် ကင်းမဲ့လာသည်။ အလောင်းရှိရာ ညွှန်လိုက်သူကိုပင် ဒေါသထွက်လာသည်။

ရတနာဆိုတာ ဝေးရော။

အရိပ်အရောင်တောင် မမြင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနောက်ထဲ လက်ခနဲ ဝင်လာသည်။ ဤရတနာတွေက အလောင်းနှင့်အတူ မရှိဘဲ ညွှန်လိုက်သူ ဦးကျားကြီးက ယူထားလိုက်ရင်ကော။

ဒီအတွေးက နောက်ကျသည်။

စောစောတည်းက တွေးဖို့ကောင်းသည်။

မိမိက ညံ့လိုက်တာ။

ရေတွင်းထဲ ရောက်ပြီး တူးဆွခဲ့တယ်ဆိုတာ သင်းသိစေရဖို့ သက်သေခံတော့ ယူသွားဦးမှ။

ပေါက်ပြားကို ပစ်ချလိုက်သည်။ လက်ကိုင်ပဝါကို ထုတ်ပြီး ချွေးများကို သုတ်ပစ်လိုက်သည်။

ခါးကြားထဲက သေနတ်ကို ထုတ်ပြီး ကျည်ဆန်ကို စစ်လိုက်သည်။

ဒီကောင်ကြီး ဒီတစ်ခါ ငြင်းရင် ကျည်ဆန်လက်ဆောင် ပေးရမှာ။

သက်သေအဖြစ် သူ လက်မောင်းရိုးကြီး တစ်ခုကို ယူပြီး ခါးကြားမှာ သေနတ်နှင့်အတူ ထိုးလိုက်သည်။

ကြိုးကို တွယ်ပြီး ရေတွင်းပေါ် တက်လိုက်သည်။

ရေတွင်းထိပ်ရောက်သည်နှင့် သူ့မျက်လုံးများ ပြာသွားသည်။

လူတစ်ယောက်ရယ် ...

လက်ပိုက်ပြီး မတ်တတ်ရပ်လို့။

ရာဇာထွန်းပဲ ...

"ဘယ်လိုလဲ လူသတ်သမားကြီးရဲ့၊ ရတနာတွေ တွေ့ခဲ့သလား။ ဒါမှမဟုတ် တစ္ဆေပဲ တွေ့ခဲ့သလား"



"သြော် ... မင်းက ဒီအထိ လိုက်လာတာကိုး"

"မဟာအဝိစိအထိ လိုက်ဖို့အသင့်ပဲ ကိုယ့်လူ"

"ရော့ ... မင်းအတွက် လက်ဆောင်"

လက်မောင်းရိုးကြီးကို ခါးကြားမှ ထုတ်ယူ၍ ရာဇာထွန်း ရှေ့သို့ ချပေးလိုက်သည်။

ရာဇာထွန်း ငုံ့ကြည့်သည်။

သူ့အစ်ကိုရဲ့ လက်မောင်းရိုး။

ရင်ထဲမှာ ဒေါသမုန်တိုင်း တိုက်ခတ်လာသည်။

"မင်း အစ်ကိုလေ၊ မင်း အစ်ကို၊ အခုဆို ငရဲပြည်မှာ ဒုက္ခတွေ့နေရောပေါ့ ... ဟား ဟား ဟား"

အောင်ဗွေးလွင်က အားပါးတရ ရယ်နေသည်။ သူ့ပုံက နိုင်ထက်စီးနင်း။

လက်ထဲမှာလည်း သေနတ် ရောက်နေပြီကိုး"

"မင်းက ငါ့ကို ပစ်သတ်မလို့လား"

"ငါ့လမ်းက ဆူးညှောင့်ခလုတ်မှန်သမျှ ရှင်းပစ်လိုက်မယ်"

"မောင်မောင်"

အသံကလေးတစ်သံ။

သစ်ပင်များနောက်မှ ပေါ်လာသောအသံ။

မြိုင့်အသံမှန်း ရာဇာထွန်းသိသည်။ ရာဇာထွန်းက လှည့်မကြည့်ဘဲ အော်လိုက်သည်။

"မြိုင် ... မြိုင် မလာနဲ့"

မြိုင် နားမထောင်။ သူတို့အထဲသို့ ပြေးဝင်လာသည်။ အောင်ဗွေးလွင်က လက်တွင်းရှိ သေနတ်ကို ဆတ်ခနဲ လှည့်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ရပ်လိုက်"

မြိုင် မရပ်။

"မောင်မောင် ... မောင်မောင် ထွက်သွားမှန်းသိလို့ မြိုင် လိုက်လာတယ်၊ သူ မောင်မောင့်ကို သတ်တော့မယ်၊ မောင်မောင့်ကို သတ်တော့မယ်"

"မြိုင် မလာနဲ့၊ သူ မြိုင့်ကို သတ်လိမ့်မယ်"

"မောင်မောင်ရေ၊ မြိုင် မောင့်ကို ကယ်မယ်"

မြိုင် ဆက်ပြေးလာသည်။ ပြေးပုံက ပိုမြန်သည်။ မြိုင့်အော်သံလေးက စူးသည်။

အောင်ဒွေးလွင်က သူ့သေနတ်ကို မြှောက်လိုက်စဉ်မှာပင် မြိုင်က အောင်ဒွေးမြိုင်အား ဝင်ပူးကပ်လိုက်တော့သည်။

"ဒိုင်း"

"အား ..."

သေနတ်သံနောက်မှ အော်သံ။

ကျည်ဖူးက ရာဇာထွန်း ဘေးနားမှာ လွဲထွက်သွားသည်။ ပိတုန်းကောင် ဝဲသံမျိုး ပြုသွားသည်။

သူ့မြင်ကွင်းတွင် မြိုင်ရော အောင်ဒွေးလွင်ပါ မရှိတော့ဘဲ ကွယ်ပျောက်သွားကြသည်။

အော်လိုက်သံက အောင်ဒွေးလွင်၏ အော်သံမှန်း သိသာလှသည်။

နှစ်ယောက်လုံး ရေတွင်းပျက်ကြီးထဲသို့ ထိုးကျသွားခြင်းဖြစ်သည်။

"မြိုင် ... မြိုင် ... မြိုင်ရေ"



ရာဇာထွန်းက သတိလက်လွတ် အော်၍ ရေတွင်းနားသို့ ပြေးကပ်သွားသည်။ အောက်သို့ ငုံ့ကြည့်လိုက်သည်။

ရေတွင်းထဲမှာ သဏ္ဍာန်နှစ်ခုက လုံးထွေးကျနေသည်။

ညည်းညူသံများကိုပါ ကြားရသည်။

မိမိကို အချစ်ပိုနေခဲ့သည့် မြိုင်။

မိမိ၏ အသက်ကို မြိုင်က စွန့်စားကယ်တင်ခဲ့ပါပကောလား။

"မြိုင် ... မြိုင်"

အောက်မှ ထူးသံ ပေါ်မလာ။

ရာဇာထွန်းက ရေတွင်းထဲသို့ ဆင်းရန် ပြုထားသည့် ကြိုးအတိုင်း ဆင်းဖို့ ကြိုးစကို ကိုင်လိုက်သည်။

"ဟော့ ... မပြေးနဲ့"

သူ့နောက်မှ အသံပေါ်လာသည်။ ရဲအုပ် ဦးစိုးဝင်းနှင့် ရွာသားများ အပြေးအလွှား လာနေကြသည်။

သူတို့အထဲမှာ ဦးကျားကြီးလည်း ပါသည်။

"မြိုင် ... ငါ့သမီးလေး မြိုင်ကော"

ဦးကျားကြီးက စိုးရိမ်တကြီး အော်မေးနေသည်။

ပြန်မဖြေဘဲ ရေတွင်းထဲကိုသာ ရာဇာထွန်း ငုံ့ကြည့်နေသည်။ သည်နောက် ရေတွင်းထဲသို့ ကြိုးနှင့် လျှောချ ဆင်းသွားသည်။

ညည်းညူနေသူက အောင်ဒွေးလွင်။

မလှုပ်မယှက်ဘဲ ငြိမ်ငြိမ်ခွေခွေလေး ဖြစ်နေသူက မြိုင်။

"မြိုင် ... မြိုင်"

www.burmeseclassic.com

www.burmeseclassic.com



မြိုင့်ကို အောင်ဌေးလွင်၏ ကိုယ်အောက်မှ ဆွဲယူမွေ့ထူးလိုက်တော့သည်။

သို့လက်ထဲမှာ မြိုင်က ပျော့ပျော့ခွေခွေကလေး။

မျက်လုံးကလေး စုံမှိတ်နေသည်။ ခေါင်းက တစောင်းလည်ပြီး စော်ကျိုးနေသည်။ ပါးစပ်မှ သွေးစီးကြောင်းလေး ထွက်ထူးနေသည်။

"အမယ်လေး မြိုင်ရယ်"

ရာဇာထွန်း နှုတ်မှ ယူကျုံးမရသံ လွှတ်ခနဲ ထွက်သွားမိတော့သည်။

မြိုင့် ရင်အုံကို လက်ဝါးတင် စမ်းသည်။

နှလုံးသွေးအခုန် ရပ်နေခဲ့ချေပြီ။

"ဟော့ ... ငါ့သမီး ... ငါ့သမီး ဘာဖြစ်လဲ"

တွင်းဝမှ ဦးကျားကြီးက သွေးရူးသွေးတန်းဖြင့် အော်မေး နေချေသည်။

သူတို့ကို ရာဇာထွန်း ဂရုမစိုက်။

မြိုင့်ကိုသာ မွေ့ချီပြီး ကိုင်ကာ လှုပ်ကာ ခေါ်နေချေ၏။

"မြိုင် ... မြိုင်ရယ်၊ ကိုယ့်ကို အသက်ပေးသွားတဲ့ မြိုင်ရယ်၊ ကိုယ် ခေါ်တာ ထူးပါဦးလေးကွယ်"

မြိုင်မထူးပါ။

မြိုင့် မျက်လုံးများသည် သူ့ချစ်သူ၏ မျက်နှာကို ကြည့်ချင်သလို ထာဝရ ပိတ်သွားခဲ့ပြီဖြစ်သည်။

"မြိုင် ကိုယ် ခေါ်နေတယ်လေ"

မြိုင့်ကို ရာဇာထွန်းက ပါးအပ်ကာ တတွတ်တွတ် ဆိုနေမိသည်။ မြိုင်က မလှုပ်။



မြိုင့် နှုတ်ခမ်းမှ ထွက်သော သွေးစီးကြောင်းကလေးက ရာဇာထွန်း၏ ပါးတွင် လာပေသည်။

မိမိကို ချစ်ရှာတဲ့မြိုင်။

လူ့လောကမှာ လူတွေနှင့် အပေါင်းအသင်း မလုပ်ရှာတဲ့ မြိုင်။

ခုတော့ မြိုင်သည် မရဏာနှင့် အပေါင်းအသင်း ပြုသွားခဲ့လေပြီ။

"အမယ်လေးဗျာ၊ ကျုပ်တော့်သမီးလေး သေပါပြီ၊ ဟော့ကောင် ရာဇာထွန်း ငါ့သမီး သေပြီ မှဟုတ်လား"

"ဟုတ်တယ် သေပြီ၊ မြိုင် သေပြီ၊ ခင်ဗျားကိုကော ကျုပ်ကိုကော ခွဲသွားပြီဗျ"

ရေတွင်းထဲမှနေပြီး ရာဇာထွန်းက ပြန်အော်သည်။

"သမီး ... သမီး"

သမီးဖောက ယခုမှ ကပ်သည်။ ဦးကျားကြီးက နှုတ်မှ တစာစာအော်လိုက်သည်။ ရေတွင်းထဲသို့ ခုန်ချမည် လုပ်သည်။

သူ့ကို လူတွေက ဝိုင်းဝန်းချုပ်နှောင်လိုက်ကြသည်။

"ဘယ်လို ဖြစ်တာလဲ"

ဦးစိုးဝင်းက ရေတွင်းဝတွင် ဒူးထောက်လျက် ငုံ့မေးလိုက်သည်။

ရာဇာထွန်းသည် မြိုင်၏ သွေးဆုတ်နေသော မျက်နှာလေးကို ငုံ့ကြည့်လျက်မှ ခေါင်းမော်၍ ပြန်အော်ဖြေလိုက်သည်။

"ဘယ်လို ဖြစ်ရမှာလဲဗျ၊ ဒီခွေးမသား အောင်ဌေးလွင်က ကျုပ်ကို သေနတ်နဲ့ ချိန်နေတုန်း မြိုင်က အောင်ဌေးလွင်ကို ဖက်ပြီး ရေတွင်းထဲ ခုန်ချလိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက တုန်နေသည်။ ကြေကွဲဆို့နင့်မှုကြောင့် ငိုသံပါနေသည်။

မြိုင့်နှုတ်ခမ်းမှ သွေးစကလေးများကို လက်ဖမိုးနှင့် တယုတယ သုတ်လိုက်သည်။

"ကျုပ်သမီး သေပြီ၊ လုပ်ကြပါဦးဗျာ၊ ကျုပ်သမီး သေပြီ၊ ကျုပ်သမီးကို သူတို့ သတ်ကြတယ်ပေါ့လေ"

အထက်တွင် လက်ထိတ်ကြီး တကားကားနှင့် ဦးကျားကြီးတစ်ယောက် ရှူးရှူးရှားရှား ဒေါသမာန်တွေ ဝင်နေသည်။

"ကျုပ် ဆင်းလာခဲ့မယ်"

ဦးစိုးဝင်က ပြော၍ ရဲအမှုထမ်းများအား ...

"ဟော့ ဒီလူကြီးကို မင်းတို့ ထိန်းကြစမ်းကွာ၊ ငါ ဆင်းသွားဦးမယ်"

သူ ရေတွင်းထဲသို့ ဆင်းလာသည်။ အထဲမှာ အရိုးတွေကော၊ ချုံပေါက်ချုံနွယ်အပြတ်များ၊ မြေစာများပါ ရောထွေးပွနေသည်။

အောင်ဒွေးလွင်က ညည်းနေသည်။

ရာဇာထွန်းက မြိုင့်ကို ချထားပြီး အောင်ဒွေးလွင်နား ကပ်သွားသည်။ အောင်ဒွေးလွင် လက်တစ်ဖက်နှင့် ခြေတစ်ဖက်မှာ သွင်သွင်ကျိုးနေသည်။

"ကိုင်းကွာ ... ကိုင်းကွာ"

မြိုင့်အတွက် ဖြစ်ပေါ်လာသော ဒေါသကြောင့် အောင်ဒွေးလွင်၏ မျက်နှာ မူလပကတိအတိုင်း မဟုတ်ဘဲ ရဲရဲတွင်သွားသည်။



ရာဇာထွန်းက သူ့လက်သီးနှစ်လုံးကို ဆင့်ကဲဆင့်ကဲ သုံးပစ်လိုက်သည်။

ဦးစိုးဝင်းသာ အချိန်မီ ရောက်မလာလျှင် အောင်ဒွေးလွင်မှာ ရာဇာထွန်း၏ လက်သီးဒဏ်ဖြင့် အသက်ထွက်သွားနိုင်စရာ အကြောင်းရှိသည်။

သူ့ကို ဦးစိုးဝင်က ဆွဲဖယ်ပစ်လိုက်သည်။

မြိုင့်ကို ကပျာကယာ စမ်းကြည့်သည်။

ခေါင်းကို လေးလေးတွဲ့တွဲ့ ယမ်းခါပစ်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ မိုက်မဲမှုကြောင့် မြိုင်ဆိုတဲ့ ကောင်မလေးတော့ ကြားထဲက မြေစာဖြစ်သွားရတာပဲ"

သူ့အသံက နမြောခြင်း၊ စိတ်ပျက်ခြင်းနှင့် ချလိုက်သော မှတ်ချက်အသံ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ရပ်ကွက်ထဲမှာလည်း ဒီအကြောင်း။

ဈေးထဲမှာလည်း ဒီအကြောင်း။

အိမ်တိုင်းမှာလည်း ဒီအကြောင်း။

မချော်လင့်သော သတင်းတစ်ခုအဖြစ် ပွနေသည်။ ရာဇာထွန်းနှင့် ဦးကျားကြီးကို အချုပ်ခန်းထဲ သွတ်သွင်း၍ အောင်ဌေးလွင်ကို ဆေးရုံ ပို့လိုက်ကြသည်။

သည်ကြားထဲ ပူဆွေးသောက ရောက်ရသူက ကေရီဒေါ်ဖြစ်သည်။

အစ်ကိုရှိရာ ဆေးရုံသို့ လိုက်သွားသည်။

အောင်ဌေးလွင် တစ်ကိုယ်လုံး ပတ်တီးတွေနှင့်ချည်း။

"ကိုကို"

ကေရီဒေါ်က မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ယင်းလက်ဝါးများထဲမှာ မျက်ရည်တွေ။

"မငိုနဲ့ ညီမလေး မငိုနဲ့ ကိုကို့မိုက်ပြစ် ကိုကို ခံမယ်၊ ကိုကိုက မိုက်ခဲ့တာကိုး"

အောင်ဌေးလွင် နှုတ်မှ မချိတင်ကဲ ထွက်လာသည်။ ကေရီဒေါ်သည် ခေါင်းကို မော့လိုက်သည်။



"ဘာအခုမှ ကိုကို မိုက်တာလဲ၊ ဘာအခုမှ ကိုကို မိုက်တာလဲ၊ ဒီလို မသမာတဲ့ အလုပ်မျိုး လုပ်ရအောင် ကိုကိုက စားစရာမရှိလို့လား၊ စုတ်ပြတ်နေလို့လား"

"ကိုကိုတို့ အခု ချမ်းသာတာထက် ပိုချမ်းသာအောင် လုပ်မိတာပါ"

"တော်ပါ ကိုကိုရယ်၊ ကိုကို့ကြောင့် ညီမလေး ဘယ်လောက် အရှက်ရမလဲ၊ ကိုကို မတရားဘူး"

ကေရီဒေါ်က ပြောပြီး မျက်ရည်များ ကျလာပြန်သည်။ အခန်းထဲသို့ ခြေသံ တဒေါက်ဒေါက်ပေးပြီး ဒေါက်တာသန်းထွန်း ဝင်လာသည်။

"ဘယ်လိုနေသေးလဲ ကိုဌေးလွင်"

"အား ... ကိုသန်းထွန်း"

"နေသာရဲ့လား"

သူ့အသံက ကြင်နာသံပေါက်နေသည်။ ခြေထောက်တစ်ဖက်ကို ပတ်တီးအထပ်ထပ် တည်းပြီး ပီဆိုပီကိုင်၍ ကြိုးဆွဲထားသည်။

ကိုယ်အလယ်ပိုင်းနှင့် လက်တစ်ဖက်မှာလည်း ပတ်တီးတွေနှင့်။

"မလှုပ်နိုင်ဘူးဗျာ၊ နံရိုးတွေလည်း နာလိုက်တာ၊ ပြန်မှကောင်းပါဦးမလား"

"ခင်ဗျားရဲ့ ခြေနဲ့ လက်တွင်မကဘူး၊ နံရိုး နှစ်ချောင်းပါ ဖရက်ချာ (Farcture) ဖြစ်သွားတာကိုး၊ နှစ်ယောက် အရိုးက မဆေးဘူး"

"ကောင်မလေးတော့ သွားရှာပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ တရားဆေ့ါလေ၊ ဇက်ကျိုးပြီးသေတာ၊ အမှန်က ခင်ဗျား သေဖို့၊ သူက ခင်ဗျားအောက် ရောက်သွားတော့ ခင်ဗျားရဲ့ ကိုယ်အလေးချိန်နဲ့ ပိသွားတာ ဖြစ်ရမှာပဲ"

"သူ ချစ်တဲ့ လူတစ်ယောက်အတွက် ချကိုသက်သေ ထူသွားတာပဲ၊ အချစ်ကို အသက်နဲ့ လဲပြသွားတာပဲ ကိုသန်းထွန်း"

"ကဲ ... စကားသိပ်မပြောနဲ့၊ သိပ်ပြောရင် ခင်ဗျား ကိုယ်တွင်းက သိပ်နာနေမယ်၊ ခင်ဗျား ကွန်ပေါင်းဖရက်ချာ မဖြစ်တာ တော်တယ်၊ အရိုးသာ ကြေသွားရင် အော်ပရိတ် လုပ်ရမှာပဲ"

ကိုသန်းထွန်းက ကေရီကို ငုံ့ကြည့်လိုက်သည်။

"ကေရီ မငိုပါနဲ့တော့ကွယ်"

"ကေရီ ရှက်တယ် ကိုသန်းထွန်း၊ ပြီးတော့ ကိုကို့အတွက် လည်း ဝမ်းနည်းတယ်"

"လူဟာ လောဘနောက်လိုက်ရင် မှားတယ်၊ ဒေါသနောက် လိုက်ရင် မှားတယ်၊ ကိုဌေးလွင်က လောဘနောက်လိုက်လို့ ဒုက္ခတွေ့ရတယ်၊ ဒါတွေဟာ ကျန်ရစ်ခဲ့သူတွေအတွက် သင်ခန်းစာချည်းပဲ ကေရီ"

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။

ခုတင်ခြေရင်းမှ မှတ်တမ်းကတ်ကို ကိုသန်းထွန်းက ယူကြည့်ပြီး ပြန်ထားလိုက်သည်။

"ခင်ဗျား သိပ်နာနေရင် အင်နာ(လ်)ဂျက်ဆင်တစ်လုံး ထိုးနှိုင်းလိုက်မယ်"

အောင်ဌေးလွင် ငြိမ်နေသည်။



အခန်းထဲသို့ ဦးစိုးဝင်နှင့် ရဲအမှုထမ်းတစ်ယောက် ဝင်လာသည်။

"နေသာထိုင်သာ ရှိရဲ့လား ကိုအောင်ဌေးလွင်"

အောင်ဌေးလွင်က ခေါင်းကိုညိတ်ပြသည်။

"ကျွန်တော်တို့ ခင်ဗျားဆီက ဖြောင့်ချက်လိုချင်တယ်"

"ဟုတ်ကဲ့၊ ရပါတယ်"

အောင်ဌေးလွင်က အသံတိုးတိုးပဲ။

ကေရီသည် သူ့အစ်ကို၏ အဖြစ်ကို မကြည့်ရက်။

ချက်ချင်း ထပြီး ထွက်လာသည်။

ဆေးရုံ ကော်ရစ်ဒါတွင် ရပ်ပြီး သံဆန်ကာပေါက်များမှ အပြင်သို့ ကြည့်နေသည်။

ကိုသန်းထွန်း လိုက်လာသည်။

"စိတ်အားမငယ်ပါနဲ့ ကေရီ၊ ကိုယ်တစ်ယောက်လုံး ရှိပါတယ်"

"စိတ်ထဲမှာ တစ်မျိုးခံစားနေရတာပါပဲ ကိုသန်းထွန်း၊ တစ်ခါမှ မကြုံဘူးတဲ့ အဖြစ်မျိုးပါ"

"သူ့အတွက် အပြစ်ဒဏ် ပေါ့အောင်တော့ ကိုယ်တို့က အကျိုးဆောင်ကောင်းကောင်း ရှာပြီး လျှောက်လွှဲရမှာပေါ့"

"ကိုကို့အတွက် ထွက်ပေါက်က ဒါပဲ ရှိတာပဲ၊ အင်း ... တစ်ယောက်မှာသာ"

ကေရီ ဆက်မပြောလို။-

သံယောဇဉ် အမျှင်မပြတ်သေး။

သက်ပြင်းကိုသာ ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကေရီ ဘယ်သူ့အတွက် ပြောသလဲဆိုတာ ကိုယ် သိပါတယ် ကေရီ"

ကေရီသည် သံဆန်ကာချောင်းကလေးများကို လက်သည်းနှင့် ခြစ်နေသည်။

"ဒီအတွက်တော့ ကေရီကို ကိုယ် အပြစ်မတင်ပါဘူး၊ ဟိုတစ်ညက ဖြစ်ခဲ့တဲ့အဖြစ်ကိုပါ ထည့်ပြီး ကေရီကို တောင်းပန်ရမှာပဲ"

"ဒါတွေ ပြောမနေပါနဲ့ ကိုသန်းထွန်း"

"ခွင့်လွှတ်ဖို့ပါ"

"ကိုယ့်ယူရမဲ့ ယောကျ်ားတစ်ယောက်ကို ခွင့်မလွှတ်ရင် ကေရီ မိန်းမမိုက် ဖြစ်တော့မှာပေါ့"

"ဒီလိုမပြောပါနဲ့ ကေရီ၊ စိတ်ရင်းစေတနာနဲ့ ခွင့်လွှတ်ဖို့ ကိုယ် လိုလားတာပါ"

"ဒါတွေ မပြောပါနဲ့တော့၊ ကိုသန်းထွန်းကို ကေရီ ခွင့်မလွှတ်ရင် အခုလို စကားပြောပါ့မလား ကိုသန်းထွန်း"

"ဝမ်းသာပါတယ် ကေရီ၊ ကိုရာဇာနဲ့တွေ့လည်း ကိုယ်ကပဲ တောင်းပန်ရမှာပါ"

"လိမ္မာလာပြီပေါ့"

ကိုသန်းထွန်းက လှိုက်လှိုက်နှစ်နှစ် ပြုံးလိုက်သည်။ ကေရီကို သူ သိပ်ချစ်ပါသည်။

ဒါကြောင့်လည်း သဝန်တိုမိတာ။

ရာဇာနှင့် တွေ့တော့ အချုပ်ခန်းသံတိုင်က ခြားလို့။

ဦးအိုးဝင်းကပဲ စီစဉ်ပေးလိုက်သည်။

ရာဇာ မျက်နှာသည်းရုံမှအပ မှုမပျက်။



စီးကရက်တစ်လိပ်ကို အေးအေးစွာ သောက်နေသည်။ ထောင့်တစ်ထောင့်မှာ ဦးကျားကြီးက ငြိမ်သက်စွာ ထိုင်နေသည်။ ဒူးနှစ်ဖက်ထောင်ပြီး လက်နှစ်ဖက်က ဒူးများကို ပွေ့ပိုက်ထားသည်။

ခေါင်းကို လက်မောင်းများကြားတွင် မြှုပ်ထားသည်။

"ခင်ဗျားဆီ လာတာပဲ ကိုရာဇာ"

"ကျွန်တော့်ကို အခုလို တွေ့တော့ ခင်ဗျား ဝမ်းမသာဘူးလား ကိုသန်းထွန်း"

သံတိုင်များနောက်တွင် စီးကရက်ဖွာရင်း ရာဇာက ပြောနေသည်။

"ပြက်ရယ်စကားတွေ ပြောမနေပါနဲ့ ကိုရာဇာ၊ ကျွန်တော် လာတာ ခင်ဗျားကို စော်ကားဖို့လာတာ မဟုတ်ပါဘူး"

"ဒါဖြင့်"

"တောင်းပန်ရအောင် လာတာပါ"

"ဘာတွေများ တောင်းပန်စရာ ရှိနေပါလိမ့်"

"ကျွန်တော်နဲ့ ခင်ဗျား ကေရီအတွက် တစ်နေ့ညက မပြေမလည်ဖြစ်ခဲ့တယ် မှတ်လား"

"ကျွန်တော် မေ့ပစ်လိုက်ပါပြီ"

"ကျွန်တော် ဒီတုန်းက ဒေါသလွှမ်းနေခဲ့တယ်၊ ယောကျ်ားကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုး မရှိခဲ့ဘူး"

"ကိုယ်ချစ်တဲ့ မိန်းကလေးကို တခြားကလူတစ်ယောက်နဲ့ တွဲလို့ ကြည့်နိုင်ပါတယ်၊ ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားနဲ့ ခံစားမှုဟာ ဘယ်ယောကျ်ားကောင်းမှ မရှိပါဘူး"

"ကျွန်တော် ဒီတုန်းက ဒေါသရှေ့ထားမိခဲ့တယ်"

"ဒေါသနောက်ထားမိတာ ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဒေါသရှေ့ထားရင် ဘယ်မှားမလဲ၊ ဒေါသကို နောက်မှာ ထားတော့ ဒေါသက လူကို တွန်းပို့တာကိုး"

"ခင်ဗျားကို တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့၊ မတောင်းပန်နဲ့၊ ကျွန်တော်နဲ့ ကေရီဟာလည်း ဘာမှ ဖြစ်ကြသေးတာ မဟုတ်ဘူး၊ ကျွန်တော်ကလည်း ခင်ဗျားကို ဖြိခဲ့တာပဲ မဟုတ်လား"

ရာဇာထွန်းက ဘာကိုမှ အရေးထားဟန်မတူ။

ကေရီကို သဲ့သဲ့လေး ပြုံးပြသည်။

ကေရီအား သူ နမ်းခဲ့ခြင်းကို ပြန်ပြောင်း သတိရနေမိသည်။

ကေရီကို သူ ချစ်သည်။ ဒါပေမဲ့ ...

ကေရီမှာက မှုပိုင်ရှင်နဲ့။

တို့အသည်းကို သူ မမြင်အောင် ဝှက်ထားတာပဲကောင်းမယ်။

ကေရီကို သူ မတောင်းပန်။

တောင်းပန်ဖို့လည်း မလို။

သူသည် ကေရီကို တစ်ခုသော စကားသာ ဆိုဏ်း

"ကိုအောင်ဌေးလွင်အတွက် ကျွန်တော် ဝမ်းနည်းမိပါတယ် ကေရီ"

"မလိုပါဘူး၊ သူ့မိုက်ပြစ်ကို သူ ခံလိုက်ရတာပဲ"

ကေရီက ခပ်ပြတ်ပြတ်။

ရာဇာထွန်းကို စိတ်ဆိုးလို့ ပြတ်မိသည် မဟုတ်။



အောင်ဌေးလွင် လုပ်ပုံကို ရင်နာသဖြင့် လေသံပြတ်မိသည်။

"ကဲ ... သွားကြတော့"

"သူကကော"

မျက်နှာဝှက်၍ ငုတ်တုတ် ထိုင်နေသော ဦးကျားကြီးကို ကိုသန်းထွန်းက မေးငေါ့ပြသည်။

"အင်း ... ခုအခါမှာတော့ သူက သနားစရာပေါ့ဗျာ၊ သူ ချစ်တဲ့ သမီးလည်း မရှိတော့ဘူး၊ သူချစ်တဲ့ ကျားလည်း မရှိတော့ဘူး၊ လောကမှာ လူတွေကို မုန်းတဲ့သူဟာ သူတစ်ယောက်တည်းပဲ သူ့လောကကို ထူထောင်နေခဲ့တာ"

"အခုတော့လည်း သူတစ်ယောက်တည်းပဲပေါ့"

ကေရီက သနားကရုဏာသံနှင့် တိုးတိုးလေး ပြော၍ တစ်ဆက်တည်း ...

"မြိုင်ဟာ သနားစရာပဲနော်"

"မြိုင်ကော မြိုင့်ဘဝပါ သနားစရာပါ"

"ကဲ ... စိတ်မကောင်းစရာတွေ ပြောမနေကြပါနဲ့"

ကိုသန်းထွန်းက ကြားဝင်ပိတ်သည်။

"ကျွန်တော်တို့ ခင်ဗျားကို ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ကျွန်တော့်မှာက ဓားပြမှု၊ လူသတ်မှုမှ မရှိဘဲ၊ ကလေးပြန်ပေးဆွဲတဲ့အမှုပဲ ရှိတာ"

"အကျိုးဆောင်တစ်ယောက် ငှားပေးမယ်လေ"

"ကျွန်တော် တရားရုံးမှာ ဖြောင့်ချက်ပေးပြီး ဥပဒေရဲ့ အပြစ် ပေးမှုကို ခံလိုက်ပါ့မယ်၊ ကျွန်တော့်မှာ နာမည်ပျက်လည်း မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ခင်ဗျားပဲ ဒီကလေးကို ကယ်ခဲ့တာ"

"အဲဒါကြောင့် အကျိုးဆောင်မလိုဘူးလို့ ကျွန်တော် ပြောတာပါ။ သူတို့ သိပ်ကြီးလေးတဲ့အပြစ်တော့ ကျွန်တော့်ကို မပေးကြပါဘူး"

ရာဇာထွန်း စကားမှန်သည်။

သူ့အမှုကို ဦးစွာ ကြားနာစစ်ဆေးသည်။

သူကလည်း အဖြစ်မှန်ကို ဝန်ခံသည်။

ဒီတော့ သူ့အတွက် စီရင်ချက် ချခဲ့သည်။

အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လ။

ခြောက်လဆိုတော့ အင်မတန် ကံကောင်းသည်။

ကံမကောင်းတာက ကိုမင်းလှိုင်နဲ့ ကုလျှာလှိုင်။

သူတို့နှစ်ယောက်လုံး အောင်မြေးလွင်၏ ထုတ်ဖော်ပြောချက်အရ အဖမ်းခံခဲ့ရသည်။

သူတို့ မကောင်းမှုတွေကို ဘယ်လိုပဲ ဖုံးကွယ်ဖုံးကွယ် ဥပဒေက အရိပ်လို လိုက်နေသည်သာ။

မကောင်းမှုဆိုတာ တန်ပြန်စမြဲ။

❀ ❀ ❀



# ၂၀

ခြောက်လဆိုတာ ဘာမှ မကြာ။

သည်ကနေ့ ရာဇာထွန်း ထောင်က ထွက်တဲ့နေ့။

သူ ထောင်ကျစဉ် တစ်လတစ်ခါ ကေရီက ထောင်ဝင်စာ လာတွေ့သည်။ ဤနေ့တွင် သူ ထောင်ကလွတ်မည်ကိုလည်း သိပြီးဖြစ်သည်။

သူနှင့် ကိုသန်းထွန်း လာကြိုမည်ဟု ဆိုထားသည်။

သူနှင့် ကိုသန်းထွန်းဟု ဆိုရခြင်းက အကြောင်းရှိသည်။

အုတ်နံရံ အလုံလေးဘက်ထဲတွင် ရာဇာထွန်း နစ်မြုပ်နေစဉ် ကေရီနှင့် ကိုသန်းထွန်းတို့က ရုံးတွင် လက်မှတ်ထိုးပြီး လက်ထပ်ပြီးစီးသွားခဲ့ကြသည်။

ရာဇာထွန်း ဝမ်းမနည်း။

တစ်နေ့ ဒီလိုပဲ ဖြစ်ရမည်။

မိမိထက် ကိုသန်းထွန်းက နီးပေတာကိုး။

သူ ထောင်ဘူးဝမှ ထွက်လာချိန်တွင် တစ်လောကလုံး သာယာနေသည်လို့ပဲ ထင်မှတ်သည်။

မိုးလည်း ကုန်ခဲ့ပြီ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလည်း နှောင်းခဲ့ပြီ။

နှေဦးမို့ သာယာလှဘိခြင်း။

ကောင်းကင်တွင် မိုးသားတို့ ပြာလွင်နေပုံက နှလုံးကြည်မွေ့စရာ။

ထောင်ဘူးဝမှ ထွက်ထွက်ချင်း ထောင်ကို လှည့်လို့ ထောင် မကြည့်တော့။

ထောင်ဆိုတာကို မုန်းသွားပြီ။

ကောင်းကင်ကို ရယ်ရွှင်စွာ မော့်ကြည့်သည်။ လတ်ဆတ်သောလေကို အားပါးတရ ရှူရှိုက်ပစ်လိုက်သည်။

ထောင်ထဲကလေနှင့် ဘာဆိုင်လို့လဲ။

တခြားစီပဲ။

သူ့အဖို့ ကေရီတို့ကို စောင့်ရမည် ဖြစ်သော်လည်း မစောင့်ချင်။

လက်လွတ်လိုက်ရပြီဖြစ်သော ချစ်ရသူကို ထပ်တွေ့လို့လည်း ရင်မောရုံသာ ရှိမည်။

တကယ် သူ တွေ့ရမှာက တစ်ဦးတည်းသာ ရှိသည်။ ဤတစ်ဦးတည်းက သူ့ကို ဤဘဝ မစောင့်တောင် နောင်ဘဝတွင် စောင့်နေဦးမည်။

သူကလေး၏ ဝိညာဉ်က သူ့အပါးတွင် လိုက်ပြီးဝဲပျံ ခိုကပ်ကောင်း ခိုကပ်နေမည်။

ကားဂိတ်သို့ သူ လျှောက်လာသည်။

သူ့စိတ်သည် ထွေပြားမနေ။

ပြတ်တောင်းသော ဆုံးဖြတ်ချက်ကို ချပြီးပြီ။

သည်မြို့က သူ အချိန်မီ ထွက်ရမှာပဲ ...



ကားဂိတ်တွင် မြိုင်ကလေးသို့ ထွက်မည့် ကားတစ်စီးရှိသည်။

ရှေ့ခန်းတွင် ဒရိုင်ဘာနှင့် တွဲပြီး ရာဇာထွန်း ထိုင်လိုက်သည်။

သူ့အဝတ်အစားအိတ်က နဂိုအတိုင်းပဲ ဖြစ်သည်။

ကားထွက်၍ အရှိန်ရလာကာနီးတွင် လူတစ်ယောက်က ကားနောက်မြီးကို ခုန်တက်လိုက်သည်။ ယင်းလူက ရာဇာထွန်းကို ခိုးကြောင်ခိုးဝှက် ကြည့်ခဲ့သည်။

ရာဇာထွန်းက သတိမထားမိ။

သူ ငေးလို့ငိုင်လို့သာ ပါလာသည်။ ကားဒရိုင်ဘာက လမ်းမှာ ခရီးသည် တင်ဖို့ ရပ်လိုက်လျှင်သာ စူးစမ်းသော အကြည့်နှင့် လှမ်းကြည့်တတ်၏။

မြိုင်ကလေးအဝင် ကားဂိတ်ကို ရောက်တော့ သူက ရှေ့ခန်းမှပင် ဆင်းလိုက်သည်။

မြိုင်ကလေးကို ဖြတ်ပြီး တောအုပ်ထဲဝင်မည်။ တောအုပ်ကို ဖြတ်ပြီးမှ ပိန်းနဲကုန်းသို့။

ပိန်းနဲကုန်းမှ လှေနှင့် တစ်ဖက်ကမ်းသို့ ကူးမည်။

ပိန်းနဲကုန်းချောင်းက နွေရောက်တောင် တိမ်မည်မထင်။

ပြီးတော့ မီးရထား ဘူတာရုံသို့ ခြေလျှင် လျှောက်ရမည်။ သိပ်တော့ မလျှောက်ရ။

ဝေးလှလျှင် နှစ်ဖာလုံဘဲ။

ဒါပေမဲ့ ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူတွေ့လိုသူကိုတော့ တွေ့ချင်ပါသေးသည်။ သူ့ခြေတွေက ဤနေရာသို့ ဆွဲခေါ်သွားသည်။

မြိုင်ကလေး သချိုင်း။

သူ့ကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြောင်းကိုတော့ ထောင်ထဲမှာဝင် ကြားသိခဲ့ရ ဖြစ်သည်။

မြိုင်၏ သချိုင်းမြေပုံလေးသည် သိပ်ပြီးဟောင်းနွမ်းသွားခြင်း မရှိသေးပါ။ မှတ်တိုင်ကလေးကပင် စာလုံးများ မှေးမှိန်ခြင်း မရှိဘဲ ရပ်တည်နေခဲ့သည်။

မြိုင်၏ သချိုင်းမြေပုံအားတွင် ရာဇာထွန်းက ဒူးထောက်ထိုင်လိုက်သည်။

မြေပုံမှ မှတ်တိုင်ကို ဖတ်ကြည့်သည်။

နှင်းအေးမြိုင်။

အသက်ဆယ့်ကိုးနှစ်။

မြိုင် သည်အရွယ်မှာ မသေသင့်သေးပါ။ မြိုင့်အတွက် လုပ်စရာတွေ ရှိသေးသည်။

သို့သော် ...

မြိုင့်ဘဝက သေခဲ့သည်။

ယခုမှ လူပါ သေခဲ့ပြီပေါ့။

"မြိုင် ကိုယ် လာပြီမြိုင်"

မြေပုံကို ကြည့်၍ တီးတိုးပြောလိုက်သည်။

သူ့ရင်သည် မောဟိုက်နွမ်းလှနေသည်။ အသည်းထဲမှာ ကျင်စူးနေသည်။

မြေပုံပေါ်တွင် ပါးအပ်ကာ ...



"ကိုယ့်ကို မြိုင် ဘယ်လောက် ချစ်ခဲ့သလဲဆိုတာ ကိုယ်သိခဲ့ပြီးပါပြီ မြိုင်၊ ကိုယ် မြိုင့်မေတ္တာကို အသိအမှတ်ပြုပါတယ် မြိုင်ရယ်"

သူ့အသံက သူသာလျှင် ကြားလောက်သည်။

"အခုလာတာ မြိုင့်ကို နှုတ်ဆက်ဖို့လာတာပါ။ မြိုင်နဲ့ ကိုယ်နဲ့ ခွဲကြရတော့မယ်၊ မြိုင့်ကို ထာဝရ ကိုယ် မမေ့ပါဘူး မြိုင်"

သူသည် ခေါင်းကို မတ်လိုက်သည်။

"ကိုယ်ဟာ လူဆိုးတစ်ယောက်ပါပဲ မြိုင်၊ အနားကပ်နေတဲ့ မေတ္တာကို မမျှော်မှန်းဘဲ အဝေးက မေတ္တာကိုမှ မျှော်လင့်ခဲ့တဲ့ သူပါ၊ ဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါကွယ်"

မြိုင်၏ မြေပုံပေါ်မှ မြေစာများကို လက်နှစ်ဖက်နှင့် တစ်ဖက်တစ်ချက် စုဆုပ်လိုက်သည်။

"မြိုင် ရောက်ရာဘဝကို ကိုယ် လိုက်လို့ရရင် လိုက်ချင်ပါရဲ့ မြိုင်၊ မြိုင့်ကို ကိုယ် လျှောက်လဲချက်တွေ ပေးချင်တယ်"

သူ့စိတ်နှလုံးက မြေပုံပေါ်မှာပဲ ညွှတ်နေသည်။

သချိုင်းတွင်းသို့ လူတစ်ယောက် ဝင်လာခြင်းကို သူ မမြင်။ သူ မကြားမိ။

ဝင်လာသူက ဘတ်(စ်)ကားနောက်မှ တွယ်လိုက်လာသူ။ မျက်လုံးများက တင်းမာခက်ထန်နေသည်။

သူသည် ဆောင်းဘီနှင့် ရှပ်အင်္ကျီ လက်ရှည် ဝတ်၍ အဝတ်လျှော်ပြား ဦးထုပ်ပျော့တစ်လုံးကို ဆောင်းထားသည်။

သူ့လက်ထဲမှာ သေနတ်တစ်လက်။

သူကား လူကျော်။

"မြိုင် ကိုယ် သွားတော့မယ် မြိုင်"

www.burmeseclassic.com

www.burmeseclassic.com



သူ ထလိုက်သည်။ မြေစာများကို လက်သီးနှစ်လုံးထဲတွင် ဆုပ်ထားသည်။

လူကျော်က သူ့နောက်တွင် ရောက်ရှိနေပြီဖြစ်သည်။ သူ အဆေတွင် လူသတ်သမား၏ လက်ရှိ ပွိုင့်လေးဆယ့်ငါး သေနတ်မှ သေနတ်သံနှစ်ချက် မြည်ဟည်းလာသည်။

"ဒိုင်း … ဒိုင်း"

ခဲတောင့်ပူ နှစ်ခုလုံးက သူ့ကျောပြင်ထဲ မြုပ်ဝင်သွားတော့သည်။

သူ မြေပုံပေါ်သို့ မှောက်လျက် လဲသွားသည်။

လက်သီးဆုပ်နှစ်ဖက်က ပြေကျသွားသည်။

ယင်းနောက် လက်ဝါးပြင်များထဲမှ မြေစာမှုန့်တွေက မြိုင်၏ မြေပုံပေါ်သို့ ပြန်လည် လျှောကျသွားသည်။

ရာဇာထွန်း မျက်လုံးများ ပွင့်လျက်။

ခေါင်းက မြေပုံပေါ် တင်နေသည်။

ကိုယ်က မလှုပ်မယှက်။

လူသတ်သမားသည် ဖြည်းညင်းစွာပဲ ထွက်ခွာသွားသည်။

လောကဓာတ်ခုံမှ အဓမ္မဝါဒီသမားတို့၏ အနိဋ္ဌာရုံရှုခင်းတစ်ရပ်။

ဘဝဆိုတာ ဒီမှာပဲ အဆုံးသတ်ခဲ့ပါပြီ။

* * *



လူကျော့် စိတ်ထဲ ကျေနပ်နေသည်။

အရာရာမှာ ဝင်ရှုပ်ချင်တဲ့ကောင်ကို ထွက်ရပ်လမ်းဖော်ပေးလိုက်ပြီးပြီပဲ။

တစ်မြို့က လာပြီး တစ်ကိုယ်တည်း စနစ် ကျင့်သုံးလို့ သူ့အဖို့ အဖော်သဟဲ မရှိသရွေ့တော့ ဒီလိုပဲ ခံရမည်။

လူကျော် သချိုင်းဝမှ အထွက် …

"ဟော့ … နေဦး"

သူ တုန်သွားသည်။ လှည့်ကြည့်လိုက်သောအခါ လက်နက်ကိုင်လူနှစ်ယောက်။

အရပ်ဝတ်တွေနှင့်။

သူ သိသည်။

ဒီပုလိပ်တွေက ရဲစုံထောက်တွေ။

"သချိုင်းထဲက သေနတ်သံနှစ်ချက် ကြားတယ်၊ မင်း ထွက်လာတယ်၊ မင်း လက်နှစ်ဖက် မြှောက်ထားစမ်း၊ တို့ရှာမယ်"

သူတို့က ဦးစွာ သူတို့၏ ရဲမှတ်ပုံတင်ကို ထုတ်ပြလိုက်သေးသည်။ လူကျော်၏ ခါးထဲမှ သေနတ်ကို တွေ့ရသည်။ တစ်ယောက်က သေနတ်ပြောင်းကို ငုံ့နမ်းသည်။

"ယမ်းစော်နံနေတယ်၊ အခုပဲ သုံးခဲ့တာပဲ"

ငုံ့နမ်းသူက ပြောသည်။ လူကျော် မျက်နှာပျက်နေသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတာ သိနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို တစ်ယောက်က သံမဏိကွင်းစွပ်လိုက်တော့သည်။ သူ့အား ရာဇာထွန်း သေနေရာသို့ ခေါ်သွားကြသည်။

တွေ့ပါပြီ။ ရာဇာထွန်း။

ခွေခွေလေး။

အသေမလှလိုက်တာ။

"အင်း ... ဒါဟာ လူတွေအတွက် သင်ခန်းစာပဲ၊ တရားဥပဒေရှိရဲ့နဲ့၊ ရဲရှိရဲ့နဲ့ တစ်ဦးတည်း အားကိုးပြီး လူဆိုးတွေကို ဖြိုင်ချင်တော့ အခု လူဆိုးလက်ချက်နဲ့ ကြွရတာပဲ၊ ရာဇာထွန်းသာ ဒီမြို့ကို ရောက်ရောက်ချင်း ရဲကို အကျိုးအကြောင်းတင်ပြပြီး ပူးပေါင်းလုပ်ကိုင်ခဲ့ရင် ဒီလို ခံရမှာမဟုတ်ဘူး၊ အခု သူ့ထောင်က ထွက်အလာမှာ တို့ကလည်း စိတ်မချလို့ လိုက်လာကြတာပဲ"

ရဲအရာရှိတစ်ယောက်က ပြောမိသည်။

မှန်သည်။ တရားဥပဒေသည် နေရာတိုင်းမှာ ရှိသည်။ ရဲကလည်း နေရာတိုင်းမှာ ရှိသည်။ ရဲကို အားကိုးလျှင် မဖြစ်သင့်တာတွေ ဖြစ်မည်မဟုတ်တော့။

မကောင်းမှုတွေ လုပ်ချင်သူများအတွက် သတိတရားရဖို့ကတော့ ...

နေရာတိုင်းမှာ တရားဥပဒေ ရှိသည်။ ရဲရှိသည် ဆိုတာပဲ။

❦ ❦ ❦



သူတို့ကားလေးသည် အကျဉ်းဦးစီးဌာနမှ ထွက်လာသည်။

"ကေရီ ... သူ လွတ်သွားတာတော့ ကိုယ် ဝမ်းသာတယ်"

"ဟုတ်မှလည်း ဝမ်းသာပါ ကိုသဝန်ကြီးရယ်"

"တကယ်ပါ"

"သူ ဘယ်သွားမယ် ထင်သလဲ"

"သူ့ရပ် သူ့ရွာ ပြန်သွားမှာပေါ့"

"သူ့ရာဇဝင်ကိုလည်း ကိုယ်တို့က သိပ်မသိ၊ အေးလေ ပြန်သွားတယ်ဆိုရင် ကိုယ်တို့ကို နှုတ်ဆက်ဖို့ ကောင်းပါတယ်"

"ထောင်မှူးကြီးပြောတော့ ဘယ်သူ့ကိုမှ သူ မတွေ့ချင်တော့ဘူးတဲ့၊ ဖြစ်သမျှတွေကို သူ ပြည်ဖုံးကားချလိုက်ပြီတဲ့"

"ဒါဖြင့် သူ ဒီက ထွက်သွားတာ အမှန်ဖြစ်မှာပဲ၊ ကားဂိတ်ကို လိုက်ကြရအောင်လား ကိုသန်းထွန်း"

"ဘာလဲ ... ကေရီကပါ သူနဲ့ တစ်ခါတည်း လိုက်သွားမလို့လား"

"အယ် ... ဒီလူကြီး မဟုတ်တာတွေ ပြောနေပြီ"

'ကိုယ်က ချစ်လို့ပါ"

"ဒီကကော မချစ်ရတော့ဘူးတဲ့လား"

ကားလက်ကိုင်ဘီးကို လက်တစ်ဖက်နှင့် ထိန်းပြီး ကိုသန်းထွန်းက ကေရီ၏ ပါးလေးကို ငုံ့နမ်းလိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်း မောင်းစမ်းပါ၊ နှစ်ယောက်စလုံး ကြွနေပါဦးမယ်"

"ဒါမှ ပိုကောင်းတယ်၊ ရှင်အတူ သေအတူ"

"သွား ... မုန်းတယ်"

"ဓာရီကလည်းကွယ်"

"ယာဉ်ဥပဒေ ထပ်တိုးဖို့ ကောင်းတယ်"

"ဘာဥပဒေလဲ"

"ကားမောင်းရင် ကိုယ့်ချစ်သူကို မနမ်းရဘူး"

သူတို့နှစ်ယောက် ရယ်ကြပြန်သည်။

သူတို့အတွက်တော့ တကယ့် ကမ္ဘာလေး။

ဒီကမ္ဘာမျိုး လိုချင်လှပါတယ်ကွယ်။

BURMESE CLASSIC .com

ဆုံကြဦးမယ်ကွယ်

ဓာညို

www.burmeseclassic.com